www.burmeseclassic.com

# မိန်းကလေး

တူနှစ်ကိုယ်စွယ်တော်



BURMESE CLASSIC .com

ဇာတ်သိမ်းပိုင်း

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မိန်းကလေး

## တူနှစ်ကိုယ်စွယ်တော်

(ဓာတ်သိမ်းဗိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ကောင်"

အသံစူးစူးရှရှနဲ့အတူ နောက်ကနေ ကုပ်ပိုးဆောင့်ဆွဲခံရတာမို့ ရင့်တစ်ကိုယ်လုံး နောက်ဘက်ယိုင်ခနဲပါသွားသည်။

ရင့် ဖျတ်ခနဲ လှည့်ပြန်ငဲ့ကြည့်၏။

ဒေါသမီးလောင်မြိုက်ကာ နီရဲခက်ထန်နေတဲ့ ဦးမုံးသစ်။

"ဟော့ကောင် ငါ့သမီးရောကွ"

ကုပ်ပိုးကိုမလွှတ်သေးဘဲ တရားခံကြည့်ကြည့်ပြီး မေးချလျှင် ရင့် မျက်မှောင်ကုတ်ကျသွားသည်။

"မြန်မြန်ပြော၊ ငါ့သမီးကို မင်း ဘယ်မှာဝှက်ထားသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း"

"ကျစ်"

ရင့် စိတ်ပျက်လက်ပျက်မျက်ဝန်းနဲ့ကြည့်ရင်း ကုပ်ပိုးပေါ်က ဦးမိုးသစ်လက်ကိုပယ်ချလိုက်သည်။

"ဟော့ကောင် မင်း ကလိမ်ကျစ်လုပ်ဖို့ မကြိုးစားနဲ့၊ ငါ့သမီး ဘယ်မှာလဲ ပြော၊ မပြောရင် မင်းကိုတရားဥပဒေအရ အရေးယူမယ်ကွ"

ဦးမိုးသစ် လက်တစ်ဖက်ခါးထောက်ကာ လက်ညှိုးတထောင်ထောင်နဲ့ ရင့်ကိုစိုက်ကြည့်ပြီး အပြုံးတကြီးပြောသည်။

"ဟော့ကောင် ပြောလေကွာ"

ရင့် ဘာမှမပြောဘဲ စိတ်ပျက်တဲ့အံ့မှုအရာနဲ့ ဆံပင်တွေဖွပစ်သည်။ ထိုအခါ ဦးမိုးသစ် ဒေါသမထိန်းနိုင်ဖြစ်သွား၏။

ရင့်ရင်ဘတ်ကို ဆောင့်တွန်းပြီး အထက်စီးနင်းမေးသည်။ ရင့် သည်းမခံချင်တော့ပါ။ မျက်နှာကို မလေးမစားပင့်မော့ပြီး

"ပြောစရာ ဘာမှမရှိဘူး"

"ဘာကွ"

"ဟုတ်တယ်လေ၊ အန်ကယ် ဘလိုင်းကြီးလာစွပ်စွဲနေတာ၊ အန်ကယ်သမီး ဘယ်မှာလဲ ကျွန်တော် ဘယ်သိမလဲ"

"ဟင် မသိဦး မသိဦး"





ဦးမိုးသစ် ဒေါသမီးကို မထိန်းနိုင်တော့ပါ။

မသိဘူးချည်း ဘူးခံငြင်းနေတာက အသည်းယားကုန်သည်။ မထိန်းနိုင်တဲ့ဒေါသလက်က ရုတ်ခြည်းမြောက်တက်သွားကာ ရင့်မျက်ခွက်တည့်တည့် ထိုးချလိုက်တော့သည်။

ခွပ်ခနဲ မြည်သံနောက်မှာ ရင့် နာကျင်စူးရှကာ ချာချာလည်သွား၏။ နှုတ်ခမ်းနဲ့နှာခေါင်းတို့မှလည်း သွေးက နွေးခနဲ စီးကျလာသည်။

"ဟာ အန်ကယ်၊ အန်ကယ် ကျွန်တော့်သူငယ်ချင်းကို ဘာလို့ထိုးရတာလဲ"

လက်ဖက်ရည်ဆိုင်ထဲ ရှေ့မှ အရင်ဝင်သွားတဲ့ ကိုတူ။ ရင့်ပါမလာတာသိလို့ လှည့်ကြည့်တော့ ဆိုင်ရှေ့မှာ ရင့်ကို သူ့ဖေ ဦးမိုးသစ်ဆွဲထိုးတာလှမ်းမြင်သွားသည်။

စိုးရိမ်စိတ်တွေနဲ့ ဆိုင်ရှေ့ပြေးထွက်ခဲ့ရင်း ရင့်ကိုကာကွယ်ပြီး ဦးမိုးသစ်ကို ရဲရဲပဲမေးသည်။

ဦးမိုးသစ် တောက်ခတ်ပြီး

"ဒီမှာ ငါ့သမီးဘယ်မှာလဲ၊ ဒီကောင့်ကို မင်းမေးစမ်းကွာ"

ကိုတူကိုပါ ဦးမိုးသစ် စူးစူးရဲရဲကြည့်ပြီး ဒါပဲမေးနိုင်းပြန်သည်။

"အန်ကယ်ကလည်း အန်ကယ်သမီး ဘယ်မှာလဲဆိုတာ ရင့် ဘယ်သိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့မရဘူး၊ သိရမယ်၊ သိကိုသိရမယ်၊ မင်းကြောင့် ငါ့သမီး ငါတို့ကို အရုက်ခွဲသွားတာကွ၊ ငါ့သမီး ဒီလိုလုပ်သွားတာ မင်းကြောင့်ပဲ ရင့်သဘာ၊ အဲဒီအတွက် မင်းကိုငါ လုံးဝအလွတ်မပေးဘူး ရင့်သဘာ၊ ဒီမှာ ကိုတူ မင်းတို့တစ်ဖွဲ့လုံးကို ဥပဒေအရ ငါအရေးယူရမယ်ကွ"

ကိုတူ ခေါင်းတစ်ချက်ရမ်းလိုက်သည်။ မဆိုင်တာတွေ လာပတ်သက်နေတဲ့ ဦးမိုးသစ်။ နေနှင်းဆီ အရှက်ခွဲလစ်ပြေးတဲ့ကိစ္စ ရင့်နဲ့ဘာမှမဆိုင်ဘဲနဲ့။

"ဟောကောင် မင်း ပြောမလား၊ မပြောဘူးလား"

ရင့်ကို တဲ့ကြည့်ပြီး ဦးမိုးသစ် ထပ်တလဲလဲမေးပြန်သည်။ ကိုတူနောက်က ရင့်ကို စားတော့ဝါးတော့မတတ်ကြည့်နေတဲ့ ဦးမိုးသစ်။

ရင့် သည်းမခံနိုင်တော့။

လူကြီးတန်မဲ့ ကိုယ်ထိလက်ရောက် ရင့်သီးလာတော့ လူငယ်အနေနဲ့လည်း ပြန်ရင့်ပစ်ဖို့ ဝန်မလေး။ ကိုတူ တစ်ခုခုပြောဖို့လုပ်တာကို ရင့် ပြောခွင့်မပေးတော့ပေ။

နှုတ်ခမ်းကသွေးစတွေကို လက်ခုံနဲ့သုတ်ကာ မျက်နှာမော့ပြီး ရင့်ပဲ ခပ်ရင့်ရင့်ပြော၏။

"ဒီမှာ အန်ကယ် အန်ကယ့်သမီးပျောက်တဲ့ကိစ္စ ကျွန်တော့်





ကို တရားခံလိုစွပ်စွဲနေရင် အန်ကယ်မှားသွားမယ်"

"ဘာ ဘာပြောတယ်"

ဦးမိုးသစ် ရှူးရှူးရှဲရှဲဖြစ်ကာ ဒေါသခြေလှမ်းနဲ့ ရှေ့တိုးလာသည်။

"ဟုတ်တယ် အန်ကယ်၊ အန်ကယ်စွပ်စွဲရင် မှားသွားမယ်၊ စိုးပြည့်တို့နဲ့ အတွေ့မခံချင်လို့ ကျွန်တော့်နားမှာ ရင့် လာပုန်းနေတာ အန်ကယ်"

"ဟောကောင် မင်းတို့ ဘာပြောပြော ငါမယုံဘူး၊ မင်းတို့အားလုံး တစ်ကိုတ်တည်းတစ်ဉာဏ်တည်းသမားတွေ၊ ငါ့သမီးကို ပြန်မရမချင်း မင်းတို့ကိုအလွတ်မပေးဘူး"

ဦးမိုးသစ် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောသည်။

"အလွတ်မပေးဘူးတဲ့ အဟွန်း၊ အလွတ်မပေးဘူးဆိုတော့ အန်ကယ်က ဘာလုပ်မှာလဲ၊ လုပ်ချင်ရာလုပ်လေ"

ရင့် စိန်ခေါ်သလိုဆိုတော့ ဦးမိုးသစ်မျက်နှာ မှောင်တူးသွား၏။

ကိုယ့်သမီးရဲ့ချစ်သူက ကိုယ့်ကို စိတ်ခေါ်သလိုပြောတာက အသားတဆတ်ဆတ်တုန်သွားသည်အထိ နာကျင်သွားသည်။

"တောက် လုပ်မယ်ကွ လုပ်မယ်"

ထိုစဉ် မာစီဒီးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



မိုးမိုးလင်းနဲ့အတူ စခန်းမှူးပါ ပါလာသည်။ ပူစူးမလည်း ဆင်းသည်။ စခန်းမှူးကိုမြင်သည်နှင့် ဦးမိုးသစ် ဣန္ဒြေမဆောင်နိုင်စတမ်းဖြစ်ကာ

"ဒီမှာ စခန်းမှူး ဒီကောင့်ကိုအရေးယူပေးပါ၊ ကျွန်တော့် သမီးကို ဒီကောင် ဘယ်မှာဝှက်ထားလဲဆိုတာ စစ်ပေးပါ"

"ဟုတ်ပါတယ်ရှင်၊ ဒီကောင့်ကြောင့် မိဘမျက်နှာကို အိုးမဲ သုတ်ပြီး သမီးလစ်ပြေးတာ၊ သူတို့သူငယ်ချင်းတစ်စုလုံး အလိုတူ အလိုပါတွေ၊ စခန်းမှူးကြီး သေချာမေးပေးပါ"

ဒေါ်မိုးမိုးလင်းကလည်း ရင့်ကိုပစ်မှတ်ထားပြီး ကိုင်တန်း ပြန်သည်။ စခန်းမှူးခေါင်းဆတ်၍ ရှေ့တိုးလာလျှင်

"မဟုတ်ဘူးဗျ မဟုတ်ဘူး ကျွန်တော် ဘာမှမသိဘူး ဆရာ"

"ဟုတ်ပါတယ် ဆရာ၊ သူတို့သမီးပျောက်တာ ရင့်နဲ့ မပတ်သက်ဘူး၊ ကျွန်တော် အာမခံပါတယ်"

ရင့် ငြင်းသလို ကိုတူကလည်း ရဲရဲဝံ့ဝံ့ အာမခံပြန်သည်။ စခန်းမှူးခေါင်းတဆတ်ဆတ်ညိတ်၍ ရင့်ကိုပဲကြည့်ပြီးပြောသည်။

"ညီတို့နဲ့ဘာမှမပတ်သက်ရင် မပတ်သက်ကြောင်း ရှင်းကြဖို့ လိုပါတယ်၊ ဒီက ဦးမိုးသစ်တို့ တိုင်တန်းတဲ့အတွက် အဖြစ်မှန်ပေါ် အောင် စစ်ဆေးရမယ့်တာဝန်ရှိတယ်ညီ၊ ဒါကြောင့် စစ်ဆေးခံဖို့ ညီ စခန်းကိုလိုက်ခဲ့"

"ဟင်"





စခန်းမှူး ပြောလည်းပြောသည်၊ ခါးမှ လက်ထိတ်စတီးကွင်း ကို ဖြုတ်ယူကာ ရင့်ရှေ့တိုးလာသည်နှင့် တစ်ပြိုင်နက် ရင့် လက်နှစ် ဖက်ကိုဆွဲယူပြီး လက်ထိတ်ခတ်လိုက်သည်က လျှပ်ပြက်သလို မြန် ဆန်သွားသည်။

ရင့် မယုံနိုင်လောက်အောင်ဖြစ်သွား၏။ လက်ထိတ်အခတ် ခံရလို့ မှုပျက်နေတဲ့လက်နှစ်ဖက်ကိုကြည့်ရင်း ရင့်မှာ လန့်လန့်ဖျပ်ဖျပ် ဖြစ်သွား၏။

ဦးမိုးသစ်တို့လင်မယားကိုလည်း နာကျင်စွာကြည့်သည်။

"ညီ့ကို ဒီလိုဖမ်းရတာ အားတော့နာတယ်၊ ဒါပေမဲ့ အ ထောက်အထားက တစ်ဖက်ကတင်ပြတာ ခိုင်လုံနေတယ်"

စခန်းမှူးကို ရင့် မော့ကြည့်ဖြစ်သွားသည်။

ဘာတွေခိုင်လုံတာလဲ သိချင်စိတ်နဲ့ကြည့်၍ စခန်းမှူးဆက် ပြောသည်။

"ညီနဲ့ ဦးမိုးသစ်သမီး ချစ်သူဖြစ်ကြတယ်ဆိုတဲ့ အထောက် အထားဓာတ်ပုံစီဒီချပ်ရှိတယ်၊ ပြီးတော့ ပူစူးမကလည်း ညီ့ကို ဖုန်း ဆက်ပြောခဲ့သတဲ့"

"ဟုတ်ပါတယ်၊ မမလေးဖုန်းဆက်ခိုင်းလို့ မေမေကြီးတို့ မသိအောင် ပူစူးအကြောင်းကြားတော့ ကိုရင့်သဘာကိုယ်တိုင် နား ထောင်တယ်လေ၊ မမလေးကလည်း ပူစူးကို သတို့သမီးလို အယော



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခိုင်းပြီး ကိုရင့်သဘာ လာခေါ်ရာနောက် လိုက်သွားတာပါ၊ ပူစူး မလိမ်ပါဘူး"

"ဟာ"

ပူစူးမစကားအဆုံးမှာ ရင့် မျက်လုံးစုံမှိတ်ကာ အကြိမ်ကြိမ် ခေါင်းရမ်းလိုက်သည်။

"ဘာတွေဖြစ်ကုန်ပြီလဲ"

"ဟွန်း မင်း ဘာငြင်းချင်သေးလဲ ရင့်သဘာ"

ဦးမိုးသစ်ရဲ့ အပိုင်နိုင်မေးခွန်း။

"စခန်းမှူးရှင့် ထိထိရောက်ရောက်အရေးယူပေးပါ၊ ဒီကောင်တွေက အုပ်စုလိုက်ပူးပေါင်းပြီး သမီးလေးကို မရအရချိုင်ယူဖို့ ကြိုးစားတာပါ၊ ကျွန်မ လုံးဝခွင့်မလွှတ်ဘူး။ သမီးလေး ဘယ်မှာလဲဆိုတာ ရအောင်မေးစစ်ပေးပါရှင်"

ဒေါ်မိုးမိုးလင်း စွဲချက်တင်ပြောပြန်သည်။ စခန်းမှူးခေါင်းဆတ်၍ ပြောသည်။

"စိတ်ချ၊ အမှန်ဆုံးဖြစ်အောင် ကျွန်တော်မေးစစ်ပေးမယ်၊ အားလုံး စခန်းကိုလိုက်ခဲ့ကြပါ၊ လာ ညီ"

စခန်းမှူးဆွဲခေါ်ရာနောက် ရင့် ငြင်းလို့မရခဲ့။

လူစည်ကားနေတဲ့ လက်ဖက်ရည်ဆိုင်ရှေ့ကနေ လက်ထိတ်အခတ်ခံရပြီး စခန်းမှူးဆွဲခေါ်ရာနောက် ပါသွားရတဲ့အဖြစ်က ဘယ်





လောက်ရှက်စရာကောင်းနေမလဲ။

ရင့်မျက်နှာက အရှက်သည်းခံပြင်းမှုတို့ရောကာ ကော်ဖီအရောင်လို ညိုညစ်နေလေပြီ။ နေကို ရင့်လည်း ခိုးယူဝှက်ထားတာ မဟုတ်ဘဲနဲ့။

ဘယ်နတ်ဆိုးက ဒီလိုဖန်တီးတာလဲ။

သိချင်စမ်းပါရဲ့ကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဒီကိစ္စကို ကျွန်တော်ရှင်းပေးပါ့မယ် စခန်းမှူး"

စိုးပြည့်ပြော၍ စခန်းမှူးက ငိုးပြည့်ကို မော့ကြည့်သည်။ ဦးမိုးသစ်တို့လင်မယား မျက်နှာမဲ့လျက် ဒေါသမျက်ဝန်းနှင့် စိုးပြည့်ကို စိုက်ကြည့်သည်။

ကိုတူ အကြောင်းကြားလို့ ရင့် အဖမ်းခံရတာသိသည်နှင့် သူငယ်ချင်းသုံးယောက် ချက်ချင်း စခန်းကိုရောက်လာကြသည်။

စခန်းမှူးအခန်းထဲ ဝင်ဝင်ချင်း စိုးပြည့် ထိုသို့ပြောခြင်း။

"ညီက ဘယ်လိုရှင်းမှာလဲ၊ ထိုင်"

စခန်းမှူးဦးအောင်တင့် ခေါင်းဆတ်ကာ လွတ်နေတဲ့ခုံမှာ



ဝင်ထိုင်ဖို့ လက်ပြသည်။ ဦးမိုးသစ်ဘေးမှ ထိုင်ခုံမှာ စိုးပြည့်ဝင်ထိုင်သည်။ ကိုတူ၊ သက်နောင်နဲ့ သန့်စင်တို့လည်း ခုံလွတ်တွေမှာ အသီးသီးဝင်ထိုင်ကြသည်။

"ပြောပါဦး"

စခန်းမှူးပြောခွင့်ပေးသည်နှင့် စိုးပြည့် ဘယ်မျက်နှာကိုမှ မထောက်ထား။ သွက်သွက်လက်လက်ပြောချ၏။

"ဒီလိုပါခင်ဗျာ၊ ဦးမိုးသစ် စွပ်စွဲသလို 'နေနှင်းဆီ' ကို ရင့် ခိုးမထားသလို ဖွက်လည်းမထားဘူး"

"ဘာကွ"

ဦးမိုးသစ် လက်သီးကျစ်ကျစ်ဆုပ်ပြီး မခံမရပ်နိုင်အောင် အံကြိတ်ပြော၏။ စခန်းမှူးဦးအောင်တင့် လက်ကာဟန့်သည်။

"ဦးမိုးသစ် ဒေါသလျှော့ပါ၊ အမှန်တရားပေါ်အောင် ကျွန်တော်ဖြေရှင်းပေးမှာပါ"

စခန်းမှူးကိုအားနာ၍ ဦးမိုးသစ်နှုတ်ဆိတ်လိုက်သည်။ ရင်ထဲမှာတော့ စိုးပြည့်ဆိုတဲ့ အကြံအဖန်သမားကို နှပ်နှပ်စဉ်းပစ်လိုက်ချင်သည်။

ပြောပုံကို ကြည့်ဦး။

"နေနှင်းဆီနဲ့ ရင့် ချစ်သူဖြစ်သွားတာသိရင် ဂုဏ်ပကာသနမက်တဲ့ အန်ကယ်ဦးမိုးသစ် ဒေါ့ဒေါ့ခုန်နာသွားမယ်ဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ဩသိကြီးနဲ့ ကျွန်တော်ကိုယ်တိုင် စီဒီချပ်လေးပို့ပေးခဲ့တာ၊ ဒီစီစီချပ်ကတစ်ဆင့် အန်ကယ် စိတ်ပြင်းထန်လေ ကျွန်တော်တို့ ဝမ်းသာအားရဖြစ်ရလေပဲ''

ဦးမိုးသစ် မျက်ထောင့်နီကြီးနဲ့ စိုးပြည့်ကိုကြည့်သည်။ စိုးပြည့် ဘာကိုမှအဓရေးမစိုက် ပြောစရာရှိတာဆက်ပြော၏။

''အန်ကယ် စိတ်ပြင်းထန်ခဲ့သလို ရင့်နဲ့ကျွန်တော်တို့ကြား နားလည်မှုလွဲသွားတယ်၊ နားလည်မှုလွဲပြီး ရင့် ကျွန်တော်တို့နဲ့ လုံးဝ မျက်နှာချင်းမဆိုင်ဘူး၊ ကျွန်တော်တို့ တကောက်ကောက်လိုက်ပြီး မိအောင်ဖမ်းပေမယ့် လုံးဝအမိမခံဘူး၊ ရှောင်ခဲ့တယ်၊ ကျွန်တော်တို့ ရင့်နောက်လိုက်တာကလည်း အကြောင်းရှိလို့ပါ''

စခန်းမှူး စိတ်ဝင်တစားနဲ့ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ရှေ့ဆက်ပြောလာတဲ့အကြောင်းအရာတွေကို အလေးအနက်ထားပြီး နားဆင်ပြန်သည်။

''ရင့် ကျွန်တော်တို့တိုက်ခန်းထဲက ထွက်သွားပြီး မကြာဘူး ပူစူးမဆီက ဖုန်းဝင်လာတယ်''

ပူစူးမနာမည် ပါသည့်အခါ ဒေါ်မိုးမိုးလင်းဘေးမှာ ခေါင်းလေးပု၍ထိုင်နေတဲ့ ပူစူးမ ခေါင်းလေးပင် ဆတ်ခနဲ ထောင်သွားသည်။

''အဲဒီဖုန်းကို ကျွန်တော်ပဲ လက်ခံစကားပြောတာပါ၊ ရင့် မဟုတ်ဘူး၊ ကိုထောနဲ့နေ့ကို အန်ကယ်တို့ တိတ်တိတ်ကျိတ်ပြီး မင်္ဂ





လာဆောင်ပေးမယ့်အစီအစဉ်ကို ရင့် လုံးဝမသိသွားဘူး၊ ရင့် မသိလို့ ရင့်သိအောင် ကျွန်တော်တို့ လိုက်တာပါ၊ ရင့်က နဂိုကတည်းက ကျွန်တော်တို့အပေါ် အထင်လွဲထားတော့ ကျွန်တော်တို့ကို မျက်ခြည် ဖြတ် ရှောင်သွားတယ် အန်ကယ်''

စိုးပြည့် စကားခဏရပ်လိုက်သည်။ စခန်းမှူး ပို၍စိတ်ဝင် တစားဖြစ်လာသည်။ စိုးပြည့်ပြောတဲ့ အချက်အလက်ကို ရေးမှတ်နေရာမှ

''ဆက်ပြော ညီ''

လို့ သိချင်တာအစအဆုံး သိရဖို့ ပြောခွင့်ပေးလိုက်သည်။

ကိုတူ ပြောမလိုဟန်ပြင်စဉ် စိုးပြည့် သူပဲဆက်ပြောမယ် ဆိုတဲ့မျက်ဝန်းနဲ့ ကိုတူကိုကြည့်သည်။ ပြီးမှ ဆက်တိုက်ပြော၏။

''ရင့်က ကိုတူဆီမှာ ကျွန်တော်တို့မသိအောင် သွားရှောင် နေတာပါ၊ အန်ကယ်ဦးမိုးသစ်တို့စွပ်စွဲသလို မဟုတ်ပါဘူး''

''ဒါဆို ငါ့သမီး ဘာလို့ပျောက်သွားရတာလဲ''

''ဒါကတော့ ကျွန်တော်တို့ ဘယ်သိမလဲ''

''တောက် မင်း''

လူကြီးသော ဘာသော နားမလည်ဘဲ ခပ်ဆတ်ဆတ် အာ ငြင်းခံရတော့ ဦးမိုးသစ် ခံပြင်းသွား၏။ ဝုန်းခနဲထပြီး စိုးပြည့်လက်ကို ဆွဲထားရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးသစ် ဒေါသရှေ့မထားပါနဲ့၊ ဘယ်ကိစ္စကိုမှ ကိုယ်အထင်နဲ့ အတိအကျစွပ်စွဲလို့မရပါဘူး"

ဦးမိုးသစ်ဒေါသလက်က စိုးပြည့်ရင်ဘတ်ပေါ်မှ ကွာကျကာ ထိုင်ခုံပေါ်အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ဒါဆို ကျွန်မသမီးလေး ဘယ်ရောက်နေလဲ"

ဒေါ်မိုးမိုးလင်းလည်း စိုးပြည့်တို့ကို ဒေါသဖြစ်နေရာမှ ထိုဒေါသနေရာမှာ သမီးကိုစိုးရိမ်တဲ့စိတ် အစားဝင်လာပြီး ထိတ်ထိတ်ပျာပျာ မေးသည်။

စခန်းမှူးထိုင်ခုံမှာပြန်ထိုင်၍ သက်မ အသာချပြီးပြောသည်။

"စိတ်အေးအေးထားပါ ဒေါ်မိုးမိုးလင်း၊ မောင်စိုးပြည့်တို့ ပြောတာ အမှန်ပဲဆိုရင် ခင်ဗျားတို့သမီး တစ်နေရာရာမှာ ရှောင်ပုန်းနေတာဖြစ်လိမ့်မယ်"

"အိုး မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

ဒေါ်မိုးမိုးလင်း လက်မခံနိုင်စွာပြောသလို ဦးမိုးသစ်ကလည်း

"ဟုတ်တယ်၊ ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး၊ သူတို့အားလုံး လက်ဝါးရိုက်တိုင်ပင်ပြီး လိမ်ပြောတာလို့ ကျွန်တော်ပြောရဲတယ်"

လို့ ဖွတ်အတင်းပြောပြန်သည်။

တစ်ဖတ်သတ်ပြောနေတဲ့ ဦးမိုးသစ်တို့ဇနီးမောင်နှံကို ကြည့်ပြီး စခန်းမှူးဦးအောင်တင့် နားမလည်နိုင်အောင်ဖြစ်သွားသည်။





ဒါပေမဲ့လည်း သမီးပျောက်ဆုံးနေတဲ့အတွက် သောကဗျာပါဒများနေလို့ လက်မခံနိုင်အောင်ဖြစ်နေတဲ့ မိဘတို့ရဲ့စိုးရိမ်ပူပန်မှုကို မိဘအချင်းချင်း စာနာစွာနားလည်ပေးဖို့ ဦးအောင်တင့်စိတ်ရှည်လက်ရှည်ဖြစ်နေတာကြောင့်

"ဟုတ်ပါတယ် ဦးမိုးသစ်၊ ဦးမိုးသစ်ပြောသလို စိုးပြည့်တို့တစ်ဖွဲ့လုံး လိမ်ညာဖုံးကွယ်နေရင် ဥပဒေအတိုင်း ကျွန်တော်အရေးယူပေးပါ့မယ်၊ စိတ်ချပါ ဦးမိုးသစ်"

စခန်းမှူး ထိုသို့ပြောတော့ စိုးပြည့်တို့အဖွဲ့ မျက်နှာတွေမည်းပြာသွားသည်။ ဦးမိုးသစ်တို့ဇနီး မောင်နှံမျက်နှာကို တအားတင်းပစ်ပြီး

"အဲဒါဆိုလည်း အမြန်ဆုံးအရေးယူပေးပါ စခန်းမှူး"

"ကျွန်မသမီးအတွက် ကျွန်မ အရမ်းစိတ်ပူတယ်၊ ဘယ်နည်းနဲ့မှ ရင့်သဘာလိုကောင်စားနဲ့ အဖြစ်မခံနိုင်ဘူး၊ လုံးဝ လက်မခံနိုင်ဘူး၊ ကျွန်မသမီး အမြန်ဆုံးပြန်တွေ့အောင် ခေါ်ပေးပါရှင်"

ဒေါ်မိုးမိုးလင်းစိတ်မှာ သမီးအတွက် စိုးရိမ်နေသော်လည်း ဂုဏ်ပကာသနရဲ့အရှိန်အဝါတွေ တောက်ပနေကြောင်း သူမ မျက်ဝန်းနဲ့စကားလုံးတို့က သိသာနေသည်။

ဦးအောင်တင့် စိတ်မသက်မသာဘဲ ခေါင်းညိတ်၍

"စိတ်ချပါဗျာ၊ ကျွန်တော် သေသေချာချာမေးစစ်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမှန်အတိုင်း ဝန်ခံ"

"တီ တီ တီ"

စိုးပြည့် သည်းမခံနိုင်စွာ ဝင်ပြောသည်။ ဝင်ပြောသည့်စကား မဆုံးခင် ဦးမိုးသစ်ခါးမှာချိတ်ထားတဲ့ လက်ကိုင်ဖုန်း အဆက်မပြတ် မြည်လာသည်။

ဖုန်းမြည်သံပေါ်ထွက်လာသည့်အတွက် စိုးပြည့်စကား လမ်းတစ်ဝက်မှာရပ်တန့်သွားသလို စခန်းမှူးကအစ သက်နောင်တို့အားလုံး ဖုန်းမြည်သံကို စိတ်ဝင်တစားဖြစ်ကုန်သည်။

ဦးမိုးသစ် ခေါက်ဖုန်းလေးကို ချက်ချင်းပဲ နားထောင်သည်။

"ဟင်"

တစ်ဖက်က ဘာပြောသည်မသိ။ ဦးမိုးသစ်ရဲ့ ဒေါသမာန်မာနမျက်နှာက ချက်ချင်း အံ့ဩစိတ်နဲ့ စိုးရိမ်တကြီးဖြစ်စွာပြောင်းလဲသွားသည်။ ဦးမိုးသစ်ရဲ့ကိုယ်ကလည်း ထိုင်ခုံပေါ်မှ ဝုန်းခနဲ ထရပ်ပြီးသွားဖြစ်သလို ဒေါ်မိုးမိုးလင်းလည်း ထရပ်ကာ

"ဘာလဲဟင် ကိုမိုး၊ သမီး သတင်းရတာလား"

သိချင်စိတ်နဲ့မေးလျှင် ဦးမိုးသစ် ဖနီးသည်ကို ပြန်မပြောအား

"ကျွန်တော် အခုလာခဲ့မယ် ကိုသော်"

ပြောပြီး ဖုန်းပိတ်ကာ စခန်းမှူးအခန်းထဲ ဒရောသောပါး ပြေးထွက်သွားသည်။





"ကိုမိုး ဘာဖြစ်တာလဲ၊ မိုးမိုးကိုလည်း ပြောဦးလေ"

ဒေါ်မိုးမိုးလင်းပါ ဦးမိုးသစ်နောက်မေးရင်း ပြေးထွက်သွားသည်။ ပူရှူးမလည်း ဒေါ်မိုးမိုးလင်းနောက် ပြေးထွက်သွားပြန်သည်။

ဘာဖြစ်လို့ဖြစ်မှန်း ဘယ်သူမှလည်း မသိရပေ။

ဦးမိုးသစ် အရာရာမေ့သွားလောက်အောင်ဖြစ်ကာ စခန်းမှူးအခန်းထဲက ပြေးထွက်သွားသည်က သူ့သမီးသတင်းရလို့ပဲ ဖြစ်တန်ကောင်းရဲ့လို့ စခန်းမှူး တွေးမြင်မိသည်။

ဟုတ်၊ မဟုတ်တော့ မသိတော့ သက်ပြင်းသာချမိသည်။

"ကျွန်တော် အမှန်ပြောတာပါ"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ မလိမ်ပါဘူး ဆရာရယ်"

"ဆရာ စုံစမ်းကြည့်ပါဦး၊ ရင့်ဘက်က ကျွန်တော်တို့ အာမခံပါတယ်"

စိုးပြည့်နဲ့အတူ သန့်စင်တို့ တစ်ယောက်တစ်ခွန်း ဝင်ပြောတော့ ဦးအောင်တင့် ခေါင်းညိတ်လက်ခံလိုက်ရသည်။

"ကဲ ခုလောလောဆယ်တော့ ထုံးစံအတိုင်း အာမခံနဲ့လွှတ်ပေးမယ်၊ ဒါပေမဲ့ စခန်းကလိုအပ်လို့ခေါ်ရင် အချိန်မရွေး လာအစစ်ခံရမယ်နော်"

"စိတ်ချပါဆရာရယ်"

စခန်းမှူးပြောတဲ့အတိုင်း စိုးပြည့်တို့ လိုက်လိုက်လှဲလှဲပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကောင်းပြီ ရင့်သဘာကို ထုတ်ခဲ့"

စခန်းမှူး ခေါင်းဆတ်၍ ရဲသားတစ်ဦးကို စေခိုင်းလိုက်သည်။

ဥပဒေအတိုင်း ရင့်သဘော အာမခံနဲ့လွှတ်လာလျှင် သူငယ်ချင်းတွေ အားရဝမ်းသာနဲ့ ဆီးကြိုကြသည်။

ရင့် ဝမ်းမသာနိုင်။

အဖြစ်အပျက်က ရင့် လိုက်လို့မမီအောင် ဖြစ်နေသည်။

စခန်းထဲကထွက်လာတော့ ရင့်သူငယ်ချင်းတွေက စာနာနားလည်စွာဖြင့်ပြောသည်။

"မင်း ဘာမှအားမငယ်နဲ့၊ နေနှင်းဆီကို မင်းရအောင် ငါတို့ကောင်တွေ ကြိုးစားပေးမယ်ကွာ"

"တော် တော်၊ မင်းမွှေလိုက်တဲ့ မီးက"

"ကဲပါကွာ စိုးပြည့်ကို အပြစ်မတင်နဲ့တော့"

ပခုံးဖက်ရင်း ဖျောင်းဖျသလိုပြောသည်။

"ဒီကောင်တွေက နေနှင်းဆီကို မင်း အလေးအနက်ချစ်မိတယ်မထင်လို့ ဟိုလူကြီးတင်းသွားအောင် လက်ဆုပ်လက်ကိုင်ပြပြီး မီးမွှေးလိုက်တာ၊ မင်းရင်ထဲက ခံစားချက်ကိုသိရလို့ မင်းနောက်က လိုက်လာကြတာ၊ မင်းရှောင်လိုက်တော့ ပြဿနာက မထင်မှတ်ဘဲ ကြီးသွားတာ"





သူငယ်ချင်းအချင်းချင်း ပြန်လည်သင့်မြတ်ဖို့ ကိုတူကပဲ ကြားဝင်ဖျောင်းဖျတော့၏။

"ဟုတ်တယ်၊ အဲဒီအတွက် ငါတို့ကောင်တွေ တောင်းပန်တယ်ကွာ"

"ရတယ်"

ရင်ထဲမှာ ကြေကွဲနေတာပဲ ရင့် သိတော့သည်။

ဘယ်သူ့ကိုမှလည်း အပြစ်မယူချင်တော့။

ချစ်တာက နှလုံးသားနဲ့သက်ဆိုင်ပေမယ့် ဘဝဆိုတာ ဂုဏ်ပကာသနနဲ့ ရောပြွမ်းနေပါလားဆိုတဲ့အသိ ဝင်လာသည်။

ချစ်လွန်းလို့ နေ စွန့်စားခဲ့တာကို သိရတော့ ယူကျုံးမရဖြစ်မိသည်။

ခုချိန်မှာ ဘယ်ဆီရောက်နေလဲ နေရယ်။

သိခွင့်ရချင်တယ် ချစ်သူ။

"မင်းအတွက် ငါတို့ကောင်တွေ ပြန်ကြိုးစားပေးမယ်၊ မင်း စိတ်ဓာတ်မကျနဲ့ကွာ၊ မင်းနဲ့ နေနှင်းဆီ ဘယ်လောက်ချစ်သလဲဆိုတာ ငါတို့ကောင်တွေသိသွားပြီ၊ ဒါကြောင့် မင်းတို့နှစ်ယောက်ပေါင်းဆုံခွင့်ရအောင် ငါတို့အစွမ်းကုန် ကြိုးစားပေးမယ်"

သူငယ်ချင်းတွေ အားတက်သရောပြောကြပေမယ့် ရင့် ရင်မှာ နေ့ကိုမမျှော်လင့်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လာ"

ရင့် တစ်ယောက်တည်း ထွက်သွားချင်ပေမယ့် အခွင့်မသာ။

ရင့်ကို ကားပေါ်အတင်းဆွဲတင်ကြသည်။

လေးယောက်တစ်ယောက်ဖြစ်နေတော့ ရင့် ကားပေါ်တက်လိုက်ရသည်။ မမျှော်လင့်ဘဲ အခတ်ခံရတဲ့ လက်ကောက်ဝတ်နှစ်ဖက်ကို ကြည့်မိသွားသည်။

ကြည့်မိခါမှ

ချစ်တတ်တဲ့နှလုံးသားမှာ နေ့ကို ပို၍ပင်ချစ်မြတ်နိုးကြောင်း သိလာလျှင် ရင့်ရင်ခွင်မှာ မီးတစ်ပုံ ဟုန်းခနဲ တောက်လောင်သွား၏။

နေရယ်

အချစ် ဘယ်မှာလဲကွယ်။

✿ ✿ ✿



## အခန်း (၂၇)

ကောင်းကင်တစ်ပြင်လုံးမှာ မင်ခဲရောင်တုံး တိမ်စိုင်တို့ ပြာတူးမှောင်အိကာ ပြိုကျတော့မတတ်ဖြစ်နေပြီ။

ဦးမိုးသစ်နှင့် ဒေါ်မိုးမိုးလင်းတို့မျက်နှာမှာလည်း ထိုသို့နှယ် ပြာမှောင်တူးချိတ်နေသည်။

သတိမလည်သေးတဲ့ သမီးမျက်နှာကိုငေးကြည့်ရင်း စိုးရိမ်နေတဲ့စိတ်က ပြိုကျလုနီးပါးမိုးလို ဖြစ်တော့၏။

အဖြစ်အပျက်က သူတို့မောင်နှံထင်ထားတာထက် ဆန့်ကျင်ဘက်ကြီးဖြစ်ကြောင်း ဒရိုင်ဘာ,ကိုဝေပြောမှ ယူကျုံးမရသိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး ခြံဝင်းထဲကပြေးထွက်သွားတဲ့နောက် လမ်းထိပ်ရောက်ခါနီး ကိုဝေ့ကားနဲ့ဆုံသည်။ ဦးမိုးသစ်ကား ဘရိတ်ချော်နေလို့ ကိုဝေကို ဝပ်ရှော့ပ်သွားပြင်နိုင်းခြင်း၊ ပြင်နိုင်းတဲ့ဝပ်ရှော့ပ်က ပိတ်ထားလို့ တခြားဝပ်ရှော့ပ်လည်း သူဌေးကမခိုင်းလို့ သွားမပြင်ရဲဘူး။

အဲဒါနဲ့ သူဌေးအိမ်ပြန်လာစဉ် လမ်းထိပ်မှာ ပုဆိုးမအဝတ်အစားတွေဝတ်ထားတဲ့ မမလေး ကားကိုလှမ်းတားလို့ ရပ်လိုက်ရသည်။

ကားရပ်သည်နှင့် ကိုဝေ့ကို ကားမောင်းသူနေရာမှ အတင်းဆွဲချသည်။

"ဘာဖြစ်လို့လဲ မမလေး၊ ဘယ်သွားမလို့လဲ၊ ကျွန်တော်မောင်းပို့ပေးမယ်လေ"

လို့ ကိုဝေပြောတာလည်း လက်မခံ။

"နင် ဘာမှမပြောနဲ့၊ အလုပ်ပြုတ်မခံချင်ရင် ပါးစပ်ပိတ်နေ၊ ဒယ်ဒီတို့ကို အတို့အထောင်လုပ်ဖို့ စိတ်မကူးနဲ့"

"မဟုတ်ဘူး မမလေး"

"နင် လျှာမရှည်နဲ့"

"ဟို သူဌေးကားက ဘရိတ်ချော်နေတာလေ မမလေး"

"တောက် နင် မပြောနဲ့"

ကိုဝေ ဘယ်လိုပြောပြော လက်မခံတဲ့သမီး။

ကိုဝေ့ကို ကားပေါ်ကဆွဲချပြီး ဘရိတ်ချော်နေတဲ့ သူ့ကားကို





မောင်းထွက်သွား၏။ ဒရိုင်ဘာ ကိုဝေခမျာ သူဌေးနဲ့ သူဌေးသမီးကြားမှာ ဘာမှလည်းမပြောရဲအောင် ကြောက်ရွံ့ကာ။

ထိုလမ်းထိပ်မှာပဲ သမီးကို ရင်တထိတ်ထိတ်နဲ့ စောင့်နေခဲ့တာ အချိန်အတော်ကြာသွားသည်။

သူတို့က သမီးပျောက်လို့ ရင့်သဘာနောက် အမိလိုက်၏။ ထိုအခါ အရာရာက ထင်မှတ်မထားစွာဖြစ်ကြောင့် သူ့မိတ်ဆွေ ဒေါက်တာပိုင်သော်ဖုန်းဆက်မှ သိရသည်။

"ကိုမိုး ကိုမိုးသမီး ကားအက်ဆီးဒင့်ဖြစ်ပြီး ကိုယ်တို့ဆေးရုံကြီးကို ရောက်နေတယ်"

လို့ သတင်းပေးမှ အဖြစ်အပျက်အမှန်ကို သိခွင့်ရလိုက်သည်။ ချက်ချင်းပဲ စခန်းမှူး အခန်းထဲကထွက်ခဲ့တာ သမီးကို စိုးရိမ်တဲ့စိတ်နဲ့ အရာရာကိုမေ့လုသွားသည်။

ဆေးရုံရောက်ရောက်ချင်း ဒေါက်တာပိုင်သော် ဆီးကြိုပြော၏။

"ကိုမိုး ဘာမှစိတ်မပူပါနဲ့ကွာ၊ အကောင်းဆုံးဖြစ်အောင် ကျွန်တော်လုပ်ထားပါတယ်"

"စိုးရိမ်ရလား ကိုသော်၊ သမီးလေး ဘာဖြစ်သွားလဲဟင်"

ဒေါ်မိုးမိုးလင်း စိုးရိမ်တကြီးဖြစ်ကာ စိတ်မထိန်းနိုင်စွာ မေးရင်း ငိုချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပိုင်သော် စာနာစွာပဲကြည့်ပြီး ပြောသည်။

"စိုးရိမ်စရာတော့ မရှိပါဘူး မမမိုး၊ ဒါပေမဲ့ "

"ဒါပေမဲ့ ဘာဖြစ်လဲ ကိုသော်"

ဦးမိုးသစ် အကြီးအကျယ်စိုးရိမ်တဲ့မျက်နှာနှင့် ကိုသော့်လက်ကို ဆုပ်ကိုင်ရင်း ကတုန်ကယင်ပဲမေးသည်။

ငယ်သူငယ်ချင်း၊ မိတ်ဆွေရင်းတွေမို့ ဦးမိုးသစ်ကို ဒေါက်တာပိုင်သော် ပွင့်ပွင့်လင်းလင်းပဲ ဖြည်းဖြည်းချင်းပြောသည်။

"ကားက ဘရိတ်ချော်နေတော့ အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကိုဝင့်ဆောင့်သတဲ့၊ အဲဒီမှာ ကိုမိုးသမီး ကားပေါ်က လွင့်ကျသွားတယ်၊ လွင့်ကျသွားတဲ့ သမီးကိုယ်က ပလက်ဖောင်းအဆောင့်ခံရပြီး ညာဘက်နံရိုးသုံးချောင်း ကျိုးသွားတယ်၊ ကျိုးသွားတဲ့နံရိုးက အဆုတ်ထဲ စိုက်ဝင်သွားတယ်"

"ဘုရား သမီး"

ဒေါ်မိုးမိုးလင်း ထိတ်ထိတ်ပျာပျာဖြစ်ကာ ရင်ဘတ်ကို လက်နဲ့ ဖိသည်။ တစ်ပြိုင်နက်တည်း ဘုရားတ,ကာ သမီးဟု ကယောင်ကတမ်း ခေါ်လိုက်မိသည်။

ဦးမိုးသစ် အသံမထွက်နိုင်အောင် လန့်ဖျပ်သွားသည်။ ဦးမိုးသစ်ရဲ့ အကြင်နာလက်က ဒေါ်မိုးမိုးလင်းကို အားပေးစွာဆုပ်ကိုင်ပြီး ဆက်ပြောသည်။





"မမိုးမိုး စိတ်မပူပါနဲ့၊ အကောင်းဆုံးဖြစ်အောင် ကုသထားပါတယ်၊ စိုးရိမ်စရာမရှိပါဘူး"

"ဒါဆို သမီး ဘယ်မှာလဲ ကိုသော်၊ သမီး ဘယ်မှာလဲဟင်"

"သမီးကိုကြည့်ပါရစေ ကိုသော်"

"ရပါတယ်၊ လာ မမိုးမိုး၊ လာဗျာ ကိုမိုး"

ဒေါက်တာပိုင်သော် ရှေ့ကဦးဆောင်ခေါ်သွားလျှင် ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း စိုးရိမ်သောကမီးတို့နှင့် ပူလောင်ကာ ကိုသော့်နောက်က ဒရောသောပါး လိုက်ပါသွားသည်။

လူနာခုတင်ထက်မှာ သတိမလည်သေးတဲ့ သမီးကိုမြင်လျှင် ဦးမိုးသစ်တို့လင်မယား ရှူးသွပ်မတတ် ဝမ်းနည်းကြေကွဲသွားသည်။

သမီးအပါးပြေးဝင်သွားတဲ့ ဒေါ်မိုးမိုးလင်းနဲ့ ဦးမိုးသစ်ကို ဒေါက်တာပိုင်သော် ဆွဲတားပြီးပြောသည်။

"မကြာခင် သတိရလာမယ် မမိုးမိုး၊ မေ့ဆေးအရှိန်မပြယ်သေးလို့ပါ၊ သမီးကို အရေးပေါ်ခွဲစိတ်ပြီးတာနဲ့ ကိုမိုးကို ကျွန်တော် အကြောင်းကြားလိုက်တာ"

"ဖြစ်ရလေ သမီးရယ်"

"ကျေးဇူးတင်တယ် ကိုသော်၊ သမီးအတွက် တကယ်စိုးရိမ်စရာမရှိတော့ဘူး၊ ဟုတ်လားကိုသော်"

ဦးမိုးသစ် ကျေးဇူးတင်ကြောင်းပြောရင်း ပွင့်ပွင့်လင်းလင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မေးမိသွားသည်။ ဒေါက်တာပိုင်သော် စိတ်ပေါ့ပါးစွာ သက်မချရင်း ပြုံးရင်းပြောသည်။

"မရှိဘူး ကိုမိုးရာ၊ မင်းကလည်း ကိုယ်ပြောတာ မယုံလို့လား"

"ယုံပါတယ်ကွာ ယုံပါတယ်"

"ယုံတယ်ဆိုရင် သမီးနားမှာ စောင့်ကြည့်၊ မကြာခင် သတိရလိမ့်မယ်၊ ဒါပေမဲ့ ဆေးကုဖို့ အချိန်အများကြီးယူရလိမ့်မယ် ကိုမိုး"

"စိတ်ချ ကိုသော်၊ သမီးကောင်းတဲ့အထိ အချိန်ဘယ်လောက်ကြာကြာကွာ"

"ကောင်းပြီ၊ အဲဒါဆို ကိုယ့်ကိုခွင့်ပြုဦး၊ လိုအပ်ရင် ကိုယ်ကို ချက်ချင်းခေါ်၊ ဟုတ်ပြီလား ကိုမိုး"

ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း ခေါင်းတညိတ်ညိတ်နဲ့ ကျေးဇူးတင်ကြောင်း တတွတ်တွတ်ပြောပြန်သည်။

ဒေါက်တာပိုင်သော် အားပေးအပြုံးလေးနဲ့ကြည့်ကာ လူနာခန်းထဲက ထွက်သွားတော့ ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း သမီးအနားတိုးကပ်သွားသည်။

"သမီးရယ် အမြန်သတိရလာပါတော့ကွယ်"

ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း ရင်ထဲမှာ အသံတိတ်တောင်းဆိုနေမိသည်။





အဖြစ်ဆိုးရှာတဲ့ သမီး။

မေ့ခေါ့အရှိန်မပြယ်သေးတဲ့ သမီးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်မှာကွဲကြေမတတ် မိဘနှစ်ပါး ခံစားရရှာသည်။

အန္တရာယ်ကိုမမြင်ဘဲ အချစ်အတွက် စွန့်စားလိုက်တာ မိဘရင်ခွင်ကျိုးပဲ့မတတ်ပါပဲ သမီးရယ်။

ဒယ်ဒီတို့နှလုံးသားမှာ ဖြစ်တည်လာတဲ့ စိုးရိမ်သောကတွေဟာ ပေါဟိုကောင်းကင်မျက်နှာပြင်က တိမ်စိုင်တိမ်တုံးတွေလို မင်ခဲရောင်တွေဖြစ်နေတယ်လေ။

ဒယ်ဒီတို့အသည်းနှလုံး မိုးသားလို ပြိုကျလာအောင် မမိုက်ချင်ပါနဲ့တော့ကွယ်။

နော် သမီး။

✿

လူနာခန်းထဲကနေ ထွက်ခဲ့သည်နှင့် ဦးမိုးသစ်မျက်ဝန်းထဲ ရိပ်ခနဲ မြင်လိုက်တဲ့ပုံရိပ်။ ဦးမိုးသစ် ချက်ချင်းသိလိုက်သည်။

ရင့်သဘာ။

ရင့်သဘာဆိုတဲ့အသိကြောင့် ဦးမိုးသစ်မျက်နှာကြော အလို



www.burmeseclassic.com

www.burmeseclassic.com



လိုတင်းသွားသည်။

ဦးမိုးသစ်ကိုမြင်သည်နှင့် အခန်းနံရံနဲ့ ရုတ်ခြည်းကွယ်လိုက်တဲ့ ရင့်သဘာ။ ဘယ်အချိန်ကတည်းက အလစ်ချောင်းနေတာလဲ။

ဦးမိုးသစ် ခြေလှမ်းသွက်သွက်နဲ့ ကွယ်လိုက်တဲ့နံရံဆီလျှောက်ထွက်ခဲ့စဉ် ရင့်သဘာ ဓာတ်လှေကားဖြင့် ဆေးရုံအောက်ထပ်သို့ ဆင်းသွားကာ ကိုယ်ယောင်ဖျောက်သွားသည်က ခံရခက်ခက်ကြီး ဖြစ်သွားစေသည်။

ဒါတင်မက မင်းတို့တစ်ဖွဲ့လုံး ဆေးရုံနားမှာ ရစ်သီရစ်သီနဲ့ မယောင်မလည်ဖြစ်နေကြတာ ဘာသဘောလဲ။

ငါတို့အလစ်မှာ ငါ့သမီးကို မ,ပြေးဖို့လား။

မရဘူး။

လုံးဝမရဘူး ရင့်သဘာ။

ငါ့သမီး ဆေးရုံပေါ်မှာရှိနေတာ မင်းတို့သိသာသိစေရမယ်။ မြင်ခွင့်တွေ့ခွင့် တစ်ခုခု လုပ်ဆောင်ခွင့်မရစေရဘူး။

ဘာဖြစ်လို့လဲဆိုတော့ မင်းကြောင့် သမီး မိုက်ရူးရဲစိတ်ဝင်သွားတာပဲ ရင့်သဘာ။

မင်းကို လုံးဝအခဲမကျေနိုင်ဘူး ရင့်သဘာ။

ပြီးတော့ မင်းသာမက မင်းတို့သူငယ်ချင်းတစ်ဖွဲ့လုံးလည်း မကျေဘူးကွ။





အထူးသဖြင့် စိုးပြည့်။

မင်းကြောင့် ငါ့သမီးလေး ဒီကောင်နဲ့တွေ့ရတာ။

တောက်

မင်းတို့တစ်ဖွဲ့လုံး ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မထင်မှတ်ဘဲ အုန်းခနဲ မိုးရွာချလေပြီ။

တိမ်သားတို့ကြားမှ ကြည်လဲ့သော မိုးစက်မိုးပေါက်တို့ ဖွေးဖွေးလှုပ်ကြွေဆင်းလာသည်က ပုလဲကြည်တွေဖြန့်ကြဲလိုက်သလို တဖျောက်ဖျောက်သံစဉ်တွေ မြည်ဟည်းကုန်သည်။

ကတ္တရာလမ်းပေါ် အရှိန်နဲ့ပြေးလွှားနေတဲ့ ကားကိုယ်ထည်ကို မိုးစက်မိုးပေါက်တို့ ထိခတ်နမ်းရှိုက်သံက တစ်စစ ပို၍ ကျယ်ကျယ်လောင်လောင်ဖြစ်လာသည်။

ချထားတဲ့ ကားမှန်အပြင်ဘက်မှာ အဆက်မပြတ်ထိတွေ့နေတဲ့ မိုးစက်တွေကိုကြည့်ရင်း ရင့်တစ်ကိုယ်လုံးသာမက ခြေဖျား





လက်ဖျားတွေပါ အေးစိမ့်ပြီး တုန်ယင်မတတ်ဖြစ်လာသည်။

သေချာတာက ရုတ်ခြည်း သဲသဲမဲမဲရွာချလာတဲ့ မိုးကြောင့် မဟုတ်မှန်း ရင့်ကိုယ်ရင့် သိနှင့်သည်။

မိုးက မထင်မှတ်ဘဲရွာသလို မထင်မှတ်တဲ့အဖြစ်လည်း ရင့်နှလုံးသားဆီ တိုးဝှေ့ဝင်ရောက်လာခဲ့၏။

ရင့် ရင်ခွင်ထဲဝင်ရောက်ဖို့ ချစ်သတ္တိတွေ ပြည့်လျှံနေတဲ့ နေ။

ကားအက်စီးဒင့်ဖြစ်ပြီး မထင်မှတ်ဘဲ ဆေးရုံပေါ်ရောက်နေရတဲ့ အဖြစ်ရယ်ပါ။

နေ ဝေဒနာခံစားနေရချိန်မှာ နေ့အပါးမှ တစ်ဖဝါးမကွာ ရင့်နှလုံးသားနဲ့ ခစားလိုသည်။

နေ့လက်ချောင်းတွေကို တယုတယ ဆုပ်ကိုင်ပြီး ကြင်ကြင်နာနာ နှစ်သိမ့်ပေးချင်သည်။

ထို့ကြောင့် နေ့မိဘနှစ်ပါးအလစ်ကို ချောင်းမြောင်းကြည့်ရှုရင်း သတိရလာပြီဖြစ်တဲ့ နေ့ကို နှစ်ကိုယ်တည်းတွေ့ခွင့်ရဖို့ ကြိုးစားနေမိသည်။

သို့သော်လည်း အခွင့်အရေးမသာခဲ့။

အထူးသဖြင့် နေ့ဒယ်ဒီ ရိပ်မိသွားတာက ပိုဆိုးသည်။ နေ့ဒယ်ဒီ ရှူးရှူးရဲရဲမျက်လုံးနဲ့ လိုက်ကြည့်လျှင် ရင့် မနည်းကြီး မျက်ခြည်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လစ်ပြေးခဲ့ရတာ ဆယ်ကြိမ်မကတော့ပါ။

ထို့ကြောင့် အတွက်မို့ရှာနေတဲ့ နေ ဒယ်ဒီကို ရင်ထဲအသည်းထဲမှ မကျေမနပ်ဖြစ်လာသည်။ ရင့်ကို အထင်နဲ့စွပ်စွဲပြီး လက်သီးတစ်လုံး ပစ်ကျွေးတာခံရတဲ့ နှုတ်ခမ်းနဲ့ နှာခေါင်းက တဆတ်ဆတ် နာကျင်လာပြန်သည်။

ထိုအခါ ရင့် အံတင်းတင်းကြိတ်လျှင် မေးကြောများပါ တင်းကြွလာသည်။

"တောက်၊ လုံးဝမကျေနပ်ဘူးကွာ"

ရင့် ခါးခါးသီးသီး ရွတ်၏။ ထိုအခါ သူငယ်ချင်းတစ်သိုက် မသိမသာ သက်မ,ချကြသည်။

ကိုတူက အခြေအနေအရပ်ရပ်ကို တွေးဆရင်းပြောလျှင် သက်နောင်တို့လည်း နားလည်စွာ ခေါင်းဆတ်၍ တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်။

"အသေအချာပဲ ရင့်၊ နေ အခုမှ သတိရရုံ ရှိသေးတယ်လေကွာ၊ နေ့ဒယ်ဒီနဲ့မာမီ နေ့အနားက ခွာနိုင်မှာမဟုတ်ဘူး၊ မင်း စိတ်လောနေလို့ မဖြစ်ဘူး"

"ဘာပဲဖြစ်ဖြစ် နေနဲ့ တစ်မိနစ်, တစ်စက္ကန့်ဖြစ်ဖြစ် တွေ့ချင်တယ်ကွာ၊ မတွေ့ရရင် မနေတော့ဘူး၊ အိုကွာ နေက ငါ့ဆီလာရင်းခုလို ဖြစ်ရတာလေ၊ ငါ ဘယ်လိုမှ ဖြေသိမ့်မနိုင်ဘူး၊ တစိမ့်စိမ့်နဲ့





ယူကျုံးမရ ဖြစ်နေတယ်၊ ဒါကြောင့်"

ရင့်ရင်ထဲက စကားလုံးတွေကို သူငယ်ချင်းတွေ ဘာသာပြန်တတ်ပါသည်။

ဟိုလူကြီးက နေ့အပါးမှာ နေ့နေ့ညည မျက်ခြည်မပြတ် ရှိနေတာက ခက်သည်။

ပိုခက်တာက နေ့ကိုတွေ့ခွင့်ရဖို့ ရင့်ကြိုးစားတာကို ဦးမိုးသစ် ရိပ်မိသွားခြင်းပင်။

"ငါတို့နားလည်တယ် ရင့်၊ ဒါကြောင့် ငါတို့ကောင်တွေ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားတာရှိတယ်"

သန့်စင် ကားဘေးမှာမှီရပ်ရင်း ပြောသလို ကိုတူက ဆေးရုံဝင်း အုတ်နံရံမှာ လက်ထောက်ရပ်နေရာမှ ခေါင်းညိတ်ထောက်ခံသည်။

ရင့် သိချင်စိတ်နဲ့ မျက်ခုံးနှစ်ဖက်ပင့်ကာ ချက်ချင်းမေးလေသည်။

"စီစဉ်ထားတယ်ဆိုတာ ဘာလဲ"

"နေ ဆေးရုံက ဆင်းခွင့်ရတဲ့အချိန်အထိ ငါတို့သည်းခံပြီး စောင့်ကြမယ်၊ နေ ဆေးရုံကဆင်းတာနဲ့ နေနဲ့ အဆက်အသွယ်ရအောင် လုပ်မယ်၊ နေလည်း ဆက်သွယ်မှာပဲ၊ နေ့ဆီက အဆက်အသွယ်ရတာနဲ့ ဟိုလူကြီးမရိပ်မိအောင် နေ့ကို အပိုင် မ,ပြေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့နေ နောက်ကြောင်း အေးအေးနေနိုင်ဖို့ စိုးပြည့် အားလုံးဖန်တီးထားတယ်"

ကိုတူ့ စကားအဆုံးမှာ ရင့်မျက်ဝန်းက စိုးပြည့်ဆီသို့ ရောက်သွားသည်။

ကားမောင်းသူနေရာမှာ ထိုင်ကာ ပလက်ဖောင်းပေါ် ခြေတစ်ဖက်ချ၍ ကားတံခါးပေါင်ပေါ် လက်တစ်ဖက်တင်ထားရာမှ ရင့်ကိုကြည့်ပြီး စိုးပြည့်ပြောသည်။

"ဟုတ်တယ် ရင့်၊ ဟိုလူကြီး လက်လှမ်းမမီဖို့ အရေးကြီးတယ်၊ မင်းနဲ့နေ ပဲခူးက ငါ့အသိဆီမှာ စိတ်ချလက်ချနေနိုင်အောင် စီစဉ်ပြီးပြီ၊ ပင်း ဘာမှ စိတ်မပူနဲ့ လောလောဆယ် ခဏသည်းခံကွာ"

ရင့် အသက်ဝအောင် ဖိရှူရင်း လက်ထောက်နေရာမှ ဆေးရုံအဆောက်အအုံဘက် တစ်ချက်ငေ့ကြည့်လိုက်သည်။

"နေ ဆေးရုံကဆင်းတဲ့အထိ စိတ်အေးအေးထားပြီး စောင့်ကြတာပေါ့ ရင့်"

ကားနောက်ခန်းမှာ စိတ်မသက်မသာဖြစ်ကာ ခပ်လျော့လျော့လေး မှီထိုင်နေတဲ့ သက်နောင် တစ်ခွန်းဝင်ပြောသည်။

သူငယ်ချင်းတွေရဲ့အကြံက ကောင်းပေမယ့် ထိုအကြံအတိုင်း အထမြောက်အောင်မြင်မယ်လို့ ရင့်မယုံရဲတာ ဦးမိုးသစ်ရဲ့မျက်နှာထားကြောင့် ဖြစ်သည်။





"ရင့် ခုလောလောဆယ် စိတ်လျှော့ထား၊ ဟုတ်ပြီလား၊ ငါတို့ကြောင့် မင်းနဲ့နေ ခုလို ကွေကွင်းရတာဆိုရင် ငါတို့ကြောင့် မင်းနဲ့နေ ပေါင်းဆုံခွင့်ရစေမယ်၊ ဒါကြောင့် ငါတို့အားလုံး အသေအချာစီစဉ်ပြီးသား၊ မင်း တွေးပြီး စိတ်အားမငယ်နဲ့၊ နေ ဆေးရုံကဆင်းခွင့်ရတာနဲ့ ငါတို့အကြံအစည် အိုကေစေရမယ်"

စိုးပြည့် စိတ်အားထက်သန်စွာ ပြောဆိုဖျောင်းဖျတော့လည်း ရင့် မျှော်လင့်ချက်တွေနဲ့ ခေါင်းညိတ်လိုက်ရသည်။

ဦးမိုးသစ်ရဲ့ မျက်ဝန်းရဲရဲကြီးကို မြင်ယောင်လေ နှလုံးသားမှာ ပူလောင်ကျွမ်းရလေ ဖြစ်ရတယ် နေရယ်။

ဒီလိုနဲ့ နေ့ကိုရဖို့ ရင်တထိတ်ထိတ် စောင့်နေခဲ့ရသည်။

"မနက်ဖြန် နေ ဆေးရုံက ဆင်းခွင့်ရတော့မယ်"

လို့ စိုးပြည့်စုံစမ်းပြီး ထိုသတင်းယူလာစဉ် ရင့်နှလုံးသားတသိမ့်သိမ့်ခုန်ကာ ချစ်သူနှင့် လက်ချင်းတွဲခွင့်ရတော့မှာပဲဆိုတဲ့ ခံစားချက်တို့ ဝေဆာနေခဲ့သည်။

ထိုစဉ် စိုးပြည့်လက်ထဲက ဟမ်းဖုန်းက တတွီတွီ မြည်လာသည်။

အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြတဲ့ ရင့်တို့အားလုံး ဖုန်းမြည်သံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်။

စိုးပြည့်လည်း စိတ်လှုပ်ရှားစွာ ဖုန်းနားထောင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနားထောင်နေတဲ့ စိုးပြည့်ကိုပဲ ရင့်တို့အားလုံး စိုက်ကြည့်ကာ ငြိမ်သက်နေကြသည်။ စိုးပြည့် ဖုန်းနားထောင်ရင်း မျက်ခုံးနှစ်ဖက် တအံ့တဩ မြောက်တက်သွားသလို နှုတ်ခမ်းတို့ကလည်း ရုတ်ခြည်း ပွင့်ဟကာ –

"ပူစူး"

လို့ နှုတ်ခမ်းစုချွန် ရွတ်လိုက်လျှင် ရင့်တို့ ပို၍ စိတ်ဝင်စားကုန်သည်။

"ပူစူးမ ဟုတ်လား၊ ဘာတဲ့လဲ စိုးပြည့်"

သက်နောင် သိချင်စိတ်နဲ့ လှမ်းမေးသည်။ စိုးပြည့် လက်ကာ ဟန့်တားရင်း တစ်ဖက်ကပြောတာကို အာရုံစိုက်နားထောင်စဉ် ရင့် ရင်ခုန်သံ ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ ဆူညံကုန်သည်။

နေ ဆေးရုံက ဆင်းရတော့မယ်ဆိုတဲ့သတင်းကို ပူစူးမက တစ်ဆင့် စိုးပြည့် ရလာခြင်းဖြစ်သည်။

ခုတစ်ခါ ပူစူးမဆက်တာဆိုတော့ နေနဲ့ပတ်သက်တဲ့ ဘယ်လိုသတင်းထူးမျိုး ဖြစ်နေမလဲ။

သိချင်စိတ်က ငယ်ထိပ်တက်ဆောင့်ကာ ဦးနှောက်ပါ ထူပူလာသည်။

စိုးပြည့် ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ တစ်ဖက်က ပြောတာကို နားထောင်ပြီး –





"အင်း၊ လာခဲ့မယ် ပူစူး"

လို့ ပြောပြီး ဖုန်းပိတ်လိုက်လျှင် ရင့်တို့အားလုံး စိုးပြည့်နား ဝိုင်းအုံသွားသည်။

"ဘာ ဘာတဲ့လဲ စိုးပြည့်"

ရင့် သိချင်စိတ်နဲ့ အလောတကြီးမေး၏။ စိုးပြည့် မျက်ခုံးနှစ်ဖက် ဟန်ပါပါဖြင့်မြှင့်ကာ ငုံ့ကြည့်နေတဲ့မျက်ဝန်းတည့်တည့် မော့ကြည့်ရင်း ပြောသည်။

"ဦးမိုးသစ် မင်းကို တွေ့ချင်လို့တဲ့"

"ဟင်"

ရင့်မျက်ဝန်း မယုံနိုင်လောက်အောင် တောက်ပသွားသလို အံ့အားလည်းသင့်သွားသည်။

"ဦးမိုးသစ်က"

"ဟုတ်တယ်"

စိုးပြည့် ခေါင်းဆတ်၍ မျက်နှာလှည့်ကာ ကားမောင်းသူ နေရာမှာ ကျကျနနဖြင့် ထိုင်လိုက်သည်။

"တစ်ခုခုတော့ တစ်ခုခုပဲ ရင့်၊ မင်း ရဲရဲတွေ့ကွာ၊ မင်းနားမှာ ငါတို့ကောင်တွေ ရှိနေမယ်၊ ဘာမှမကြောက်နဲ့"

ကားဘေးမှီရပ်နေသေးတဲ့ သန့်စင်က ရင့်လက်မောင်းကို ဆုပ်ကိုင်ရင်း အပြည့်အဝအားပေးကာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးသစ် ရင့်နဲ့တွေ့ချင်တာ မင်းအတွက် အခွင့်အရေးပဲ ကဲ ကားပေါ်တက်"

ကိုတူပြောရင်း ရင့်ကို ကားပေါ်တွန်းတင်သည်။

"လာ ရင့်"

ကားနောက်မှနေတဲ့ သက်နောင်လည်း နေရာရွှေ့ပေးရင်း ခေါ်သည်။ သူငယ်ချင်းတွေရဲ့ အားပေးစကားတွေနဲ့အတူ ဆွဲခေါ်ရာ ပါခဲ့ရသည်။

ကားနောက်ခန်းမှာ ကျောက်ရုပ်လိုထိုင်နေတဲ့ ရင့်ကို သနားစင်နဲ့ သက်နောင် သတိထားကြည့်နေသလို ကားရှေ့ခန်းမှ စိုးပြည့်နဲ့ ကိုတူတို့လည်း ရင့်ကို အကဲခတ်သလို တစ်ချက်တစ်ချက် လှည့်ကြည့်သည်။

ကားလေး လျှောခနဲထွက်ကာ လီဗာမြှင့်လိုက်လျှင် အရိပ်လက္ခဏာမပြဘဲ မိုးဦးကျမိုးက ချက်ချင်းအုံ့ဆိုင်းပြီး အုန်းခနဲ ရွာချသည်က တရစပ်ပဲ ဖြစ်သည်။

မထင်မှတ်ဘဲ ဦးမိုးသစ် တွေ့ဆုံဖို့ ဖိတ်ခေါ်သလို

မထင်မှတ်ဘဲ မိုးကြီး အုန်းခနဲရွာချသည်က ရင့်နှလုံးသားအတွက် ဘာတွေ ဖြစ်စေဖို့လဲ။

အကောင်းဆုံးလား။

အဆိုးဆုံးလား။





ရင့် အဆုံးအဖြတ် မပေးနိုင်ပါ။

အဆုံးအဖြတ်ပေးမယ့် တစ်ဦးတည်းသော စွမ်းအားရှင်က ဦးမိုးသစ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"နေနှင်းဆီစံအိမ်"

ဟု ခြံဝင်းကျယ်အဝမှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကြီးကို ရင့် မျက်တောင်မခတ်တမ်း ငေးကြည့်ဖြစ်သည်။

ငွေရောင်ဖောင်းကြွစာလုံးတို့က ဆိုင်းဘုတ်အလယ်မှာ တဖိတ်ဖိတ်တောက်ကာ ရောင်စုံအလှမီးဖွင့်ထားသောကြောင့် နေနှင်းဆီစံအိမ်ဆိုတဲ့ စာလုံးတို့က ရောင်စုံမီးအရောင်တို့နှင့် ဝင်းဝင်းတောက် ကြွတက်နေသည်။

ပန်းဥယျာဉ်လိုလို ခြံဝင်းကျယ်အလယ်မှ သုံးထပ်တိုက်ကြီးကလည်း သည်းထန်နေတဲ့မိုးသားကို အံတုကာ မာန်မာနကြီးသော





အသွင်ဆောင်နေသည်။

အသင့်ဖွင့်ထားတဲ့ ခြံတံခါးမှ ရောင်စုံပန်းခင်းနှင့် အဝိုင်းပတ်လမ်းလုပ်ထားသည့် ကားဝင်လမ်းအတိုင်း မောင်းဝင်လာသည်။ ပေါ်တီကိုအောက်မှာ စိုးပြည့် ကားကို ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

ထိုအခါ တစ်ကိုယ်လုံးနဲ့ ခြေဖျားလက်ဖျားတွေပါ အေးစိမ့်တုန်ယင်နေတဲ့ ရင့်ရင်ခုန်သံက ကြက်သီးထမတတ် တုန်ခနဲ ခါသွားသည်။

"လာကြပါရှင့်"

ကားရပ်လိုက်သည်နှင့် အသင့်ရပ်စောင့်နေဟန်တူသည့် ပုဏ္ဏမ ဖိတ်ခေါ်ဟန်က သခင်အမိန့်အတိုင်း နာခံဆောင်ရွက်တဲ့ အစေအပါးပီသနေသည်။

သူငယ်ချင်းအားလုံး ကားပေါ်က ဆင်းပြီးသည်အထိ ရင့် မဆင်းသေး။ ကားပေါ်က ဆင်းဖို့ မဝံ့မရဲသလို ဘာလိုလိုနှင့် ရင်မှာ ထုံထုံထွေထွေကြီး ဖြစ်ကာ –

"ရင့် လာကွာ"

လို့ သူငယ်ချင်းတွေခေါ်သံ နားထဲဆူညံလာမှ ရင့် ကားပေါ်က ဆင်းမိသွားသည်။ စိုးပြည့်တို့အားလုံး ပကာသနလွှမ်းတဲ့ ညှို့ခန်းထဲ ရဲရဲတင်းတင်းဝင်သွားကြသည်ကို ရင့် အဓိပ္ပာယ်မဲ့သလို ငေးကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါ၊ ကိုရင့်သဘာ ဝင်လာလေ"

သူငယ်ချင်းတွေကို ထိုင်ခုံတွေညွှန်ပြရင်း ပေါ်တီကိုအောက်မှာရပ်နေတဲ့ ရင့်ကို ပူရှူးမ ထပ်ဆင့်ခေါ်ပြန်သည်။

သူငယ်ချင်းတွေကလည်း ခေါင်းဆတ်ခေါ်သည်။ ရဲရဲဝင်ခဲ့ဖို့ အားပေးတဲ့မျက်ဝန်းတွေနဲ့ ကြည့်ပြီး အသံတိတ်ဆိုပြန်သည်။

ရင့် စိတ်ကိုတင်းပစ်သည်။ အသက်ကို ဝအောင်ရှူ၍ မျက်နှာလေး အသာမော့သည်။ ဖိနပ်ချွတ်နေရာမှာ ရင့်စီးထားတဲ့ လည်သာဖိနပ်အနက်ကို ချွတ်သည်။ ထို့နောက် ကိုယ်ကိုမတ်မတ်ထားပြီး နဖူးတွေ့ဒူးတွေ့ ရဲရဲကြီးရင်ဆိုင်ပစ်မယ်ဆိုတဲ့ ခြေလှမ်းနဲ့ ဧည့်ခန်းထဲ ဝင်သည်။

ဖိတ်ဖိတ်တောက်လျက် နူးညံ့ထွေးအိနေတဲ့ ကတ္တီပါကော်ဇောနီပေါ် ခြေလှမ်းတစ်လှမ်းချင်း လှမ်းကာ ဂုဏ်ပကာသနအဆောင်အယောင်လွှမ်းခြုံထားတဲ့ ဧည့်ခန်းထဲ ရင့် လှမ်းဝင်လိုက်သည်။

ကနုတ်ပန်းနဲ့ ပေါင်းကွပ်ထားတဲ့ အနီပွင့်ခက်တွေပါသော တစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်ချကာ ရင့်ကိုယ်ရင့် ယုံကြည်မှုအပြင်ရှိတဲ့ဟန်မျိုးနဲ့ ကိုယ်မတ်မတ်ပဲ ပြင်ထိုင်သည်။

တစ်ယောက်ထိုင်ဆိုဖာအသီးသီးမှာ ထိုင်နေကြတဲ့ သူငယ်ချင်းတွေကိုလည်း ငဲ့မကြည့်။ နှုတ်ခမ်းလေးစေ့ကာ တိတ်ဆိတ်နေရင်း မျက်နှာချင်းဆိုင်နံရံမှာ ချိတ်ဆွဲထားတဲ့ နေ ဓာတ်ပုံကြီးကို ရင်ခုန်စွာပဲ





စိုက်ကြည့်ဖြစ်၏။

အဖြူခွတ်ခွတ်ဂါဝန်လေးကို ပင့်ကိုင်ကာ မြက်ခင်းစိမ်းပေါ် ပြေးလွှားကစားနေတဲ့ နေ့တစ်ကိုယ်လုံးပုံက အသက်ဝင်လှသည်။

ထိုဓာတ်ပုံကို ကနုတ်ပန်းနဲ့ ပေါင်းကွပ်ကာ အလှမီးသီးပတ်လည်ထွန်းညှိသည်က ရောင်စုံမီးပွင့်များကြားမှ လှသရှူဆောင်းတဲ့ မင်းသမီးနှယ် အကြည့်မလွှဲရက်အောင် နေ့ အလှက ဖူးဖူးကြွကြွ လန်းဖြာနေသည်။

ဓာတ်ပုံထဲက ရင့်ချစ်သူ နေက နေနှင်းဆီစံအိမ်ရဲ့ တစ်ပင်တိုင် မင်းသမီးလေးတဲ့လား။

ဒါတင်မက မျက်နှာကြက်ရှိ အလှမီးဆိုင်းကြားမှာလည်း နေ့ဓာတ်ပုံလေးများ ချိတ်ဆွဲထားသလို နံရံမှာချိတ်ဆွဲထားတဲ့ ပြက္ခဒိန်မှာလည်း နေ့ပုံ။

ဧည့်ခန်းမျက်နှာစာမှာ အလှထားတဲ့ ယွန်းဆွမ်းအုပ်ကြီးဘေးမှာလည်း နေ့ပုံတူပန်းပုရုပ်တုက ခန့်ညားနေသည်။ ကိုယ်ဟန်လေးချိုကာ ရပ်နေသည့် နေ့ပုံတူပန်းပုရုပ်သည် နေဟု ထင်မှတ်မှားလောက်အောင် အသက်ဝင်လှသည်။

နေဟာ ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်းတို့ အဲသည်လောက် အလေးထားရတဲ့ တစ်ဦးတည်းသော သမီးရတနာတဲ့လား။

နေ့ဘဝဟာ ရင့်ထင်တာထက် အစပေါင်းများစွာ ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားပြီး နေနှင်းဆီစံအိမ်အတွက် အရေးပါအရာရောက်တဲ့ မင်းသမီးချောလေးဖြစ်မှန်း ဟောဒီညှော်ခန်းကို ကြည့်တာနဲ့ သိသာနေသည်။

စံအိမ်ကလည်း နွေနာမည်။

ညှော်ခန်းတစ်ခုလုံးလည်း နေပုံရိပ်တွေ။

မိဘနှစ်ပါးအတွက် တခမ်းတနားရှိလှတဲ့ နေဟာ ဘာအခြေအမြစ်မှမရှိတဲ့ ရင့်ကို ချစ်သွားသတဲ့လား။

မယုံနိုင်စရာကောင်းလိုက်တာ နေရယ်။

"ရင့်"

ဘေးချင်းကပ်ခုံမှာ ထိုင်နေတဲ့ ကိုတူ။ ရင့်နာမည် တိုးတိုးလေး ခေါ်ကာ ရင့်လက်မောင်းကို တံတောင်နဲ့ တွက်၍ အချက်ပေးသည်။

ညှော်ခန်းမတ်လည် နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ နေပုံတွေ တစ်ပုံပြီးတစ်ပုံ ကြည့်နေတဲ့ ရင့် အရာရာကို မေ့ချင်ချင် ဖြစ်သွားတဲ့ အထိပင်။

ကိုတူ တံတောင်နဲ့တွက်ပြီး အချက်ပေးကာ မျက်စပစ်ပြမှ အသိတို့ ဝင်လာသည်။ ကိုတူ မျက်စပစ်ပြတဲ့ဆီ ကြည့်လိုက်တော့–

"ဦးမိုးသစ်"

မြင်ရသည်နှင့် ရင့်မျက်ဝန်းမှတစ်ဆင့် နှလုံးသားတစ်ခုလုံး





အေးခဲသွားသလို ခံစားလိုက်ရသည်။ အပေါ်ထပ်မှ ရုတ်တရက် မာန်ရောင်တွေဝင့်ကာ ဆင်းလာတဲ့ ဦးမိုးသစ်။

လူလေးငါးခြောက်ယောက် ပခုံးချင်းယှဉ် လျှောက်သွားရလောက်အောင်ကျယ်သော ကျွန်းလှေကားအလယ် အနီရောင်ကတ္တီပါကော်ဇောအပြည့်ခင်းထားတဲ့ လှေကားထစ်တို့ကို နင်းပြီး ဆင်းလာတဲ့ ဦးမိုးသစ်။

အောက်ရောက်တဲ့အထိ ဆင်းမလာသေး။ လှေကားအလယ်ဆင့်မှာ မတ်မတ်ရပ်လျက် အားကောင်းတဲ့ ပါဝါမျက်မှန်မှတစ်ဆင့် ရင့်တို့ကို စူးစူးရှရှစိုက်ကြည့်နေတာ စက္ကန့်ပေါင်းများစွာ။ ရင့်မျက်ဝန်းနဲ့ တန်းဆုံလျှင် –

ဦးမိုးသစ်မျက်ဝန်း ပို၍ စူးရှသွားသလို ပို၍လည်း အေးခဲမာဆတ်သွားသည်။ နှုတ်ခမ်းအစုံပါ အရှိန်အဝါကြီးစွာ တင်းတင်းဆွဲစေ့လိုက်ပြီးနောက် မျက်နှာကို သိသိသာသာ ပင့်မောလိုက်သည်။

ရင့် မျက်လွှာကို မသိမသာ စင်းချလိုက်တော့ ရွှေရောင်စတီးပန်းပွင့်တို့ဖြင့် အလှဆင်ထားသည့် လှေကားလက်တန်းကို မကိုင်ဘဲ မတ်မတ်ကြီး ဆင်းလာသည်။

စူးစူးရဲရဲ ရှိလှသည့် ထိုမျက်ဝန်း။

တင်းတင်းမာမာ ရှိလှသည့် ထိုမျက်နှာ။

အရှိန်အဝါကြီးလှသည့် ထိုခြေလှမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာကို ပြတ်ပြတ်သားသားပြောချဖို့ အဆင်သင့်ဖြစ်နေတဲ့ စေ့ထားသော ထိုနှုတ်ခမ်းတို့က ရင့်နဲ့ နေကို အပြတ်အသတ် ပိုင်းဖြတ်ဖြစ်တော့မယ်ဆိုတာ ရင့်နှလုံးသားက အလိုလို သိနင့်သွား လျှင် ရင့်နှလုံးသား သွေးကြောမျှင်တွေ ရှိန်းခနဲ တုန်ခါသွားသည်။

"ရင့်သဘာ"

ညည့်ခန်းထဲ ခြေလှမ်းဝင်ပြီးသည်နှင့် တန်းစီထိုင်နေတဲ့ ရင့်တို့အားလုံးကို တစ်ချက်ခြုံကြည့်သည်။

ပြီးမှ ရင့်နဲ့ မျက်နှာချင်းဆိုင် ဆိုဖာခုံမှာ ဝင်မထိုင်၊ နောက်မှာ မတ်မတ်ရပ်ရင်း ထိုင်နေတဲ့ရင့်ကို ငုံ့ကြည့်ကာ ပြတ်ပြတ်သားသား အသံနဲ့ ခေါ်သည်။

ရင့် မော့ကြည့်တော့ ဦးမိုးသစ် နှုတ်ခမ်းကို လျှာနဲ့ တစ်ချက်သပ်ကာ မျက်နှာပိုင်းကို အသာပင့်၍ ပြောသည်။

"မင်းကို ပထမဦး အန်ကယ်ပြောချင်တာက တောင်းပန်တယ်"

"ဗျာ"

စကားစတာနဲ့ တောင်းပန်တာက အစချီတဲ့ ဦးမိုးသစ် သဘောထားက ဘယ်လိုပါလိမ့်၊ ရင့်နှုတ်မှ အံ့ဩကာ ဗျာသံ လွှတ်ခနဲ ထွက်သွား၏။

"မင်းကို မှားယွင်းစွာ စွပ်စွဲမိတဲ့အတွက် ပြီးတော့ ကိုယ်ထိ





လက်ရောက် ထိုးမိတဲ့အတွက်"

ရင့် မသိမသာ သက်မချပြီး –

"ရပါတယ် အန်ကယ်၊ ကျွန်တော် အမှတ်မထားပါဘူး"

"မင်း အမှတ်မထားပေမယ့် အန်ကယ်ကတော့ အမှတ်ထားတယ်"

ဦးမိုးသစ် ပြောတာက ရိုးရိုးရှင်းရှင်း စကားပါပဲ၊ အမှတ်ထားတယ်ဆိုတော့ –

ရင့်နားလည်ရခက်သလို ဝေခွဲရခက်သလိုလိုနဲ့ ဦးမိုးသစ်ကို ပို၍ စိုက်ကြည့်ဖြစ်သွားသည်။

စိုးပြည့်တို့လည်း ရင့်နည်းတူဖြစ်ကာ နားမရှင်းသလို ဦးမိုးသစ်ကို စိုက်ကြည့်ဖြစ်သည်။

ထိုအခါ ဦးမိုးသစ် နှုတ်ခမ်းလေး မသိမသာ မဲ့သလို တွန့်သွားပြီး –

"အန်ကယ်က တောင်းပန်စရာရှိတာကို ပွင့်ပွင့်လင်းလင်း တောင်းပန်သလို ပြောစရာရှိတာကိုလည်း အားမနာတမ်းဘဲ ပြောမယ်"

"ဟုတ်ကဲ့ အန်ကယ်၊ ပြောပါ"

ရင့် အသက်အောင့်လျက် တဖြည်းဖြည်းချင်းပြော၏။

"အေး ဒုတိယပြောမယ့်စကားက အန်ကယ့်သမီး နေနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်းကို လုံးဝသဘောမတူဘူး''

ကျောက်သားလို မာကျစ်တဲ့ ဦးမိုးသစ်စကားလုံးက ရင့်ရင်ဘတ်ကို အားနဲ့ပစ်ပေါက်သလို ဖျပ်ဖျပ်လူး နာမျက်သွားပါသည်။ ထိုအခါ ရင့်ကိုယ်က ဆိုဖာပေါ်မှ ဝုန်းခနဲ ထရပ်ပြီးသားလည်း ဖြစ်ကာ

စိုးပြည့်တို့လည်း လှုပ်လှုပ်ရှားရှားဖြစ်လေပြီ။ ဒါတင်မက တစ်ခုခုပြောဟန် ပြင်သည်။ ထိုအခါ ဦးမိုးသစ် လက်ကာဟန့်တား၏။ ဟန့်တားတာကြောင့် စိုးပြည့်တို့ ပြောချင်ရဲရဲနဲ့ ပြောခွင့်မသာတော့ပေ။ ထို့ကြောင့် အခြေအနေကို စောင့်ကြည့်တဲ့သဘောနဲ့ ငြိမ်သက်နေလိုက်ရသည်။

မျက်နှာချင်းဆိုင်ရပ်ကာ စိုက်ကြည့်လျက်သား ဖြစ်သွားတဲ့ ရင့်ကိုကြည့်ပြီး ဦးမိုးသစ် တရစပ် ပြောချသည်။

''ငယ်ရွယ်နုပျိုတဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ချစ်သူဖြစ်လေ့ရှိတာ သဘာဝပဲ၊ ဒါကြောင့် မင်းကိုရော သမီးကိုရော အန်ကယ် အပြစ်မပြောဘူး။ ဒါပေမဲ့ အချစ်ကို ခုတုံးလုပ်ပြီး ဘဝကို မိုက်မိုက်မဲမဲလုပ်ပစ်တဲ့အထိ အန်ကယ်လုပ်ခွင့်မပေးနိုင်ဘူး။ မင်းတို့အားလုံးရဲ့ မရိုးသားတဲ့ သွေးဆောင်မှုတွေကြားမှာ အန်ကယ့်သမီး အဖြစ်ဆိုးနဲ့ ကြုံရတယ်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားထဲ အန်ကယ်တို့ ခေါင်းမဖော်ရဲအောင် အရှက်ကွဲခဲ့တယ်၊ တစ်သက်လုံး ကြီးကျယ်မြင့်မြတ်ခဲ့တဲ့ အန်ကယ်တို့ရဲ့ အရှိန်အဝါတွေ





သူများစကားလုံးအောက်မှာ နင်းခြေခံခဲ့ရတယ်၊ ဒါတွေဟာ အန်ကယ့်သမီးဘဝ, အန်ကယ်တို့မိသားစုဘဝမှာ ဖျောက်ဖျက်လို့ မရတဲ့ ဝဋ်ဆိုးပဲ၊ အဲဒီဝဋ်ဆိုးအားလုံးဟာ မင်းကြောင့်ဖြစ်ရတာ ရင့်သဘာ၊ ပုပု နွေးနွေး အရှက်တကွဲ အကျိုးနည်းဖြစ်ရတဲ့ ခုလိုအချိန်မှာ မင်းကို အန်ကယ်တို့ ဘယ်လိုအတွေးနဲ့မှ သမီးနဲ့ပတ်သက်ခွင့် မပေးနိုင်ဘူး''

တစ်စစ ပြင်းထန်လာတဲ့ ဦးမိုးသစ်ရဲ့စကားလုံးတွေနောက်မှာ ရင့်နှလုံးသား ဆောက်တည်ရာမရဖြစ်ကာ နှုတ်ခမ်းကို တင်းနေအောင် ဆွဲချ ဖိကိုက်မိသွားသည်။

''ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို ခုတုံးလုပ်ပြီး အန်ကယ်တို့ရဲ့စည်းစိမ်ဥစ္စာကို ယူချင်တဲ့စိတ်နဲ့ သမီးကိုဖြားယောင်းတဲ့ မင်းစိတ်ဓာတ်ကို အန်ကယ်ရွံလို့ပဲ ရင့်သဘာ''

ရင့်တစ်ကိုယ်လုံး သိမ့်ခနဲတုန်ကာ နှလုံးသားတစ်ခုလုံး ပြာချိတ်မည်းတူးသွား၏။

''အချစ်ကို ခုတုံးလုပ်ပြီး စည်းစိမ်ကို ချိုင်ယူချင်တဲ့စိတ်နဲ့ ဖြားယောင်းတဲ့ စိတ်ဓာတ်'' တဲ့။

ဒီတစ်ခါ စွပ်စွဲတာက လက်သီးနဲ့ အထိုးခံရတာထက် နာသည်။ ဓားနဲ့အခုတ်ခံရတာထက် ဒဏ်ရာက ဟက်တက်ကွဲပြင်းသည်။

ရင်ဘတ်ထဲက စစ်မှန်တဲ့အချစ်ကို ဘာနဲ့ မှတ်ကျောက်တင်ပေးရမလဲ အန်ကယ်လို့ အသံတိတ်မေးရင်း ရင့် လက်သီးနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ဆုပ်လိုက်သည်။ နာနာကျင်ကျင်ပဲ အံကြိတ်လိုက်သော ကြောင့် ရင့်မေးရိုးနှစ်ဖက် ကားထွက်သွားမတတ်ပင်။

"အန်ကယ် ဘာကို ရည်ရွယ်တာလဲ၊ ပွင့်ပွင့်လင်းလင်းပြော"

စိုးပြည့်လည်း ဝုန်းခနဲထရပ်ကာ ဦးမိုးသစ်နဲ့ မျက်နှာချင်းဆိုင်ပြီး မေးချသည်။

သူငယ်ချင်းတွေအားလုံး ရင့်ဘက်က ခံပြင်းစွာ ထရပ်ကြသည်။ ဦးမိုးသစ် ရွံ့ရှာရှာပဲ နှုတ်ခမ်းကိုမဲ့တွန့်ကာ စိုးပြည့်ကို ငဲ့ကြည့်ပြီး အေးတိအေးစက် ပြောသည်။

"အန်ကယ့်သမီးကို ရင့်သဘာ အစစ်အမှန် ချစ်မချစ်ဆိုတာ မင်းတို့ကောင်တွေ ပိုသိတယ်၊ မင်းတို့ မြှောက်ထိုးပင့်ကော်လုပ်လို့ ငါ့သမီးကို ချစ်သူတော်ပစ်လိုက်တဲ့ ရင့်သဘာရဲ့ နှလုံးသားက ဘာလဲ စိုးပြည့်။ ငါတို့ အရှိန်အဝါကို ဖြုံချဖို့ ငါတို့အရှက်ကွဲခွဲဖို့ သမီးဘဝကို နင်းခြေပစ်ဖို့ ငါတို့ရဲ့ စည်းစိမ်ကို အပိုင်ခြေဖို့ဆိုတဲ့ ခေါင်းစဉ်တွေက လွဲပြီး ဘာတွေဖြစ်နိုင်သေးလို့လဲ"

"ဟာ"

အချစ်ကိုစော်ကားခံရရုံမက ယောကျ်ားတစ်ယောက်ရဲ့ ရှိရင်းစွဲမာနနဲ့ သိက္ခာကို ထိပါးတဲ့ ဦးမိုးသစ်စကားလုံးတွေက မျက်နှာတည့်တည့် အက်စစ်အပက်ခံရသလို ပူလောင်လှိုက်စားကာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားစေသည်။





"တောက် အန်ကယ်"

"အန်ကယ် ဒီလောက်ထိ ချိုးချိုးဖဲ့ဖဲ့ မပြောနဲ့"

"ကျွန်တော်တို့က လူကြီးသောဘာသော သည်းမခံနိုင်တော့ဘူး"

"အန်ကယ် ရှေ့ဆက်ပြီး ရင့် စုတ်ပြတ်သတ်သွားအောင် စကားလုံးအပြင်းစားတွေ မသုံးပါနဲ့ဗျာ"

ရင့်သူငယ်ချင်းတွေ မျက်နှာပျက်ပျက်နဲ့ ဦးမိုးသစ်ကို တစ်ယောက်တစ်ပေါက်ပြောကြလျှင် ညှော်ခန်းတစ်ခုလုံး ညံစီသွားသည်။

ဦးမိုးသစ် မျက်နှာကိုမော့လိုက်ပြီး ညာလက်တစ်ဖက် ခါးပေါ်ထောက်ကာ လက်ညှိုးထိုးပြီး ပြောချင်တာကို ဆက်ပြော၏။

"မင်းတို့သိထားရမှာက သူဌေးတောင်းစားနဲ့ ဘုရင့်သမီး ညားလေသတည်းဆိုတာ ပုံပြင်အနေနဲ့ နားထောင်လို့ကောင်းချင်ကောင်းနေမယ်၊ ဒါပေမဲ့ ရွှေကို ရွှေနဲ့ပဲ ဂဟေဆက်လို့ရမယ်၊ ရတနာတွင်းမှာ ရတနာပဲ အောင်းမယ်၊ ရွှေဘုံစံသမီးဟာ ရွှေဘုံရွှေနန်းနဲ့ပဲ စံမယ်၊ အေး မင်းနှလုံးသားမှာ ငါ့သမီးကို တကယ်ချစ်ရင်, တကယ်တန်ဖိုးထားရင် ငါ့သမီးကို ငါထားသလို ရွှေဘုံရွှေနန်းမှာ ထားနိုင်ရမယ်၊ ငါတို့နဲ့တူတန်တဲ့ စည်းစိမ်ဥစ္စာရှိရမယ်၊ ဘယ်မှာလဲ မင်းမှာပိုင်ဆိုင်မှု ဘယ်မှာလဲ ယောကျ်ားပီပီသသ ခွန်အားသုံးပြီး ရှာဖွေထားတဲ့စည်းစိမ်"

ဦးမိုးသစ်ရဲ့ မေးခွန်းတွေနောက်မှာ အံကြိတ်ထားတဲ့ ရင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဆတ်ခနဲ မော့သွားသည်။ ချစ်သူကို အချစ်ကလွဲပြီး ဘာမှ မပေးနိုင်တဲ့ ရင့်ကို စိန်ခေါ်လိုက်တာလား။

"ဟင့် ဟင့် ဟင့် ရင့်သဘာ၊ စိန်တစ်ထုပ်လိုချင်ရင် စိန်တစ်ထုပ်နဲ့ညီမျှတဲ့ တန်ရာတန်ကြေး ပေးရမှာပဲ"

ရင့်မျက်နှာပေါ်မှာ မာနရောင်တွေ တဖြည်းဖြည်း လှိုက်တက်သည်။

တန်ရာတန်ကြေးတဲ့။

ဟုတ်တာပေါ့။ ဘယ်ပစ္စည်းမဆို တန်ရာတန်ကြေး ရှိတယ်လေ။ ဒါကိုတော့ ရင့် မငြင်းနိုင်ပါ။

နောက်ထပ် ဦးမိုးသစ် ပြောသေးသည်။

တန်ရာတန်ကြေးမပေးရင် ဘာပစ္စည်းမှမရနိုင်ဘူး ရင့်သဘာတဲ့။

ဟုတ်တာပေါ့။

ရင့် ခေါင်းတဆတ်ဆတ်ညိတ်မိသွားသည်။

"ငါ့သမီးဟာ ငါတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာပဲ၊ ငါတို့ရင်ဘတ်ထဲက ရတနာကိုယူချင့်ရင်တော့"

ရင့် အသားတဆတ်ဆတ် တုန်စွာပဲ လက်ကာဟန့်တားလိုက်သည်။ ဦးမိုးသစ် စကားကို တစ်ဝက်တစ်ပျက်နဲ့ ရပ်လိုက်လျှင် ရင့် နာနာကျင်ကျင်ပဲ ပြုံးမိသွားသည်။





"အန်ကယ်က နေ့ကို ရှောင်းကုန်လို သဘောထားပြီး စိတ်ကြိုက်ဈေး ခေါ်တာလား"

"မင်းလိုချင်ရင် ခေါ်ဈေးပေးပြီး ဝယ်လိုက်စမ်းပါ၊ ဟင့်"

"အန်ကယ်စိတ်ကြိုက် ဈေးတင်လိုက်ပါ"

"မင်း ဝယ်နိုင်မယ်ထင်လို့လား ရင့်သဘာ"

ဦးမိုးသစ် ခနဲ့သံနဲ့မေးလျှင် ရင့် ရင်ကော့လိုက်သည်။

"ဒီမှာအန်ကယ် နေနှင်းဆီဟာ အန်ကယ်တို့ဘဝအတွက် အဖိုးထိုက်တဲ့ ရတနာဖြစ်သလို ကျွန်တော့်နှလုံးသားမှာလည်း တန်ဖိုးကြီးလွန်းတဲ့ ရတနာဆိုလည်း မမှားဘူး။ ကျွန်တော့်နှလုံးသားအတွက် တန်ဖိုးဖြတ်နိုင်တဲ့ ရတနာကို ကျွန်တော် မရ,ရအောင်ယူဖို့ သတ္တိရှိတယ်၊ နေ့ကို ရဖို့ဆိုရင် မားတောင်ကိုပဲ ကျော်ရ ကျော်ရ၊ မီးပင်လယ်ကိုပဲ လက်ပစ်ကူးရ ကူးရ၊ ဆူးလွှင်ပြင်ကြီးပဲ ဖြတ်ရဖြတ်ရ ကျွန်တော့်နှလုံးနဲ့ သတ္တိရှိရှိ ဖြတ်ကျော်မယ်၊ မရရအောင် ကြိုးစားယူကြမယ် အန်ကယ်"

"ကြိုက်သွားပြီ ရင့်သဘာ၊ မင်းကြိုးစားမယ် ဟုတ်လား"

"အသေအချာပဲ"

ချစ်တဲ့စိတ်နဲ့ ရင့် အပီအပြင် ဟစ်ကြွေးလိုက်သည်၊ ဦးမိုးသစ် မဲ့မဲ့ကြီးပြုံးကာ ပခုံးလေး တွန့်၏။ ထိုနောက် ရင့်ရှေ့မှာ မျက်စိနောက်လောက်အောင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ ဖျတ်ခနဲရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အဟွန့် မင်းကြိုးစားမယ်ဆိုရင် ကြိုးစားလိုက်စမ်းပါ၊ မင်းကို တစ်နှစ်မဟုတ်ဘူး၊ နှစ်နှစ်မကဘူး၊ ဆယ်နှစ်တိတိ အချိန်ပေးလိုက်မယ်ကွ"

ရင့် သက်ပြင်းရှိုက်လိုက်လျှင် မာနကြောင့် မွေးညှင်းတွေပါ ထောင်ထလာသည်။

"ဆယ်နှစ်"

ဦးမိုးသစ် လက်ဖဝါးနှစ်ဖက်လုံး ဖြန့်၍ လက်ချောင်း ဆယ်ချောင်းလုံး ထောင်ပြီး ထပ်ပြောသည်။ ဆယ်နှစ်တဲ့။

ရင့်မာနက ပို၍ပင် မြင့်မားသွားသည်။

"ခုချိန်ကနေ စမှတ်လိုက်၊ ဆယ်နှစ်တင်းတင်း ပြည့်နေတဲ့နေ့ ဒီအချိန် ဒီနေရာ ဒီညွှေ့ခန်းထဲ မင်းဝင်လာဖို့ ငါ့ရဲ့ ခြံတံခါး, တိုက်တံခါး, ညှေ့ခန်းတံခါး အားလုံးဖွင့်ထားမယ်၊ ဘယ်လိုလဲ ရင့်သဘာ"

ဦးမိုးသစ် လက်ဖျစ်တစ်ချက်တီးပြီး စိန်ခေါ်တဲ့လက်မ ထောင်၏။ ရင့်ကိုလည်း စိုက်ကြည့်ပြီး ဖျတ်ခနဲမေးသည်။

ဒီလိုမေးတော့မှလည်း ရင့် တွေဝေငေးမောမနေတော့ပါ။

ယောကျ်ားချင်းပေမယ့် ချစ်သူရဲ့ဖခင်က စိန်ခေါ်မှတော့ ရင့် မပြိုင်ရဲတာ ဘာမှမရှိဘူး။ အထူးသဖြင့် ဦးမိုးသစ်တို့ရှေ့မှာ ချစ်သူလက်တစ်ဖက်တွဲပြီး လက်,မထောင်ခွင့်ရနိုင်ဖို့ ရင့်ရဲ့သတ္တိကို





ထုတ်ပြမှာပေါ့"

"စိတ်ချ အန်ကယ်၊ ဆယ်နှစ်တင်းတင်းပြည့်တဲ့နေ့ရောက်ရင် အန်ကယ် တံခါးအားလုံးဖွင့်ထားဖို့ မမေ့စေနဲ့"

"ဟား ဟား ဟား ဒီမှာ ရင့်သဘာ၊ ငါဆိုတဲ့ကောင်က ငါ့သမီးနဲ့ပတ်သက်တဲ့ ဘယ်ကောင့်ကိုမဆို ဘာကြောင့်မှ ပြောပြီးတဲ့ စကား မေ့ပစ်ဖို့ မရှိဘူးကွ၊ အထူးသဖြင့် မင်းကိုပြောခဲ့တဲ့စကားတွေကို ပိုပြီးမမေ့ဘူး ရင့်သဘာ"

"အိုကေ"

ရင့် လက်ဖျစ်တစ်ချက် တီးပစ်လိုက်သည်။

"ပြန်ဆုံချင်သေးတယ် ရင့်သဘာ၊ ဆယ်နှစ်တင်းတင်း ပြည့်တဲ့နေ့ကိုလေ၊ ဟား ဟား ဟား"

ဦးမိုးသစ်တဲ့ ဟားတိုက်ရယ်မောသံဝါဝါကြီး ဟိန်းခနဲ ပေါ်ထွက်လာသည်က ရင့်မာနကိုကို ပို၍ထိပါးသလို ဖြစ်၏။

"ပြန်ဆုံကြမယ် အန်ကယ်၊ ဆယ်နှစ်တင်းတင်းပြည့်တဲ့ နေ့ဟင့်"

ရင့် လက်ဆယ်ချောင်းထောင်ပြီး ပြောချကာ ဦးမိုးသစ်ရှေ့မှ ရင့် ခြေလှမ်းထွက်ဟန်ပြင်သည်။ ထိုအခါ အဖြစ်အပျက်အားလုံးကို မယုံနိုင်အောင် ငေးကြည့်နေမိတဲ့ စိုးပြည့်တို့အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်"

စိုးပြည့်တို့ခေါင်းသံ တစ်ပေါင်းတည်း ထွက်လာသည်။ ခေါင်းသံ အားကြီးသည်မို့ ရှင့်ခြေလှမ်းတန့်သွား၏။

သို့သော်လည်း နောက်လှည့်မကြည့်ဖြစ်ပါ။ သူငယ်ချင်းတွေနဲ့ ခြေသံတွေနဲ့အတူ စကားသံတွေ ဝေါခနဲ လွင့်ကျလာသည်။

"ရှင့်၊ မင်း နေ့ကို ရအောင် ငါတို့ကောင်တွေ အားဖြည့်ကြိုးစားပေးမယ်၊ မင်း မစိုးရိမ်နဲ့ကွ"

"ဟုတ်တယ်၊ ငါတို့ကောင်တွေအားလုံး မင်းအတွက် အပြည့်အဝ ကြိုးစားမယ်"

သန့်စင်နဲ့ စိုးပြည့် အားမာန်အပြည့်ပြော၏။ သက်နောင်နဲ့ ကိုတူပါ ဦးမိုးသစ်ရှေ့မှာ သူငယ်ချင်းကောင်းပီသစွာ မာနဖြင့် ခေါင်းညိတ်ထောက်ခံသည်။ ထိုအခါ ဦးမိုးသစ်ကြည့်သည်။ နှာခေါင်းရှုံ့လိုက်သည်။ ကြိုက်သလောက် အားပေးကြိုးစားစမ်းပါလို့ စိန်ခေါ်သလို ကြည့်သည်။

ရှင့် မျက်ဝန်းထောင့်မှ မြင်ရသောကြောင့် ရှင့် ခေါင်းခါလိုက်ပြီး–

"ရတယ်၊ မင်းတို့ ငါ့အပေါ် အလေးထားကြသလို သဘောထားကြီးတတ်မှန်းလည်း ငါသိတယ်၊ ဒါပေမဲ့"

"ဘာဖြစ်လဲ ရှင့်"





ကိုတူ ဖျတ်ခနဲ အနားရောက်လာပြီး မေးသည်။

အထင်သေးသော မျက်ဝန်းကျဉ်းကျဉ်းနဲ့ ဦးမိုးသစ် ကြည့်တာခံရလျှင် –

ရှင့်မာနက ပိုပြီး အညွန့်တက်လာသည်။

"ရတယ်၊ နေကို ရဖို့ ငါ့ခွန်ငါ့အားနဲ့ ငါကြိုးစား"

"မဖြစ်နိုင်တာဘဲ"

စိုးပြည့် ရှေ့မှာလာရပ်ရင်း ဆိုသည်။ ရှင့် ဘာကိုမှမမှုတော့။ ရှင့်ဟာ ဘာအစွမ်းအစနဲ့ မာနမရှိတဲ့ ယောက်ျားတစ်ယောက် ဖြစ်တယ်လို့ ဦးမိုးသစ် မှတ်ချက်ပေးမှာကို မလိုလားဘူး။

စစ်မှန်တဲ့အချစ် သူ့ကိုယ်ပိုင်အစွမ်းသတ္တိနဲ့ နေ ရယူပိုင်ဆိုင်နိုင်တယ်ဆိုတဲ့ သရဖူတို့၏ ဝံ့ဝံ့ကြွားကြွားဆွတ်ယူနိုင်သည့် နှလုံးသားအားမာန်ရှိကြောင်း ဦးမိုးသစ်ယုံအောင် သက်သေပြချင်သည်။

ဒါကြောင့် မဖြစ်နိုင်တာဘဲလို့ စိုးပြည့် စိုးရိမ်တကြီးပြောတာနဲ့ ရှင့် ခပ်သွက်သွက်ပဲ ပြောချလိုက်သည်။

"ဖြစ်နိုင်တယ်ဆိုတာ နောက်ဆယ်နှစ်တင်းတင်းပြည့်တဲ့အချိန်က သက်သေထူပါလိမ့်မယ် စိုးပြည့်၊ မင်းတို့ကိုလည်း ငါ တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်၊ နောက် ဆယ်နှစ်ပြည့်ရင် မင်းတို့နဲ့ငါ၊ ပြီးတော့ အန်ကယ်နဲ့ပါ ဟောဒီနေရာမှာ ပြန်ဆုံကြမယ်၊ ခုတော့ အားလုံးကို နှုတ်ဆက်ခဲ့တယ်၊ ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်သားနေတဲ့ ရင့်ကို သူငယ်ချင်းတွေ ဘာပြန်ပြောရကောင်းမှန်းမသိအောင် ဖြစ်သွားသည်။

ရင့် တစ်ခါတစ်ရံ ဖွတ်လုပ်တတ်မှန်း သူငယ်ချင်းတွေ သိနှင့်သည်။ သို့သော်လည်း ဒီကိစ္စမှာ ပိုပြင်းထန်ကြောင်း နားလည်နေသည်။

သက်နောင် တစ်ခုခုပြောဖို့ ပါးစပ်ပြင်သည်။ ရင့် ပြောခွင့်မပေးတော့။ လက်ကာဟန့်တားလိုက်၏။

ထို့ကြောင့် သူငယ်ချင်းတွေနဲ့ ဦးမိုးသစ်ကိုပါ ရင့် လက်ကလေးထောင်ကာ မာနနဲ့ နှုတ်ဆက်စကား ဆိုလိုက်သည်။

ထိုအခါ ဦးမိုးသစ် မျက်နှာပို၍ တင်းသွားတယ်လို့ ထင်ရသည်။ ရင့် ဂရုမစိုက်ပါ။ အားလုံးကို နှုတ်ဆက်တယ်လို့ ဘိုင်လုပ်ပြီး ဦးမိုးသစ်ရှေ့မှ ရင်ကော့ထွက်ခဲ့သည်က နေကို အချစ်စစ် အချစ်မှန်နဲ့ ချစ်ကြောင်း သက်သေထူဖို့ ခြေလှမ်းပဲဖြစ်သည်။

ရင့်သဘာဆိုတဲ့ကောင်လေး။

ဂုဏ်ပကာသနတွေ ဖိတ်ဖိတ်တောက်နေတဲ့ နေနှင်းဆီစံအိမ်မှ ယုံကြည်မှုရှိတဲ့ ခြေလှမ်းနဲ့ ကျောခိုင်းထွက်ခဲ့သည်က မစဲနိုင်သေးတဲ့ မိုးတောသီ။

အုံ့အုံ့မှိုင်းမှိုင်းနဲ့ သဲသဲမဲမဲရွာနေတဲ့ မိုးက ရင့်နှလုံးသား၊ ရင့်မာနအတွက် အကောင်းဆုံး စွမ်းအားပါပဲ။





ဦးတည်ချက်ရှိရှိ လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းမှာ နေကိုချစ်တယ်။ နောင်ဆယ်နှစ်ကြာရင် စည်းစိမ်ဘုံပေါ်မှာ နေဘဝကို ခံစားခွင့်ပေးမယ်ဆိုတဲ့ ကြော်ငြာချက်တွေနဲ့သာ။

ကိုယ်ပေါ်အနှံ့ တဖြောက်ဖြောက်ကျနေတဲ့ ပုလဲဥရောင်မိုးစက်မိုးပေါက်တို့ကို တိုင်တည်ပြီး ရင့် အသံတိတ် ဟစ်ကြွေးလိုက်၏။

ဆယ်နှစ်တင်းတင်းပြည့်တဲ့နေ့ ဦးမိုးသစ်ရင်ထဲက ရတနာနေ့ကို စိတ်ကြိုက်ဈေးပေးပြီး ရင့်သဘာဆိုတဲ့ကောင် ဝယ်ပြမယ်။ ဘယ်ဈေးနဲ့ တင်ရောင်းမလဲ၊ အခုကတည်းက ခင်ဗျားကြီး စိတ်ကြိုက်ကြိုတင်စဉ်းစားခန်းဖွင့်ထားစမ်းပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''တောက်''

ဦးမိုးသစ် တောက်ခတ်လိုက်လျှင် ပူစူးမ ကြောက်ရွံ့ထိတ်လန့်ပြီး ကိုယ်လုံးလေးကို သေးကျုံ့ထားမိသည်။

'တောက်'ခတ်ပြီး ဆိုဖာပေါ် ဝုန်းခနဲ ထိုင်ချလိုက်တဲ့ ဦးမိုးသစ် တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ခံပြင်းစိတ်နဲ့ ရှူးရှူးရှားရှားဖြစ်ကာ အံကြိတ်၏။

ထို့နောက် ဆိုဖာပေါ်က ဝုန်းခနဲ ထသလို ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတဲ့ ကြိတ်မနိုင်ခဲမရသော ဒေါသစိတ်က ရေပန်းလို ဖွာခနဲ အဆက်မပြတ် လွင့်စဉ်နေသည်။





ရင့်သဘာ မိုးတောထဲ ပျောက်ကွယ်သွားတာကြာလှပြီ။ စိုးပြည့်တို့လည်း ဦးမိုးသစ်ကို ပခုံးချင်းယှဉ်ကာ ရင်ကော့ထွက်သွားကြတာ မိနစ်ပေါင်းများစွာ။

သို့သော်လည်း ဦးမိုးသစ်ဒေါသက အရှိန်ပြင်းစွာ ဖွာနေသေးသည်။

ရင့်သဘာရဲ့ စိန်ခေါ်ခြင်းနဲ့ စိုးပြည့်တို့ ရင်ကော့ထွက်သွားတဲ့ အမူအရာတွေက ဆယ်နှစ်တင်းတင်းပြည့်တဲ့နေ့မှာ အနိုင်ယူမယ်ပေါ့ ဆိုတဲ့ ကြွေးကြော်မှုမျိုးနဲ့ ဖြစ်သည်။

ထိုစိန်ခေါ်မှုနဲ့ ထိုအမူအရာကို ဦးမိုးသစ် ဘယ်လိုမှ သည်းမခံနိုင်ပေ။

တွေးမိလိုက်တိုင်း ကြိတ်မနိုင်ခဲမရ ဒေါသတွေသာ ဖြစ်ရသည်။

''တောက်''

ဒုတိယအကြိမ် ဦးမိုးသစ် တောက်ခတ်ပြန်သည်။

ပူစူးမကိုယ်လုံးလေး တွန့်ကာ နံရံနဲ့ကိုယ် ကပ်မတတ် ဖြစ်သွားသည်။

တောက်ခတ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကြံစည်နေရာမှ တစ်ခုခု အကြံကောင်းရသွားဟန်နဲ့ ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလည်း တယ်လီဖုန်းစင်ဆီ ရောက်သွားသည်။ ချက်ချင်းပဲ အနီရောင်တယ်လီဖုန်းခွက်ကို ကိုင်ပြီး ဖုန်းနံပါတ် နှိပ်သည်။

ဘာလုပ်ဖို့လဲ မသိ။

သူဌေးရဲ့ လှုပ်ရှားမှုတွေကိုကြည့်နေရင်း ပူစူးမ ရင်ခုန်သံမြန်လာသည်။

"ဟဲလို မမမေ"

ဒေါသတွေ ချုပ်တည်းပြီး ခေါ်လိုက်တဲ့ သူဌေးအသံ။ ပူစူးမ ကိုယ်လုံးလေးကျုံ့နေရာမှ ဆန့်တန်းသွားသည်။

ကိုထောမာမီကို သူဌေး ပြန်ဆက်သွယ်တာ ဘယ်နည်းနဲ့မှ ကို ရင့်သဘာအတွက် အလားအလာမကောင်းနိုင်မှန်း ပူစူးမ အလိုလို သိသွားသည်။

"မမမေ၊ ဖုန်းမချလိုက်ပါနဲ့ဗျာ"

သူဌေး တောင်းပန်သလိုပြောလျှင် ပူစူးမ ရှေ့ဆက် နား မထောင်ရက်တော့။

ညွှန်းထဲက ခြေဖော့ထွက်ခဲ့ပေမယ့် သူဌေးအသံကို ကြား နေရပြန်သည်။

"ကျွန်တော် တောင်းပန်ပါတယ် မမမေ၊ သမီးရဲ့မိုက်မဲမှုကို မမမေ ခွင့်လွှတ်ပေးပါဗျာ၊ ကျွန်တော် အနူးအညွတ်တောင်းပန်ပါ





တယ်၊ မအပ်မရာကို သမီး စိတ်ကူးယဉ်လိုက်တာပါ မမမေရယ်၊ အဲဒီအတွက် ကျွန်တော်တို့ ရင်ကွဲမတတ်ပါဘဲ မမမေ၊ မမမေ ခွင့်လွှတ် ပေးမှ ကျွန်တော်တို့ ဂုဏ်သိက္ခာပြန်ရမှာမို့ပါ"

ဒေါ်မေမေစိုး မာနနဲ့ ဖုန်းချမလိုလုပ်ပြီးမှ မချဖြစ်တော့။

တောင်းပန်ခယခြင်းတွေနဲ့ အသနားခံနေတဲ့ ကိုမိုးကို ရင့်ရင်သီးသီး ပြောဆိုငြင်းဆန်လိုက်ချင်ပေမယ့် ဘာကြောင့်မှန်း မသိ။

လည်မျိုမှာ အစ်ဆို့ဆို့ကြီးဖြစ်နေလို့ မပြောဆိုဖြစ်သေး။

သို့သော်လည်း ကျကွဲခဲ့တဲ့ အရှက်သိက္ခာနဲ့ဂုဏ်ရှိန်ကို ဘယ်လိုမှ အထိပါးမခံနိုင်တာ ရင်ထဲက ဆန္ဒအမှန်ပါ။

"မမမေ ကျွန်တော် ဘယ်လိုပုံစံနဲ့ တောင်းပန်ရမလဲ၊ ပြောပါ မမမေ၊ မမမေကျေနပ်ပေးဖို့ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ကျွန်တော် တောင်းပန်မှာပါ၊ ကျွန်တော့်သမီးလေးကို ဒီတစ်ကြိမ်နော့ အခွင့်အရေးပေးပါဗျာ"

ဒေါ်မေမေစိုး တယ်လီဖုန်းခွက်ကို နားမှခွာကြည့်သည်၊ ပြီးမှ သက်မလေးချကာ ခေါ်သည်။

"ကိုမိုး"

"ပြောပါ မမမေ၊ ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲ ဟင်"

"မဟုတ်ဘူး၊ ဒီကိစ္စကို ခဏမေ့ထားရအောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမေ့နိုင်မှာလဲ မမမေရယ်၊ သမီးမိုက်မဲခဲ့တာကို ကျွန်တော် ဘယ်လိုလုပ် မေ့နိုင်မှာလဲ၊ ကျွန်တော့်နေရာမှာ မမမေသာ ဆိုရင် ဘယ်လိုခံစားရမလဲဗျာ၊ မိဘချင်း စာနာပေးပါ၊ အသိုင်းအဝိုင်းထဲ ကျူးခဲ့တဲ့ ဂုဏ်သိက္ခာအားလုံး အကောင်းပကတိဖြစ်လာဖို့ မမမေနားလည်ခွင့်လွှတ်ပြီး လက်ခံမယ်ဆိုရင်"

ကိုမိုးစကားမဆုံးခင်မှာ –

ဒေါ်မေမေစိုး ခေါင်းခါမလိုလုပ်ပြီးမှ မခါဖြစ်။

"နေ့အခြေအနေ ဘယ်လိုရှိသလဲ"

"သက်သာပါတယ် မမမေ၊ သက်သာပါတယ်၊ မနက်ဖြန်ပဲ ဆေးရုံက ဆင်းခွင့်ရမယ်လေ၊ ဆေးရုံက ဆင်းရပါတော့မယ် မမမေ"

ဦးမိုးသစ် လှိုက်လှိုက်လှဲလှဲ ပြောချလျှင် ဒေါ်မေမေစိုး သက်ပြင်းချမိသွားသည်။

"ဆေးရုံက ဆင်းခွင့်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ် ကိုမိုး"

"ကျွန်တော်တို့လည်း ဝမ်းသာနေပါတယ်၊ ဒါပေမဲ့ မမမေ သမီးကို ပြန်လက်ခံရင် ပိုပြီး ဝမ်းသာရမှာပါ မမမေရယ်၊ သမီးကို ပြန်လက်ခံမယ် မဟုတ်လား မမမေ"

"ကိုမိုး စိတ်မလောပါနဲ့ရှင်"

"မလောလို့ ရမလား မမမေရယ်၊ သမီးအတွက် ကျွန်တော်





တို့ ဘယ်လောက်ရင်ပူနေရလဲဆိုတာ မမမေကို ရင်ခွဲပြလိုက်ချင်တယ်ဗျာ"

ဦးမိုးသစ် ပြောသံက ရင်ခေါင်းထဲမှာ မီးတောက်လို ပူပြင်းတောက်လောင်နေမှန်း သိသာနေသည်။ ဒါပေမဲ့ အသိုင်းအဝိုင်းကြားထဲ ကွဲခဲ့တဲ့အရှက်က ပြန်လက်ခံတာနဲ့ အကောင်းပကတိ ဖြစ်မတဲ့လား။

ပြီးတော့ ပတ်ဝန်းကျင်က ဘာပြောမလဲ။

"မမမေ"

ဒေါ်မေမေစိုး အတွေးစ ဖြတ်ကာ ဦးမိုးသစ်ခေါ်သံကို တုံ့ပြန်မိသည်။

"ပြောလေ ကိုမိုး"

"နောက်ဆုံးအကြိမ်အနေနဲ့ အခွင့်အရေးပေးပါဗျာ၊ ဒီ တစ်ကြိမ် အရင်လိုမဖြစ်စေရပါဘူး၊ ကျွန်တော် ကတိပေးပါတယ်"

"ကိုမိုးပေးတဲ့ ကတိကို မမမေ လက်ခံချင်ပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ မမမေ"

"မမမေ စဉ်းစားပါရစေဦး"

"စဉ်းစားပါ မမမေ၊ သမီးကို ပင်ကောင်နဲ့ လုံးဝအဖြစ်မခံနိုင်ပါဘူး မမမေရယ်၊ ကျွန်တော် အားလုံးစီစဉ်ပြီးပါပြီ"

"အင်းလေ၊ ကိုမိုး စိတ်ကြိုက်စီစဉ်ပါ၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မမမေလည်း ရှက်နေသေးလို့ အပြင်မထွက်ဝံ့ဘူး၊ သားချော လည်း တမှိုင်မှိုင် တတွေတွေနဲ့၊ မတန်မရာ အရှက်ခွဲခံရတာကို ယူကျုံးမရ ဖြစ်နေတယ်လေ''

''ကျွန်တော် နားလည်ပါတယ် မမမေ၊ ကိုထောကိုလည်း ကျွန်တော် တောင်းပန်ပါဦးမယ်''

''ကဲပါ ကိုမိုးလည်း ပင်ပန်းလှပြီ၊ အေးအေးဆေးဆေး နားပါဦး၊ နောက်မှ ဆက်ပြီးဆွေးနွေးကြတာပေါ့''

''ကျေးဇူးတင်ပါတယ် မမမေ''

''ကိစ္စမရှိပါဘူး ကိုမိုး၊ လောလောဆယ်ဆယ် အသိုင်းအဝိုင်း ပျံ့နေသေးတဲ့အဖြစ်တွေ ငြိမ်သက်အောင်စောင့်ဆိုင်းရင်း အကောင်းဆုံးဖြစ်အောင် စီစဉ်နိုင်ဖို့ ကြိုးစားကြတာပေါ့''

''စိတ်ချ မမမေ၊ သမီး ဆေးရုံကဆင်းတာနဲ့ မမမေကို လာတောင်းပန်ခိုင်းမှာပါ''

''မလိုပါဘူး ကိုမိုးရယ်၊ သမီး နေသာသလို နေပါစေ၊ ဒါပဲနော် ကိုမိုး''

''ဟုတ်ကဲ့ မမမေ''

''ဒါဆို မမမေ ဖုန်းချလိုက်မယ်''

ဦးမိုးသစ် ခေါင်းလေးဆတ်ကာ မမမေ ဖုန်းချပြီးသည်နှင့် နားနားကပ်ထားတဲ့ ဖုန်းခွက်ကို အသာချလိုက်သည်။





မမမေ စဉ်းစားပေးမယ်တဲ့။

ဦးမိုးသစ် ရင်မှာ တအားတက်သွားသည်။

မမမေ လက်ခံပြီဆိုရင် ဦးမိုးသစ် လက်ခမောင်းခတ်နိုင်ပြီလေ။

ဆယ်နှစ်ဆိုတဲ့အချိန်ကို ခွဲခန့်တာ သမီးနဲ့မင်းကို လုံးဝ အဖြစ်မခံနိုင်လို့ပဲ ရင့်သဘာ။ ငါ့အကြည့်ကို မင်းမရိပ်မိတာ ကောင်းပါတယ်။

ငါ့သမီးအပါး မကပ်နိုင်အောင် မင်းကို မျှော်လင့်ချက် ပေးပြီး အဝေးရောက်အောင် ပထုတ်လိုက်တဲ့ ငါ့ရဲ့ ပရိယာယ်၊ ငါ့ရဲ့တိုက်ကွက်ပဲ။

နားလည်ရဲ့လား။

ဟွန်း။

အခု ဘာတတ်နိုင်သေးလဲ။ မင်းလိုကောင်က ဆယ်နှစ် အတွင်းမှာ ငါ့လို ပြည့်စုံတဲ့ စည်းစိမ်ကို ရှာဖွေနိုင်မယ်ထင်တာ မင်းရူးနေလို့ပဲ။

မင်းရှေ့ဆက်ပြီး ရူးနေပါစေ။

ဒါမှ သမီးဘဝ အလှပဆုံး၊ အခမ်းနားဆုံးဖြစ်အောင် ငါတို့ စီစဉ်နိုင်မယ့်အချိန် ရမှာလေ။

မင်းစောင့်ကြည့်လိုက် ရင့်သဘာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးကို မင်း လုံးဝ မရစေရဘူး။ သေတောင် မရစေရဘူးမှတ်။

အဲဒါ ငါ့ရင်ဘတ်ထဲက ကျိန်စာကွ။

✿ ✿ ✿



## အခန်း (၃၁)

"သမီး လာ"

ပေါ်တီကိုအောက်မှာ လင့်ခရူဇာကားသစ်လေး ရပ်သွားသည်နှင့် မာမီ ဦးစွာ ကားပေါ်ကဆင်းသည်။ မာမီဆင်းပြီးမှ ကားတံခါးဖွင့်ပေးရင်း နွေ့ကို ကြင်ကြင်နာနာ ခေါ်သည်။

နေနှင်းဆီစံအိမ်နဲ့ ဝေးရာသို့ အချစ်ကို အားကိုးပြီး စွန့်စားထွက်ပြေးသွားတဲ့ နွေ။ ခုတော့ နေနှင်းဆီစံအိမ်ထဲ ပြန်ရောက်လာရတဲ့အဖြစ်။

ဆိုးလိုက်တဲ့ ကံကြမ္မာနယ်။

"လာ သမီး၊ ဖြည်းဖြည်းဆင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးမိုးလင်း လက်ကမ်း၍ သမီးကို တယုတယခေါ်သည်။

နေ ခေါင်းအသာညိတ်လိုက်ရသည်။ ရှေ့ဆက် ဘာတွေဖြစ်လာနိုင်လဲ မတွေးချင်တော့ဘူးဆိုတဲ့စိတ်နဲ့ ကားပေါ်က အသာဆင်းသည်။

မာမီ ဖေးဖေးမမတွဲကာ နေ့ကို စံအိမ်ထဲ ခေါ်သွင်းသွားသည်။

နေနှင်းဆီစံအိမ်ထဲ ခြေချလိုက်သည်နှင့် နေ့နှလုံးသားအကျဉ်းတိုက်ထဲ ပြန်ရောက်သလို ခံစားရကာ စိတ်မသက်မသာဖြစ်ရ၏။

"သမီး နေ၊ လာ ဧည့်ခန်းမှာ ခဏနားဦး"

နေနဲ့မာမီ ဆေးရုံက ဆင်းအလာကို ဧည့်ခန်းမှာ အသင့်ထိုင်စောင့်နေဟန်တူတဲ့ ဒယ်ဒီ။ ဧည့်ခန်းထဲ ခြေလှမ်းဝင်သည်နှင့် အားရဝမ်းသာ ထလာရင်း နေ့ပခုံးကို တယုတယ ဖက်ကာ ဒယ်ဒီဆို၍ ဆိုဖာပေါ် ထိုင်စေသည်။

ဒယ်ဒီနဲ့မာမီက အချစ်အတွက် စွန့်စားမိလို့ အန္တရာယ်နဲ့ကြုံရတဲ့နေ့ဖြစ်စဉ်ကို အပြစ်မမြင်တာလား။

ဒါမှမဟုတ် ဟန်ဆောင်နေတာလား။

နေ အကဲခတ်လို့မရအောင် အမူအရာတွေက ပိရိလွန်းလှသည်။





"သမီး နေရထိုင်ရတာ သက်သောင့်သက်သာ ရှိရဲ့လား"

မျက်နှာနုနုလေး မကြည်မလင်ဖြစ်နေရှာတဲ့ သမီးချောမျက်နှာကို ကြင်နာစွာကြည့်ရင်း ဦးမိုးသစ် ညင်ညင်သာသာ မေးလိုက်သည်။

နေ ခေါင်းလေးငုံ့ဆတ်ကာ ဒယ်ဒီရင်ခွင်မှာ အားကိုးတကြီးခိုဝင်သည်။ သမီးပခုံးစွန်းကို ဖွဖွဖက်ထားရင်း –

"လိမ္မာပါတော့ သမီးရယ်၊ ဒယ်ဒီတို့ ရင်ကွဲအောင် နောက်ထပ် ဘာမှမလုပ်ပါနဲ့ကွယ်၊ သမီးသာ တစ်ခုခုဖြစ်သွားရင် ဒယ်ဒီရူးသွားနိုင်တယ် သမီးရဲ့".

ဒယ်ဒီ့စကားလုံးတွေက ဝမ်းနည်းမှုတွေနဲ့ တုန်ခါနေသည်။ နေကို အလယ်မှာထားပြီး တစ်ဖက်တစ်ချက်မှာ ခြံရံထိုင်နေကြတဲ့ မိဘနှစ်ပါးကို နေ ဝမ်းနည်းစွာပဲ တစ်လှည့်စီ ကြည့်ဖြစ်သွားသည်။

မာမ့်မျက်နှာမှာလည်း ထိခိုက်ကြေကွဲစွာ။ ဒယ်ဒီက ပိုမည်ထင်ပါသည်။

"ဟုတ်တယ် သမီးရယ်၊ သမီးအတွက် ဒယ်ဒီ ရူးနိုင်တယ်၊ မာမီလည်း သေသွားနိုင်တယ်၊ ဒီလောကကြီးမှာ ဒယ်ဒီနဲ့မာမီ ရှင်သန်နေတာ သမီးလေးအတွက်ပဲ၊ သမီးလေး နားလည်ပေးပါနော် သမီး"

နေ့လက်ဖဝါးတစ်ဖက်ကို ဖျစ်ကိုင်ရင်း မာမီလည်း ရှိုက်နင့်နင့်ကြီး ဆိုပြန်သည်။ နေ သက်မလေးလေး ချမိလျှင် မျက်ဝန်းအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကြည်တို့ ဝဲတက်လာသည်။

နေ တစ်ခုခုဖြစ်သွားရင် ဒယ်ဒီက ရှူးသွပ်ကာ မာမီက သေသွားနိုင်သတဲ့လား။ ဟင့်အင်း။ နေ ခေါင်းလေးအသာယမ်းကာ ဒယ်ဒီ့ရင်ခွင်ထဲကခွာကာ မာမီကိုင်ထားတဲ့ နေ့လက်ဖဝါးကို နေ ဆွဲယူပြီး ထရပ်လိုက်မိသည်။

"သမီး"

ဒယ်ဒီ လှိုက်လှိုက်လှဲလှဲခေါ်ပြီး ထရပ်လျှင် နေ မျက်တောင် ကော့ကို ပုတ်ခတ်၍ မျက်ဝန်းအိမ်ထဲ မျက်ရည်ကြည်တွေကို သိမ်းသွင်းသည်။

"ဒယ်ဒီ ရှူးသွားအောင် နေ မလုပ်ရက်ဘူး၊ မာမီ့ကိုလည်း မသေမခံနိုင်ပါဘူး၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ သမီး"

ဒယ်ဒီ စိတ်လှုပ်ရှားစွာ အနားကပ်မေးသည်။ မာမီလည်း စိုးရိမ်တကြီး ထလာပြီး ပြောသည်။

"ပြောလေ သမီး၊ ဒါပေမဲ့နောက်မှာ သမီး ဘာပြောချင်တာလဲ"

လည်မျိုအောက်မှာ နစ်မြုပ်နေတဲ့ နေ့ခံစားချက်တွေကို ထုတ်ဖော်ပြောဖို့ နေ ပြန်လည်အားတင်းလိုက်ရသည်။

"သမီး"





နေ ဘာမှထပ်မပြောဘဲ ဒယ်ဒီတို့အပါးမှ ခြေလှမ်းရွှေ့ခဲ့လျှင် ဒယ်ဒီ လှိုက်လှိုက်တုန်တုန်ခေါ်သည်။

နေ့ခြေလှမ်းတွေက နေ့ပုံတူပန်းပုရုပ်ရှေ့မှာ တန့်သွားသည်။

ပြုံးတုံ့တုံ့ မျက်နှာအမူအရာနဲ့ သက်ဝင်နေတဲ့ နေ့ပုံတူပန်းပုရုပ်ကို နေ ဝမ်းနည်းစွာစိုက်ကြည့်ပြီး အားထည့်ကာပြောသည်။

"ဒယ်ဒီနဲ့မာမီကရော နေ အသည်းကွဲအောင် လုပ်ရက်လားဟင်"

ရင်အက်ကွဲသံနဲ့ ပြောတဲ့ သမီးစကားလုံးနောက်မှာ ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း အလိုလို ခေါင်းရမ်းသွားသလို

ဦးမိုးသစ် သမီးအပါး ချက်ချင်းရောက်လာသည်။

ပြီးနောက် သမီးကိုယ်လုံးလေးကို ဆွဲယူကာ ရင်ခွင်ထဲ တယုတယသွင်းပြီး ကလေးချော့သလို သမီးကျောပြင်ပြန့်ပြန့်ကို ဖွဖွ ပွတ်သပ်ပေး၏။

"မဟုတ်ဘူးသမီး၊ သမီး နားလည်မှုလွဲနေပြီ။ သမီးလေးက ဒယ်ဒီတို့မေတ္တာနဲ့ စေတနာကို နားလည်မှု အများကြီးလွဲနေတယ် သမီးရယ်၊ သမီးထင်သလို သမီးအသည်းကွဲအောင် ဒယ်ဒီတို့ လုပ်နေတာ မဟုတ်ဘူး၊ သမီးဘဝ တင့်တယ်လှပဖို့, သမီးဘဝအနာဂတ် ခိုင်မာဖို့ ဒယ်ဒီစီမံရတာပါ၊ သမီး ဒါတွေကို နားမလည်ဘဲ ထင်ရာစိုင်းသွားတဲ့အတွက် ဒယ်ဒီတို့ ဘယ်လောက် အရှက်ကွဲရသလဲ သမီးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးကြောင့် ဒယ်ဒီတို့ အရှက်ကွဲရုံမက သမီးပါ မသေကောင်း မပျောက်ကောင်းအဖြစ်ဆိုးနဲ့ ကြုံရတာ ဒယ်ဒီတို့ ကြေကွဲလို့မဆုံးဘူး သမီး၊ သမီးသာ တစ်ခုခုဖြစ်သွားရင် သမီးသိပ်ချစ်ပါတယ်ဆိုတဲ့ ကောင်က နောက်ထပ်ချစ်သူအသစ်ရှာပြီး အစားထိုးသွားမှာပဲ သမီး၊ ဒယ်ဒီတို့မှာ နောက်ထပ် သမီးကို အစားထိုးရှာဖွေလို့ မရတော့ဘူး သမီးရယ်၊ သမီးဟာ ဒယ်ဒီတို့အတွက် လုံးဝ အစားထိုးရှာလို့ မရတော့တဲ့ ရတနာတစ်ပါး၊ ဒါကြောင့် သမီးထင်ရာစိုင်းသွားတာကို ဒယ်ဒီ အပြစ်မတင်ဘူး၊ ဒယ်ဒီတို့အစီအစဉ်ကိုလည်း သမီး အပြစ်မမြင်ပါနဲ့ကွယ်"

ထွေးဖက်ထားတဲ့ ဒယ်ဒီ့ရင်ခွင်နွေးမှာ နေ ကိုယ်လုံးလေး ပျော့ပျောင်းမသွား။ တောင့်တောင့်တင်းတင်းဖြစ်ကာ ငြိမ်သက်နေမိသည်။

"နော် သမီး၊ သမီးနဲ့ဒယ်ဒီကို့ကြားမှာ တစ်ယောက်ကို တစ်ယောက် အပြစ်မမြင်ကြဖို့လိုတယ် သမီးရယ်၊ ခုချိန်ကစပြီး ဒယ်ဒီတို့ကိုချစ်ရင် သမီးစိတ်အလိုကို သမီးမလိုက်ပါနဲ့ကွယ်၊ ဒယ်ဒီ တောင်းပန်နေတာပါ သမီးရယ်၊ ဒယ်ဒီ တောင်းပန်တာပါကွယ်"

သမီးခေါင်းကို တယုတယ ဖွဖွနမ်းရင်းပြောနေရှာတဲ့ ခင်ပွန်းသည်ရင်ထဲမှာ ဘယ်လောက် ထိခိုက်ကြေကွဲနေလဲဆိုတာ ခင်ပွန်းသည် မျက်ဝန်းအိမ်ထဲမှ လျှံကျလာတဲ့မျက်ရည်တို့က သက်သေတည်





နေသည်။

ထင်ရာစိုင်းပစ်တဲ့သမီးက အသက်အန္တရာယ်တွေဘာတွေနဲ့ ရင်ဆိုင်ရတော့ လင်မယားနှစ်ယောက် ထိတ်လန့်တုန်လှုပ်သွားတာ အမှန်။

ရှေ့ဆက် သမီးကို အမိန့်အာဏာပြင်းပြင်းနဲ့ ထိန်းချုပ်ရင် သမီး နောက်တစ်ကြိမ် ထင်ရာစိုင်းသွားမှာ မိဘနှစ်ပါး စိုးရိမ်ကြသည်။

ဒါကြောင့် သမီးနားလည်လက်ခံလာအောင် အနုနည်းနဲ့ ချော့မော့သိမ်းသွင်းနေရခြင်း ဖြစ်သည်။

ဖြစ်ချင်ရာဖြစ်စေဖို့ သမီးကို ဦးမိုးသစ် အမှန်တကယ် တောင်းပန်ရခြင်း ဖြစ်သည်။

ခင်ပွန်းသည်က တောင်းပန်စကားနဲ့ သမီးလက်ခံအောင် ထိထိခိုက်ခိုက်စည်းရုံးနေတော့ ဒေါ်မိုးမိုးလင်းလည်း မနေသာ။

ခင်ပွန်းသည် ပွေ့ပိုက်ထားတဲ့ သမီးကျောပြင်လေးကို တယုတယ ပွတ်သပ်ကာ

"မာမီလည်း တောင်းပန်ပါရစေ သမီးရယ်၊ သမီးနားလည် လက်ခံပေးပါကွယ်၊ နော် သမီး၊ ဒယ်ဒီနဲ့မာမီ တောင်းပန်တာကို သမီးလက်ခံပေးပါ၊ သမီးဟာ ဒယ်ဒီနဲ့မာမီရင်ခွင်ကို စွံကန့်ပြီး နောက် တစ်ကြိမ် ထင်ရာစိုင်းသွားမှာ မဟုတ်ဘူးလို့ မာမီ ယုံကြည်တယ်ကွယ်၊ ဒယ်ဒီနဲ့မာမီရဲ့ယုံကြည်ချက်ကို သမီး စွံကန်သွားမှာလား, ကျောခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလားဟင်၊ စုံကန်မသွားပါနဲ့၊ ကျောခိုင်းမသွားပါနဲ့သမီးရယ် ဟင့် ဟင့်''

ပြောရင်း နေ့ကျောပြင်မှာ ခေါင်းလေးချ ငိုရှိုက်တဲ့မာမီ။

ခုချိန်မှာ ဒယ်ဒီ၊ မာမီနဲ့ နေတို့သားအမိ ခံစားချက်ကိုယ်စီနဲ့ ငိုရှိုက်လျက် ငြိမ်သက်နေကြသည်။

အတန်ကြာမှ ဒယ်ဒီ့ရင်ခွင်ထဲက နေ ရုန်းထွက်လိုက်လျှင်

''သမီး၊ ဒယ်ဒီ့ရင်ကို စုံကန်မသွားပါနဲ့ကွယ်နော်''

နေ ဘာမှပြန်မပြောဖြစ်တော့ပါ။

ဟောခနဲ ကျဆင်းလာတဲ့ မျက်ရည်တွေကို မသုတ်ဘဲ ဒယ်ဒီနဲ့မာမီကို ကျောခိုင်းကာ အပေါ်ထပ်လှေကားထစ်တွေကို အားအင်မဲ့စွာ နင်းလိုက်မိသည်။

ဒယ်ဒီနဲ့မာမီ ရင်ကို စုံကန်မသွားနဲ့တဲ့။

အတွက်ကြီးလိုက်တာ ဒယ်ဒီနဲ့မာမီရယ်။

နေ့နှလုံးသားကို ဒယ်ဒီနဲ့မာမီ ဘာကြောင့် နားလည်လက်ခံပေးဖို့ စိတ်မကူးရတာလဲ။

လောလောဆယ်မှာ နေကြောင့် ဒယ်ဒီနဲ့မာမီ မျက်ရည်ကျကြေကွဲနေတာကို နေ မမြင်ရက်ပါ။

နေကိုယ်တိုင် ဒယ်ဒီနဲ့မာမီရှေ့မှာ မျက်ရည်မကျချင်ပါဘူး။

ဒါကြောင့် ရှောင်ထွက်ခဲ့မိတဲ့ နေ့ခြေလှမ်းက လှောင်အိမ်





တံခါးနှင့် တဖြည်းဖြည်း နီးကပ်သွားပြီးထင့်။

နေ နှလုံးသားမှ ယိုစိမ့်စီးကျလာတဲ့ မျက်ရည်ပုလဲတွေက လှေကားထစ်တစ်လျှောက် ဖေါက်ဖေါက်ကျကာ။

ရင့်ရယ်

အချစ်စစ်ရင် ဒီလိုပဲ မျက်ရည်ကျသတဲ့လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာသတင်းရလဲ စိုးပြည့်"

ညောင်ပင်အိုကိုတ်တွင် တက္ကစီထိုးရပ်လိုက်သည်နှင့် ခုံတန်းမှာထိုင်နေကြတဲ့ သက်နောင် ကားဆီလျှောက်လာရင်း သိချင်စိတ်လောလောနဲ့ မေးသည်။

စိုးပြည့် ကားမောင်းသူနေရာမှဆင်း၍ စိတ်ပျက်စွာ ခေါင်းရမ်းလိုက်သည်။

"ဒါဆို ဘာသတင်းမှ မရဘူးပေါ့"

"ဟုတ်တယ်"

စိုးပြည့် ခပ်လေးလေးပြောပြီး ဂျင်းဘောင်းဘီနောက်အိတ်မှာ





ထိုးထည့်ထားသော အဝါရောင်မွေးပွပဝါထူကို ဆွဲထုတ်သည်။

စိတ်ပင်ပန်းခြင်းနှင့် စိတ်ရှုပ်ထွေးခြင်းရောကာ ထွက်နေတဲ့ မျက်နှာပေါ်က ချွေးစတို့ကို ခပ်ကြမ်းကြမ်း သုတ်ဖြစ်သည်။

"မင်းတို့ရော ဘာသတင်းမှ မရဘူးလား"

"ဘာသတင်းမှ မရလို့ ဒီမှာ လာငေါင်နေကြတာ၊ မင်းလာရင် သတင်းတစ်ခုခု ရမှာပဲဆိုပြီး စောင့်နေကြတာကွ"

သက်နောင် ပြောရင်းဆိုရင်း ခုံတန်းကျယ်ဆီ ပြန်လာသည်။ ခုံတန်းပေါ်မှာထိုင်ပြီး စီးကရက်ခဲနေတဲ့ သန့်စင်ဘေးမှာ စိုးပြည့် စိတ်ပျက်လက်ပျက်ပင် ထိုင်သည်။

"ဟုတ်တယ် စိုးပြည့်၊ ငါတို့ကောင်တွေက မင်းလောက် အပေါင်းအသင်း မစုံဘူး။ လက်လှမ်းမီသလောက် စုံစမ်းတာပဲ၊ ဘာမှ သတင်းမှမရလို့ ဒီက လာစောင့်နေတာ၊ မင်းလည်း သတင်းမရဘူးဆိုတော့"

စီးကရက်ခဲလျက် ပြောရင်း သန့်စင် စကားတစ်ဝက်တစ်ပျက်မှာ ရပ်လိုက်သည်။ သက်နောင် သက်ပြင်းချရင်း ခုံတန်းကျယ်အစွန်းမှာ ဝင်ထိုင်သည်။

စိုးပြည့်လည်း သက်မ,ချမိသည်။

မိုးရွာပြီးစ ဖြစ်သောကြောင့် စိုအိနေတဲ့ ပတ်ဝန်းကျင်ကို ဖြန့်ကြက်ကြည့်ပြီး လေးလေးကြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါလည်း သတင်းအနံ့ခံပြီး လိုက်တာပဲ၊ သတင်းအစအနတောင် မရဘူး၊ ရင့်ကွာ မိုက်ရူးရဲဆန်လွန်းတယ် တကယ်"

ဘယ်ဆီရောက်နေမှန်းမသိတဲ့ ရင့်ကို စိုးပြည့် အားမလိုအားမရ ပြောမိသွားသည်။ သူငယ်ချင်းအားလုံးကလည်း စိုးပြည့်ပြောတာကို ထောက်ခံသယောင် ခေါင်းညိတ်ကြသည်။

"မင်းပြောသလိုပဲ စိုးပြည့်၊ ရင့်ဆိုတဲ့ကောင်က မိုက်ရူးရဲ တကယ်ဆန်တယ်"

ရင့်နဲ့စိုးပြည့်တို့ သူငယ်ချင်းတွေအကြောင်း သိနှင့်တဲ့ ကိုသာမောင် ဂျာနယ်ဖတ်နေရာမှ ဝင်ပြောသည်။ ဦးဘတိုးက ကွမ်းဝါးနေရာမှ ခေါင်းတဆတ်ဆတ်ညိတ်၍ အပြည့်အဝ အသံတိတ် ထောက်ခံပြန်သည်။

"မိုက်ရူးရဲဆန်တာကအရေးမကြီးဘူး၊ ကျွန်တော်တို့အားလုံးကို ဘာတစ်ခွန်းမှမပြောဘဲ ထွက်သွားတာဆိုးတယ် ဦးလေးရာ၊ ရှာတာလည်း နှံ့နေပြီ"

သက်နောင် လေးလေးကြီးပြောချလိုက်တော့ စိုးပြည့် စိတ်ဆိုးချင်ချင်အသံနဲ့ ဝင်ပြောသည်။

"တကယ်ဆို သူငယ်ချင်းအားလုံးနဲ့ တိုင်ပင်ရမယ်၊ တိုင်ပင်ပြီးမှ အကောင်းဆုံးနည်းလမ်းရှာပြီး ကြိုးစားရမယ့်ကိစ္စ၊ တစ်ပွဲတည်း





ကြိုးစားဖို့ လွယ်မတဲ့လား၊ ဒီကောင် ခေါင်းမသုံးဘူး၊ နလပိန်းတုံးလို လုပ်သွားတာ ခံရခက်တယ် ဦးလေးတိုးရာ၊ အခု ဘယ်လိုလုပ်ကြမလဲ"

"ဘာဖြစ်လို့လဲ စိုးပြည့်"

"နေနှင်းဆီ ဆေးရုံကဆင်းပြီလေ"

စိုးပြည့် လွှတ်ခနဲပြောလျှင် အားလုံး စိတ်ဝင်တစား ခေါင်းထောင်ကုန်သည်။

"အဲဒီတော့"

ကိုသာမောင် ဂျာနယ်ကို ဆက်မဖတ်တော့ဘဲ မေးသည်။ စိုးပြည့် ခေါင်းပေါ်က ကက်ဦးထုပ်အနက်ရောင်ကို ချွတ်ရင်းပြောသည်။

"နေနှင်းဆီ ကောင်းသွားပြီဆိုတော့ သူ့မိဘအခြေအနေကိုကြည့်ပြီး ရင့်ကိုဆက်သွယ်မှာ မလွဲဘူး"

"ဟာ၊ ဟုတ်တယ် စိုးပြည့်"

သန့်စင် လက်ဖျစ်တီး၍ ထောက်ခံလိုက်သည်။ ရင့်ကို နေနှင်းဆီ အရူးအမူးချစ်တာ သူတို့အားလုံး သိသည်။

"နေနှင်းဆီ ဆက်သွယ်လာရင် တစ်ခုခုပြန်ရွေးချယ်လို့ ရနိုင်မယ်ကွ"

"သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်နောင် ခေါင်းတဆတ်ဆတ်ညိတ်၏။

"သေချာတာက နောက် တကယ်ဆက်သွယ်လာတဲ့အခါ ရင့်မရှိလို့ မဖြစ်ဘူး၊ ဒါကြောင့် ရင့်ကိုလိုက်ရှာတာ နေ့တိုင်းပဲ၊ တစ်ရက်မတွေ့လေ ရင့်အတွက် ရင်ပူရလေ ဖြစ်ရတာကွ၊ ခုဆို ရင်ပူလွန်းလို့ ငါ့ရင်အုံ မီးတောင်ထွန်းသလိုပဲ၊ တကယ်ပူပြင်းလွန်းတယ်ကွာ"

စိုးပြည့်ရင်ထဲက ပူလောင်မှုတွေကို ခုမှပဲ ထုတ်ပြောလိုက်သည်။ ရင့်နဲ့ဦးမိုးသစ် ထိပ်တိုက်ဆုံတွေ့ရမယ့်ဖြစ်စဉ်ကို ဖန်တီးပေးကြတော့ ဒီလိုပြင်းထန်မှုတွေနဲ့ အန်တုကြဖို့ မဟုတ်သလို စိန်ခေါ်ကြစေဖို့ဆိုတဲ့ အမြင်မျိုးနဲ့ မဟုတ်ပါ။

မထင်မှတ်ဘဲ နေနှင်းဆီ ကားအက်စီးဒင့်ဖြစ်ရာက အခြေအနေက ပိုဆိုးသွားသည်။ ဒီလိုဆိုးလာမှန်းသိရင် စိုးပြည့် တခြားနည်းလမ်းသုံးမှာ သေချာသည်။

ခုတော့ သူသုံးတဲ့နည်းက ဦးမိုးသစ်ကိုသာမက သူတို့ရင်အုံတွေပါ ပူလောင်ကျွမ်းရှုနေပြီ။

"အင်း၊ စိုးပြည့်ပြောသလို နေနှင်းဆီဆက်သွယ်လာရင် ဘယ်လိုလုပ်ကြမလဲ"

ဦးဘတိုး ကွမ်းဝါးသံနဲ့ပြောရင်း လူငယ်တွေရဲ့ နှလုံးသားကိစ္စထိ လုံးလုံးလျားလျား ဝင်ပါလာသည်။

အစကတော့ ပျော်စရာ နောက်စရာလိုပဲ သဘောထားခဲ့





သည်။ ခုတော့ ကိုယ့်သားသမီးအရေးလို ပူပင်သောက ဝင်မေးခြင်းဖြစ်၏။

"အဲဒါပေါ့ ဦးဘတိုးရာ၊ စဉ်းစားရကျပ်လွန်းတယ်"

စိုးပြည့်ဆံပင်တွေ ဖွပစ်ရင်း ပြောသည်။

"ရင့်က တခြား ဘယ်တွေသွားတတ်လဲ၊ မင်းတို့အပြင် တခြားသူငယ်ချင်းတွေဆီကိုရော သေချာစုံစမ်းပြီးလား"

"သေချာစုံစမ်းပြီးပြီ ဦးလေးတိုး၊ ဒီလူကြီးပြောလိုက်ကတည်းက ဒီကောင်ထွက်သွားတဲ့နောက် ကျွန်တော်တို့ တကောက်ကောက်လိုက်ကြတယ်၊ ကျွန်တော်တို့ကား ဆိုက်ကပ်သွားလို့ ဆိုရှာထည့်တာနဲ့ မျက်ခြည်ပြတ်သွားတယ်၊ အဲဒီကတည်းက ရင့်ကို ခေါင်းတောက်အောင်ရှာကြတာ ခုချိန်ထိပဲ၊ ရင့်မှာ ငွေတစ်ပြားမှတောင် ပါမသွားဘူး၊ အဲဒါကြောင့် ပိုပြီးစိတ်ပူတယ်၊ တစ်ဖက်က စဉ်းစားတော့လည်း ငွေမရှိရင် ဒီကောင် ကျွန်တော်တို့ဆီ ပြန်လာလိမ့်မယ်လည်း ထင်တယ်၊ တကယ်တမ်းမှာ ကျွန်တော်တို့အထင်နဲ့အမြင်နဲ့ တလွဲစီ ဖြစ်နေတယ်"

သက်နောင် စိတ်မအေးစွာဘဲ ဦးဘတိုး နားလည်လွယ်အောင် ရှင်းပြလိုက်သည်။ ဦးဘတိုး ကွမ်းတံတွေးကို ညောင်ပင်ရင်းဘက် ခေါင်းလှည့်ကာ ပျစ်ခနဲထွေးပစ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို ရင့်ကို ရှာတွေ့ဖို့ ခက်လိမ့်မယ်"

"ဘာဖြစ်လို့လဲ ဦးလေး"

သူငယ်ချင်းသုံးယောက် သိချင်စိတ်နဲ့ ပြိုင်တူမေးသည်။ ဦးဘတိုး ကွမ်းဖတ်ဆက်ဝါး၍ ကိုယ်ကို ညောင်ပင်ပင်စည်မှာ မှေးမှီလိုက်ကာ တွေးတွေးဆဆ ပြောသည်။

"ရင့်သဘာဆိုတဲ့ကောင်က တစ်ခါတစ်ခါ မာနခပ်ကြီးကြီး ပုံစံမျိုး ချိုးတတ်တယ်၊ အလုပ်ကိစ္စမှာပဲ ကြည့်၊ မင်းတို့က ရင့်ကို ဘာမှ မလုပ်စေချင်ဘူး၊ ဒီကောင်က အလုပ်မရရင် သေတော့မတတ် ဖြစ်ပြီး မင်းတို့နောက်ကွယ်မှာ အလုပ်လိုက်ရှာနေခဲ့တာ၊ မင်းတို့တောင် သိလို့လား၊ ကိုတူပြောမှ ရင့် အလုပ်လိုက်ရှာတာ မင်းတို့သိရတယ် မဟုတ်လား"

အမှန်တွေမို့ စိုးပြည့်တို့ အလိုလို ခေါင်းညိတ်မိသွားသည်။ ဦးဘတိုး ကွမ်းဝါးရင်း ဆက်ပြောသည်။

"ဒီကောင်က အစကတည်းက သူ့အလုပ်သူလုပ်ပြီး ဘဝကို ထူထောင်ချင်တဲ့စိတ် ရှိတယ်၊ မင်းတို့ သဘောမတူတော့ မင်းတို့ဆန္ဒကို မလွန်ဆန်ခဲ့ဘူး၊ မလွန်ဆန်ပေမယ့်လည်း မင်းကိုယ်တိုင်ပဲ နောက်ဆုံး တက္ကစီရှာပေးခဲ့တယ် မဟုတ်လား"

"အဲဒါက ဒီကောင် နေ့ကို လိုက်လို့လွယ်စေဖို့ပါ ဦးလေးတိုးရာ"





စိုးပြည့် စေတနာအပြည့်နဲ့ ထိုသို့စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်၊ မင်းက မင်းသူငယ်ချင်းကို ပျော်ပျော်နေစေချင်လို့ စီစဉ်ပေးတာ၊ ဒီကောင်က အလုပ်ကို ထိခိုက်မှာစိုးလို့ နေနှင်းဆီ လာခေါ်တာတောင် ငြင်းတဲ့ကောင်"

အားလုံး ရင့်စိတ်ကို ဖတ်တတ်သွားကာ သက်ပြင်းကိုယ်စီ ချလေသည်။

"ရင့်စိတ်မှာ နေနှင်းဆီကို ပတ်သက်ရမှာ လိပ်ပြာမလုံသလို အခြေအနေမတူတဲ့ဘဝနဲ့ နှလုံးသားဇာတ်လမ်းကို ဖန်တီးဖို့ စိတ်မကူးခဲ့ဘူး၊ ဒါကြောင့် မင်းတို့ ဘယ်လိုပဲ တွန်းအားပေးပေး မလှုပ်သလို ငြိမ်နေခဲ့တယ်၊ ဒါပေမဲ့ ရင့်ရင်ထဲမှာတော့ နေနှင်းဆီကို မြင်ကတည်းက ကြွေခဲ့ပုံရတယ်"

သူငယ်ချင်းအားလုံး အသက်ပင်မရှူကြတော့။ ဦးဘတိုး စကားထဲ မျောပါသွားသည်။ ဦးဘတိုးက ငယ်ရာက ကြီးလာသူဖြစ်သလို လုပ်ဖော်ကိုင်ဖက်လူငယ်တွေရဲ့ နှလုံးသားအရေးကို နားနဲ့မဆံ့အောင် ကြားဖူး၊ ကြုံဖူးခဲ့တဲ့ အတွေ့အကြုံတွေ များခဲ့သည်။

ရင့်လို ပိပိရိရိ ဟန်မဆောင်တတ်တဲ့ ကောင်လေးရဲ့နှလုံးသားကို စာချက်နှာလုန်သလို အလွယ်တကူ လှန်ကြည့်တတ်နေခဲ့တာ ကြာခဲ့ပြီ။

ခုလို တိုက်တိုက်ဆိုင်ဆိုင် ကြုံလာတော့ ထင်မြင်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြောဖို့ ဝန်မလေးတော့။ ပြောသည်က ရင်ထဲရှိတဲ့အတိုင်း တရစပ်။

"ရင်ထဲမှာ ကြွနေတော့ နေနှင်းဆီနဲ့ တွေ့ခွင့်တွေများလာလေ အုံကြွလာလေ ဖြစ်ရတာပဲ၊ ပြီးတော့ မင်းတို့ကလည်း ရင့်ကို အပျော်ပဲ ရည်းစားထားစေချင်တာ၊ ရင့်က အတည်ချစ်သွားတော့ မင်းတို့မသိဘဲနဲ့ ထင်သလိုလျှောက်လုပ်တော့ ပြဿနာမကြီးသင့်ဘဲ ကြီးသွားတယ်၊ အဲဒီပြဿနာက ရင့်မာနကို စိန်ခေါ်လိုက်တာပဲ၊ ဒါကြောင့် ဒီကောင် မာနနဲ့ထွက်သွားတာ၊ ရင့်မာနကြောင့် ရင့်ကို ရှာတွေ့ဖို့ မလွယ်ဘူး၊ ဦးလေးတိုးတော့ အဲလိုထင်တာပဲ"

ဦးလေးတိုး စကားသံကိုနှိမ့်ချပြီး အဆုံးသတ်ပြောကာ ရပ်လိုက်လျှင် သူငယ်ချင်းတွေရဲ့ရင်မှာ ပိုပြီးလေးလံစ ဖြစ်လာသည်။

"အဲဒီမာနနဲ့ဆို ရှေ့ထက် ပိုပြီးကြေကွဲစရာတွေ ဖြစ်လာနိုင်တယ် ဦးလေးတိုး"

ကိုသာမောင် ဂျာနယ်ကို ခေါက်ကိုင်၍ ထင်မြင်တဲ့အတိုင်း ပြောပြန်သည်။ ဦးဘတိုးက မျက်ခုံးပင့်၍ ကိုသာမောင်ကို ကြည့်သည်။

"မင်း ဘယ်လိုထင်လို့လဲ သာမောင်"

"လောလောဆယ် ရင့်မရှိတော့ရင် ဦးမိုးသစ်ဆိုတဲ့ လူကြီး လက်ခမောင်းခတ်နိုင်ပြီ၊ လက်ခမောင်းခတ်ရုံတင်မကဘဲ နေနှင်းဆီကို တစ်ယောက်ယောက်နဲ့ မစီစဉ်ဘူးလို့ ပြောလို့ရမလား၊ အဲသလိုသာ





စီစဉ်ရင် ရလာဒ်က ရင့်အတွက် အထိခိုက်ဆုံးနဲ့ အကြေကွဲဆုံးပဲ"

ကိုသာမောင်ရဲ့ထင်မြင်ချက်က သူငယ်ချင်းတွေရင်ကို ပို၍ လေးလံကာ တစ်ခုခုနဲ့ပိတ်ဆို့ခံရသလို အစ်စို့စို့ကြီး ဖြစ်သွားသည်။

"တောက်၊ ဒီလို စီစဉ်လို့ရမလား"

သက်နောင် မခံချိမခံသာ ဝင်ပြောသည်။

"ဟုတ်တယ်၊ ဦးမိုးသစ် တစ်ဖက်သတ်စီစဉ်ရင် ရင့်ကိုယ်စား ကျွန်တော်တို့ တိုက်ဖျက်ရမှာပဲ ကိုသာမောင်"

စိုးပြည့် လက်သီးကျစ်ကျစ်ဆုပ်ပြီး ပြောသည်။ သန့်စင်ကလည်း မျက်နှာထားနဲ့ ပြောပြန်သည်။

"ဒီလူကြီး ကတိဖျက်ရင် ကျွန်တော်တို့နဲ့ အတွေ့ပဲ၊ ရင့်ကို ဆယ်နှစ်အချိန်ပေးတာ ဦးမိုးသစ်ကိုယ်တိုင်ပဲ၊ ဆယ်နှစ်မပြည့်ခင်မှာ နေ့ကို တခြားတစ်ယောက်ယောက်နဲ့စီစဉ်ရင် ကျွန်တော်တို့တော့ မပျက်ပျက်အောင် ဖျက်မှာပဲ"

တဲ့။ သူငယ်ချင်းအတွက် တစ်စက်ကလေးမှ အထိအပါးမခံတဲ့ လူငယ်တွေရဲ့စိတ်ဓာတ်ပြင်းထန်မှုကို ကြည့်ပြီး ဦးဘတိုး သက်မချသည်။

ခံတွင်းထဲက ကွမ်းဖတ်တွေကို ညောင်ပင်အိုးပင်ရင်းဘက် ဖူးခနဲ ထွေးပစ်လိုက်သည်။ ရေသန့်ဘူးထဲက ရေတစ်ငုံမော့ငုံကာ ပလုတ်ကျင်း၍ ထွေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ရေတစ်ငုံသောက်၍ ရေသန့်ဘူးအဖုံးပိတ်ကာ ဘေးမှာ ပြန်ချသည်။ နှုတ်ခမ်းစွန်းတွေမှ ရေစရေနတွေကို လက်ခုံနဲ့သုတ်ရင်း လူငယ်တွေကို တစ်လှည့်စီ ကြည့်ဖြစ်သွားသည်။

ဦးမိုးသစ်အစီအစဉ်ကို ရင့်ကိုယ်စား ဖျက်ကြမတဲ့။

"ဖျက်ဖို့က လွယ်မလား စိုးပြည့်"

ဦးဘတိုး ပုံမှန်အသံနှင့် မေးလိုက်၏။ ထိုအခါ စိတ်ထဲမှာ တိုက်ဖျက်ဖို့ အဓိဋ္ဌာန်ချထားတဲ့ စိုးပြည့်တို့သုံးယောက် ဦးဘတိုးကို ပြိုင်တူကြည့်ကြသည်။

"ဦးလေးတိုး မယုံဘူးလား"

သက်နောင် ဖျတ်ခနဲဝင်ပြောလျှင် ဦးဘတိုး ပြုံးမိသွားသည်။ ထိုအပြုံးက လူငယ်တွေရဲ့စိတ်ထက်သန်မှုကို မယုံတဲ့စိတ်နဲ့ ပြုံးခြင်း မဟုတ်ပါ။

ဦးမိုးသစ်ရဲ့ပရိယာယ်ကို ဒီလူငယ်တွေ လိုက်မိပါ့မလားဆိုတဲ့ စိုးရိမ်တွေးပူမိတဲ့ စေတနာအပြုံးပါ။ ထိုအပြုံး မပြယ်သေးခင် ဦးဘတိုး ပြောသည်။

"မင်းတို့ကောင်တွေကို ယုံယုံကြည်ကြည် အားပေးချင်တာပါကွာ"

"အားပေးချင်တယ်ဆိုရင် စောင့်ကြည့်လိုက် ဦးလေးတိုးရာ၊ ရင့်ကိုပေးထားတဲ့ကတိ ဦးမိုးသစ်ဖျက်တာနဲ့ ကျွန်တော်တို့နဲ့အတွေ့ပဲ"





ဦးဘတိုး သဘောတကျ ပို၍ပြုံးမိသွားသည်။

"ဦးလေးကလည်း အဲဒါမျိုးပဲ မြင်ချင်တယ်"

"စိတ်ချ ဦးလေးတိုး၊ ရင့်အတွက် ကျွန်တော်တို့ အစစအရာရာ တာဝန်ကျေချင်တယ်၊ ရင့်မာနတွေ အောင်လံထူနိုင်ဖို့ ရင့်အတွက် ကျွန်တော်တို့အားလုံး ကြိုးစားကြမှာပါ"

သူငယ်ချင်းအတွက် စိတ်ဓာတ်ခိုင်မာနေကြတဲ့ စိုးပြည့်တို့ကို ဦးဘတိုး နဂိုကတည်းက အထင်မသေးခဲ့ပါ။

ခုချိန်မှာ အထင်မကြီးဘဲ မနေနိုင်တော့ပေ။

စိုးပြည့်တို့ကို ဦးဘတိုး ခေါင်းပေါ်လက်တင်၍ အလေးပြုကာ အားပေးလိုက်သည်က အစစ်အမှန်ချစ်တဲ့ လူငယ်တွေရဲ့ နှလုံးသားကို စာနာနားလည်၍ပဲ ဖြစ်သည်။

"ကဲ ကဲ မင်းတို့ စိတ်ထက်သန်တဲ့အတိုင်း ကြိုးစားကွာ၊ နေနှင်းဆီ ဆက်သွယ်လာရင်ဖြစ်ဖြစ်, ရင့်သတင်း ရရင်ဖြစ်ဖြစ် ဦးလေးတိုးကိုပြော၊ လိုအပ်ရင် ဦးလေးတိုးလည်း အပြည့်အဝ ကူညီပေးမယ်ကွာ"

ဦးလေးတိုး လက်ရုံးဆန့်ကာ ပြောသည်။

ဒီတော့မှ စိုးပြည့်တို့ မျက်နှာတွေကြည်လင်ကာ စိတ်အားထက်သန်လာသည်။ ကိုသာမောင်ကလည်း ဦးဘတိုးနဲ့အပြိုင် လက်ရုံးဆန့်၍ အားပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူငယ်ချင်းတွေရင်မှာ ပို၍ အားပြည့်လာတာ။

ရင့်

မင်းအတွက် ငါတို့ကောင်တွေ အရိုးကျေကျေ အရည်ခန်းခန်း ကြိုးစားမှာပါ။

လောလောဆယ် မင်းဘယ်မှာလဲ။

ဘယ်ကိုသွားပြီး ဘာတွေလုပ်နေလဲ။

မင်းမာနကို သိချင်စမ်းရဲ့ကွာ။

✿ ✿ ✿



## အခန်း (၃၃)

မာမီ အခန်းထဲကထွက်သွားသည်နှင့် နေ ခြေဖော့နင်းကာ တံခါးဝမှာရပ်၍ မာမီ့ကိုကြည့်လိုက်သည်။

နေ့အခန်းကို ကျော်ခိုင်းပြီး အောက်ထပ်ဆင်းသွားတဲ့ မာမီ ဟန်က နေ့ကို စိတ်ချလက်ချရှိမှန်း သိသာနေသည်။

မာမီကိုယ်တိုင် အောက်ထပ်ရောက်ပြီး ပျောက်ကွယ်သွားလျှင် နေ အသက်ဝအောင် ဖိရှူလိုက်သည်။

မာမီ အနားမှာမရှိတုန်း ရင့်ဆီ ဆက်သွယ်ရမယ်။ ရင်ခုန်အတွေးလေးနဲ့ နေ့မျက်နှာဖူးဖူးလေးက နေရောင်ထိတဲ့ ကြာပန်းလို လန်းဖြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို နေ အသာပိတ်သည်။

မှန်တင်ခုံဆီ ခြေလှမ်းသွက်သွက် ရွှေ့ခဲ့သည်။ အလှပြင်ပစ္စည်းတွေနဲ့အတူ ဒီအတိုင်းရှိနေသည့် နေ့လက်ကိုင်ဖုန်းကို စိတ်လှုပ်ရှားစွာ ကောက်သည်။

ရင့်ဖုန်းနံပါတ်ကို စနှိပ်တော့မှ "ဟင်" ခနဲ ဖြစ်ရသည်။

လက်ကိုင်ဖုန်းမှာ ဓာတ်ခဲရှိမနေပါ။ သေချာတာက တစ်ယောက်ယောက် ဖြုတ်ထားတာ ဖြစ်မယ်။

ပိုသေချာတာက ဒယ်ဒီ သို့မဟုတ် မာမီပဲ ဖြစ်ရမယ်။

ကျစ်

ရွှင်လန်းနေတဲ့ နေ့မျက်နှာလေး အလိုမကျ ဖြစ်သွားသည်။

နေနှင့်ဦး။

ဘယ်သူမှ မရိပ်မိအောင် အောက်ထပ်ဆင်းပြီး ကြိုးဖုန်းနဲ့နိုးဆက်သွယ်ရမယ်။ အတွေးမဆုံးခင် နေကိုင်ထားတဲ့ လက်ကိုင်ဖုန်းကို မွေ့ရာပေါ် ပစ်တင်သည်။

ထို့နောက် ခြေလှမ်းဖွဖွနင်းသလို အခန်းတံခါးကို အသံမပြည်အောင် ဖွဖွဆွဲဖွင့်၏။ မျက်ဝန်းက အောက်ထပ်ချောင်းကြည့်၍ လူရိပ်တွေကို အကဲခတ်သလို နားကလည်း ဘာသံကြားမလဲလို့ စွင့်ပြီးသားဖြစ်ပါတယ်။

လူရိပ်လူယောင် မမြင်ရသလို ဘာသံမှလည်း မကြားတော့





နေ တအားတက်သွားသည်။

ကျွန်းလှေကားရဲ့ ရွှေရောင်ဖိတ်ဖိတ်တောက်သော စတီးရွှေလက်ရန်းကို အားပြုကိုင်ပြီး ကျွန်းလှေကားထစ်တွေကို တစ်ဆင့်ချင်း အရဲစွန့်ဆင်းခဲ့သည်။

အောက်ဆုံးလှေကားထစ်ရောက်တော့ ညည့်ခန်းနံရံနဲ့ ကိုယ်ကို ပြေးကပ်ကာ ခေတ္တငြိမ်နေလိုက်သည်။ ပြီးမှ ခေါင်းလေး အသာဆန့်ထုတ်ကာ လိုက်ကာစလေးအပြီး ညည့်ခန်းထဲ ချောင်းကြည့်သည်။

ညည့်ခန်းထဲမှာ ဘယ်သူမှ ရှိမနေ။

နေ ရင်ခုန်သွားသည်။ ဖုန်းစင်ပေါ်က အနီရောင်ဖုန်းခွက်ကို မျက်စပစ်ကြည့်မိတော့ နေ့ရင်ခုန်သံ ဝုန်းဒိုင်းမြည်ဟည်းသွားသည်။

ထိုဖုန်းနဲ့ ရင့်ကို ဆက်သွယ်လို့ရရင် အချစ်တွေ အိုကေပြီပေါ့။

ဘယ်သူမှ မရိပ်မိခင် မြန်မြန်ဆက်သွယ်မှ။

နေ ခပ်သွက်သွက်လေး ညည့်ခန်းထဲလှမ်းဝင်ပြီး ဖုန်းစင်ဆီ တစ်ရှိန်ထိုးပြေးသွားကာ အနားမရောက်ခင် ဖုန်းခွက်ကောက်ကိုင်လိုက်သည်။

ဖုန်းနံပါတ် စနှိပ်လျှင် –

"သမီး"

"အောင်မယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောမှ ဟိန်းခနဲပေါ်ထွက်လာတဲ့ ဒယ်ဒီ့အသံ။ နေ လန့်ဖျပ်ကာ ကိုင်ထားတဲ့ဖုန်းခွက်ပါ လွတ်ကျသွားသည်။

တစ်ကိုယ်လုံးလည်း တုန်သွားကာ လှည့်ကြည့်မိတော့ အပြင်က ပြန်ရောက်လာဟန်တူတဲ့ ဒယ်ဒီ။ ညှိခန်းထဲ လှမ်းဝင်လာတဲ့ ဒယ်ဒီ့မျက်ဝန်းရှူးရှူးနဲ့ တန်းခနဲ ဆုံသည်။

ဒယ်ဒီ့မျက်ဝန်းထဲမှ နေကို တစ်ခုခုဟန့်တားဖို့ အရိပ်တွေ ပြေးလွှားသွားမှန်း နေရိပ်မိလျှင် နေ ဣန္ဒြေမပျက်အောင် ဟန်ဆောင် ထိန်းသည်။

မျက်နှာကိုလည်း ချွဲချွဲနွဲ့နွဲ့ပုံစံနဲ့ ငယ်ချကာ ခေါင်းငုံ့နေကျ အမူအရာအတိုင်း ဒယ်ဒီရင်ခွင်ထဲ ပြေးဝင်ပြီးပြောသည်။

"နေ့ဖုန်းကို ဓာတ်ခဲလည်း ထည့်မထားပေးဘူး၊ ကေကေတို့ဆီ ဖုန်းဆက်ချင်လို့ အောက်ထပ်ဆင်းလာခဲ့တာလေ၊ ကေတို့ဆီ ဖုန်းဆက်ရင်တောင် ဒယ်ဒီဆူဖို့လားဟင်"

ဆေးရုံကဆင်းပြီးကတည်းက မိဘနဲ့ မျက်နှာမဆိုင်တဲ့သမီး အခန်းအောင်းကာ မိဘကို စိတ်ဆိုးစွာဆန္ဒပြနေတဲ့သမီးက ခုလို ချွဲနွဲ့လာတော့ ဦးမိုးသစ် တင်းထားသမျှ အရည်ပျော်ကျသွားသည်။

မျက်နှာကြောကို ချက်ချင်းလျှော့ချကာ သမီးပခုံးကို ဖွဖွ ဖက်၍ ခေါင်းရမ်းလိုက်သည်။

"ဆူစရာလား သမီး၊ သမီး အရင်လိုပဲ နေစမ်းပါကွယ်၊





ကေကေတို့ဆီ ဆက်မလို့လား။ ဆက်လေ လာ၊ ဒယ်ဒီခေါ်ပေးမယ်"

ပြောရင်း သမီးကိုပါ ဖုန်းစင်နား ပွေ့ခေါ်လာသည်။

နေ ခြေလေးဆောင့်ကာ အလိုမကျစွာပါခဲ့ရသည်။

"ဟင့်အင်း၊ နေ မဆက်တော့ဘူး"

ဒယ်ဒီကိုယ်တိုင် ကေကေတို့ဖုန်းနံပါတ်ကို နှိပ်လျှင် နေ ခေါင်းရမ်းကာ ရှုမ့ှမ့ှ ငြင်းလိုက်သည်။

"ဘာဖြစ်လို့လဲ သမီး၊ ခုပဲ ကေကေတို့နဲ့ စကားပြောချင်တယ်ဆို"

ကေတို့နဲ့ မဟုတ်ဘူး။ ရင့်နဲ့ပြောချင်တာလို့ ရင်ထဲမှာ ကျိတ်ပြောသည်။ ရင်ထဲကအသံ နှုတ်ဖျားက ထွက်မလာရအောင် နေ နှုတ်ခမ်းကို စေ့ပိတ်ကာ စုထော်ထားမိသည်။

ပြောချင်တဲ့သူနဲ့ မပြောရရင် မပြောတော့ဘူးဆိုတဲ့ စိတ်အလို မကျမှုနဲ့ ငြင်းဆန်ခေါင်းခါလိုက်သည်။

"လာပြောလေ သမီး"

ဖုံးနံပါတ်နှိပ်ပြီး သမီးကို ဖုန်းခွက်ကမ်းပေးရင်း နောက်တစ်ကြိမ် ပြောသည်။ နေ ခြေလေးဆောင့်၍ –

"တော်ပြီ မပြောတော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရယ်၊ သမီးပဲ ပြောချင်တယ်ဆို"

"မပြောချင်တော့ဘူး။ နေပါစေတော့၊ နေ ဆေးရုံတက်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် လာကြည့်ဖော်မရတဲ့ သူငယ်ချင်းတွေ အဆက်ဖြတ်လိုက်တော့မယ်၊ ဒါပဲ''

နောက်ဆုံး ဒယ်ဒီယုံကြည်အောင် သူငယ်ချင်းတွေအပေါ်နေ အပြစ်ပုံချလိုက်သည်။ ဦးမိုးသစ် ဖုန်းခွက်ချကာ သက်ပြင်းချမိသွားသည်။

သမီးပြောတာလည်း မှန်သည်။

သမီး ဆေးရုံရောက်နေတာ သိသိကြီးနဲ့ သမီးသူငယ်ချင်းတွေ လာပြီး သတင်းမမေး၊ အားမပေးတာ ဦးမိုးသစ်ကိုယ်တိုင် အံ့ဩရသည်။

အင်းလေ၊ လောလောလတ်လတ်ဖြစ်တဲ့ ပြဿနာကြားမှာ လူကြီးတွေကို အားနာလို့ လာမကြည့်တာလည်း ဖြစ်နိုင်သည်။

သမီး နှုတ်ခမ်းစူလျက်သားနဲ့ ဖခင်ကို ကျောခိုင်းကာ ဧည့်ခန်းထဲက ထွက်ခဲ့သည်။ ဦးမိုးသစ် ဘာမှမပြောဘဲ ခြံထဲဆင်းဖို့ ခြေလှမ်းပြင်တဲ့သမီးကို ဒီအတိုင်းပဲ ကြည့်နေလိုက်သည်။

''ဟင် ကိုကို၊ ပြန်ရောက်ပြီလား''

ဒေါ်မိုးမိုး အထဲခန်းထဲက ထွက်လာရင်း ဧည့်ခန်းထဲ လှမ်းဝင်၏။ ထိုအခါ ဧည့်ခန်းအလယ်မှာ မတ်တတ်ရပ်လျက်ရှိနေသော ခင်ပွန်းသည်ကိုမြင်လျှင် တအံ့တဩမေးသည်။ ခြေလှမ်းတွေက ခင်ပွန်းသည်အပါး ရောက်လာသလို မျက်ဝန်းကလည်း ခင်ပွန်းသည်





ကြည့်ရာဆီ ရောက်သည်။

ထိုအခါ တအံ့တဩဖြစ်ပြီး –

''အို သမီး၊ ဘယ်သွားဖို့လဲ''

ဒေါ်မိုးမိုးလင်း ချက်ချင်းပဲ သမီးနောက်လိုက်သွားပြီး မေးသည်။ နေ ပေါ်တီကိုအောက်အရောက်မှာ ခြေလှမ်းရပ်သည်။ အနားကိုရောက်လာရင်း စိုးရိမ်သလိုမေးတဲ့ မာမီ့မျက်နှာကို မော့မကြည့်ဘဲ တိုးတိုးပြောသည်။

''နေ ခြံထဲလမ်းလျှောက်ချင်လို့ မာမီ''

''လမ်းလျှောက်ချင်ရင် မာမီ့ကိုပြောလေ၊ သမီးတစ်ယောက်တည်း မာမီစိတ်မချဘူး၊ နေဦး၊ အပြင်မှာအေးတယ်၊ ပုခုံးမ သမီးအတွက် အနွေးထည်ယူခဲ့စမ်း''

အဲဒါတွေကြောင့် စိတ်ညစ်တာ။

မဖြီးမသင်ထားဘဲ ကျောပေါ်လျှောင်းအိပ်ကျနေတဲ့ ဆံပင်တွေထဲ နေ လက်ချောင်းတွေထိုးထည့်၍ ဖွပစ်မိသည်။

''သမီး လုံးဝ နေမကောင်းသေးဘူး သမီးရဲ့၊ သမီးရထားတဲ့ အထဲက ဒဏ်ရာတွေက ပြင်းတယ်လေ၊ ပေါ့ပေါ့ဆဆ သွားချင်သလိုသွား၊ နေချင်သလိုနေလို့ မရဘူး သမီးရဲ့''

ဒေါ်မိုးမိုးလင်း သမီးပခုံးကို ဖွဖွဖက်ရင်း သမီးနားဝင်အောင် ချော့မော့ပြောရသည်။ သမီးကို စိတ်မချလို့ နွေးနွေးညည သမီးအပါမှ



www.burmeseclassic.com

www.burmeseclassic.com



သူမ စောင့်ကြည့်ကြည့်ရှုခဲ့သည်။

သမီး ခုတင်ပေါ်မှေးနေလို့ သမီးမသိအောင် သူမ အောက်ထပ်ဆင်းခဲ့ပြီး လုပ်စရာရှိတာ လုပ်နေခဲ့တာ။ စိတ်မချလို့ လုပ်လက်စ ပစ်ပြီး ပြန်ထွက်လာတော့ ခင်ပွန်းသည်ရောက်နှင့်သည်။

ဒါတင်မက သမီးက ပေါ်တီကိုအောက် ရောက်နေပြီ။

ဘယ်အချိန်ကတည်းက သမီး အောက်ထပ်ဆင်းခဲ့မှန်း မသိ။ ကံကောင်းချင်တော့ ခင်ပွန်းသည် ရောက်နှင့်လို့ပေါ့။ နောက်ဆို ကိုယ်ကျိုးနည်းရချည်ရဲ့။

သမီးအပေါ် သူမတို့လင်မယား သည်းသည်းလှုပ် ဖြစ်နေသလောက် သမီးက နားလည်မှုလွဲနေခဲ့တာ ဆေးရုံက ဆင်းလာကတည်းက ဖြစ်သည်။

"လင်းလင်း သမီးကိုမဆူနဲ့ကွာ"

ချော့မော့ပြောနေတဲ့ ဇနီးသည်အသံက အနည်းငယ် မာတင်းတင်း ဖြစ်နေတာကြောင့် ဦးမိုးသစ် လှမ်းတားသည်။

"ပူစူးမက ဇနီးသည်အသံမြှင့်ပြောတဲ့အတိုင်း သမီးအခန်းထဲမှ သိုးမွေးဆွယ်တာလက်ရှည်ကို အပြေးအလွှား ယူလာပေးသည်။

ပူစူးမ လက်ထဲက ဗေဒါရောင်ဆွယ်တာကို ဦးမိုးသစ်က ယူပြီး သမီးဆီ လျှောက်ထွက်ခဲ့သည်။

ခင်ပွန်းသည်ဟန့်တားတော့ ဒေါ်မိုးမိုးလင်း ခေါင်းဆတ်ကာ





ဆူချင်စိတ်ကို ထိန်းချုပ်ဖို့ သတိရလာလို့ တစ်ခွန်းပြောလိုက်သည်။

"သမီးကို လင်းလင်း ဆူနေတာ မဟုတ်ဘူး။ စိုးရိမ်တာပါကိုမိုးရယ်"

ဇနီးသည်ကို အပြစ်မမြင်ပေမယ့် သမီးမျက်နှာမှာ အလိုမကျတဲ့ပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ပွင့်နေမှန်း ဦးမိုးသစ် အကဲခတ်မိသည်။ ဒါကြောင့် သမီးကို မျက်နှာချိုချိုနဲ့ကြည့်ကာ –

"သမီးကို သမီးမာမီ စိုးရိမ်လို့ပါကွယ်၊ ကဲ သမီး ခြံထဲဆင်းမယ်ဆို အနွေးထည်လေး ဝတ်ထား"

"မဝတ်ဘူး၊ ခြံထဲလည်း မဆင်းတော့ဘူး၊ ဟွန်း"

ဆိုးနွဲ့သလို အသံအီအီလေးနဲ့ပြောပြီး တိုက်ထဲပြန်ဝင်ခဲ့သည်က ထုံးစံအတိုင်း မိဘကိုစိတ်ဆိုးနေကြောင်း ပြသတဲ့အမူအရာပေပဲလား။

ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း အကြည့်ချင်းဆုံသွားသည်က သမီးက အရင်လိုစိတ်ဆိုးနေတာ မဟုတ်ဘူး၊

တိတ်တဆိတ် ဘာမှလုပ်ခွင့်မရလို့ စိတ်ဆိုးခြင်းလို့ အပြန်အလှန် နားလည်သွားလျှင် သက်ပြင်းရင့်ရင့်ချသည်။

အပေါ်ထပ်ဆီသို့ လှေကားထစ်တွေကို အားအပြည့် ဖိနင်းရင်း တက်သွားတော့ ဒေါ်မိုးမိုးလင်း ပို၍စိုးရိမ်သွားသည်။

"အို သမီး၊ ဖြည်းဖြည်းတက်ပါကွယ်၊ မတော်တဆ အထဲက



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ နာလာဦးမယ်''

ဒေါ်မိုးမိုးလင်း ပြောလည်းပြောရင်း သမီးနောက် လိုက်တက်သွားဖို့ဖြစ်သည်။ ဦးမိုးသစ် လက်ဆွဲဟန့်တားလိုက်ပြီး –

''သမီးကို ဘာအကြောင်းကြောင့်မှ မျက်ခြည်မပြတ်ပါနဲ့ လင်းလင်းရယ်၊ မျက်ခြည်ပြတ်တာနဲ့ သမီး တစ်ခုခုကို ကြံစည်ခွင့်ရသွားလိမ့်မယ်၊ ကံကောင်းလို့ ကိုမိုးရောက်လာတာ မြန်ပေလို့''

သမီး ဖုန်းခိုးဆက်တာကိုမိသွားတဲ့ ဦးမိုးသစ်ပြောမှ ဒေါ်မိုးမိုးလင်း ခေါင်းကြီးသွားသည်။

ခဏလေးတောင် မျက်ခြည်ပြတ်ထားလို့မရမှန်း ခုမှပဲ သိတော့သည်။

''စိတ်ချပါ ကိုမိုးရယ်''

''ကဲ လင်းလင်း လုပ်စရာရှိတာ ဆက်လုပ်၊ သမီးကို ကိုမိုးပဲ သွားချော့လိုက်မယ်၊ သမီးက ကိုမိုးချော့ရင် ပျော့သွားမှာပါ''

ခင်ပွန်းသည် စိတ်မသက်မသာနှင့်ပြောကာ ဆွယ်တာလေး ကိုကိုင်ပြီး အပေါ်ထပ်တက်သွားသည်ကို အမြင်တစ်ဆုံး ကြည့်ဖြစ်သည်။

တကယ်ပဲ သမီးက သူမတို့ဖနိုးမောင်နှံရင်ကို ကန်ပြီးထွက်သွားဖို့ တိတ်တဆိတ် စိတ်ကူးယဉ်နေပြီလား။

ဟင့်အင်း





သမီး စိတ်ကူးယဉ်လို့ မဖြစ်အောင် စီစဉ်ဦးမှ။

ဒေါ်မိုးမိုးလင်း ရင်ထဲမှာ အစီအစဉ်သစ်တွေ ချက်ချင်းရေးဆွဲလိုက်သည်။

အစီအစဉ်သစ်က –

နောက်တစ်ကြိမ် သမီး မိုက်ဇာတ်မခင်းနိုင်အောင် ကြိုတင်ကာကွယ်ဖို့ပဲ ဖြစ်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

"နေရေ"

"ဟေး နေ"

"ကေတို့လာပြီဟေ့"

သူငယ်ချင်းတွေရဲ့ စူးစူးရှရှ ခေါ်သံ၊ အော်သံတွေ ပျံ့လွင့်လာသည်။ နေ လှည့်ကြည့်ဖို့ စိတ်မပါတာကြောင့် သူငယ်ချင်းတွေသံ ကြားရသော်လည်း လှည့်မကြည့်မိပါ။

တိုက်ဘေးရှိ အုံ့ဆိုင်းသော ကုံကော်ပင်တန်းအောက် လမ်းလျှောက်ကာ အကြိုထုတ်နေတဲ့ နေ ခြေလှမ်းတွေ ဆက်ရွေ့နေလျှင်

"ဟိတ် နေ၊ ခေါ်တာ မကြားဘူးလား"





လို့ နေနောက်မှ ပခုံးစွန်းလေးကို လှမ်းပုတ်ရင်း ရွှေနီမေးသည်။ အနားရောက်လာကြပြီးမို့ မသိချင်ဟန် မကြားချင်ဟန် ဆောင်နေလို့ မကောင်းတော့ပါ။

အားမပါစွာ သက်မ,ချရင်း သူငယ်ချင်းတွေအပေါ် စိတ်မပါစွာ လှည့်ပြီး –

"ကြားပါတယ် ဟယ်"

"ကြားရင် ဘာလို့ လှည့်မကြည့်တာလဲ နေ"

"ရှင်တို့အသံကျယ်ကြီးကို နားကြားပြင်းကတ်လို့"

"အလိုလေး၊ နေက ကေတို့အသံကို နားကြားပြင်းကတ်တယ်ပေါ့လေ၊ ဟုတ်လား"

ကေကေ လက်တစ်ဖက်ခါးထောက်၍ ရန်တွေ့သလိုလေး မေးသည်။ ကေ့ပုံစံက တကယ့်ရန်ထောင်မလေးပုံစံ ဖြစ်နေတာမြင်ရတော့ နေ သဘောတကျ ပြုံးမိသွားသည်။ ပြုံးလျက်ပဲ ပြောမိသည်။

"ဟုတ်တာပေါ့၊ နေ ဆေးရုံရောက်တုန်းက လာကြည့်ဖော်မရဘဲနဲ့၊ အခုမှ အသံကျယ်ကြီးနဲ့ ရောက်လာတာ အမြင်မကတ်ဘဲနေမလား"

နေ ပွင့်ပွင့်လင်းလင်း ပြောချလိုက်တော့ ရန်ထောင်နေတဲ့ ကေကေ မျက်နှာလေး အရောင်ပြောင်းကာ ခါးမှာထောက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ပါ လျှောခနဲ ကျသွားသည်။

"ပြောလေ မမတွေရဲ့"

"အင်း ဟုတ်သားပဲ"

အပြုံးချို နှုတ်ခမ်းလေးချွန်ကာ လေသံပျော့လေးနဲ့ ပြောလျှင် ရွှေနီကလည်း တာဝန်မကျေတဲ့ သူငယ်ချင်းဖြစ်နေမှန်း သူမကိုယ်သူမ အသိဝင်လာကာ မျက်နှာကြောလေး ချလိုက်ပြီး –

"အဲဒီတုန်းက အပြုံးတို့ မလာရဲတာပါ၊ ရှင့်ဒယ်ဒီမျက်နှာ ထားကြီးနဲ့ စောင့်နေတာလေ၊ အပြုံးတို့ကပဲ သူတို့သမီးကို ကလေ ကချေကောင်နဲ့ အောင်သွယ်ပေးသလိုလို, ဘာလိုလိုနဲ့ မြင်နေလားမှ မသိတာ"

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒါကြောင့် ဆေးရုံလိုက် မကြည့်ဖြစ်တာ၊ ရှင် တစ်မျိုးမထင်နဲ့"

ကေကေကလည်း အပြစ်လွတ်အောင် ဝင်ပြောသည်။

"သိပါဘူး၊ ရှင်တို့က နေနဲ့ သူငယ်ချင်းတော်ဖို့ မထိုက်တန် တော့ဘူးလို့ ယူဆပြီး သူငယ်ချင်းအဖြစ်က ဖြတ်ချလိုက်တာလားလို့"

နေ အထင်နဲ့ပြောချလိုက်တော့ ကေကေတို့မျက်နှာတွေ ရဲတက်သွားသည်။ အကြောင်းသိချင်းမို့ မလုံမလဲဖြစ်ကာ –

"အို နေကလည်း ဖြတ်စရာလား"

"ဘယ်ပြောနိုင်မလဲ ရွှေနီရဲ့"





"ဟယ် ရှင်ကလည်း"

ရွှေနီက ပခုံးဝင်ဖက်၍ ရယ်ကျဲကျဲပြောကာ ထိုအဖြစ်အပျက် ကို ချေဖျက်ဖို့ ကြိုးစားသည်။

"ပြီးခဲ့တာ စားမြုံ့ပြန်သလို ပြောမနေပါနဲ့ နေရယ်၊ နေ့ကို အဆက်မဖြတ်နိုင်လို့ အခုလာခဲ့ပြီပဲ၊ ဟုတ်တယ်မဟုတ်လား ကေကေ၊ အပြုံး ဟုတ်တယ်နော်"

"ဟုတ်ပါတယ် နေရယ်"

"နေ့ကို မဖြတ်နိုင်ပါဘူးဟယ်၊ သူငယ်ချင်းအရင်းကြီးဥစ္စာ ဟုတ်ဘူးလား"

ကေကေနဲ့အပြုံးချို မျက်စလေးတွေပစ်ရင်း ပြောသည်က သူငယ်ချင်းချင်း အချေအတင်မဖြစ်စေဖို့ သူမတို့ဘက်က အလံဖြူပြ တယ်ဆိုတဲ့သဘောမျိုး။

မျက်နှာတွေက နေ့ကို လိုလိုလားလားပဲ ကြည့်ရင်း ဝင်ပြော ခြင်းဖြစ်သည်။

"ကဲပါ နေရယ်၊ စကားလေးဘာလေး ပြောကြတာပေါ့၊ အရင်လိုပဲလေ၊ မဟုတ်ဘူးလား"

ရွှေနီ အသံစာစာနဲ့ပြောသံအဆုံးမှာ နေ မသိမသာ သက်မ ချရင်း ခေါင်းညိတ်လိုက်သည်။ နေတစ်ယောက်တည်း ရှင့်နဲ့ပတ်သက် ပြီး တစ်ခုခုလုပ်ဆောင်ဖို့ တွေးနေမိတာ ဘာလုပ်ရကောင်းမှန်း



www.burmeseclassic.com

www.burmeseclassic.com



အဖြေထွက်မလာ။ အဖြေမထွက်သေးတော့ သူငယ်ချင်းတွေနဲ့ စကား ပြောနေတာ ကောင်းပါတယ်လေ။

"အဲဒါဆိုလည်း ထိုင်ကြလေလို့ နေ ဖော့ပြောသလို ကံကော် ပင်တန်းအောက်မှာ ရှိနေတဲ့ အပန်းဖြေကျောက်ခုံတွေမှာ ထိုင်ဖို့ မျက်စနဲ့ပြရင်း နေပဲ ဦးဆောင်ကာ ကျောက်ခုံတွေဆီ ရွေ့ခဲ့သည်။

ရွှေနီတို့ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ကြည့်ကာ မလွယ်ပါလားလို့ ပခုံးလေးတွန့်ရင်း ကျောက်ခုံတွေဆီ ရွေ့ခဲ့သည်။

"ဒါနဲ့ နေ၊ နေရဲ့အတွင်းဒဏ်ရာက လုံးဝကောင်းသွားပြီ လား"

နေနဲ့ ဘေးချင်းကပ် ရွှေနီဝင်ထိုင်ရင်း စိတ်ဝင်တစား မေး သည်။ ရွှေနီမေးမှ နောက်ကျောခါးထက်နားက စူးခနဲ အောင့်တက် သလို ခံစားရသည်။

နေ မျက်နှာလေး နာကျင်စွာ တစ်ချက်တွန့်သွားပြီး –

"အူး၊ အကောင်းအတိုင်းတော့ မဟုတ်သေးဘူး၊ သက်သာ တယ်ပေါ့ဟယ်၊ အချိန်ယူပြီး အဆက်မပြတ် ဆေးစားနေရမယ်တဲ့၊ ဆေးပုံမှန်စားရင် အချိန်တစ်ခုရောက်တော့ လုံးဝ ကောင်းသွားမယ် လေ"

"ဒါဆို အခုထိ နေ ဆေးသောက်နေရမှာပေါ့"

အပြုံး စိတ်ဝင်စားစွာမေး၍ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်





သလို ကေကေကလည်း ထိုင်ရင်းမေးသည်။

"ဆေးတွေက များလား၊ ဘယ်နှကြိမ် သောက်ရလဲ နေ့"

"အင်း၊ များတော့များတယ်၊ တစ်ခါသောက်ရင် ဆယ်လုံး လောက်ရှိတယ်၊ တစ်နေ့ လေးကြိမ်သောက်ရတယ်လေ"

"ဟွန်း လေးကြိမ်တောင်"

ကေကေ မျက်နှာလေးတွန့်ကာ နှာခေါင်းရှုပ်၍ ဆိုသည်။ နေ သက်မလေးချကာ ခေါင်းပဲညိတ်လိုက်တော့သည်။

အင်းလေ၊ ကေက နေလိုမှ ဒဏ်ရာမရှူးဘဲ၊ ဆေးသောက် ရတယ်ဆိုတော့ ဆေးကြောက်တဲ့ ကေက နှာခေါင်းတွန့်မှာပေါ့။

ဘာပဲဖြစ်ဖြစ်လေ ဖြစ်သမျှက နေ နှလုံးသား ကံခေတယ်လို့ သဘောထားရုံပေါ့။

"ဟဲ့၊ ဒီလောက်ဒဏ်ရာများတာ ဒီလောက်တော့ ဆေး သောက်ရမှာပေါ့၊ ကေကလည်း ရှင်ဟာလေ"

ရွှေနီက သူငယ်ချင်းကြား ဖျန်ဖြေတဲ့သဘောနဲ့ ကေ့ပုခုံးကို ဖွဖွလှမ်းတွန်းရင်း ပြောသည်။ ကေက မလုံမလဲဖြစ်ပြီး –

"အို ကေက အဲဒီသဘောပြောတာ မဟုတ်ဘူး၊ ဒီလောက် ဒဏ်ရာရအောင် နေ စွန့်စားရဲပုံကို ကေ အံ့ဩနေတာ၊ နေ့မှာတော့ ဒဏ်ရာတွေလည်း ရ၊ ဝေဒနာတွေလည်း ခံစားရနဲ့၊ ဟိုကောင်က တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိကေ၊ နင်ဟာလေ"

ကေ ဟောဟောဒိုင်းဒိုင်း ပြောချတဲ့စကားမဆုံးခင် နေမျက်နှာသိသိသာသာ ပျက်ကျသွားသည်။ အပြုံးချိုက ကေကေ့ပေါင်ကို ဆွဲလိမ်ရင်း ဟန့်တားသည်။

ကေကေက ပြောချချင်တဲ့ စကားကို ခေတ္တမျိုချပြီး အားနာသလိုကြည့်ပြီး ဖော့ပြော၏။

"အပြုံးကလည်း ကေပြောတာက နေဘက်က မခံချင်လို့ပါဟယ်"

"ဟုတ်တယ်၊ အဲဒါတော့ ရွှေနီလည်း ထောက်ခံတယ်၊ နေဘက်က တကယ်မခံချင်ဘူး။ တကယ်ဆို နေက ရင့်သဘာအတွက် စွန့်စားတာလေ၊ နေ စွန့်စားတာကို ရင့်သဘာ အသိအမှတ်ပြုသင့်တာပေါ့၊ အခုတော့ ဘယ်မှာလဲ၊ ရွှေနီတို့သိရသလောက် ရင့်သဘာက သူ့ဘာသူ လက်ခမောင်းခတ်ပြီး ကျောခိုင်းသွားပြီလေ"

"ဘယ်လို ရင့်က ကျောခိုင်းတယ်"

နေ ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်ကာ လွှတ်ခနဲ မေးလိုက်မိသည်။

သူငယ်ချင်းအားလုံးက အစကတည်းက ရင့်ကို နေနဲ့အပတ်သက်မခံနိုင်အောင် အဆင့်အတန်း ခွဲခြားသူတွေ။ ဒါကြောင့်မို့ နေ ရင့်အကြောင်း သူငယ်ချင်းတွေသိအောင် နေ ထုတ်မပြောခဲ့ပါ။





အဖြစ်အပျက်ကို ဘွားခနဲ မြင်လိုက်ရမှ နေနဲ့ရင့်အကြောင်း တအံ့တသြ သိကုန်ကြသည်။ အခုလည်း ဘာတွေသိလာမှန်း မသိ။ ရင့်က နေကို ကျောခိုင်းသွားပြီတဲ့။

ဒါကြောင့် နေ မအောင့်နိုင်ဘဲ မေးချလိုက်တော့ သူငယ်ချင်းတွေမျက်နှာက မနှစ်မျို့သလို တွန့်သူတွန့်၊ ရှုံ့သူရှုံ့နှင့်။

သူငယ်ချင်းတွေရဲ့ မနှစ်မြို့ဖွယ် အမူအရာတွေကို နေ ဥပေက္ခာပြုလိုက်သည်။ သိချင်တာကို မေးလိုက်ပေမယ့် သူငယ်ချင်းသုံးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အားမနာတမ်း ဝိုင်းပြောဖို့ စိတ်ကူးသဘောတူ ခေါင်းညိတ်လိုက်ပြီး –

အပြုံးချိုက မာန်ပါပါ စပြောသည်။

"ဟုတ်တယ်နေ၊ ရင့်သဘာ နေ့ကို ကျောခိုင်းပြီးပေါ့"

နေ ရင်မှာ လှိုက်ခနဲ ဟာသွားပေမယ့် နှလုံးသားက လက်မခံနိုင်ဘဲ ချက်ချင်းကောက်မေးသည်။

"အပြုံးတို့ကို ဘယ်သူပြောလဲ"

"သားထက်တို့လေ၊ ရင့်ကြောင့် နေ ဒီလိုဖြစ်ရတယ်ဆိုပြီး ရင့်ကို သားထက်တို့ လုံးအစာမကြေဘူး၊ အဲဒါနဲ့ ဝိုင်းဖဲ့ဖို့ရှာတာ ရင့်ကို ဘယ်မှ ရှာမတွေ့ဘူးတဲ့၊ သေချာတာက နေ့ကို ကျောခိုင်းသွားတာပဲပေါ့"

နေ ခေါင်းလေး အလိုလို ရမ်းခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရှင်မယုံဘူးလား"

ကေကေ အားမလိုအားမရမေးလျှင် နေ မယုံနိုင်စွာဘဲ ခေါင်းရမ်းပြန်သည်။ သူငယ်ချင်းတွေ သက်မချရင်း နေ့ကို တအံ့တသြ ပိုင်းကြည့်ကြသည်။

ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ ယောကျ်ားတစ်ယောက်အတွက် နေ ဒီလောက်ထိ အသည်းအသန်ဖြစ်နေတာ မြင်ရတော့ အံ့သြရတာအမှန်။

ပြီးတော့ ဟိုက ကျောခိုင်းသွားတာကိုပဲ နေက ခေါင်းမာစွာပဲ မယုံနိုင်ဘူးတဲ့။ ဘယ်လောက်မိုက်မဲတဲ့ နေနှင်းဆီလဲကွယ်။

"နေရယ် နေ့ကို ရွှေနီတော့ တကယ်ပဲကွယ်၊ မယုံနိုင်ဘူး၊ အံ့သြတယ်၊ ပြီးတော့ နှမြောတယ်၊ ရှေ့ဆက် နေ ဘာတွေကြံစည်ဦးမလဲကွယ်၊ နေ့အတွက် ရွှေနီ တကယ်ရင်လေးတယ်၊ သိလား"

နေ့လက်မောင်းကိုဖျစ်ကိုင်ရင်း ရွှေနီ မအောင့်နိုင်ဘဲ တရစပ်ပြောချလိုက်သည်။ နေ စိတ်ဆိုးလျှင် ဆိုးပါစေတော့လို့ ပိုင်းဖြတ်ပြီး ပြောချလိုက်ခြင်း။

"ဟုတ်သားပဲ နေရယ်၊ ရှင် မိုက်ခဲ့သလောက် မိုက်ခဲ့ပြီးပြီ၊ ဒီအချိန်မှာ ရှင် လိမ္မာသင့်တယ်၊ ရှင့်မိဘရဲ့ ဂုဏ်သိက္ခာနဲ့ အသိုင်းအဝိုင်းအတွက်, ပြီးတော့ နေ့ဘဝမှာ အဓိပ္ပာယ်ရှိရှိဖြစ်ဖို့အတွက်လေ၊ သားထက်တို့ နေ့အပေါ် မေတ္တာမကုန်သေးလို့ ရင့်ကို ကျိတ်ဖြို့ဖို့





ကြံစည်နေတာ၊ ရင့်ကလည်း အလည်ပဲ၊ သိလည်းသိရော အရိုင်မကျန်အောင် ပြေးမှန်းတော့တာပဲ ရင့်ကို ရှင် ဘယ်မှာလိုက်ဖမ်းမလဲ၊ အစကတည်းက ရင့်သဘာက ဘာအာမခံချက်မှ ရှိတာမဟုတ်ဘူး၊ ရတဲ့ဆီမှာ ဝင်ခွေတဲ့ မြွေလိုပဲဟဲ့"

ကေကေ တစ်ရှိန်ထိုးပြောချလိုက်တာက နေ အမြင်မှန်ရဖို့ပဲ ဖြစ်သည်။ ထိုအချိန်မှာ ပူစူးမက အလိုက်သိသိနဲ့ အအေးဗန်းနဲ့ ကိတ်မုန့်တွေ ယူပြီး ကျောက်စားပွဲပေါ် တင်ပေးသည်။

ပြောရလွန်းလို့ အာခေါင်ခြောက်သွားတဲ့ ကေကေ၊ အတော်ပဲဆိုပြီး အအေးတစ်ခွက် ချက်ချင်းကောက်ကိုင်ပြီး တစ်ငုံငုံသောက်၏။

ရွှေနီနဲ့အပြုံးချိုက နေ့ကို အကဲခတ်ကြည့်နေသည်။

နေက စေ့ပိတ်ထားတဲ့နှုတ်ခမ်းနှင့် ပျက်ယွင်းနေတဲ့မျက်နှာက ဘယ်လိုမှမယုံနိုင်အောင်ဖြစ်ကာ သူငယ်ချင်းတွေရှေ့ မျက်နှာထားရခက် ဖြစ်သွားသည်။

လက်တန်းမပါတဲ့ ကြွေပြားကပ်ထားတဲ့ ခုတ်ခုံလေးပေါ်မှ နေ ဖျတ်ခနဲထလျှင် အပြုံးချို မျက်မှောင်ကြုတ်၍ကြည့်ပြီး –

"နေ"

လို့ လွှတ်ခနဲ ခေါ်သည်။ နေ ဘာမှပြန်မပြောဘဲ ကုံကော်ပင်တန်းဘက် လျှောက်သွားလျှင်"

"နေ နေ စဉ်းစားသင့်တယ်၊ မြွေဆိုတာ ကြွက်တွင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရ ကြွက်တွင်းပေါက်ထဲ ဝင်သလို, သစ်ခေါင်းပေါက်ရရင် သစ်ခေါင်းပေါက် ဝင်နိုတာပဲ၊ အို ဘယ်အပေါက်ရရ ရတဲ့အပေါက်ထဲ ဝင်ခွေမယ်လေ၊ နိုလို့ကောင်းသလောက် ဝင်နိုနေလိုက်တာပဲ၊ နိုလို့ မကောင်းတော့ရင် လျောခနဲ ကျောခိုင်းသွားမယ်၊ အခု ရင့်ကုလည်း မြွေအတိုင်းပဲ၊ နေ့နှလုံးသားမှာ ခဏခိုကြည့်တယ်၊ အခြေအနေမဟန်တော့ လျောခနဲ ထွက်သွားတယ်၊ လျောခနဲထွက်သွားတဲ့ မြွေကိုလိုက်ဖမ်းကြည့်ပါလား၊ အနည်းဆုံးတော့ မြွေကိုက်ခံရမှာပဲ နေ၊ နေ မြွေကိုက်ခံဖို့ မမိုက်ချင်ပါနဲ့ ဟယ်၊ အပြုံးတို့ စေတနာနဲ့ ပြောတာ၊ နေ့ကို ချစ်လို့ ခင်လို့၊ နေ့ဘဝ နောက်တစ်ကြိမ် အရှက်တကွဲ မဖြစ်ဖို့ ဒဏ်ရာတွေ မရစေဖို့လေ''

နေ့နောက် အပြုံးချို တောက်လျှောက်လိုက်ပြောပြန်သည်။

သူငယ်ချင်းတွေရဲ့ အမြင်မှာ ရင့်က မြွေတဲ့လားကွယ်။ မြွေလိုကျင့်ပြီး မြွေလိုပဲ နေ့နှလုံးသားထဲက လျောထွက်သွားတာ တကယ်ပဲလား။

နေသိခွင့်ရချင်လိုက်တာ ရင့်ရယ်။ ခုချိန်မှာ သိခွင့်ရဖို့ မလွယ်မှန်း နေသိနေသည်။ ထိုအခါ နေ့ရင်မှာ ဆူလောင်ပွက်ထလာတာက ကြိုက်ကြိုက်ဆူပွက်နေတဲ့ ရေနွေးနှယ်။

"အစကတည်းက နေနဲ့ရင့် ချိတ်မိနေမှန်း ရွှေနီတို့ လုံးဝမသိခဲ့လို့ နေ့စိတ်နဲ့နေ ရှက်လှှင့်ခွင့်ရသွားတာ။





"တော်ပါတော့ ရွှေနီရယ်"

"ခုလိုပြောလို့ နေ စိတ်ဆိုးတာလား"

"မဟုတ်ဘူး"

နေ လွှတ်ခနဲ တုံးတိတိ ပြောမိ၏။ ရွှေနီ အားမရစွာ ခေါင်းတစ်ချက်ရမ်း၏။

ရွှေနီ့မျက်ဝန်းနဲ့ တည့်တည့်ဆုံမသွားအောင် နေ အကြည့်လွှဲကာ ကုံကော်ပင်စည်ကို ပခုံးလေးနဲ့တိုက်ကာ မှီချလိုက်သည်က သူငယ်ချင်းတွေနဲ့ ကျောပေးအနေအထား ဖြစ်စေဖို့ပါ။

ကျောပေးထားမှ နေ့မျက်နှာပေါ်က သင်္ကေတတွေကို ဖတ်ခွင့် မရမှာလေ။ သူငယ်ချင်းတွေရဲ့အမြင်မှာ နေက မိုက်တယ်တဲ့။

ချစ်တာက မိုက်တာလား၊ ချစ်လို့ စွန့်စားမိတာက မိုက်မဲမှုကို ကျူးလွန်လိုက်တာလား၊ နေ ခွဲခွဲခြားခြား မသိပါ။

နေသိတာ ချစ်မှာပဲ။

အချစ်မှာ ဂုဏ်ပကာသန မပါဘူး။ အဆင့်အတန်း မပါဘူး။ ချစ်ချင်လို့ ချစ်လိုက်တယ်။ ဒါပါပဲ။

အချစ်အတွက် မိုက်မဲတယ်လို့ စွပ်စွဲပြီး ဖျောင်းဖျနေတဲ့ သူငယ်ချင်းနဲ့ နေ ဖက်ပြိုင်အံတုပြီး ပြောဖို့ဆိုဖို့ နေမစွမ်းနိုင်ပါ။

လောလောဆယ် ရင်ထဲမှာ ဆစ်ခနဲ နာသလို စူးခနဲ အောင့်သလို ဖြစ်လာသည်။ ဒါကြောင့် ပင်စည်နဲ့ နေ့ကိုယ်ကို နေမှီကာ



www.burmeseclassic.com

www.burmeseclassic.com



သက်သာအောင်နေလိုက်ခြင်း ဖြစ်သည်။

"နေရယ် မြွေတစ်ကောင်ကို ဖမ်းဖို့ စိတ်ကူးမယဉ်ပါတော့နော်၊ ကိုထောက နေ့အပေါ် သဘောထားကြီးရှာပါတယ်ဟယ်"

နောက်ဆုံးတော့ ရွှေနီ့စကားလုံးက မာမီတို့စီစဉ်ထားတဲ့ ဘူတာပဲ ဆိုက်ပြန်သည်။ နေ ရင်ဝကို လက်ဖဝါးနဲ့ဖိကာ ရင်ထဲမှာစူးခနဲအောင့်လာတဲ့ခံစားချက်ကို အသက်ပြင်းပြင်းရှူလျက် မျိုချလိုက်သည်။

"သမီး နေ ဆေးသောက်ချိန် ရောက်ပြီ"

တိုက်ပေါ်မှ မာမီလှမ်းအော်ပြောလျှင် နေ ခေါင်းသာဆတ်လိုက်သည်။ သူငယ်ချင်းတွေက နေ အမြင်မှန်ရဖို့ အခွင့်အရေးရသလောက် ပြောခွင့်ရတဲ့အတွက် ကျေနပ်သွားကြဟန်တူသည်။

"ကဲ နေ ဆေးသောက်ရမယ်ဆို၊ သွားလေ"

"ရပါတယ်ဟယ်၊ ကေတို့ပြန်မှပဲ သောက်တော့မယ်"

"အို မဟုတ်တာ၊ ဆေးဆိုတာ အချိန်နဲ့သောက်ရတယ်၊ လာ၊ ကေတို့မပြန်သေးဘူး၊ နေနားမှာ အကြာကြီးနေဦးမယ်"

"ဟုတ်တယ်နေ၊ ရွှေနီတို့က ညနေမှ ပြန်မယ်၊ လာ၊ ဆေးသောက်ဖို့သွားမယ်"

နေ့ကို သူငယ်ချင်းတွေ အရေးတယူရှိစွာပဲ ပြောလျှင် နေ ခေါင်းညိတ်လက်ခံလိုက်ရသည်။ အပြုံးက နေအပါးရောက်လာကာ





နေ့လက်မောင်းကို ဖွဖွဆုပ်ကိုင်ပြီး –

"နေ ခေါင်းထဲမှာ ရင့်ကို ထည့်မထားနဲ့တော့၊ အဓိက နေ နေကောင်းသွားဖို့ပဲလိုတယ်၊ နော် နေ"

တဲ့။ သူငယ်ချင်းတွေ ရောက်လာကြတာ နေ့ကျန်းမာရေးကို သိချင်လို့ထက် နေ့နှလုံးသားကို ဗိုင်းဝုန်းပိတ်ဆို့ဖို့မှန်း ခုမှ သေချာသွားသည်။ နေ ခေါင်းမညိတ်သလို ခေါင်းလည်းမခါမိပါ။

ရင့်က နေ့နှလုံးသားထဲ နစ်ဝင်နေတယ်ဆိုတာ သူငယ်ချင်းတို့မှ မသိဘဲ။ မသိတာဘဲ ကောင်းပါတယ်လေ။

ရင့်ရယ်

သူငယ်ချင်းတွေပြောသလို ရင့်က နေအတွက် မြွေ တစ်ကောင်လားဟင်။ မြွေဆိုရင်တောင် ရင့်နှလုံးသားထဲက အဆိပ်ကို နေ့အချစ်တွေနဲ့ ပူဇော်ချင်ပါတယ်ကွယ်။

ဒါကြောင့် ကျေးဇူးပြုပြီး လျောမထွက်သွားပါနဲ့လား။

ခုချိန်မှာ နေ အတောင့်တဆုံးက ရင့်ကိုပါပဲ၊ နေ့ရင်ခုန်သံကို မြန်စေတဲ့ ရင့်မျက်ဝန်းလေးကို စိုက်ကြည့်၊ ရင်ခွင်ကျယ်ထဲ တိုးဝင်ကာ ရင့်ကိုယ်လုံးလေးကို မြဲမြဲမြံမြံ တွယ်ဖက်ထားခွင့်ပဲ လိုချင်ပါတယ်။

တကယ်ပါ ရင့်။ ရှင် ဘယ်မှာလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"သား ကိုထော၊ လာ လာလေ"

ဖနီးသည်ရဲ့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်သံ နားထဲ ဒိုင်းခနဲ တိုးဝင်လာလျှင် ဦးမိုးသစ်မျက်နှာ ဟန်ဆောင်မရအောင် ဝမ်းသာသွားသည်။

ဖတ်လက်စစာအုပ် စားပွဲပေါ်မှောက်ချရင်း ထိုင်နေရာမှ ဝုန်းခနဲ ထသည်။ ကိုထောကို ဖက်လှဲတကင်း ပြေးကြိုချင်စိတ်နဲ့ စာကြည့်ခန်းထဲ ထွက်သွားဖို့ပြင်ပြီးမှ ခြေလှမ်းကို သတိနဲ့ ဘရိတ်ဆွဲလိုက်ရသည်။

ဝမ်းသာနေတဲ့ မျက်နှာက တော်ရုံ အရှိန်မပြယ်။ ရင်ခေါင်း





ထဲအထိ ကြည်နူးခြင်းတွေ ဖြာဆင်းသွားသည်။ ထိုမျှထိ ဦးမိုးသစ် မထင်ထားမိပါ။ ကိုယ့်ကိုယ်ကိုယ် အံ့သြခြင်းနဲ့အတူ ထိုင်ခုံမှာ ပြန်ထိုင်ချလိုက်သည်က ကိုထော မရိပ်မိစေဖို့ ဖြစ်သည်။

ဖနီးသည်ရဲ့ ညည့်ဝတ်ပြုသံတွေ ကြားနေရမယ့် ဦးမိုးသစ် ရင်ထဲမှာ ကိုထောရဲ့ သဘောနုနုကို ခံစားနေမိသည်။

တကယ်ဆို သမီးရဲ့လုပ်ပုံက သားရှင်အတွက် သိပ်ကို ထိခိုက်နစ်နာစေတဲ့ အပြုအမူပါ။ သတို့သမီးလောင်းနေရာမှာ အိမ်ဖော်နဲ့ အစားထိုးရတယ်လို့။ ကိုထောနေရာမှာ တခြားတစ်ယောက်ဆို ဘယ်လိုတွေ ဖြစ်ကုန်မလဲ။

ဦးမိုးသစ်ကိုယ်တိုင် မရှက်နိုင်အားဘဲ တောင်းပန်ခဲ့သည်။

"ရှတ်တရက်ဆိုတော့ ကျွန်တော် အတော်ရှက်သွားတယ်၊ လုပ်ရက်လေခြင်းလို့ ယူကျုံးမရလည်း ဖြစ်ရတယ်၊ အသိုင်းအဝိုင်း ကြားထဲမှာ ဟိုးလေးတကြော်ဖြစ်ကုန်တော့ ဘယ်လိုပြောမလဲ အန်ကယ်ရာ၊ လုပ်ကြံခံရတာကို တွေးတွေးမိရင် ဒေါသတွေပဲ ထွက်နေခဲ့တယ်၊ ဘယ်သူနဲ့မှ ရင်မဆိုင်ရဲအောင်ဖြစ်ပြီး တစိမ့်စိမ့်နဲ့ မျက်ရှနေခဲ့တယ်၊ ဒါပေမဲ့"

ကိုထော မျက်နှာလေးမော့ကာ စုချည်ထားတဲ့ အဝါနုရောင် လိုက်ကာစကို အလယ်ချည်ထုံးအောက်မှ တင်းအောင် လက်တစ်ဖက်နှင့် ဆုပ်ကိုင်လျက် တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသစ်မျက်နှာ ညှိုမှောင်နေရာမှ အားမလိုအားမရ ဖြစ်လာကာ ဆိုဖာပေါ်ထိုင်နေရာမှ ထပြီး ကျောပေးရပ်နေတဲ့ ကိုထောကို အသံနိမ့်ချပြီး ဆက်မေး၏။

"ဒါပေမဲ့ ဘာဖြစ်လဲဟင် ကိုထော၊ အန်ကယ့်ကို ပွင့်ပွင့်လင်းလင်းပြောကွာ၊ အန်ကယ့်သမီးရဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်နိုင်ဖို့အတွက် ကိုထောခြေထောက်ကို ဖက်ရမယ်ဆိုရင် အန်ကယ် ဖက်ပြီးတောင်းပန်ပါ့မယ် ကိုထော"

ဖြည်းညင်းစွာ ခေါင်းတစ်ချက်ယမ်းပြီး ဦးမိုးသစ်ကို စွေကြည့်ကာ ပြောသည်။

"မလိုပါဘူး အန်ကယ်ရယ်၊ ကျွန်တော် နားလည်ပါတယ်၊ တစ်ကြိမ် အရှက်ကွဲခံရတာကို တစ်သက်လုံးအတွက် ငြိုးတေးထားနိုင်တဲ့သတ္တိမျိုး ကျွန်ုပ်တော့ရင်ထဲမှာ မရှိပါဘူး"

"ဒါ ဒါဆို"

"နားနဲ့မနာ ဖဝါးနဲ့နာပါ အန်ကယ်ရယ်၊ နေ့ကို ကျွန်တော် ချစ်တယ်"

"ဟာ"

ဦးမိုးသစ်နှလုံးသားထဲက သောကလုံးကြီး ကြွေကျသလို ခံစားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရင်ထဲက လှိုက်လှိုက်လှဲလှဲကြီး ကိုထောကို ကျေးဇူးတင်မိသွားသည်။





"ကိုထောရယ်၊ အန်ကယ်ကြားချင်တာ အဲဒီစကားပါပဲ၊ ကိုထောကို အန်ကယ် တကယ်ကျေးဇူးတင်ပါတယ် သားရယ်"

ကိုထောပခုံးကို ဖက်ရင်း အားနဲ့ဖိပြောလိုက်တဲ့ ဦးမိုးသစ်အသံက ဝမ်းသာခြင်းတွေရောပြွမ်းကာ အသံလှိုင်းတွေပါ တုန်ခါသွားသည်။

"နေ့ကို ချစ်မိတဲ့အချစ်က နေ ဘယ်လိုပဲ ခုတုံးလုပ်ပစ်ပါစေ ကျွန်တော် အငြိုးနဲ့ တုံ့ပြန်လို့မရအောင် ချစ်နေခဲ့တယ်၊ ဒါကြောင့် မာမီ့ကိုလည်း ကျွန်တော် ဖွင့်ပြောပြီးပြီ၊ မာမီက နောက်တစ်ကြိမ် အရှက်ကွဲမှာပဲ စိတ်ပူနေတယ် အန်ကယ်"

"စိတ်ချပါ သားရယ်၊ အန်ကယ် တာဝန်ယူပါတယ်၊ နောက်တစ်ကြိမ်လည်း ဒီလိုအဖြစ်မခံနိုင်ပါဘူး၊ အန်ကယ် ကြပ်ကြပ်မတ်မတ် စီစဉ်ထားပါတယ်ကွာ"

"ဒါဆို ကျွန်တော် နေနဲ့တွေ့ချင်တယ် အန်ကယ်"

"တွေ့ရမှာပေါ့ကွာ၊ အန်ကယ် ပေးတွေ့မယ်၊ သမီးနားလည်လက်ခံအောင် ကိုထော ကြိုးစားပြီးချော့မော့ပါကွာ၊ ကိုထောမာမီကို အန်ကယ်ပြောပါဦးမယ်"

"ကျွန်တော်လည်း မာမီ့ဆီမှာ ခွင့်တောင်းလိုက်ဦးမယ်၊ မာမီ ခွင့်ပြုတာနဲ့ ကျွန်တော် လာခဲ့မှာပါ။ နေ့ကိုလည်း မာမီ ချစ်ပါတယ်၊ ကျွန်တော်ပြောရင် မာမီခွင့်ပြုမှာပါ အန်ကယ်၊ မာမီခွင့်ပြုတာနဲ့ နေ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ ကျွန်တော်လာခဲ့ပါ့မယ် အန်ကယ်''

ကိုထောကို တောင်းတောင်းပန်ပန်နဲ့ ချော့မော့စည်းရုံးရမယ်လို့ ဦးမိုးသစ် တွက်ဆထားခဲ့သည်။ ဦးမိုးသစ် ဘယ်လောက်မှပင် မတောင်းပန်ရသေးခင် ကိုထော ဒီလိုတွေပြောလာတော့ ရင်ထဲမှာ ဘယ်လို ဝမ်းသာနေမှန်းမသိခဲ့ပါ။

မမမေကိုလည်း ကိုထောသဘောထားကို ချက်ချင်းပြောပြပြီး သမီးနဲ့တွေ့ခွင့်ပေးဖို့ ဖအေတန်မဲ့ မရှက်အားဘဲ ပြောခဲ့ဆိုခဲ့တာတွေ။

မမမေ အချိန်ယူ စဉ်းစားမယ်လို့ ထင်ခဲ့တာ။

ချက်ချင်းပဲ ကိုထောနဲ့ သမီးကို တွေ့ခွင့်ပေးလိုက်တဲ့အတွက် ကိုထော ရောက်လာပြီလေ။

ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းသလဲ။

မမမေက ခွင့်ပြုသလို ကိုထောကလည်း ချစ်တဲ့နှလုံးသားနဲ့ သမီးကို ချော့မော့စည်းရုံးဖို့ ရောက်လာပြီ။

ဟိုအကောင် နှောင့်ယှက်လို့မရအောင် ဦးမိုးသစ်ကိုယ်တိုင် မျှော်လင့်ချက်တွေပေးပြီး အဝေးရောက်အောင် ပ,ထုတ်ထားနိုင်ပြီ။

အခြေအနေအားလုံးက ဦးမိုးသစ်စီမံသလို ဖြစ်လာတော့မယ်။

ဘယ်လောက် ကျေနပ်စရာကောင်းသလဲ။

ရှက်သိက္ခာကို ပြန်ဆယ်နိုင်မယ်။ အသိုင်းအဝိုင်းကြားမှာ





ဦးမိုးသစ် ခေါင်းပြန်မော့နိုင်တော့မယ်၊

သမီးလေး ခေါင်းတစ်ချက်ညိတ်လိုက်ရင် ပွဲပြီးပြီ။

သမီးရယ်

နောက်တစ်ကြိမ် သမီးမမိုက်တော့ဘူးလို ဒယ်ဒီယုံကြည်တယ်။ ဒယ်ဒီ့ယုံကြည်ချက်တွေ အလွဲလွဲအချော်ချော်ဖြစ်အောင် သမီး ဘာမှမလုပ်ပါနဲ့။

သမီးလုပ်ခွင့်မရအောင် ဒယ်ဒီ အဖက်ဖက်က စီစဉ်ပြီးသားပါ။

ဦးမိုးသစ် ယက်နှစ်ဖက်ကို ကျပ်ကျပ်ဆုပ်ကိုင်ရင်းမှ အခြေအနေအားလုံးကောင်းဖို့ မျှော်လင့်ကာ တစ်ယောက်တည်း စာဖတ်ခန်းထဲမှာ ထိုင်ရမလို ထရမလိုနှင့် ပျာယာခတ်နေမိသည်သာ။

သေချာတာက ကိုထောနဲ့အတွေ့မှာ သမီးဖြေသိမ့်နိုင်မယ်လို့ ဦးမိုးသစ် တစ်ထစ်ချ ယူဆထားသည်။

ဦးမိုးသစ်အယူအဆ မှန်၊မမှန် ဦးမိုးသစ်ကိုယ်တိုင် စောင့်ကြည့်ရုံပေါ့။

ဟုတ်တယ်။

သမီးနဲ့ ကိုထောရဲ့ တွေ့ဆုံခန်းကို စောင့်ကြည့်ရုံပဲ။

"ကိုထောရယ် ကိုထောလာမယ်ဆိုလို့ အန်တီ တမျှော်မျှော်နဲ့ စောင့်နေတာကွယ်၊ သမီးနဲ့ သွားတွေ့၊ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြ၊ ဟုတ်ပြီလား''

ဖနီးသည် သွက်သွက်ကလေးပြောရင်း ကိုထောကို သမီးဆီ ဦးဆောင်ခေါ်သွားတဲ့အခါ ဦးမိုးသစ် ခေါင်းတဆတ်ဆတ်ညိတ်သည်။

''ဟုတ်ကဲ့ အန်တီ''

ကိုထောက ဖနီးသည် ခေါ်ဆောင်ရာနောက် ရှက်သလိုလိုနဲ့ အားမနာတမ်း ပါသွားသည်။

ခုနောက်ပိုင်း သမီးက အခန်းထဲမှာ သိပ်မနေတတ်ဘဲ ခြံထဲမှာ နေလေ့ရှိတာ ဆေးရုံက ဆင်းကတည်းက ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သမီးလေးစိတ်က ခြံထဲမှာပဲ စိတ်လွတ်လပ်သလိုရှိနေတာမြင်ရတော့ မိဘအနေနဲ့ စိတ်အေးနေရသည်။

အခုလည်း သမီးက တိုက်ကြီးရဲ့ညာဘက်မှာရှိနေတဲ့ ရေကူးကန်ကြီးနားမှာ။

''ကဲ သား သွားနော်၊ သမီးက တစ်ယောက်တည်း ပျင်းနေတာလို့''

ဖနီးသည်ပြောရင်း တိုက်ဘေးမှာ ချန်ရစ်နေလိုက်တာက လူငယ်ချင်း လွတ်လွတ်လပ်လပ်ပြောကြပါစေဆိုတဲ့ စိတ်နဲ့မှန်း ဦးမိုးသစ် သိနေသည်။

ကိုထော ခေါင်းလေးဆတ်၍ သမီးဆီလှမ်းသွားလျှင် စာကြည့်





ခန်းရှိ ပြတင်းပေါက်လိုက်ကာစလေး ဟကြည့်နေတဲ့ ဦးမိုးသစ် လိုက်ကာစလေး လျှောခနဲ လွှတ်ချလိုက်သည်က နားလည်မှုပေးနိုင်တဲ့ စိတ်ရင်းနဲ့ပဲ ဖြစ်သည်။

သမီး

ဒယ်ဒီနဲ့မာမီရဲ့ဆန္ဒကို နားလည်တတ်ပါကွယ်။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"နေ"

ရင်ထဲမှာ တောင့်တနေတဲ့ အသံကတခြား၊ နားထဲ တိုးဝင်လာတဲ့ အသံကတစ်မျိုး ဖြစ်နေသည်။ အသံကြားရုံနဲ့ ကိုထောမှန်း သိနေလျှင် နေ နှုတ်ခမ်းပါးလေး ဆွဲစေ့ကာ ဆန့်တန်းလိုက်မိသည်။

အဲဒီအမူအရာက နေ ဘဝင်မကျဖြစ်တိုင်း ပြုလေ့ရှိတဲ့ နှုတ်ခမ်းကာရိုက်တာပါ။ တကယ်ဆို ဒယ်ဒီ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး နေ့ရှေ့ရောက်အောင် ကိုထောကို ပို့ခဲ့ဖို့ မကောင်းပါ။

"နေ"

ဒုတိယခေါ်သံ ပိုကျယ်သလို ကိုထောကိုယ်တိုင်လည်း နေ



BURMESE CLASSIC .com



အပါး ရောက်လာသည်။ ရေကူးကန်ဘေးမှာ အလှစိုက်ထားတဲ့ နိုင်ငံခြားမြက်ခင်းစိမ်းပေါ် ရွရွလေးလျှောက်နေတဲ့ နေ့ခြေလှမ်း အလိုလို တန့်သွား၏။

တစ်ပြိုင်နက်တည်းပဲ ကိုထောကိုငဲ့ကြည့်မိတော့ ကိုထော နှုတ်ခမ်းလေး မပွင့်တပွင့်ပြုံးလျှင် နေ့ရင်ထဲ ဖြစ်တည်နေတဲ့ ဘဝင်မကျမှုက ဒီဂရီလျော့ကျသွား၏။

ကိုထောက နေ့မျက်နှာ မှုန်ပျပျလေးကို စာနာစွာပဲ စေ့စေ့ကြည့်ပြီး စကားစသည်။

"နေ နေ ဘာဖြစ်ချင်လဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောလို့ရတယ်၊ နေ ကိုယ့်ကို အားနာစရာ မလိုဘူး"

"ဟွန်း အားနာစရာမလိုဘူးတဲ့"

"ကိုယ်တကယ်ပြောတာ နေ၊ နေနဲ့ကိုယ်ကြားမှာ ပွင့်ပွင့်လင်းလင်း ရှိဖို့လိုတယ်လေ"

"ပွင့်လင်းရမယ်၊ ဟုတ်လား ကိုထော"

ကိုထော အလေးအနက်ထားဟန် ခေါင်းတစ်ချက်ညိတ်လျှင် နေ ကိုယ်ကို ကိုထောဘက် တည့်တည့်လှည့်ကာ မျက်နှာချင်းဆိုင်မိသွားသည်။ ထိုအခါ ကိုထောက အားတက်သရော စကားဆက်၏။

"ပွင့်လင်းဖို့လိုတာပေါ့ နေရယ်၊ အစကတည်းက နေ့ကို ကိုယ် နားလည်မှု ပေးခဲ့တယ်လေ၊ နေ့အတွက်ဆို ကိုယ်ဘာယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဟင့်အင်းဆိုတာ ရှိခဲ့လဲ''

ကိုထောပြောတာ အမှန်တွေမို့ နေ မျက်လွှာစင်းကျသွားသည်။ ပြီးတော့ မျက်တောင်တစ်ချက်ပုတ်ခတ်ကာ ကြည်လင်နေသော ကိုထောမျက်နှာဆီမှာ အကြည့်လွှဲပြီး –

''ဒါပေမဲ့ နေ ဆန္ဒမပါတဲ့ကိစ္စက ဘာလဲ''

ကိုထော မျက်မှောင်ကြုတ်ကြည့်သည်။

''နေ ဘာကိုပြောချင်တာလဲ၊ တည့်တည့်ပြောလေ''

''ဘာရမလဲ၊ အစကတည်းက နေ့ဆန္ဒကို ကိုထော မေးခဲ့လို့လား''

''ဘယ်လို''

''ဟုတ်တယ်လေ၊ ဒယ်ဒီတို့ တစ်ဖက်သတ်စီစဉ်တဲ့အထဲမှာ ကိုထောက ဘာဖြစ်လို့ ခေါင်းညိတ်ရတာလဲ''

နှုတ်ခမ်းစူစူလေးနဲ့ မကျေမနပ်ပြောနေတဲ့နေ စကားအဆုံးမှာ ကိုထောမျက်ခုံးထူထူကြီး ပင့်ကာကြွသွားသလို နှုတ်ခမ်းအစုံလည်း ပြုံးချိုသွားသည်က နေ့အဖို့ တွေးစရာတွေ ဖြစ်စေသည်။ နေ မလုံမလဲဖြစ်လျက် –

''ဖြေလေ၊ ဘာဖြစ်လို့ ခေါင်းညိတ်ရတာလဲ''

''ချစ်လို့ပေါ့ နေ''

''အို ဘာချစ်တာလဲ၊ မချစ်နဲ့၊ သွား''





နေ တစ်ကိုယ်လုံးသာမက အသံတွေပါ တုန်မတတ် ပြောချရင်း ကိုထောနဲ့ဆန့်ကျင်ဘက်ဆီ ကျောခိုင်းလျှောက်ထွက်ခဲ့မိသည်။

ဆတ်ဆတ်ထိမခံပုံစံလေးနဲ့ ဆောင့်အောင့်ပြောလိုက်တဲ့ နေ့အမူအရာလေးက အမြင်မကြည်မဖြစ်တဲ့အပြင် တစိမ့်စိမ့်ငေးမောကြည့်ချင်စရာကောင်းနေခဲ့သည်။

ဆေးရုံကဆင်းပြီး အနည်းငယ် ကိုယ်ရည်စစ်ကျသွားတာက လွဲလျှင် နေက အရင်လိုပင် အလှတွေဖူးလို့နေသည်။

ပုံသွင်းကောက်ထားတဲ့ နေ့ဆံပင်က ဆေးသားပြယ်ကာ ကောက်ရာလေးပင် ကျန်တော့တာက နေ့အလှကို မှိန်မသွားစေပါ။

အိမ်နေရင်းမို့ အပြာနုရောင်ဂါဝန်လေးဆိုတော့ နေက ပိုပြီးတောင် ရင်ခုန်စရာကောင်းနေပြန်သည်။

ပြောပြီး ဆိုးဆိုးဆတ်ဆတ်လျှောက်ထွက်သွားတဲ့ နေ့အမူအရာနောက် ဆံပင်လှိုင်းကောက်ရာလေး တအိအိ နွဲ့ခါသွားသည်က ရေလှိုင်းတွေငေးရသလို အရသာရှိလှနေတော့ စည်းစိမ်ထော ငေးဘဲ မနေပြန်။ ငေးမိတာကလည်း ချစ်လို့ပဲလေ။

''ချစ်တာကို မချစ်နဲ့လို့ တားလို့ရမတဲ့လား နေရယ်''

စည်းစိမ်ထော ရေရွတ်သလို ပြောပေမယ့် နေ မကြားဘဲ နေမတဲ့လား။ နေ ခြေလှမ်း ချက်ချင်းရပ်ပစ်ပြီး –

''အို ချစ်ချင်ချစ်၊ နေ့ ရှေ့မှာ လာမကြော်ငြာနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကြော်ငြာတာ မဟုတ်ဘူး၊ ရင်ဖွင့်တာလေ"

"မဖွင့်နဲ့၊ မကြားချင်ဘူး"

မနှစ်သက်တဲ့ အစားအစာကို အတင်းအကျွေးခံရတော့မယ့် ကလေးလို ခြေတွေဘာတွေဆောင့်ပြီး စူစူပွပွပြောလေလျှင် စည်းစိမ်ထော အပြစ်မယူရက်အောင် ချစ်သွားသည်။

စည်းစိမ်ထော စိတ်ရှည်လက်ရှည်ပဲ ပြုံး၍ နေ့ကို ခေတ္တ ငေးကြည့်လိုက်သည်။ မြက်ခင်းစိမ်းရဲ့ အစွန်ဆုံးအထိ လျှောက်ထွက်သွားပြီးတဲ့ နေ။

ရင်ထဲမှာ ကိုထောကိုပဲ စိတ်ဆိုးမာန်ဆိုးတွေ ဖြစ်ကာ

"နေ့မှာ ချစ်တဲ့သူရှိတယ်၊ ချစ်သူရှိနေတာသိရဲ့နဲ့ ကိုထော ချစ်တယ်လာပြောတော့ နေ ဘယ်နှလုံးသားနဲ့ ရင်ခုန်မလဲ၊ ကိုထောပဲ စဉ်းစားကြည့်"

ရန်တွေ့တာမဟုတ်ဘဲ ရင်ထဲရှိသမျှ ထုတ်ပြောနေသည်က ကလေးဆန်နေပြန်သည်။ ကိုထော နှုတ်ခမ်းလေးစေ့ကာ ပြုံးမိသွားသည်။

ကလေးဆန်နေတဲ့ နေ့ကို လိုက်လိုက်လျောလျော ချော့မော့လျက် ဖျောင်းဖျလိုက်ရင် နေ စိတ်နှလုံးသား သူ့ဆီယိုင်လာမယ်လို့ ယူဆကာ နေ့ဆီ ခြေလှမ်းတိုးရွှေ့ပြီး –

"ကိုယ် စဉ်းစားမိပါတယ် နေရယ်"





"စဉ်းစားမိပြီဆို ကိုယ်ချင်းစာမှပေါ့ ကိုထောရဲ့"

ကိုထောကို လည်ပင်းလေးလိမ်မတတ် နောက်ပြန်ငဲ့ကြည့်ပြီး နေ တစ်ခွန်းထိုး ပြောဏ်။ စည်းစိမ်ထောနှုတ်ခမ်းမှာ အပြုံးတို့ မပြယ်ပါ။ ဆင်စွယ်ရောင်စတိုင်ပင်နီထဲ လက်တစ်ဖက် လျှိုထည့်ကာ

ကျန်လက်တစ်ဖက်ဖြင့် အလယ်ခွဲကျကျ ဖြီးထားတဲ့ ဆံပင်ညိုညိုလေးကို တစ်ချက်သ,လျက် ကိုထော ဆက်သည်။

"ကိုယ် အဖက်ဖက်က ကိုယ်ချင်းစာပြီးသားပါ နေရယ်၊ နေနဲ့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့ မိဘအသိုင်းအဝိုင်းအတွက်လေ"

"အို နေ့နှလုံးသားအတွက်ပဲ ပြောစမ်းပါ၊ ဂုဏ်သိက္ခာတွေဘာတွေကို နေ မမက်ဘူး။ နေ မမက်လို့တဲ့ နေလုပ်ချင်ရာ လုပ်လိုက်တာလေ"

"ဟုတ်ပါတယ်၊ နေလုပ်ချင်တာလုပ်လိုက်တော့ နေ့အတွက် ဘယ်လောက်နစ်နာသလဲ၊ နေ ပြန်စဉ်းစားလေ"

"ဘာ"

"ဟုတ်တယ် နေ၊ နေ လုပ်ချင်ရာလုပ်လိုက်လို့ နေ ဘယ်လို အန္တရာယ်နဲ့ ကြုံတွေ့လိုက်လဲဆိုတာ နေ ကိုယ်တိုင်ခံစားရပြီပဲ"

"တောက် မပြောနဲ့"

ဖျတ်ခနဲ လှည့်ကာ ကိုထောမျက်နှာကို စေ့စေ့ကြည့်ဏ်။ ပြီးတော့ တောက်ခတ်ရင်း ခပ်ပြတ်ပြတ် ဟန့်တားလိုက်ဏ်။



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ထော နည်းနည်းလေးမှ မျက်နှာမပျက်ပါ။ အမှန်ကို ရဲရဲဝံ့ဝံ့ပြောပြရင်း အန္တရာယ်စက်ကွင်းထဲ နေ ဒုတိယအကြိမ် တိုးမဝင်မိစေဖို့ စေတနာအပြည့်နဲ့ ထောက်ပြဖျောင်းဖျခြင်း ဖြစ်သည်။

"ကိုယ်ပြောနေတာ နေ့အတွက်"

"မပြောနဲ့ဆို"

"ပြောရမှာပဲ နေ၊ အချစ်လို့ တကြော်ကြော်အော်ပြီး လမ်းပေါ်ပြေးထွက်သွားလို့ ယာဉ်တိုက်ခံရတာ စွန့်စားတယ်လို့ မခေါ်ဘူး။ မိုက်ရူးရဲတာ"

နေ့အဖြစ်ကို သွေးအေးအေးနဲ့ တွဲကြီးဖိပြောနေတဲ့ ကိုထော၊ အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ဆွဲခြစ်ဖိကိုက်ကာ ကိုထောကို နေ စူးစူးနစ်နစ် စိုက်ကြည့်လျှင် –

ရေကူးကန်အစပ်ရှိ တိုင်ခုံကျောမှီတန်းကို တင်ပါးနဲ့ ကပ်မှီရပ်ကာ ပခုံးနှစ်ဖက်ကို မသိမသာတွန့်ပင့်၍ စည်းစိမ်ထော အားမနာတမ်း ပြောပြန်သည်။

"နေ မိုက်ရူးရဲတဲ့အတွက် နေတစ်ယောက်တည်း ထိခိုက်တာ မဟုတ်ဘူး။ နေ့မိဘ ဘယ်လိုတွေ ခံစားရလဲ၊ ဒါတွေ ထည့်တွက်ဖို့ လိုတယ်လေ"

"မတွက်ဘူး၊ ဘာမှလာမပြောနဲ့"

"ကိုယ် ပြောစရာရှိတာ ပြောမှာပဲ၊ ပြောနေတာကလည်း





နေ့ကို ချစ်လို့၊ မြတ်နိုးလို့၊ နေ့မိဘ ဖြေသာဖို့၊ သိက္ခာရှိဖို့ပဲ၊ နေ တခြားတစ်ယောက်ကိုချစ်နေလို့လည်း ကိုယ်မငြိုငြင်ပါဘူး၊ နေ့နှလုံးသားနဲ့ ချစ်ချင်သလောက် ချစ်ပါ၊ ကိုယ် မကန့်ကွက်ပါဘူး"

"မကန့်ကွက်ရင် နေ့ရှေ့ ဘာလို့လာရတာလဲ"

နေ မာန်ဖီရင်း မေးကာ စည်းစိမ်ထောရှေ့ တဖတ်ဖတ်လျှောက်လာသည်။ စည်းစိမ်ထော ပခုံးနှစ်ဖက်ကို လျှော့ချပြီး လက်နှစ်ဖက်ယှက်ပိတ်ကာ နေ့ကို လေးလေးနက်နက်စိုက်ကြည့်ရင်း ပြောသည်။

"တစ်ဘဝလုံးအတွက် လက်တွဲသွားဖို့လေ"

"သေလိုက်ပါလား၊ ဟွန်း"

မျက်နှာမဲ့ပြီး ပျစ်ပျစ်နှစ်နှစ် နေပြော၏။ ပြောရင်း ခြေလှမ်းကျဲနှင့် ဒေါသတဖွားဖွားဖြစ်ကာ သူ့ရှေ့က ရင်ကော့လျှောက်သွားသည်။

စည်းစိမ်ထော မျက်ခုံးကြီးတွန့်ပင့်ကာ စိတ်မဆိုးရက်ဘဲ ဆက်ပြောသည်။

"နေ့ကို ကိုယ်ချစ်တဲ့အတွက် နေ့ကို လက်တွဲသွားမှာပဲ၊ အဓိက နေနဲ့ကိုယ် လက်ထပ်ကြဖို့ပဲ"

"မထပ်ဘူး၊ လုံးဝပဲနော် ကိုထော၊ ကိုထောကို နေမချစ်ဘူး၊ နေချစ်တဲ့သူကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ နေကတော့



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် မိုက်မှာပဲ၊ ရူးမှာပဲ''

''နေရယ် နေပြောနေတာတွေက နေ ဘစ်သဘောတည်း ချည်းပဲ၊ နေပါဦး၊ အချစ်အတွက် နေ မိုက်ဦးမယ်, ရူးဦးမယ်ဆိုရင် နေ မိုက်ဖို့,ရူးဖို့အတွက် တစ်ယောက်ယောက်လက်ကို ဆွဲရမှာပဲ၊ ဘယ်မှာလဲ နေတွဲမယ့် လက်တစ်ဖက်''

''ရှိတယ်၊ ရင့်လက်တစ်ဖက်ကို တွဲမယ်''

''ကောင်းပြီလေ၊ ရင့်က ဘယ်မှာလဲ''

''ဟင်''

လှည့်မကြည့်ဘဲ အပြင်းအထန် တိုက်ခိုက်ပြောနေတဲ့ နေ၊ ရင့် ဘယ်မှာလဲလို့ ကိုထောမေးချလျှင် နေ ဟင်ခနဲဖြစ်ကာ ကိုထောဘက် ဆတ်ခနဲလှည့်လျက်သား ဖြစ်သွား၏။

ကိုထော မျက်ဝန်းတောက်တောက်နဲ့ နေ့ကိုစိုက်ကြည့်ပြီး မေးဆတ်ကာ အသံတိတ် မေးပြန်သည်။ ရင့်ဘယ်မှာလဲတဲ့။ နေ ရှူးရှူးရှားရှားဖြစ်ကာ ဘာမှပြန်မဖြေနိုင်အောင် တစ်ဆို့သွား၏။

''ရင့်''

''ဟုတ်တယ်လေ၊ အချစ်အတွက် နေ စိတ်ကူးထဲကအတိုင်း နေ မိုက်ရူးရဲလုပ်ပစ်ဖို့ ရင့်လက်တစ်ဖက်ကို နေ ဆုပ်ကိုင်ရမှာပဲ၊ ဆုပ်ကိုင်နိုင်ဖို့ ရင့် လက်တစ်ဖက်က နေ့အပါးမှာ အခစားဝင်နေလို့ လား''





ကိုထောစကားအဆုံးမှာ နေ မျက်နှာပေါ်က တင်းမာခြင်းတွေ နေရာမှာ ညှိုးမှိုင်းလွမ်းမောခြင်းတွေ အစားဝင်ရောက်လာသည်။

မျက်ဝန်းအရောင်လည်း ရီဝေကာ နှုတ်ခမ်းသားတွေ လှုပ်ခါပြီး လွမ်းမောသွား၏။ စည်းစိမ်ထောက နေ့မျက်နှာပေါ်က ပြောင်းလဲသွားသည့် ခံစားမှုကာလာအရောင်တွေကို စာနာစွာပဲ ငေးကြည့်ကာ နေ့ဆီရွေ့လာသည်။

''ပြောလေ နေ၊ နေနဲ့အတူ အချစ်အတွက် မိုက်ရူးရဲကြဖို့ နေ့အပါးမှာ ရင့် အနီးကပ် ရှိနေလို့လား''

ကိုထောမေးလာသည်က နေ့နှလုံးသားကို တိုက်ခိုက်နေသလို မဟုတ်မှန်း နေသိသည်။ အဖြစ်အပျက်ကို စာနာစွာ မေးနေမှန်း အထင်းသား ပေါ်လွင်နေသည်။

စိုက်ကြည့်နေတဲ့ ကိုထောမျက်ဝန်းနှင့် ရင်ဆိုင်ဖို့ အားလျော့ကာ မျက်နှာကို ဆတ်ခနဲ ခါလွှဲလိုက်သည်က ချက်ချင်း။

နေ ဆေးရုံကရောက်ကတည်းက ရင့်မျက်နှာ မမြင်ရတာ ခုချိန်ထိ။ ဘာဖြစ်လို့ နေနဲ့တွေ့ဖို့ မကြိုးစားရတာလဲ ရင့်ရယ်။

မာနမထားရက်သော်လည်း နှလုံးသားက ဝမ်းနည်းလာတာ အမှန်။ ကေတို့ပြောသလို ရင့်က မြွေတစ်ကောင်လိုပဲ နေ့နှလုံးသားမှ လျောခနဲ ကျော့ခိုင်းထွက်သွားတာ မှန်နေပြီလား။

''နေ့မှာတော့ ဒယ်ဒီတို့ မျက်ခြည်မပြတ် စောင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားတဲ့ကြားက အခွင့်အရေးရရင် ရင့်နှလုံးသားထဲ နိုဝင်ဖို့တာဆုနေခဲ့မိတာ''

ဟောဒီမှာလေလို့ မခံချင်စိတ်နဲ့ ရင့်လက်ကို ဆုပ်ကိုင်ဆွဲပြလိုက်ဖို့ ရင့်က ဘယ်မှာလဲကွယ်။

''နေရယ်၊ အချစ်ဆိုတာ စိတ်ကူးယဉ်စရာကောင်းပါတယ်ကွာ''

''ဟင့် ဟင့် ဟင့် မပြောနဲ့တော့''

ဘယ်အချိန်ကတည်းက ဝမ်းနည်းကြီးစွာ နိုအောင်းနေသောမျက်ရည်တို့ ဒလဟောပြိုကျလာသည်က မျက်တောင်တို့နှင့် ပုတ်ခတ်သိမ်းသွင်းချိန် မရတော့ပါ။

တစ်ချက်ရှိုက်ရင်း တုံးတိတိဟန့်တားတဲ့ နေ့စကားလုံးနောက်မှာ နေ့ကိုယ်က အားအင်ချည့်နဲ့ကာ ပြိုကျမတတ် ဖြစ်ရသည်သာ။

စည်းစိမ်ထော သက်မလေးချကာ စာနာတဲ့ခြေလှမ်းတွေနဲ့ နေ့ရှေ့ တိုးသွားသလို အချစ်အတွက် မိုက်ရူးရဲဆန်ချင်နေတဲ့ နေ့နှလုံးသားကို မြတ်မြတ်နိုးနိုးပဲ ဖေးမချင်စွာ။ နီးနီးကပ်က မျက်နှာချင်းဆိုင်ရပ်၍ နေ့မျက်နှာလေးကို ငုံ့ကြည့်သည်။

မျက်ရည်တို့နှင့် စိုအိနေသော ပါးပြင်ထက်မှာ နေမျက်ရည်တွေကို လက်ညှိုးလေးနဲ့ ကြင်နာတို့ထိ ဖယ်ရှားပေးသလို နေ့ဆံပင်





တွေကိုလည်း သ,ပေးရင်း–

''နေ မပြောနဲ့ဆို ကိုယ် ဘာမှမပြောတော့ဘူး နေ၊ ဒါပေမဲ့ရင့်သာ နေ့အပါးမှာ အဆင်သင့်ရှိရင် ကိုယ် တစ်မျိုးတစ်ဖုံ စဉ်းစားပေးမှာပါကွာ၊ ဒီအခြေအနေမှာ ကိုယ် ဘာကို စဉ်းစားပေးရမလဲ၊ သေချာတာက နေ့နှလုံးသားကို ဖြေသိမ့်ပေးဖို့ပဲ''

''ဟင့် ဟင့်၊ ရင့်ကိုပဲ နေချစ်တယ် ကိုထောရယ်''

ကိုထောပခုံးပေါ် မျက်နှာလေးမှောက်ချရင်း အားကိုးတကြီးငိုရှိုက်လိုက်တဲ့ နေ့ကိုယ်လုံးလေးက နှလုံးသားလေးအတိုင်း တဆတ်ဆတ် တုန်ခါနေသည်။

နေကျောပြင်ကို ဖွဖွလေးသိုင်းဖက်ကာ စည်းစိမ်ထော လက်က ကြင်နာစွာ ပွတ်သပ်နှစ်သိမ့်ပေးမိတာက ချစ်တဲ့စိတ်နှင့်ပဲဖြစ်သည်။

''ရင့်ရယ်၊ ရင့် ဘယ်မှာလဲ၊ နေ့ဆီ ပြေးလာပါကွယ်၊ ရင့်လက်တစ်ဖက်ကို နေ ဆုပ်ကိုင်ပါရစေ၊ အချစ်ကလွဲပြီး နေ ဘာမှမမက်ဘူး၊ တကယ်၊ ဟင့် ဟင့်၊ ရင့်''

ရင်ထဲမှာ ကြိတ်မနိုင် ခဲမရ ဟစ်ကြွေးမိသည်က နေ ရင်ခေါင်းအသံတွေနဲ့အတူ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

''နေ့နှလုံးသားထဲက ပြင်းထန်တဲ့အချစ်စိတ်ကို မျက်ရည်တွေနဲ့အတူ မျှောချလိုက်ပါ နေရယ်''

လို့ စည်းစိမ်ထော ထိုမျှပဲ ပြောမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ခွင်ထဲဝင်ပြီး ရင့်ကိုချစ်တယ်လို့ ကြွေးကြော်နေတဲ့ နေ့ကို သူ နည်းနည်းလေးမှ မငြိုငြင်ရက်ပါ။

သေချာတာက နေ့ကို မစွန့်ရက်အောင် သူ ချစ်နေတယ် ဆိုတဲ့ ခေါင်းစဉ်ကလွဲပြီး တခြား ဘာရှိဦးမှာလဲ။

ဟုတ်တယ်နော် စည်းစိမ်ထော။

သူ့ကိုယ်သူ ပြန်မေးကာ။

✿ ✿ ✿



## အခန်း (၁၇)

"သေချာလို့လား သက်နောင်"

"ဟကောင်ရ ငါ မသေချာဘဲ ပြောမလားကွ၊ သတင်း အနိုင်အလုံရထားတာ၊ နေနှင်းဆီနဲ့ စည်းစိမ်ထောကို စေ့စပ်တော့မယ်၊ ဖိတ်စာတောင် ဝေပြီးပြီ"

"တောက်"

စိုးပြည့် ခံပြင်းစွာ တောက်ခတ်ရင်း လက်သီးကို ကျစ်ကျစ် ဆုပ်လိုက်သည်။

ရင့်သတင်း ဘယ်မှာမှ အနံ့မရခဲ့လို့ ရင်ထဲ မကျေမနပ် ဖြစ်နေတဲ့စိုးပြည့်။ ခရီးရောက်မဆိုက် နေနှင်းဆီနဲ့ စည်းစိမ်ထောကို



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပေးတယ်ကွလို့ သက်နောင် ဆီးပြောလျှင် ငိုချင်တဲ့စိတ်လည်း ဖြစ်မိသည်။

သချောလား ထပ်မေးတော့ ဖိတ်စာတောင်ဝေပြီးပြီးတဲ့။

ခံပြင်းလွန်းလို့ စိုးပြည့် တောက်မခတ်ဘဲ မနေနိုင်တော့။ တောက်ခတ်ရင်း ဦးမိုးသစ်မျက်နှာလည်း ပြေးမြင်လာတော့ မကျေမနပ်စိတ်တွေ ထလာသည်။

ထို့ကြောင့် စိုးပြည့် အံတင်းတင်းဖိကြိတ်ကာ ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားရင်း လက်သီးကျစ်ကျစ်ဆုပ်သည်။ သန့်စင်က–

လက်တစ်ဖက် ခါးထောက်ရပ်နေရာမှ ခေါင်းတစ်ချက် ရမ်းပြီး မအီမလည်ပြောသည်။

"ဒီလူကြီး ဘာတွေ လျှောက်လုပ်နေတာလဲကွာ"

"လျှောက်လုပ်တာ မဟုတ်ဘူး၊ လူလည်ကျတာကွ"

သက်နောင် ကန့်စပ်ရှိ ခုံတန်းမှာ လက်ပိုက်လျက် ခပ်လျောလျောမှီထိုင်နေရာမှ အေးအေးစက်စက်ပြောလျှင် စိုးပြည့်မျက်နှာ ပို၍ တင်းမာသွားသည်။

ခံပြင်းမှုတွေက ကေသစ်ပြောင်းထားတဲ့ စိုးပြည့်ဆံပင်တိုတိုလေးတွေပါ ထောင်ထလာသည်။

"ဒီလိုလူလည်ကျလို့ ရမလား ဦးမိုးသစ်ရယ်"

"ဟုတ်တယ် စိုးပြည့်၊ ဒီလူကြီး လူလည်ကျတာကို ငါ





လုံးဝ လက်မခံချင်ဘူး၊ မင်းရော"

"ဟ လက်ခံနိုင်စရာမှ မဟုတ်ဘဲ"

"ဒါဆို မင်း ဘာဆက်လုပ်မလဲ စိုးပြည့်"

သက်နောင် အချက်ကျကျပဲမေးသည်။ သန့်စင်ကလည်း ခေါင်းဆတ်၍ ဒါပဲမေးသည်။

"ဟုတ်တယ် စိုးပြည့်၊ မင်း ဘာဆက်လုပ်မလဲ၊ ပြောကွာ၊ ငါတို့ကောင်တွေက လက်မခံနိုင်တာပဲ သိတယ်၊ ဘာလုပ်ရမလဲဆိုတာ တွေးလို့မရဘူး၊ မင်း အကြံထုတ်စမ်းကွာ"

စိုးပြည့်နား လျှောက်သွားရင်း သန့်စင် အားကိုးတကြီး ပြောသည်။ သူတို့အုပ်စုထဲမှာ စိုးပြည့်က အကြံအဖန်ကောင်းသလို ခွင်ဆင်တာကောင်းတဲ့ ဖြတ်ထိုးဉာဏ်လည်း အပီရှိသည်။

ဘာကိစ္စဖြစ်ဖြစ် စိုးပြည့်ကြံလိုက်ရင် မဖြစ်ဘူးဆိုတာ မရှိသလောက်ပဲ။ စိုးပြည့် ကုံကော်ပင်စည်ကို လက်တစ်ဖက်ဆန့်ထောက်ရင်း ကျန်လက်တစ်ဖက် ခါးထောက်လျက် မတ်မတ်ကြီးရပ်ကာ အမြင့်တစ်ဆုံးကြည့်ရင်း ခေတ္တ ငြိမ်သက်သွားသည်။

သချောတာက ငြိမ်သက်နေတဲ့ကန့်ရေပြင်ကို အာရုံစိုက်ကြည့်ရင်း အကြံကောင်းထုတ်နေခြင်း။ သန့်စင်နဲ့ သက်နောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တိတ်ဆိတ်နေသည်။

အတန်ကြာမှ –



www.burmeseclassic.com

www.burmeseclassic.com



"နေနှင်းဆီ သဘောထားက ဘယ်လိုလဲ၊ တကယ်လို့ ဒီ စေ့စပ်ပွဲကို လက်မခံသင့်ဘူး၊ နေနှင်းဆီလက်ခံတာက ငါတို့ကောင် တွေအတွက် တအားလျော့နေတယ်၊ ပြီးတော့ ရင့်၊ ဒီကောင့်သတင်း အနံ့မရတာ ခက်တယ်ကွာ၊ တောက်"

စိုးပြည့် ခြောက်ကပ်ကပ်ပြောရင်း အခြေအနေအရပ်ရပ်ကို မ်ကျေမနပ်ရှုတ်ပြုပြီး တောက်ခတ်ပြန်သည်။

"ဒါဆို နေနှင်းဆီရဲ့စေ့စပ်ပွဲကို ငါတို့ကောင်တွေ လက်ပိုက် ကြည့်နေရမှာလား"

"ဝေးသေးကွာ"

"မင်း ဘာလုပ်မယ်စိတ်ကူးလဲ စိုးပြည့်"

သူငယ်ချင်းနှစ်ယောက်က ဒါပဲ စိတ်အားထက်သန်နေသည်။ စိုးပြည့် နှုတ်ခမ်းပါးကို ခပ်ဖိဖိစေ့ပိတ်၍ အံကြိတ်ကာ မျက်နှာကိုပါ မဲ့ပြီး အနိုင်အမာ ပြောချသည်။

"စေ့စပ်ပွဲက ဘယ်တော့လဲ"

"သန်ဘက်ခါဆိုလား၊ ဖိန်းနွဲခါဆိုလား"

"ကောင်းပြီ၊ စေ့စပ်ပွဲ မဖြစ်ခင် နေနှင်းဆီကို မရရအောင် မ,ပြေးမယ်"

"ဟေ"

သက်နောင် ထိုင်နေရာမှ ဆတ်ခနဲထကာ စိုးပြည့်ဆီ





လျှောက်သွားသလို သန့်စင်လည်း ပါသွားသည်က မယုံနိုင်အောင် အံ့ဩလို့ပဲ ဖြစ်သည်။

"ဘယ်လို စိုးပြည့်"

ကုံ့ကော်ပင်စည်မှာ လက်ထောက်ထားရာမှ စိုးပြည့် လက်ရုပ် ကာ သူငယ်ချင်းတွေဘက် မျက်နှာချင်းဆိုင်လှည့်ပြီး ပြတ်ပြတ်သား သားပဲ ပြောသည်။

"နေနှင်းဆီကို မရ,ရအောင် ခိုးပြေးမယ်"

"ဖြစ်မလား"

"ဖြစ်အောင်ခိုးမယ်ကွာ"

စိုးပြည့် အနိုင်အမာပြောသည်က အားနဲ့အင်နဲ့ ဖြစ်သည်။ နေနှင်းဆီကို မရ,ရအောင် ခိုးမယ်တဲ့။ ခိုးပြီး ဘာဆက်လုပ်မှာလဲ။

သက်နောင်နဲ့သန့်စင် ခေါင်းတွေ အလိုလို ရမ်းကုန်သည်။

"ဘာလဲ၊ မင်းတို့က မဖြစ်နိုင်ဘူး ထင်လား"

"မဟုတ်ဘူး စိုးပြည့်၊ ရင့် မရှိဘူးလေကွာ၊ နေနှင်းဆီကို ခိုးပြီး ဘယ်လိုလုပ်ကြမှာလဲ"

"လွယ်လွယ်လေး၊ အကျိုးအကြောင်းပြောပြီး နေနှင်းဆီ ကို စည်းရုံးမယ်၊ ဟိုလူကြီး လက်လှမ်းမမီတဲ့ နေရာမှာ နေနှင်းဆီကို ဝှက်ထားမှာပေါ့ကွ၊ ဒီကြားထဲ ရင့်ဆက်သွယ်လာရင် အိုကေလေကွာ"

"ငါတော့ မထင်ဘူး စိုးပြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဒီအတောအတွင်း ရင့် လုံးဝ အဆက်အသွယ်လုပ်မှာ မဟုတ်ဘူး၊ ရင့်အဆက်အသွယ်လုပ်ရင် ဦးလူကြီးပေးထားတဲ့ ဆယ်နှစ်တင်းတင်းပြည့်တဲ့နေ့ပဲ ဖြစ်မယ်"

ရင့်စိတ်နဲ့မာနကို ဖတ်တတ်နေတဲ့ သက်နောင် ထင်မြင်သည့်အတိုင်း ပြောလျှင် စိုးပြည့် တစ်ချက်တွေဝေသွားသည်။

"ဖြစ်နိုင်တယ်စိုးပြည့်၊ ရင့် ဒီအတောအတွင်း အဆက်အသွယ်လုပ်မယ်လို့ မထင်ဘူး၊ ရင့်မာနက အမြင့်ဆုံးရောက်အောင် ထောင်တက်နေပြီ၊ ရင့်မျက်နှာ မမြင်ရရင် နေနှင်းဆီက မင်းစည်းရုံးတဲ့အတိုင်း ပါမတဲ့လား။ လက်ရှိအခြေအနေက ငါတို့လိုက်လို့ မမီဘူးကွ၊ ဦးလူကြီး သူ့သမီးကို သူ ဘယ်လိုပုံစံကိုင်ထားလဲမှ မသိတာ၊ နေနှင်းဆီကို အရင်ကလို လွတ်လွတ်လပ်လပ် သွားလာခွင့်မပေးရုံမကဘူး၊ ခြံပြင်တောင် ထွက်ခွင့်မပေးတာ မင်းလည်းအသိပဲ"

သန့်စင်ကလည်း တွေးတွေးဆဆ ဝင်ပြော၏။ စိုးပြည့်မျက်လွှာချကာ တင်းထားသမျှ ပျော့ကျသွားသလို ဖြစ်သည်။ စိတ်ရှုပ်သလို ဆံပင်တွေ တစ်ချက်သ,ရင်း ရေကန်စပ်ဆီ ဦးတည်ရာမဲ့လျှောက်သွားလျှင်

"ဒီကိစ္စက စိတ်လိုက်မာန်ပါ လုပ်လို့မရဘူး စိုးပြည့်၊ အခုက နေနှင်းဆီရင်ထဲမှာ ဘာတွေရှိနေလဲ၊ အဲဒါသိရရင် ငါတို့ကောင်တွေ





တစ်ခုခု လုပ်ခွင့်ရနိုင်တယ်"

"ဒါဆို နေနှင်းဆီနဲ့ ထိပ်တိုက်တွေ့မယ်ကွာ"

စိုးပြည့် ဖွတ်တရွတ်ဆန်ဆန် ပြော၏။

ဒီတစ်ကြိမ် မဖြစ်နိုင်ဘူးလို့ သန့်စင်နဲ့သက်နောင် ပြောဖို့နှုတ်မထွက်ပေ။ စိုးပြည့်က ပြောရင်ပြောတဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်တတ်သူ။

ခိုးပြေးမယ်ဆိုလည်း မရ,ရအောင် ခိုးပြေးမယ်ဆိုတာ သူငယ်ချင်းမို့သိနေသည်။ ခိုးပြေးရင် ပြဿနာက တောက်လျှောက်ပေါ်လာနိုင်သည်။

ခိုးပြေးတာထက် ထိပ်တိုက်တွေ့တာက ပိုအဆင်ပြေနိုင်မည်။

သက်နောင်နဲ့သန့်စင်က ထိုအတွေးနဲ့ ပြိုင်တူခေါင်းဆတ်ထောက်ခံ၏။

"အင်း၊ ထိပ်တိုက်တွေ့ရင် အိုကေနိုင်တယ်၊ မင်း ဘယ်တော့လောက် တွေ့ဖြစ်မလဲ"

"ဒီညကွာ"

"ငါတို့ကောင်တွေလည်း လိုက်မယ်"

"လိုက်ရမှာပေါ့ကွာ၊ နေနှင်းဆီနဲ့ ထိပ်တိုက်တွေ့ပြီး ငါတို့အားလုံး အပီ ဆွေးနွေးမယ်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



သန့်စင် လက်ဖျစ်တီးကာ အားတက်သရော ထောက်ခံသည်က ရင့်နှလုံးသားလေး အချစ်တွေနဲ့ လန်းစေဖို့ပဲ ဖြစ်သည်။

ရင့်ရေ

မင်းအချစ်ခရီး ဖြောင့်ဖြူးဖို့ ငါတို့ကောင်တွေ ကြိုးစားနေတယ်ကွ။

✿ ✿ ✿



## အခန်း (၃၈)

ည။

တိတ်ဆိတ်တဲ့ညက ပဝါခြုံထားသလို ကျွန်ုပ်ရရ ရှိနေပါသည်။ ကျွန်ုပ်မရတာက နေ့နှလုံးသားပါ။

နက်ဖြန် ကိုထောနဲ့ စေ့စပ်ပေးမတဲ့။ ကိုထောကို နေ မချစ်ဘူးလို့ အတန်တန်ပြောထားရဲ့နဲ့ စေ့စပ်ပွဲပြန်လုပ်ဖို့ တာဆူတာ ဘာသဘောလဲ ကိုထောရယ်။

ဘာသဘောနဲ့ဖြစ်ဖြစ်ပေါ့ နေစိတ်မဝင်စားပါ။ နေ စိတ်ဝင်စားတာက ရင့်ကိုလေ။ ရင်ခုန်သံမြန်နေတဲ့ နေ့နှလုံးသားက ရင့်လက်တစ်ဖက်ကို ရဲရဲဝံ့ဝံ့ဆုပ်ကိုင်ချင်စိတ် ပြင်းပြကာ။



www.burmeseclassic.com

www.burmeseclassic.com



ရင့်ရယ်

ရင့် ဘယ်မှာလဲလို့ အသံတိတ် မေးခွန်းမေးမိသလို နေ့ရှေ့လာခဲ့စမ်းပါလို့ ခေါ်ဆိုမိပြန်သည်။

"နေ့ကိုချစ်တယ်ဆို ဟင့် ဟင့် ဟင့်"

အချစ်စိတ်နဲ့ ပြန်မေးလျက်နှင့် နေ့နှလုံးသား တောင့်တင်းမထားနိုင်အောင် ဝမ်းနည်းလာကာ။

ဣန္ဒြေရရ ဖြစ်နေရှာတဲ့ ညမှာ နေ နှလုံးသားကွဲအက်သောငိုရှိုက်သံလေး ရှန်းထွက်လာလေပြီ။ ငိုရှိုက်သံသောသောကို ညဉ့်လေပြည်နုအေး သယ်ဆောင်သွားလျှင် –

✿

"ဟင်"

စိုးပြည့် တအားတက်တက်ကာ မျက်ဝန်းအရောင်တောက်ပသွားသည်။ ညဉ့်လေနုအေးသော့သော့ကြား ခိုစီးလာတဲ့ ငိုရှိုက်သံ။

ငိုရှိုက်သံသဲ့သဲ့က နေ့အသံမှန်း မှတ်မိသွားလျှင် အသံလာရာဆီ ဖျတ်ခနဲ အကြည့်ရောက်သွားသည်။

ပြတင်းတံခါးတစ်ချပ် ပွင့်နေသော အိပ်ခန်း၊ ညအိပ်မီး ဝါ





သာသာလေး လဲ့လဲ့လင်းနေပါသည်။ ပြတင်းပေါက်မှ အလှတပ်ထားတဲ့ အဝါနုရောင်လိုက်ကာစကို ညဉ့်လေအေးယုယလျှင် နှော့နှော့လှုပ်နေ ရှုနေလေသည်။

လိုက်ကာစလေး လှုပ်ရှားမှုနောက်မှာ ရေးရေးလေး မြင်ရတဲ့ ပုံရိပ်။

နေမှ နေအစစ်။

စိုးပြည့် လက်ဖျစ်တစ်ချက်တီးလိုက်သည်။ ဟိုကောင်တွေကိုလည်း တစ်ဆက်တည်း လက်ချောင်းလေးတွေလှုပ်ကာ လှမ်းခေါ်လိုက်သည်။

ညမှောင်ရိပ်ခို၍ ခြံဝင်းထဲ ကျော်ဝင်လာပြီးနောက် အုတ်တံတိုင်းထောင့် မှောင်ရိပ်မှာ ဝပ်နေကြတဲ့ သက်နောင်နဲ့သန့်စင်။

ကုံကော်ပင်ပေါ်မှ စိုးပြည့် အောက်ကို ပြန်ငုံ့ကြည့်သည်။ နေနှင်းဆီနဲ့ ထိပ်တိုက်တွေ့ခွင့်ရဖို့အတွက် စိုးပြည့် ဦးစွာ ခြံဝင်းထဲဝင်ခဲ့သည်။

အခြေအနေကို အကဲခတ်လို့ရအောင် လက်တစ်ဖက်ခန့်ရှိတဲ့ ကုံကော်ပင်ကြီးဆီ လွှားခနဲတက်ကာ မျက်လုံးလျှင်လျှင်နဲ့ အချိန်အတော်ကြာ အကဲခတ်ကြည့်သည်။

ထို့နောက် ပွင့်နေတဲ့အိပ်ခန်းထဲမှာ ဖွဲ့လွင့်လာတဲ့ ရှိုက်သံကြားက နေနှင်းဆီမှန်းသိရတော့ အားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်နောင်နဲ့သန့်စင်ကို အခြေအနေကောင်းမှန်းသိလို့ လက်ယပ်ခေါ်လိုက်သည်။ သက်နောင်တို့နှစ်ယောက်လည်း လျှင်သည်။ ခေါ်လိုက်သည်နှင့် လှစ်ခနဲဆို အုံ့မှိုင်းနေတဲ့ ကံ့ကော်ပင်အောက် ရောက်လာပြီး

"တက်ခဲ့မယ်ကွ"

သန့်စင်ပြောလျှင် စိုးပြည့် တက်ခဲ့ဖို့ပြောသည်။ သန့်စင် တံ့ဆိုင်းမနေ။ ပင်စည်လုံးပတ်ကို ဖက်ကာ လွှားခနဲ တက်သလို၊ သက်နောင်လည်း နောက်က လိုက်တက်လာသည်။

နေ့အခန်းနားထိ ကိုင်းဖျားရှည်ကြီး ဆန့်ထွက်နေသော ကံ့ကော်ကိုင်းဆီ စိုးပြည့်ဦးဆောင်လာခဲ့သည်။

ညဉ့်ကတော့ တိတ်ဆိတ်နေဆဲ။

နေရဲ့ ရှိုက်သံနှော့နှော့လေး တိုးတိုးသာသာ ကြားနေရသည်။

နေနှင်းဆီရယ်

နေနဲ့ရင့် နှလုံးသားဝေဒနာကို ငါတို့မကြည့်ရက်ဘူး။ ဒါကြောင့် ငါတို့ ကူကယ်ဖို့ လာနေပြီလေ။

ဘာမှ အားမငယ်နဲ့။

မငိုပါနဲ့ နေနှင်းဆီရယ်။

ပေါင်လုံးနီးပါးရှိတဲ့ ကံ့ကော်ကိုင်းမကြီးမှ သုံးယောက်သား အစီအရီနှင့် ပြတင်းပေါက်ကို ဖက်တွယ်ကာ အခန်းထဲ ခုန်ဝင်လိုက်





တဲ့အခါ –

"အမေ့"

ခုတင်တိုင်ကိုမှီလျက် နေနှင်းဆီ ငိုရှိုက်နေရာမှ လန့်လန့်ဖျပ် ထရပ်ကာ မျက်လုံးကလေးများ ပြူးထွက်သွားသည်။

"ရှင် ရှင်တို့"

လို့ တအံ့တသြဖြစ်သွားသော အသံအိုင်အိုင် လှိမ့်ထွက်လာသည်။

"ရှူး"

စိုးပြည့်က နေရာတကာမှာ သွက်သည်။ ခုတင်ဘေးမှ မတ်မတ်ကြီးရပ်ကာ တအံ့တသြ လက်ညှိုးထိုးနေရှာတဲ့ နေနှင်းဆီရှေ့ ခြေတစ်လှမ်းတိုးသွားသည်။

နှုတ်ခမ်းမှာ လက်ညှိုးကန့်လန့်ကပ်၍ တိတ်တိတ်နေဖို့ ပြော၏။

ထိုအခါ နေနှင်းဆီ နှုတ်ခမ်းနှစ်လွှာကို လက်ချောင်းလေးတွေနဲ့ ထိကပ်ပိတ်မိသွားသည်။ ရင့်သူငယ်ချင်းတွေ ညအချိန်မတော် နေ့အခန်းထဲ ဘာကြောင့် ဝင်လာတာလဲ။

ရင့်နဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်စေဖို့ ပြောပါကွယ်။

ထိုစဉ်

ဖျတ်ခနဲ မီးချောင်းတွေ ထပ်လင်းလာသလို အခန်းတံခါးချပ်



www.burmeseclassic.com

www.burmeseclassic.com



ရှန်းပွင့်လာသည်နှင့် တစ်ပြိုင်နက် ဘွားခနဲပေါ်လာတဲ့ ဒယ်ဒီ့မျက်နှာ ရင့်ရင့်။

အခန်းထဲရောက်နှင့်နေတဲ့ စိုးပြည့်တို့သုံးယောက် ရုတ်ခြည်း ကြက်သေသေသွားသည်။ ခြေလှမ်းတွေ နောက်ဆုတ်ဖို့ပြင်လျှင်

"နေဦး မောင်ရင်တို့"

အန်ကယ့်နောက်က ကပ်ပါလာတဲ့ စခန်းမှူးဦးတင့်လွင်။ ထို့နောက်မှာ တာဝန်ရှိ လူကြီးသုံးဦး။

"ဒယ်ဒီ"

နေ အခြေအနေအရပ်ရပ်ကို အလိုလိုသဘောပေါက်သွားကာ နေ ဒယ်ဒီ့ဆီ ပြေးကပ်၍ အားကိုးတကြီး ခေါ်မိ၏။

ဒယ်ဒီ့မျက်နှာထား အရောင်ပြောင်းမသွားပေ။ နေ့ကိုဆွဲကာ အခန်းထဲမှ ထုတ်ခဲ့သည်။ အခန်းပြင်မှာရှိနေတဲ့ မာမီ့လက်ထဲ နေကို ပြောင်းပေးကာ အခန်းထဲ ဒယ်ဒီပြန်ဝင်သွားလျှင် မာမီ့ကိုဖက်၍ နေ ဟီးခနဲ ငိုချလိုက်သည်။

နေ့အခန်းထဲမှာ စိုးပြည့်တို့သုံးယောက်၊ ဒယ်ဒီ၊ စခန်းမှူး အပါအဝင် တာဝန်ရှိလူကြီးသုံးဦး။ ဘာတွေဖြစ်ကြမလဲ။

သိခွင့်မရအောင် မာမီက နေ့ကို အခြားအခန်းတစ်ခုထဲထည့်ကာ တံခါးပိတ်ပစ်၏။

"မာမီ ဟီး"





နေ အခန်းတံခါးပြင်းပြင်းထု၍ ခေါ်သလို ငိုလည်း ငိုပြန်သည်။ အခြေအနေက ဘယ်အထိ ဆိုးစေမလဲ။

နေ လိုက်မမီတော့ပါ။

✿

"တောက်"

ဦးမိုးသစ် ကြိတ်မနိုင်ခဲမရ တောက်ခတ်ကာ ထိုသုံးယောက်ကို နာနာကြည်းကြည်း စိုက်ကြည့်လိုက်သည်။

ခင်းတို့ ဒီလိုတွေ ကြံလာလိမ့်မယ်လို့ ဦးမိုးသစ် ကြိုသိနေလို့ အစစအရာရာ စီစဉ်ပြီး အသင့်စောင့်နေခဲ့ခြင်း ဖြစ်သည်။

စောင့်နေတဲ့အတိုင်းလည်း တကယ်မိနေပြီ။

"ကဲ ဘာပြောချင်သေးလဲ၊ ငါ့ပိုင်နက်ထဲ ကျူးကျော်လာတဲ့ မင်းတို့ တစ်သက်လုံး နောင်တရသွားစေရမယ်၊ ကိုတင့်လွင် ထိထိရောက်ရောက် အရေးယူပေးစမ်းပါဗျာ"

ဦးမိုးသစ်ရဲ့ အငြိုးကြီးတဲ့အသံဝါကြီးနောက်မှာ စခန်းမှူး ဦးတင့်လွင် ခေါင်းဆတ်၏။ စိုးပြည့်က မျက်နှာထားမော့ပြီး ရယ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ မျက်နှာမဲ့သွားသော်လည်း သုံးယောက်စလုံး ခုချိန်မှာ မျက်နှာမှန်တိုင်းတွေ ထန်နေပါသည်။

အဖမ်းခံရမယ့်အတွက် မဟုတ်ပါ။

ကလိမ်ကကျစ်ဆန်လွန်းတဲ့ ဦးမိုးသစ်ရဲ့အတ္တကြောင့် ဖြစ်သည်။ စိုးပြည့်ရယ်လျက် သက်နောင်နဲ့သန့်စင်လည်း မထေမဲ့မြင် မျက်နှာမဲ့ကာ သရော်၏။

ဒီအမူအရာမျိုးကို ဦးမိုးသစ် မျက်စိစပါးမွေးစူးသည်။ မဲ့မဲ့ရွဲ့ရွဲ့ ရယ်နေသည့် စိုးပြည့်ကို စိုက်ကြည့်ပြီး –

"ဒီမှာ စိုးပြည့်၊ မင်းတို့ လျှင်တယ်ဆိုတာ ငါအိပ်နေသလောက်ပဲ ရှိတယ်၊ ငါ့သမီးကို မင်းတို့ပယောဂနဲ့ ဟိုခွေးသူတောင်းစား လက်ထဲမှာ အပါခံရလောက်အောင် ငါ မတုံးသေးဘူးကွ"

"ဟွန့် အန်ကယ်တုံးတာမဟုတ်ဘူး၊ အန်ကယ် ကောက်ကျစ်တာ၊ လူကြီးဖြစ်ပြီး လက်တစ်လုံးခြား ကလိမ်ကျတာ၊ ဘယ်နည်းနဲ့မှ ကျွန်တော် လက်မခံနိုင်ဘူး"

"ဘာပြောတယ်ကွ"

"အန်ကယ်ကြားတဲ့အတိုင်းပဲ"

"တောက်"

ဦးမိုးသစ် တောက်ခတ်ပြီး ရှေ့တိုးလျှင် စခန်းမှူး ဦးတင့်လွင် အရှေ့က ကာဆီးဟန့်တား၍ –





"ကိုမိုးသစ် စိတ်လျှော့ပါ၊ သူတို့ကျူးကျော်တဲ့ကိစ္စ ဥပဒေအတိုင်း ဖြစ်စေမှာပါ"

"ရတယ် စခန်းမှူး၊ ဥပဒေအတိုင်း လုပ်ပါ၊ ဒါပေမဲ့ ဦးမိုးသစ် ကလိမ်ကကျစ်ကျတဲ့ကိစ္စကိုလည်း စခန်းမှူး ဖြေရှင်းပေးပါ"

စိုးပြည့် ခပ်ရဲရဲ စခန်းမှူးကို တဲ့ပြောသည်။ စခန်းမှူး ဦးတင့်လွင် ဒီကိစ္စမှာ အတော်ခေါင်းစားရသည်။

တစ်ကြိမ်လည်း ဒီလိုဖြစ်ပြီးပြီ၊ အခုတစ်ခါ စိုးပြည့် စိတ်ဆတ်ဆတ်နဲ့ ပြော၏။

"ရင့်ကို ဆယ်နှစ်ရက်ချိန်းပေးပြီး စိန်ခေါ်လိုက်တဲ့ ဦးမိုးသစ် အတ္တကို ဘယ်လိုဖြေရှင်းပေးမလဲ"

လက်နှစ်ဖက် ခါးထောက်ပြီး တည့်တည့်မေးချလိုက်တဲ့ စိုးပြည့်စကားလုံးက ဦးမိုးသစ်ရင်ဘတ်ကို ဒိုင်းခနဲ မှန်စေသည်။

ဦးမိုးသစ်မျက်နှာ ညဥ့်အရောင်လို ရုတ်ခြည်း မှောင်ကျသွားသည်။ တာဝန်ရှိလူကြီးသုံးဦးနဲ့ စခန်းမှူး ဦးတင့်လွင်တို့ ဦးမိုးသစ်ကို ငဲ့ကြည့်လျှင် –

ဦးမိုးသစ်မျက်နှာ ဖရိုဖရဲ ဖြစ်သွားကာ –

"ဟေ့ ဘယ်နှနှစ်ပဲဖြစ်ဖြစ် ငါ့သမီးကိစ္စ ငါ စိတ်ကြိုက်စီစဉ်လို့ ရတယ်၊ ငါ့စည်းစိမ်နဲ့ ငါ့သမီးကို ချိုင်ယူမယ့် မင်းတို့လို အညတရ အတွက် ငါ ဘာကိုမှ မမှုဘူး၊ ရှုးချင်တဲ့ကောင် ရှူးပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတန်မဲ့ စိန်ခေါ်ကတိပေးပြီးခါမှ ရင့်ကို အန်ကယ်မတရားသဖြင့် အရှုံးလုပ်တာ ကျွန်တော်တို့ ဘာမှဆင်ခြင်နေဖို့ မရှိဘူး။ အန်ကယ်သတ္တိရှိရင် ဆယ်နှစ်တင်းတင်းမပြည့်ဘဲ ကိုထောနဲ့နေနှင်းဆီကို စေ့စပ်ပွဲလုပ်ပေးကြည့် အဲဒီစေ့စပ်ပွဲကို ကျွန်တော်မရ,ရအောင် ဖျက်မယ်"

"ဟင်"

စိုးပြည့် လူကြီးရော၊ တာဝန်ရှိသူရော ဘာရော ဂရုမစိုက်တော့ပါ။ အားလုံးရှေ့မှာတင် ဦးမိုးသစ်ကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ပြောချလိုက်သည်။

ထိုအခါ ဦးမိုးသစ် အသားတဆတ်ဆတ် တုန်ကာ နာမျက်သွားသည်။ ခံပြင်းစိတ်နဲ့လည်း ရှုံးရှုံးရှားရှားဖြစ်ပြီး ကျစ်ကျစ်ဆုပ်ထားတဲ့လက်သီးက အသိတရားမဲ့ကာ မြောက်ခနဲ မြင့်တက်သွားသည်။

"မင်း"

ဦးမိုးသစ်နှုတ်မှ အသံပြတ် ထွက်လာသည်။

ဦးမိုးသစ်လက်ကို ဦးတင့်လွင် ခေါင်းတစ်ချက်ယမ်းကာ ဖမ်းချုပ်သလို စိုးပြည့်နဲ့လည်း မျက်နှာချင်းဆိုင်သည်။

"ကဲ မောင်ရင်တို့ကို ဦးလေးပြောမယ်"

စခန်းမှူး စကားပြောတော့ စိုးပြည့်တို့သုံးယောက် မျက်နှာ





ပေါ်က တင်းမာမှုတစ်ရပ် လျော့ကျသွားသည်။

အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေတဲ့ တာဝန်ရှိလူကြီးသုံးယောက်ထဲက ခပ်ဝဝနဲ့လူကြီး ခေါင်းဆတ်၍ စိုးပြည့်ကို ဖျောင်းဖျသလို ကြည့်သည်။

"ဟုတ်တယ် မောင်ရင်တို့၊ လူကြီးတွေနဲ့ပြိုင်ပြီး ပြဿနာမရှာချင်စမ်းနဲ့ကွာ၊ လူငယ်နဲ့လူကြီးကြားမှာ ကွာဟချက်တွေ အများကြီးရှိတယ်ကွ၊ မောင်ရင်တို့ စိတ်လျှော့ပါကွာ"

"မဟုတ်သေးဘူး အန်ကယ်၊ ဦးမိုးသစ် ကတိပေးပြီး ချက်ချင်းဖျက်တာ ဘာသဘောလဲ၊ ကိုထောနဲ့ နေနှင်းဆီ စေ့စပ်ပေးမှာကို လက်မခံဘူး။ ဦးမိုးသစ်စိန်ခေါ်ထားတဲ့အတိုင်း ဆယ်နှစ်တင်းတင်းပြည့်လို့ ဦးမိုးသစ်တောင်းဆိုတဲ့ စည်းစိမ်ဥစ္စာနဲ့ နေနှင်းဆီကို ရင့်တင်မတောင်းနိုင်ရင် ဘယ်ကောင်နဲ့ပဲဖြစ်ဖြစ်, စေ့စပ်ပေးရုံမက လက်ပဲထပ်ပေးပေး ကျွန်တော်တို့ ဘာမှ ကန့်ကွက်စရာမရှိဘူး။ အခု စေ့စပ်ပွဲလုပ်ပေးမှာ ဘာသဘောလဲ၊ ကတိကိုယုံကြည်ပြီး ကြိုးစားဖို့ ထွက်သွားတဲ့ လူငယ်တစ်ယောက်ရဲ့ ခွန်အားနဲ့နှလုံးသားကို ချောင်ထိုးထည့်တာသိပ်ပြီးရက်စက်လွန်းရာ မကျဘူးလား။ သတ္တိရှိရင် အစကတည်းက ကတိမပေးနဲ့ပေါ့ဗျာ၊ ယောက်ျားချင်းပဲ သတ္တိရှိရှိ ပြေရှင်းလို့ရပါတယ်၊ ခုတော့ လူကြီးတန်မဲ့ အတ္တကြီးတာ, လူငယ်တစ်ယောက်ရဲ့နှလုံးသားကို အရှုံးလုပ်ပစ်တာ၊ အဲဒီအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တော်တော့၊ မောင်စိုးပြည့်"

စခန်းမှူးဦးတင့်လွင် တာဝန်အရ တည်တည်တံ့တံ့ ဝင်ဟန့်လိုက်သည်။ ထိုအခါ ဦးဆောင်ပြောဆိုတဲ့ စိုးပြည့် စကားစ ပြတ်တောက်သွားသည်။ နှစ်ဦးနှစ်ဖက်ကြားမှာ ရှိနေတဲ့ လူမှုရေးအဖွဲ့တွေကို သူ့အနေနဲ့ ဖြေရှင်းပေးခွင့်မရှိပါ။

ဥပဒေနဲ့ ငြိနေတာပဲ ဖြေရှင်းပေးဖို့ သူ့မှာ တာဝန်ရှိသည်။

ဒါကြောင့် ဦးတင့်လွင် လက်ကာဟန့်တားရင်း ဆက်ပြောသည်။

"မင်းတို့လူငယ်စိတ်နဲ့ အရာရာကို အနားသတ်လို့ မရနိုင်ဘူး။ ဦးမိုးသစ်က သူ့သမီးကို သူသဘောကျတဲ့လူနဲ့ စီစဉ်တဲ့ကိစ္စ အန်ကယ်တို့လည်း ဘာမှမတတ်နိုင်ဘူး၊ မင်းတို့နဲ့လည်း မဆိုင်ဘူးကွ၊ မဆိုင်တာ သိသိကြီးနဲ့ စေ့စပ်ပွဲဖျက်ရင် အန်ကယ်တို့အနေနဲ့ ဥပဒေအတိုင်းလုပ်ဖို့ ဝန်မလေးဘူး၊ အခုလည်း မောင်ရင်တို့ ပိုင်နက်ကျူးကျော်လာတယ်၊ ဒါ အများကြီး အပြစ်ရှိတယ်၊ အဲဒီအတွက် မောင်ရင်တို့ကို ခုချက်ချင်း ဖမ်းချုပ်လို့ရတယ်"

"ဒါတွေ ကျွန်တော်တို့သိပြီးသား"

"အေး သိတယ်ဆိုရင် နောက်ထပ်ပြောလိုက်မယ်၊ စေ့စပ်ပွဲကိုလည်း ဖျက်ဖို့ တာမဆူပါနဲ့၊ မင်းတို့ကိုငဲ့ညှာလို့ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်မယ်၊ အားလုံးရဲ့ဂုဏ်သိက္ခာအတွက်၊ ဟုတ်ပြီနော်၊ မင်းတို့





ကြိုက်တဲ့လမ်း ရွေးကြ"

ဦးတင့်လွင် ပြတ်ပြတ်သားသား ပြောချလိုက်သည်။

ဘာကိုရည်ရွယ်မှန်း စိုးပြည့်တို့ သဘောပေါက်ပါသည်။ သူ့သမီး သူ့စိတ်ကြိုက်စီစဉ်သည့်ကိစ္စ ရင့်ဘက်က တားပိုင်ခွင့်မရှိပေ။ တားလျှင် ဥပဒေအရ ထိထိရောက်ရောက် အရေးယူမတဲ့။

ယူချင်ယူလို့ ဖွတ်လုပ်ပစ်ဖို့ သတ္တိရှိပေမယ့်

"ကဲပါကွာ မင်းတို့ လှည့်ပြန်ကြတော့၊ မပြန်ရင် ဦးလေးတို့က လုပ်စရာရှိတာ လုပ်ရမှာပဲ၊ အဲဒီတော့ မင်းတို့လည်း အချုပ်ကျ၊ ထောင်ကျနဲ့ အရှက်ရမယ်၊ နေနှင်းဆီလည်း အရှက်ရမယ်၊ ဘယ်ဘက်ကမှ ကောင်းကျိုးမရှိဘူး၊ ဒါကြောင့် စိတ်လျှော့ပြီး ပြန်ပါကွာ၊ ကဲ ကဲ သွားကြ သွားကြ"

တာဝန်ရှိလူကြီးသုံးယောက်က စိုးပြည့်တို့ကို ဖျောင်းဖျပြောရင်း အခန်းထဲက ဆွဲထုတ်ကြသည်။

"တောက်"

မကျေနပ်ဘဲ အကြောင်းကြောင်းက အလေးမသာသောကြောင့် စိုးပြည့်တို့ ရင်ကော့ထွက်လာခဲ့ရသည်။

ရင်ထဲမှာတော့ ဦးမိုးသစ်ကို အခဲမကျေ။

အားမတန်လို့ မာန်လျှော့ရတဲ့ အဖြစ်၊ ရင်ဘတ်နာလို့ မဆုံးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ဦးမိုးသစ်ရင်ထဲမှာလည်း ထိုအတိုင်းပဲ ဖြစ်သည်။

စိတ်ရှိတိုင်း ဖမ်းထည့်ချင်ပေမယ့် ညအချိန်မတော် သမီးအခန်းထဲ ထိုသုံးယောက်ရှိနေတဲ့အဖြစ်ကို အသိုင်းအဝိုင်းကြားထဲ အသိမခံနိုင်ပေ။

ဂုဏ်သိက္ခာအတွက်။

ကိုထော့နဲ့ မမမေ တစ်မျိုးမြင်ပြီး နောက်ဆုတ်သွားမှာ စိုးရိမ်လို့ မင်းတို့ကို ဒီအတိုင်း ပြန်ထွက်ခွင့်ပေးလိုက်ခြင်း။

နောက်ဆိုတော့လား

အဟင့်

မိုးသစ် ဘာကောင်ဆိုတာ သိရလိမ့်မယ်။

"တောက်"

ဦးမိုးသစ် ခံပြင်းစိတ်နဲ့ ကြိတ်မနိုင်ခဲမရ တောက်ခတ်၏။ တစ်ဆက်တည်း မိမိလက်ဖဝါးကိုလည်း ဆုပ်ထားတဲ့လက်သီးနဲ့ တစ်ချက် ဖိထိုးလျှင် –

"ကိုမိုးသစ် စိတ်လျှော့လိုက်ပါဗျာ၊ လူငယ်တွေဆိုတာ ဒီလိုပဲ၊ သူတို့လိုချင်တာကို သူတို့ရှေ့ရှုတယ်၊ လုပ်ချင်ရာကို ဖွတ်လုပ်တယ်၊ သင့်၏,မသင့်၏ မစဉ်းစားဘူး၊ ဒါကြောင့် သမီးအခန်းထဲ မိုက်မိုက်ကန်းကန်း ဝင်ခဲ့တာမျိုးပါ၊ သူတို့နဲ့ပြိုင်ပြီး စိတ်ထန်နေရင် ခု ကိုမိုးသစ်တို့မိသားစုပဲ ဂုဏ်သိက္ခာ ထိခိုက်စရာရှိတယ်ဗျ"





"ဟုတ်ပါတယ်ဗျာ၊ ကိုမိုးသစ် ဒေါသတွေ လျှော့လိုက်ပါ၊ ဒီကောင်တွေ ရှေ့တိုးရဲမှာမဟုတ်ဘူး၊ သေချာတယ်"

"ကိုမိုး လုပ်စရာရှိတာ ဆက်လုပ်ဗျာ၊ သမီးစေ့စပ်ပွဲ ဖျက်လို့မရအောင် ဒီကောင်တွေကို ကျွန်တော်တို့ ကြိုတင်ထိန်းသိမ်းထားပါ့မယ်၊ ခြိရိပ်တောင် ခြေဦးလှည့်ဖို့အခွင့်အရေး မရစေရဘူး၊ စိတ်ချ"

စခန်းမှူးဦးတင့်လွင်နဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ ဖျောင်းဖျစကားဆိုရင်း ဦးမိုးသစ်ကို အာမခံချက်ပေးကြသည်။

"စိတ်ချစမ်းပါဗျာ စိတ်ချ၊ ကိုမိုးသစ် လုပ်စရာရှိတာ ဆက်လုပ်ဗျာ၊ စေ့စပ်ပွဲနေ့မှာ ဒီကောင်တွေ လုံးဝနှောင့်ယှက်လို့မရအောင် ကျွန်တော်တို့ ထိန်းထားမယ်၊ လုံးဝ စိတ်ပူမနေနဲ့၊ ဟုတ်ပြီလား"

တာဝန်ရှိသူတွေ အတန်တန် ဖျောင်းဖျနှစ်သိမ့်ပေးတာကြောင့် ဦးမိုးသစ် ခေါင်းဆတ်လက်ခံလိုက်ရသည်။

နောက်ဆိုတော့လား

မင်းတို့ကို စိစိညက်ညက်ကြေအောင် ဝါးပစ်ပြီးသာမှတ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ဒယ်ဒီ မတရားဘူး၊ ဒယ်ဒီ သိပ်ရက်စက်တယ်၊ နေတို့ချစ်ခြင်းကို အတ္တတရားကြီးနဲ့ ခွဲပစ်တယ်၊ ဟင့် ဟင့် ဟင့်၊ နေ မခံစားနိုင်ဘူး ဒယ်ဒီရယ်၊ ဒယ်ဒီ့အတ္တကြောင့် နေ့အသည်းနှလုံး စုတ်ကြေနေပါပြီ ဒယ်ဒီ ဟင့် ဟင့် ဟင့်"

နေနှင်းဆီ နှလုံးသား တဆတ်ဆတ် တုန်ခါငိုကြွေးနေရတဲ့အဖြစ်၊ မျက်ရည်တွေ မခန်းနိုင်သလို ရှိုက်သံတွေလည်း မပျောက်နိုင်ပေ။

ကြေမွနေသောနှလုံးသားမှ ရုန်းကြွလာတဲ့ ဒဏ်ရာရ စကားလုံးတွေ။ ဒယ်ဒီ့မျက်နှာကို မော့ကြည့်၍ နေ ရင်ကွဲစွာပဲ ပြောမိလေပြီ။





ဒယ်ဒီ မျက်နှာပျက်နေပေမယ့် တင်းမာခြင်းတွေ လျော့မသွားပေ။

"သမီး"

"မခေါ်နဲ့"

သံပြတ်ကြီးနဲ့ သမီးဟန့်တားလျှင် ဦးမိုးသစ် အံ့ဩထိတ်ပျာကာ ပါးစပ်အပွင့်သား ဖြစ်သွားသည်။ တစ်ခါဖူးမှ သမီးက ဒယ်ဒီ့အပေါ် ဒီလို မတင်းမာခဲ့ဖူးပါ။

အခုမှ တင်းမာရင့်သီးလေခြင်းဆိုတဲ့ စိတ်ဖြင့်လည်း မှင်တက်သွားလေသည်။

သမီးက လက်ဖဝါးနှစ်ဖက်နဲ့ နားနှစ်ဖက်ကို ပိတ်ကာ ခေါင်းတရစပ်ရမ်းပြီး အဆက်မပြတ်ပြောလေသည်။

"နေ့ကို ဘာမှ မပြောနဲ့တော့ဒယ်ဒီ၊ မပြောပါနဲ့တော့၊ ဟင့် ဟင့်၊ နေ အသည်းကွဲအောင် ဒယ်ဒီလုပ်ရက်တာ နေ တကယ်အံ့ဩတယ်၊ မယုံနိုင်အောင်လည်း ဖြစ်ရတယ်၊ ရင့်ကို မျှော်လင့်ချက်တွေပေးပြီး အဝေးဆုံးကို နှင်ထုတ်ခဲ့တယ်၊ နေ့အပေါ်သာမက ရင့်အပေါ်လည်း ဒယ်ဒီ မတရားရက်စက်တယ်၊ ဒယ်ဒီ သိပ်ရက်စက်လွန်းတယ်၊ ဟင့် ဟင့်၊ နေ့ဒယ်ဒီက နေ့သာမက နေ့ချစ်သူကိုပါ ရက်စက်တတ်တဲ့လူကြီး ဖြစ်နေတာလား၊ ဟင့် ဟင့် ဒယ်ဒီ့အတ္တတွေအတွက် နေ သိပ်ရှက်တယ်၊ ဟင့်ဟင့် နေ့ဒယ်ဒီက ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တတ်သတဲ့လား၊ ဟင့် ဟင့်"

"သမီး သမီးလေး နေ့၊ မာမီ ပြောပါရစေကွယ်"

ဒေါ်မိုးမိုးလင်းမျက်နှာလည်း အပျက်ကြီးပျက်သွားကာ သမီး အပါး တိုးကပ်ဝင်လာရင်း ချော့မော့စကားဆိုဖို့ ကြိုးစားလေသည်။

"သမီး"

နားမှာ ပိတ်ထားတဲ့သမီးလက်ဖဝါးနှစ်ဖက်ကို ဒေါ်မိုးမိုးလင်း ဆွဲယူ၍ ပူးတွဲဆုပ်ကိုင်ကာ –

"သမီးလေးရယ် သမီးဒယ်ဒီကို သမီး ဒီလိုမစွပ်စွဲပါနဲ့၊ သမီး ဒယ်ဒီက သမီးကို သိပ်ချစ်တာကွယ့်၊ သမီးကို သိပ်ချစ်တာ သမီးရယ်၊ ဟင့် ဟင့်"

ဒေါ်မိုးမိုးအေး ပြောရင်း ငိုချမိလေသည်။ သမီးစကားလုံးတွေ ကြောင့် စိတ်အထိခိုက်ကြီး ထိခိုက်သွားရှာတဲ့ ခင်ပွန်းသည်။

မျက်ရည်ပင် ဝဲတက်လာသည်ကို ဒေါ်မိုးမိုးလင်း မကြည့်ရက် နိုင်ပါ။ ခင်ပွန်းသည်ဘက်က ရည်တည်ပြောရင်း ဝမ်းနည်းကြီးစွာ ငိုချသည်။သမီးလက်အစုံကိုလည်း ဆွဲယူနမ်းရှိုက်ကာ ရင်ဘတ်မှာ ဆွဲကပ်ထားရင်း ပြောရှာသည်။

"ဘာချစ်တာလဲ မာမီရယ်၊ ချစ်တယ်ဆိုရင် နေ့ခံစားချက် ကို ငဲ့ညှာမှပေါ့၊ ခုတော့ ခုတော့၊ ဟင့် ဟင့် ဟင့်"

ခေါင်းလေးတတွင်တွင် ရမ်းကာ အရှိန်ပြင်းစွာ ဆက်တိုက်





ငိုနေရှာတဲ့ သမီး။ ဒေါ်မိုးမိုးလင်း စကားမဆိုနိုင်အောင် စိတ်နှလုံး ထိခိုက်သွားရှာသည်။

သမီးကို ပွေ့ဖက်ချော့မော့ဖို့ ကြိုးစားသော်လည်း သမီးက လက်မခံ။

"ဟင့်အင်း၊ မာမီ ဘာမှမပြောပါနဲ့၊ နေ့ကို မချစ်လို့ ဒယ်ဒီ ရက်စက်တာ၊ ရက်စက်ချင်သလို ရက်စက်ပါတော့ ဒယ်ဒီရယ်၊ နေ့ကို ဒယ်ဒီတို့ မွေးထားတာကိုး၊ နေ့ကို ဒယ်ဒီပိုင်ပါတယ်၊ ဒယ်ဒီပိုင်တဲ့ အတွက် ဒယ်ဒီ့စိတ်ကြိုက် ရက်စက်ပါတော့၊ ဒယ်ဒီ ရက်စက်သမျှ နေ ခံပါ့မယ်၊ ဟင့် ဟင့် ဟင့်"

ငိုရင်း ပြောရင်း မျက်ရည်တွေလည်း မသုတ်နိုင်ရှာတဲ့ နေ နှင်းဆီ။

မိဘနှစ်ပါးကို ကျောခိုင်းလျက် အခန်းထဲ ခြေဆောင့်ဝင်သွား သည်နှင့် တစ်ပြိုင်နက်တည်း အခန်းတံခါးကို ဂျိန်းခနဲ မြည်အောင် ပိတ်ပစ်လေသည်။

မိဘမေတ္တာကို ရက်စက်တယ်လို့ မြင်နေတဲ့သမီး။

ဦးမိုးသစ်နဲ့ဒေါ်မိုးမိုးလင်းတို့ နှလုံးသားမှာ စကားမဆိုနိုင် အောင် ထိခိုက်ဝမ်းနည်းသလို တောင့်တောင့်မတ်မတ် ရပ်နေမိတဲ့ ကိုယ်သည်လည်း တောင့်မတ်မနိုင်တော့ပါ။

ရှိုက်ချိုးနေတဲ့ ကိုယ်နှယ် ပုံလျက်ကျသလို ဆိုဖာပေါ် ထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

"သမီးရယ် ဒယ်ဒီရင်ဘတ်ကို ခွဲကြည့်စမ်းပါကွယ်၊ သမီးကို ဒယ်ဒီ့အသက်ထက် ဒယ်ဒီပိုချစ်တာလို့"

မျက်ရည်ဝေါခနဲ ကြွေကျလာသည့်အထိ နက်နက်ရှိုင်းရှိုင်း ထုတ်ပြောနေမိကာ –

သမီးလေး သူ့ဒယ်ဒီအပေါ် ဒီလိုဖြစ်ရက်တာ ဘာကြောင့်လဲကွာ။

ယူကျုံးမရ မေးခွန်းထုတ်ရင်း နှလုံးသား မာကျစ်လာသည်မှာ ရင့်သဘာ မင်းကြောင့်ကွလို့ အံကြိတ်သံနဲ့ နာနာကျင်ကျင် ရွတ်ဆိုမိတော့သည်။

ဟုတ်တယ် ရင့်သဘာ။

မင်းကြောင့်ကွ မင်းကြောင့်။

ငါ့သမီး သေတောင် မင်း မရစေဘူးကွ။

အဲဒါ ငါ့ရဲ့ကျိန်စာပဲ။

✿ ✿ ✿



### အခန်း (၄၀)

"တောက် မထင်ဘူးကွာ"

"သားထက် အလိုမကျ ရေရွတ်လျှင် အုပ်စုလိုက် ဝိုင်းဖွဲ့နေတဲ့ သူငယ်ချင်းအားလုံး ခေါင်းထောင်ကြည့်ကြသည်။

"ဘာ မထင်တာလဲ"

"ဟုတ်သားပဲကွာ၊ ရှင်းရှင်းပြော"

မင်းသွေးနဲ့အင်အား အားမလိုအားမရပြောရင်း ဘီယာဘူး ကိုယ်စီ ဖွင့်လိုက်သည်။

သူရိယက မျက်လွှာမေးချထားပြီး သားထက်ပြောမှာကို စိတ်ဝင်တစား နားစွင့်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေကေ၊ အပြုံးချိုနဲ့ ရွှေနီက သူတို့ယောကျ်ားလေးတွေ ဘီယာနဲ့မြည်းဖို့ မှာထားတဲ့ အသားကင်၊ ငါးကင်တွေဆီ မျက်စိရောက်နေတဲ့အတိုင်း လက်ကလည်း အငြိမ်မနေ။

ဟိုအကင်၊ ဒီအကင်ကို တူနဲ့လိုက်ညှပ်ရင်း စားချင်ရာရာကို ရွေးနေကြသည်။ ရွေးနေရင်းလည်း သွက်သွက်ပြောသည်။

"ဟဲ့ သားထက် ပြောစရာရှိတာ ပြောစမ်းပါဟယ်"

လို့ ကေကေ စိတ်မရှည်တော့ဟန်ပြောမှ သားထက် သက်မ တချချနှင့် ပြောသည်။

"အန်ကယ်မိုးပေါ့ကွ"

"ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

ရွှေနီက ပုစွန်ကင် မြုံ့ဝါးသံနှင့်မေး၏။ သားထက် နှုတ်ခမ်းတစ်ဖက် မဲ့ခနဲတွန့်ပြီး –

"ငါတို့က ဟိုလူ့ကို ဖြုတ်ဖို့ပေါ့ကွ၊ နေ့အချိန်ကို အချောင်ချပြီး လစ်ပြေးရကောင်းလားဆိုပြီး ကောင်းကောင်းသမဖို့ လိုက်တာ"

"ဟဲ့ ရင့်နဲ့အန်ကယ်မိုးနဲ့ ဘာဆိုင်လဲ၊ ယူပြောနေတာ ဘာမှလည်း မပတ်သက်ဘဲနဲ့"

"ဟ အပြုံး၊ သားထက် စကားဆုံးအောင် ပြောပါစေလေဟာ၊ နားထောင်၊ ကဲ သားထက် ဆက်ပြော"

သားထက် ဘာပြောမည်ဆိုတာ ယောကျ်ားလေးအားလုံး





သဘောပေါက်သွားသည်။ ဟိုကောင်ကို ဖြုတ်ဖို့ ပွဲဆူတဲ့အထဲမှာ သူတို့လည်း ပါတာကိုး။

နားမရှင်းသေးတဲ့ ပြုံးတို့သာ ဖွတ်မေးတာကြောင့် သူရိယ စိတ်ရှုပ်သလို ကြားဖြတ်ဝင်ပြောခြင်း။

သူရိယပြောမှ မိန်းကလေးသုံးယောက် ပခုံးလေးတွန့်ကာ ငြိမ်ကျသွားသည်။

"ကောတို့ စဉ်းစားကြည့်၊ ခုကိစ္စက ငါတို့ထင်တာ တစ်မျိုး၊ ဖြစ်တာက တခြား၊ ရင့်ဆိုတဲ့ဟိုကောင် ရှောင်ပြေးတာမဟုတ်ဘူး၊ အန်ကယ်မိုး ပုတ်ထုတ်လိုက်တာ"

"ဟဲ့ အခြေမတူတဲ့ဟာကြီး၊ ပုတ်ထုတ်ပါစေလေ၊ နေပါဦး၊ ယူတို့က အခုမှ ဟိုယောက်ဖဘက်က နာနေတာလား"

ရွှေနီ မခံသိမခံသာ ဝင်ပြော၏။

သားထက်တို့မျက်နှာတွေ မဲ့ကျသွားသည်။ ရွှေနီ့ကိုလည်း မျက်မှောင်ကုတ်ကြည့်၏။

"ကျွတ်၊ နင်တို့မိန်းကလေးတွေ အဲဒါကြောင့်ခက်တာ"

"အောင်မာ၊ ဘာခက်တာလဲ အင်အား"

ကေကေ ဘေးနားကပ်ထိုင်နေတဲ့ အင်အားပေါင်ကို ဖျတ်ခနဲ ရိုက်ချရင်း ဆိုသည်။ ဆတ်ခနဲ နာသွားတဲ့ပေါင်ကို အင်အား ဖွဖွပွတ်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပေါ့ကွ၊ နင်က ကောင်းကင်ကိုပဲ မော့ကြည့်ချင်နေတာ၊ ကိုယ်ရပ်နေတဲ့ မြေကြီးကိုတော့ ငုံ့မကြည့်ချင်ဘူး"

"ကြည့်စရာလား နိမ့်လွန်းလို့"

"ကဲ ဒီလင်မယား နောက်မှ ဆော်ကြ၊ နားငြီးတယ်"

အပြုံးချိုက အင်အားနဲ့ကေကေကို ပေးစားလျှင် နှစ်ယောက်သား မျက်နှာထားတွေ ပြောင်းသွားသည်။

"ဇီလင်အောက်တယ်ကွာ၊ ကေကေတို့ နားလည်အောင် ဒက်ခနဲ ပြောချလိုက်"

သူရိယမျက်လုံး မှေးချထားလျက် တစ်ခွန်းဝင်ပြောသည်။ ဒီအုပ်စုက ဒီလိုပါပဲ။ တစ်ခုခုပြောမယ်ဆိုရင် လိုရင်းကို ဒိုင်းခနဲ မရောက်ပေ။

သူတစ်ပေါက် ငါတစ်ခွန်းနဲ့ ပေရှည်နေတတ်သည်။

အခုလည် ထိုနည်းငင်း။

"အန်ကယ်က စိန်ခေါ်တာကွ၊ ဆယ်နှစ်အတွင်း နေ့ကိုရင့် တင်တောင်းရမတဲ့၊ ဒါကြောင့် ရင့်ပျောက်သွားတာ"

"ဒါဆို နင်တို့ မဖြေလိုက်ရဘူးပေါ့"

"ဟင့်အင်း"

"နင်တို့ ညံ့တာကိုး"

"ဟ ငါတို့ညံ့တာ မဟုတ်ဘူး အပြုံး၊ ငါတို့အိုင်ဒီယာ သစ်





လာတာ"

"ဘာ"

မင်းသွေး မျက်ခုံးနှစ်ဖက် စုပင့်ပြီး တည်တည်ခန့်ခန့်ပြောတဲ့နောက် မိန်းကလေးသုံးယောက် ဘာခနဲဖြစ်သွားသည်။

ယောက်ျားလေးတွေကတော့ မင်းသွေးအိုင်ဒီယာ ဘာကြောင့်သစ်လာလဲဆိုတာ သူတို့အလိုလိုသိနေသလို သူတို့လည်း အိုင်ဒီယာသစ်လာတာ သူတို့ကိုယ်တိုင်သိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကေကေတို့လို ဘာခနဲလည်း မဖြစ်၊ အမူအရာလည်း ပြောင်းမသွားပေ။

ဘီယာမော့သူမော့၊ အမြည်းကောက်ဝါးသူဝါးနှင့် ပုံမှန်အတိုင်း လှုပ်ရှားနေကြသည်။

"ဟုတ်တယ်လေ၊ အခုမှ အိုင်ဒီယာသစ်လာတယ်ဆိုတာက ဒီလိုဟ၊ ရင့်ဆိုတဲ့ကောင် အန်ကယ်မိုးပေးတဲ့ ဆယ်နှစ်အတွင်း ဘာတွေ ပြောင်းလဲလာမလဲ၊ ငါတို့က အဲဒါကို စောင့်ကြည့်ချင်တာ"

"အောင်မာ၊ နင်တို့က အခုမှ ဘယ်လိုဖြစ်ပြီး အိုင်ဒီယာသစ်သွားရတာလဲ၊ ကိုထောက်ကို မငဲ့ညှာဘဲနဲ့"

"ရွှေနီရာ အဲဒါကြောင့် နင်တို့ကို ခက်တယ်လို့ပြောတာ၊ ခြူးတစ်ပြားမှ မရှိတဲ့ ရင့်သဘာ၊ နေ့ကိုရဖို့ ဘယ်လိုကြိုးစားမလဲ၊ စောင့်ကြည့်ရတာက ဇီလင်ကွ၊ ရင့် ကြိုးစားနိုင်ရင် နေနဲ့ ထိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



လို့လေ၊ ငါတို့က နေ့ကို ငါတို့နဲ့မရင်တောင် နေနဲ့ထိုက်တန်တဲ့ လူနဲ့ ရစေချင်တယ်၊ ကိုထောနဲ့လည်း ကျေနပ်ပေးခဲ့တာပဲ၊ ရင့်ကြိုးစားပြီး တန်းညှိတာကိုလည်း လက်ခံတယ်၊ ဒါမှ အဆင့်ချင်းညီမယ်၊ အဆင့်ချင်းညီမှ ငါတို့ကျေနပ်မယ်၊ ဒါကြောင့် စောင့်ကြည့်ချင်တာ၊ စောင့်ကြည့်ချင်တဲ့စိတ်နဲ့ အိုင်ဒီယာသစ်လာတာ ရှင်းလား''

မင်းသွေး လက်မ,ထောင်ပြောတော့ ယောက်ျားလေးအားလုံး မျက်လုံးဝင့်ကာ တစ်သဘောတည်း ထောက်ခံကြသည်။

ခေါင်းညိတ် လက်မ,ထောင်တဲ့ ယောက်ျားလေးတွေကို မိန်းကလေးသုံးယောက် မဲ့မဲ့ရွဲ့ရွဲ့ ကြည့်၏။

''အပွန်း၊ ငါတို့အိုင်ဒီယာအသစ်ကို ငါတို့စောင့်ကြည့်ဖို့ ကြံကာရှိသေးတယ်၊ ငါတို့မထင်မှတ်တာကို အန်ကယ်မိုး လုပ်ချတယ်လေ၊ နင်တို့အသိပဲ ကေကေရာ၊ ကိုထောနဲ့ နေ့ကို စေ့စပ်ပေးဖို့ အားချင်းစီစဉ်တာ ဖိတ်စာတောင်ဝေပြီးပြီ မဟုတ်လား''

ဒါတော့လည်း ဟုတ်သည်။

မိန်းကလေးသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ တစ်ခုခုကိုနားလည်သလို မျက်နှာရိပ် အရောင်ပြောင်းလာသည်။

''အင်း၊ အန်ကယ်က ဂုဏ်ရည်တူတာနဲ့ပဲ နေ့ကို ရချင်တာလေ''





''အဲဒါဆိုလည်း ဂုဏ်ရည်တူအောင် ကြိုးစားဖို့ ပုတ်ထုတ်လိုက်တဲ့ ရင့်အခြေအနေကို စောင့်ကြည့်ဖို့ မလိုဘူးလား''

သားထက် ပခုံးနှစ်ဖက် ပြိုင်တူပင့်ကာ အချက်ကျကျမေးလျှင် ရွှေနီတို့သုံးယောက် မျက်လုံးလေးများဝိုင်းကာ ငြိမ်သက်သွားသည်။

ရွှေနီတို့ ပြန်ဖြေဖို့လည်း ခေတ္တငေးမောသွားလျှင် သားထက် ဘီယာအသစ်တစ်ဘူး ထပ်ဖောက်၍ တစ်ကျိုက်မော့သည်။

အင်အား၊ မင်းသွေးနဲ့ သူရိယလည်း စကားသံတိတ်ဆိတ်နေတာကို သဘောတကျဖြစ်ကာ ကြိုက်နှစ်သက်ရာ အကင်ကို ကောက်မြည်းလေသည်။

အတန်ကြာမှ –

''အင်း''

လို့ ကေကေ အသံထွက်လာ၍ ခေါင်းတစ်ချက်ဆတ်၏။ ရွှေနီနဲ့ အပြုံးချို ကေကေ့ကို တအံ့တဩနဲ့ ကြည့်ကြသည်။

''ပြောလေ ကေ၊ ရင့်အခြေအနေကို အန်ကယ်မိုး စောင့်ကြည့်ဖို့ မလိုဘူးလား''

သားထက် ခပ်ပြုံးပြုံးလေးဖြစ်ကာ ဒါကိုပဲ ဖိမေးသည်။

''အဲဒါပေါ့၊ မထင်ဘူးဆိုတာ၊ အန်ကယ်မိုးလုပ်ရပ်က ဘောထွက်ဘောလို ဖြစ်နေတယ်၊ ပြီးတော့ နေ့သဘောထားလည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အခြေအနေ ပိုဆိုးနိုင်သေးတယ်''

သူရိယကလည်း လေသံခပ်အေးအေးနဲ့ ထင်မြင်ချက်တွေ လွှတ်ချသည်။

ရွှေနီတို့ ခုမှ နားလည်လာပုံရသည်။

''အေးနော်၊ ရင့်ကိုပေးထားတဲ့ အချိန်အထိ စောင့်ကြည့်ဖို့ ကောင်းတယ်၊ စောင့်မကြည့်ဘဲ စိစဉ်တာက အနကယ်မိုး နည်းနည်း လွန်သွားတယ်''

''နည်းနည်းလွန်တာ မဟုတ်ဘူးကေ၊ လွန်တာမှ ဟိုးအဝေး ကြီး''

မင်းသွေး ယူဆတဲ့အတိုင်း လွတ်လွတ်ကျွတ်ကျွတ် ပြော လိုက်သည်။

''ဟဲ့ ဒါနဲ့ နေ့သဘောကရော''

အပြုံးချိုက နေ့စိတ်ကို သိလိုစိတ်နဲ့ မေးလျှင် –

''နေက ဘာလုပ်လို့ရမှာတဲ့လဲ၊ အနကယ်မိုးစီစဉ်တဲ့အတိုင်း ပဲ နေမှာပေါ့''

အင်အား မျက်နှာကြီးတွန့်၍ပြောသည်ကို ကေ မျက်စောင်း ထိုးကြည့်သည်။

''ဟုတ်တယ်လေ၊ နေ့ကို အနကယ်တို့ ပိုင်တာပဲ၊ အနကယ့် သဘောပဲ ဖြစ်ရမှာပေါ့ဟ''





''ကဲ ငါတို့လိုက်မမီတဲ့ Lesson ဆိုတော့ လိုက်မမီတဲ့ အတိုင်း ထားလိုက်ပေါ့ဟာ၊ ဘာတတ်နိုင်မှာလဲ''

နောက်ဆုံး သားထက်ကပဲ စိတ်လျှော့သလို ခပ်ပေါ့ပေါ့လေး ပြော၏။ ထိုအခါ အားလုံး သက်မကိုယ်စီချကာ –

ဟုတ်တယ်လို့ အသံတိတ်ထောက်ခံနေသယောင်နှင့် ငြိမ် သက်နေကြသည်။

အခုမှ သူတို့တစ်ဖွဲ့လုံး ရင့်ကိုစောင့်ကြည့်ဖို့ ဘာကြောင့် စိတ်ဝင်တစား ဖြစ်နေရတာလဲ။

''စေ့စပ်ပွဲတက်ဖို့လား''

ရွှေနီ အားလုံးကိုဖြန့်ကြည့်ပြီး လွှတ်ခနဲမေးလျှင် –

''အင်း၊ ဟိုတစ်ကြိမ်ကလို နေ လူစားလဲပြီး တစ်ခုခုကြံစည် ရင်တော့လား၊ ပွဲကတော့ ကြည့်ကောင်းဦးမှာပဲ''

အင်အား သဘောကျသလိုပြောတော့ အားလုံး ခေါင်းထောင် သွားကြသည်။

''ဟုတ်ပ''

လို့ အပြုံးချို ထောက်ခံသလို

''နေ့စိတ်ကို ယုံလို့ရတာ မဟုတ်ဘူး၊ ဒီပွဲကို လွတ်လို့မရဘူး၊ တက်ဖြစ်အောင် တက်မယ်ကွ''

ဟု သားထက် အားအပြည့်နဲ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးအားလုံး ထောက်ခံကြောင်း ဘီယာဘူး ကိုယ်စီကိုင်ပြီး တိုက်လိုက်ကြသည်။

နေ့ စေ့စပ်ပွဲ။

ဘာတွေဖြစ်လာမလဲဆိုတာ မျက်ဝါးထင်ထင် ကြည့်ရချေ သေးရဲ့။

✿ ✿ ✿



## အခန်း (၄၁)

ဦးမိုးသစ်တို့ဇနီးမောင်နှံ၏ ရင်ဘတ်ထဲမှာ စိုးရိမ်မီးက အရှိန် အဟုန်နဲ့ လောင်နေပါသည်။ ဒါပေမဲ့ ပိပိရိရိ ဟန်ဆောင်ကောင်း ကောင်းဖြင့် စေ့စပ်ပွဲဖြစ်မြောက်ရေးကို စိုင်းပြင်းနေခဲ့သည်။

ပထမအကြိမ်တုန်းကလို သမီး ဘာတစ်ခုမှ မိုက်မိုက်မဲမဲ မလုပ်မိစေဖို့ လင်မယားနှစ်ယောက် သမီးအပါးမှ တစ်ဖဝါးမှ မခွာပေ။

သမီးထိုင်ထိုင်ထထ၊ မျက်တောင်မခတ်တမ်း စောင့်ကြည့် နေခဲ့တာ နေ့တွေညတွေပင် မသိတော့ပါ။

ရင့်သဘာအရိပ်နဲ့ ရင့်သဘာသတင်း လုံးဝမရပေမယ့် သမီး ကို စိတ်ချလက်ချမထားနိုင်တာ အရင်တစ်ကြိမ်လို တစ်ခုခုလွဲချော်



www.burmeseclassic.com

www.burmeseclassic.com



သွားမလား၊ ထိုစိတ်အတွေးဖြင့် ခေါင်းထဲမှာ စိုးရိမ်မီးလောင်နေလို့ပဲ ဖြစ်သည်။

ဒီအချိန်မှာ –

ရင့်ဆိုတဲ့ကောင် ဘယ်ရောက်လို့ ဘယ်ပေါက်နေနေ ဦးမိုးသစ် စိတ်မဝင်စားပါ။ ဘယ်ရောက်ပြီး ဘာတွေပဲလုပ်နေပါစေ ပို၍ပင် စိတ်မဝင်စားပေ။

ဦးမိုးသစ်အစီအစဉ် အောင်မြင်ဖို့သာ သမီးကို မျက်တောင်မခတ်တမ်း စောင့်ရှောက်နေခဲ့သည်က မကြာခင် ကျင်းပတော့မည့် စေ့စပ်ပွဲ ပြီးမြောက်သွားဖို့ဖြစ်သည်။

သမီးက မိဘရင်ထဲ စိုးရိမ်မီးလောင်နေပါလားလို့ စာနာစိတ်နဲ့ တွေးနေဖို့ နေနေသာသာ အေးခဲသော မျက်နှာထား၊ မာကျစ်သော လေသံဖြင့် အံ့ကြိတ်လျက် တုံ့ပြန်မေးလေသည်။

"ဒယ်ဒီတို့ ဖြစ်စေချင်တဲ့ဆန္ဒကို နည်းနည်းလေးမှ မလျှော့တော့ဘူးလား ဒယ်ဒီ"

"သမီးရယ်"

ဦးမိုးသစ်ရင်ဘတ်ထဲက တောက်လောင်နေတဲ့မီးက မျက်နှာပေါ် အရောင်ဟပ်သလို ပူလောင်ဆူလောင်အမူအရာ ပြောင်းလဲသွားသည်။

ရင်နင့်လောင်ကျွမ်းစွာလည်း သမီးရယ်လို့ ရတက်မအေးစွာ





ရေရွတ်လျှင် –

"သမီး"

ဒေါ်မိုးမိုးလင်း စိတ်မချမ်းမြေ့စွာ ခေါ်သည်။ မိဘနှစ်ပါး ရင်မှာ ဘယ်လောက် မီးလောင်နေလဲဆိုတာ မသိရှာတဲ့သမီးရယ်လို့ အပြစ်မယူရက်ပေမယ့် ဒယ်ဒီနဲ့မာမီ့သဘောပါလို့ သမီး ခေါင်းညိတ်လက်ခံဖို့တော့ မိဘနှစ်ပါး မျှော်လင့်ပါသည်။

ခုတော့ သမီးက သူတို့မျှော်လင့်သလို ဖြစ်မလာ။ သေချာနေပြီဖြစ်တဲ့ အကြောင်းအရာကို ပို၍သေချာအောင် အဆုံးအထိ မေးလေသည်။

"ပြောလေ ဒယ်ဒီ၊ ဒယ်ဒီတို့ဆန္ဒကို လုံးဝ မလျှော့တော့ဘူးလား၊ ဒယ်ဒီတို့စိတ်ကြိုက် အကောင်အထည်ဖော်ဖို့ အဆင်သင့်ဖြစ်နေပြီ မဟုတ်လား၊ ပြောလေ၊ ကိုထောနဲ့ တကယ်ပဲ ဖွတ်အတင်း စေ့စပ်ပေးတော့မယ် မဟုတ်လား၊ ပြောကြပါ"

ဦးမိုးသစ် သက်ပြင်းရှည်ကြီးချသည်။

ခေါင်းလည်း တစ်ချက်ရမ်းကာ မွေ့ရာပေါ် ခြေတွဲလွဲချ၍ ကိုယ်မတ်ထိုင်နေတဲ့ သမီးဆီ ခြေလှမ်းရွှေ့ခဲ့သည်က ချော့မော့ဖျောင်းဖျဖို့ပဲ ဖြစ်သည်။

ဒေါ်မိုးမိုးလင်းက ခပ်ပွန်းသည့်ကိုပဲ အားကိုးတကြီး ကြည့်၍ သက်မ,ရှည်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာမီးရယ် သမီးကို တစ်သက်လုံး ဒယ်ဒီတို့ ပြုစုစောင့်ရှောက်လာတာ သမီးဘဝတစ်သက်တာလုံး ဂုဏ်မြင့်စေဖို့ပါကွယ်"

"ဂုဏ်မြင့်ပြီး နှလုံးသားမဲ့နေရင် နေ့ဘဝက ဘာအဓိပ္ပာယ်ရှိမလဲ ဒယ်ဒီ၊ အချစ်မရှိရင်"

"တော်ပါတော့သမီးရယ်၊ အချစ်တွေ, နှလုံးသားတွေဆိုတာနဲ့ ဒယ်ဒီတို့ကို ခုခံချေပဖို့ စိတ်ကူးမယဉ်ပါနဲ့၊ ခုချိန်မှာ သမီး ဒီလိုမြင်ပေမယ့် တကယ့်လက်တွေ့ဘဝကို ရင်ဆိုင်တဲ့အခါ အဲဒီအချစ်, အဲဒီနှလုံးသားဆိုတာ ချဉ်ရည်ဟင်းတစ်ခွက်လောက်တောင် ခံတွင်းမြိန်ဖို့ ခဲယဉ်းပါတယ်ကွယ်၊ အထူးသဖြင့် အခြေချင်းမတူရင် ဘယ်အရာမှ ရေရှည်တည်မြဲဖို့ မလွယ်ဘူး၊ အခုချစ်, အခုကြိုက်, အခုညား, အခုကွဲဆိုတာတွေက အချစ်ကို မျက်စိစုံမှိတ်ပြီး ဟစ်ကြွေးနေတဲ့ သမီးတို့ အရွယ်တွေပဲ သမီးရယ်"

"အို နေ ဘာမှမသိဘူး။ နေသိတာ နေနဲ့ရင့် အကွဲမခံနိုင်ဘူး။ အခုအချိန်မှာ နေနဲ့ရင့် အခြေမတူပေမယ့် တစ်ချိန်ချိန်မှာ တူလာနိုင်တာပဲ ဒယ်ဒီ"

"ဟွန်း သမီးက ယုံနေတယ်"

ဦးမိုးသစ် အထင်အမြင်သေးတာတော့ နေ သည်းမခံနိုင်ပေ။ ခုတင်ပေါ် ခြေတွဲလောင်းချထိုင်နေတဲ့ နေ၊ ဒယ်ဒီ့ကို ဖျတ်ခနဲ မော့ကြည့်ရင်း ထရပ်လိုက်ပြီး





"နေ ယုံတယ် ဒယ်ဒီ"

"ဘယ်လို"

ဒယ်ဒီ လက်တစ်ဖက် ခါးထောက်မိကာ မျက်မှောင်ကြုတ်ငုံ့ကြည့်လျက်မေးသည်။ နေ မျက်နှာလေးမော့ကာ ဖခင်ရယ်လို့ အားမနာဘဲ တရစပ်ပြောချသည်။

"ဟုတ်တယ် နေယုံတယ်၊ ဘာဖြစ်လို့လဲဆိုရင် ရင့်မှာ မာနရှိတယ်၊ အဲဒီမာနနဲ့ ဒယ်ဒီလိုချင်တဲ့ အခြေအနေရောက်အောင် နေနဲ့ အခြေတူအောင် ရင့် ကြိုးစားနိုင်မယ်လေ၊ ဒယ်ဒီပေးထားတဲ့ အချိန်အတွင်းမှာ မရ,ရအောင် အားသွန်ခွန်စိုက် ရင့်ကြိုးစားမယ်ဆိုတာ နေ ရဲရဲကြီး ယုံတယ် ဒယ်ဒီ"

"အရူးမ"

နေ့စကားအဆုံးမှာ ဒယ်ဒီ ပျစ်ပျစ်နှစ်နှစ်ရွတ်သည်က နေ့ယုံကြည်ချက်ကို ရိုက်ချိုးပစ်မယ်ဆိုတဲ့ အတွန့်နဲ့ ဖြစ်သည်။

"သမီး ယုံကြည်ချက်က အရူးတွေလိုပဲ၊ စိတ်ထဲရှိရာကို အသိအမြင်မဲ့ မရပ်မနား ပြောနေတာမျိုး၊ သမီးရူးတဲ့အတိုင်း ဒယ်ဒီတို့ လိုက်မရူးနိုင်ဘူး သမီး"

"အဲဒါဆို ရင့်ကို ဘာဖြစ်လို့ မျှော်လင့်ချက်ပေးပြီး စိန်ခေါ်ရတာလဲ ဒယ်ဒီ"

"အေး၊ စိန်ခေါ်တိုင်း ကောင်းကင်ကို ဒူးနဲ့ခုန်တိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်လည်း ရှုးနေလို့ပဲ သမီးရဲ့"

ဦးမိုးသစ် အငြိုးထားတဲ့လေသံဖြင့် အံကြိတ်ပြောချလျှင် နေ မျက်ဝန်းပြာမှောင်မတတ် ဖြစ်သွားသည်။

"ဘယ်လို ဒယ်ဒီ၊ ရင့်ကို မျှော်လင့်ချက်ပေးပြီး နေနဲ့ မကွဲကွဲအောင် ဒယ်ဒီအပိုင်ကြံစည်လိုက်တာပေါ့၊ ဟုတ်လား"

နေ့စကားလုံးတွေ အုံကြွပျံ့ထွက်လာသလို နေ့မေးသံက ပုံမှန်ထက် သိသာစွာ ကျယ်လောင်စူးရှသွားသည်။

ဦးမိုးသစ် ဘာမှမပြော။ နှုတ်ခမ်းကို တင်းအောင့်စေ့ပိတ်၍ အံကြိတ်သည်။ ဒယ်ဒီ အသံတိတ်နေခြင်းက ဝန်ခံတဲ့သဘောလို့ နေ နားလည်သွားလျှင် နှလုံးသားအောင့်သက်သည်အထိ ဝမ်းနည်းနာကျင်သွားလေသည်။

"ဒယ်ဒီရယ်"

"သမီး"

နာကျင်သံနဲ့ ဒယ်ဒီရယ်လို့ ရေရွတ်သံ မဆုံးသေးပါ။ မှန်တင်ခုံရှေ့ ဆိုဖာခုံပိုင်းမှာထိုင်ပြီး စိတ်မသက်မသာဖြစ်ကာ စောင့်ကြည့်နေတဲ့ ဒေါ်မိုးမိုးလင်း နှစ်သိမ့်ဖျောင်းဖျဖို့ ဆတ်ခနဲ ထလာရင်း သမီးဟုခေါ်သည်။

သမီးက မမှုသလိုမျက်နှာနှင့် မဲ့ကာ ခပ်ဆတ်ဆတ်လေး ခြေဆောင့်ပြီး အခန်းပြင်ထွက်ဖို့ ဟန်ပြင်၏။ ဒေါ်မိုးမိုးလင်း သမီးရှေ့





က အလျင်အမြန် ဟန့်တား၏။ သမီးပခုံးနှစ်ဖက်ကိုလည်း ကြင်နာစွာ ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်လိုက် ပြီး

"ရင့်သဘာလို ကိုယ်ပိုင်ပိုက်ဆံ တစ်ကျပ်မှမရှိတဲ့ ကလေကချေက ဆယ်နှစ်မပြောနဲ့၊ နှစ်တစ်ရာကြိုးစားရင်တောင် သမီးနဲ့ အခြေတူ့ဂုဏ်တူ ဖြစ်မှာမဟုတ်ဘူး သမီး"

"လတ်စသတ်တော့ မာမီတို့က ဟီး ဟီး ဟီး"

နေ သည်းမခံနိုင်အောင် ဝမ်းနည်းစိတ်က နှလုံးသားကို ရိုက်ခတ်ကာ ဘာမှဆက်မပြောနိုင်တော့ ဟီးခနဲ ငိုချသည်။

မျက်ရည်တွေလည်း အလုံးလိုက် ဖြာကျလာလေပြီ။

အခြေမဲ့ အနေမဲ့ဖြစ်တဲ့ ရင့်ဘဝ၊ ဒယ်ဒီ မတရားစီနံခေါ်တာကို တကယ်ထင်ပြီး ရှောင်ထွက်သွားရရှာတဲ့ ရင့်နှလုံးသား။

ဒယ်ဒီ အစစ်အမှန် စီနံခေါ်တာမဟုတ်မှန်း အချိန်နှောင်းမှ သိရရင် ရင့် ဘယ်လိုတွေ ခံစားရမလဲ။

ထိုသို့ခံစားမိတိုင်း နေ့နှလုံးသား ထိခိုက်လှသည်။ တစ်နေရာရာမှာ ရင့်ရှိနေတာသိရရင် နေ သွားပြီးရှာဖွေချင်တဲ့စိတ်ပဲ ရှိတော့သည်။

တကယ့်လက်တွေ့မှာ နေ ဘာတတ်နိုင်မှာလဲ။

ပြောပါ ရင့်ရယ်။

ရင့် အခု ဘယ်ဆီမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟီး ဟီး ဟီး

"သမီး မဖြစ်နိုင်တာကို ငိုချင်းချ တောင်းဆိုနေလို့လည်း မာမီတို့ နည်းနည်းမှ လိုက်လျောပေးဖို့ မရှိဘူး။ သမီးဒယ်ဒီ ကြံစည်တာက ရင့်သဘာ သမီးနဲ့အဝေးဆုံးကို လွင့်ထွက်သွားစေဖို့ ပြီးတော့ သမီးနဲ့ ကိုထော်ကို အမြန်ဆုံး စေ့စပ်ပေးဖို့ပဲ"

"ဟုတ်တယ်သမီး၊ သမီးနဲ့ ကိုထော်ကို စေ့စပ်ပေးပြီးတာနဲ့ အမြန်ဆုံးပဲ မင်္ဂလာဆောင်ပေးမယ်၊ ဒယ်ဒီဖြစ်ချင်တာ အဲဒါပဲ၊ မဖြစ်ဖြစ်အောင်လည်း ဒယ်ဒီ ကြပ်ကြပ်မတ်မတ် စီစဉ်ထားပြီးပြီ၊ သမီး ကောင်းအတွက် သမီး ခံစားရတယ်ဆိုရင် စိတ်ကြိုက်ငိုလိုက်စမ်းပါ၊ ငိုစမ်းပါ သမီးရယ်"

ဖနီးသည်စကားမဆုံးခင် ဦးမိုးသစ်လည်း အံကြိတ်သံဖြင့် အသံတွေတုန်အက်ကာ တင်းတင်းမာမာပဲ ပြောချသည်။

ခုလိုပြောရတာ သမီးကို ချစ်လွန်းလို့ဆိုတာ သမီး နားမလည်သေးရင် နေပါစေ။ တစ်ချိန်မှာ နားလည်လာမှာပဲလို့ ဖော့တွေးပြီး ပြောချခြင်းဖြစ်သည်။

"သမီးဒယ်ဒီရဲ့ ဆန္ဒအတိုင်း အားလုံးဖြစ်နေပြီ သမီးရယ်၊ ရင့်သဘာ ဘယ်ရောက်လို့ရောက်နေမှန်း စုံပြည့်တို့တောင် သတင်းမရဘူး၊ ဒါကြောင့် သမီးမမျှော်နဲ့ကွယ်၊ အချစ်ဆိုတာ အစားထိုးလို့ရတယ်၊ ကိုထော်အချစ်ကို သမီးခံစားတတ်လာမှာပါကွယ်၊ ဝမ်းမနည်း





ပါနဲ့၊ မိဘဆန္ဒကို လက်ခံတဲ့သမီး ဘယ်တော့မှ စိတ်နှလုံးသား မချမ်းမြေ့တာမျိုး မခံစားရပါဘူး။ မာမီ ရဲရဲကြီး ပြောဝံ့တယ် သမီး၊ သမီးဘဝတစ်လျှောက်လုံး ကိုထော်အချစ်ကြောင့် သာယာချမ်းမြေ့မှာပါကွယ်၊ နော် သမီး"

"ဟီး ဟီး ဟီး"

နေ ဘာတစ်ခွန်းမှ ပြောခွင့်ဆိုခွင့်မရနိုင်တော့မှန်း ဒယ်ဒီနဲ့ မာမီ့စကားသံတွေက သက်သေထူနေပါပြီ။

နေ ဘာတတ်နိုင်တော့မှာလဲ ဟင်း။

နေ ရင်နှစ်ခြမ်းကွဲတဲ့အထိ နေ ငိုချပါမယ်။

ရင့်ရယ်

ဒယ်ဒီနဲ့မာမီရဲ့အတ္တက နေနဲ့ရင့်အချစ်ကို ပရိယာယ်နဲ့ ခွဲပစ်တာလေ။ ဒယ်ဒီ့ပရိယာယ်ကြောင့် နေတို့ ဘယ်ဘဝမှာ ပြန်ဆုံရမလဲ ဟင်။ သေချာတာက ဒီဘဝမှာ ရင့် အချစ်နဲ့ နေဆုံချင်ပါသေးတယ်။ တကယ် ဆုံပါရစေကွယ်။ ဆုံချင်တဲ့နှလုံးသားဖြင့် ငိုကြွေးနေတဲ့ နေ့ခမျာ ချော့မော့နှစ်သိမ့်ပေးနေတဲ့ မာမီစကားလုံးတွေထဲမှာ နေမပျော်ဝင်နိုင်တော့ပါ။ မွေ့ရာပေါ် နေ ကိုယ်လုံးလေး ပျော့ခွေကာ မှောက်လျက် လဲကျသွားလေသည်။

နေ့အချစ်တွေက အရည်ပျော်ကာ မျက်ရည်ကြည်တွေ စမ်းချောင်းသဖွယ် စီးဖြာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ရိုးသားတဲ့ အချစ်တွေက ခေနဂုဏ်အတ္တတွေရဲ့ ချုပ်နှောင်ဘောင်ခတ်မှုကြားမှာ ထွက်ပေါက်ပိတ်နေပြီလား။

ရင့်ရယ်

ရင့်နှလုံးသားကို ဒယ်ဒီအတ္တနဲ့ ခွဲလိုက်တာ ရင့်သိရဲ့လား။

ဒယ်ဒီ စိန်ခေါ်တာကို ဘာလို့ ယုံရတာလဲ ရင့်ရယ်။

ရင့်။

✿ ✿ ✿



## အခန်း (၄၂)

"လာလေ ဒေါ်သီတာ"

မိသားစုသုံးယောက် အချေအတင်စကားတွေနဲ့ တင်းမာနေကြသည်။ ထိုအခါ ဝင်သွားရကောင်းနိုး မဝင်ရကောင်းနိုးနဲ့ အခန်းဝခေါင်းလေးပြူ၍ချောင်းကြည့်သည့် ဒေါ်သီတာကို ဒေါ်မိုးမိုးလင်း ရိပ်ခနဲ မြင်သွားသည်။

မြင်သည်နှင့် မဆိုင်းမတွဖိတ်ခေါ်လိုက်လျှင် မိတ်ကပ်ပစ္စည်းထည့်ထားတဲ့ ငွေရောင်လက်ဆွဲသေတ္တာကို ဆွဲလျက်သားနှင့် သမီးအခန်းထဲ ဒေါ်သီတာ လှမ်းဝင်လာသည်။

ဒေါ်သီတာ အခန်းထဲဝင်ရောက်လာသည်နှင့် ဦးမိုးသစ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမပျက်အောင် ပြုပြင်၍ ခေါင်းဆတ်သည်။

သမီးကတော့ မွေ့ရာပေါ် မျက်နှာမှောက်လျက် ငိုနေဆဲ။

ငိုပါစေ။

စိတ်ကြိုက်ငိုပါစေလို့ မိဘနှစ်ပါး စောင့်ကြည့်နေခြင်း ဖြစ်သည်။ ဒေါ်သီတာဝင်လာမှ အခြေအနေအရပ်ရပ်ကို အကောင်းဆုံးဖြစ်အောင် ရှေ့တိုးပြင်ဆင်ဖို့ မိဘနှစ်ပါး အသိဝင်လာကြသည်။

"သမီးကို အလှဆုံးပြင်ပေးနော် ဒေါ်သီတာ"

သမီးကို ငဲ့မကြည့်ဘဲ ဒေါ်မိုးမိုးလင်း စကားစပြောသည်။ ဒေါ်သီတာ လိုက်လိုက်လှဲလှဲ ခေါင်းညိတ်ပြီး –

"စိတ်ချ မမိုးရယ်၊ မမိုးသမီးအလှက ဖူးကြွနုသစ်နေတာလေ၊ ဘာမှ ထွေထွေထူးထူးပြင်ဆင်စရာ မလိုပါဘူး။ နည်းနည်းလေးသ,လိုက်တာနဲ့ အလှတက်လာမှာပါ"

ဒေါ်သီတာ စကားအဆုံးမှာ ခေါင်းအုံးပေါ် မျက်နှာမှောက်ငိုနေသည့် နေ၊ ခေါင်းဆတ်ခနဲ ထောင်သွားသည်။

နေ မျက်နှာပေါ်က မျက်ရည်တွေသုတ်ကာ အံကြိတ်ပြီး ရှန်းထသည်။ ဒယ်ဒီနဲ့မာမီက နေ ရှေ့ဆက်ပြီး ဘယ်လို ကလန်လုပ်မလဲဆိုတဲ့စိတ်နဲ့ နေ့အပါး ကပ်တိုးလာသည်။

"ထလေ သမီး၊ အလှပြင်ဖို့ အချိန်ရောက်ပြီကွယ့်"

မာမီက နေ့လက်မောင်းကိုဆွဲ၍ မာန်တင်းကာပြောသည်။





"ကဲပါသမီးရယ်၊ ဒယ်ဒီတို့အစီအစဉ်ကို မငြင်းဆန်ပါနဲ့ကွယ်၊ ဒယ်ဒီတို့ အရှက်ကွဲအောင် မလုပ်ပါနဲ့၊ ဒယ်ဒီတောင်းပန်တယ်ကွာ၊ နော် သမီး"

အက်ကွဲသံဖြင့် ဒယ်ဒီကလည်း ထပ်ဆင့်ပြောကာတောင်းပန်လျှင် နေ အသံထွက်,ကလန်ဖို့ အစီအစဉ်ကို ဖျက်ပစ်လိုက်သည်။

နေ့ဆန္ဒက ရင့်ကလွဲပြီး ဘယ်သူနဲ့မှ မပေါင်းရစေဖို့။

အဲဒီအတွက် နေ ကလန်ကဆန်လုပ်ခဲ့တဲ့ အကြိမ်ပေါင်းများလှပြီ။ ငိုယိုပြီးလည်း အသနားခံပြီးပြီ။ မကျေမနပ်လည်း တုံ့ပြန်ပြောပြီးပြီ။ ရင့်ရင်ခွင်ထဲဝင်ဖို့လည်း ကြိုးစားပြီးပြီ။

နေ ကြိုးစားခဲ့သမျှ ဘယ်အရာမှ မအောင်မြင်။

အခုလည်း အရင်လို ငိုယိုငြင်းဆန်နေလို့ အရာထင်မှာ မဟုတ်ပေ။ ရင်ထဲက အလိုလိုသိနှင့်တာကြောင့် ခုတင်ပေါ်ကနေ ဝေါက်ခနဲ ဆင်းလိုက်သည်။

"သမီး မာမီတို့ နောက်တစ်ကြိမ် အရှက်တကွဲအကျိုးနည်းဖြစ်အောင် မလုပ်ပါနဲ့ကွယ်၊ သမီးကြောင့် မာမီတို့ အရှက်မကွဲပါရစေနဲ့ သမီးရယ်၊ ဒီတစ်ကြိမ် အရှက်ကွဲရရင် မာမီနဲ့ဒယ်ဒီ ရှက်ပြီး သေသွားနိုင်တယ် သမီးရယ်၊ ဟင့် ဟင့်"

မာမီ မျက်ရည်လေးကျပြရင်း နေ့ပခုံးကို ဖွဖွဖက်ပြီးပြော၏။ နေ အံကြိတ်လျက်သားနဲ့ ပါးပေါ်လိမ့်ကျလာတဲ့ မျက်ရည်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ်းဖိသုတ်၏။

"သမီး"

ဒယ်ဒီကလည်း နေ့ကို စိုးရိမ်တကြီး ခေါ်ပြန်သည်။ နေ အံ့ကြိတ်မပျက်ဘဲ ဒယ်ဒီကို တစ်ချက်ငဲ့ကြည့်သည်။

ဒယ်ဒီ့မျက်ဝန်းက အရှက်တကွဲမဖြစ်စေဖို့ နေ့ခြေထောက်ကိုင်ပြီး တောင်းပန်ပါရစေ သမီးရယ်လို့ ပြောနေသလို ဖြစ်နေသည်။

ဒီအချိန်မှာ နေ ဘာလုပ်သင့်သလဲ။

ဒယ်ဒီနဲ့မာမီ့ဆန္ဒကို ဖြည့်ဆည်းပေးရမတဲ့လား။

ဒယ်ဒီနဲ့မာမီ့ဆန္ဒကို ကြည့်ပေးလိုက်ရင် နေနဲ့ရင့် နှလုံးသားကမှာ ခြားသွားမယ်လေ။

နေနဲ့ရင့် နှလုံးသားက စွယ်တော်ရွက်လို အစဉ်တွဲနေချင်တာ။ ထာဝစဉ် စွယ်တော်ရွက်လို တွဲခွင့်ရဖို့အတွက် နေ ခြေတစ်လှမ်းနောက်ဆုတ်ရှောင်ပြီး အရှိန်ယူမှုဖြစ်မယ့် အနေအထား ရောက်နေပြီ။

"သမီးရယ် ဒယ်ဒီတို့ အရှက်နဲ့အသက်က သမီးလက်ထဲမှာကွယ်"

ဒယ်ဒီ ပြောရင်းငိုချသည်။ မာမီလည်း နေ့ပခုံးပေါ် မျက်နှာလေးမှေးတင်ကာ ငိုသည်။

ဒေါ်သီတာခမျာ ဒီမိသားစု၏ မပြေမလည်ဖြစ်နေသေးသည့် အဖြစ်ကို ငေးကြည့်နေရင်း ရင်မှာ ထိထိရှရှဖြစ်ကာ မလှုပ်မယှက်





ရပ်လျက်သား ဖြစ်နေသည်။

"သမီး ဒီတစ်ခါလည်း မာမီတို့ကို အရှက်ခွဲဦးမယ်ဆိုရင် ဟင့် ဟင့်"

မာမီ့စကားသံ မဆုံးခင်အသံ မာမီ့ငိုသံ လှိုမ့်ထွက်လာပြန်သည်။ ဒယ်ဒီနဲ့မာမီရဲ့ ငိုသံတွေ ခေတ္တတိတ်ဆိတ်သွားဖို့ နေ ဘယ်လိုသရုပ်ဆောင်ရမလဲ။

နေ အချိန်ယူပြီး စဉ်းစားစရာ မလိုအပ်။ နှလုံးသားထဲက ဖြစ်ထွန်းလာတဲ့အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ နေ ချက်ချင်းဆုံးဖြတ်လိုက်သည်။

နေ့ပခုံးပေါ် မျက်နှာမှေးတင် ငိုရှိုက်နေတဲ့ မာမီ။

မာမီ့ကိုငဲ့ကြည့်ရင်း ဒယ်ဒီနဲ့မာမီ လက်တစ်ဖက်စီကို ဆွဲယူကာ နေ ပူးတွဲဆုပ်ကိုင်လျှင် မိဘနှစ်ပါး နေ့ကို မြတ်မြတ်နိုးနိုး ငုံ့ကြည့်သည်။

ဘာလဲဟင်လို့ မေးချင်နေတဲ့ မိဘနှုတ်ခမ်းဖျားတွေကို နေ ဖွင့်ဟပြောခွင့်မပေးတော့ပါ။

ဒယ်ဒီနဲ့ မာမီလက်ကို တင်းနေအောင် ဖျစ်ညှစ်ဆုပ်ကိုင်၍ ပြန်လွှတ်ချကာ မိဘနှစ်ပါးအလယ်မှ နေ တန်းတန်းမတ်မတ် ရှေ့တိုးလျှောက်ထွက်ခဲ့မိသည်။

"သမီး နေ" လို့



www.burmeseclassic.com

www.burmeseclassic.com



မာမီ ဖျတ်ခနဲ ခေါ်သည်ကို နေ လှည့်မကြည့်။

ခြေလှမ်းက မှန်တင်ခုံရှေ့ တစ်ရှိန်တည်းရွေ့သွားကာ ဘယ်သူ့ကိုမှလည်း လှည့်မကြည့်ပေ။

မှန်တင်ခုံရှေ့က ဆိုဖာခုံပေါ် နေ ထိုင်ချလျှင် ဒယ်ဒီနဲ့မာမီရဲ့ ကြောကွဲမျက်နှာပေါ် ကြည်နူးသောရောင်စဉ်တွေ ရုတ်ခြည်း လင်းကျင်းသွားလေသည်။

သမီးက မိဘစကား နားထောင်လေခြင်းဆိုတဲ့ အသိနဲ့ပါ။ နေကတော့ နေ့ဆုံးဖြတ်ချက်နဲ့နေ။

"သမီးရယ်"

မာမီ နေ့အပါး ဝမ်းသာအားရ ခြေလှမ်းကျဲနဲ့ ပြေးဝင်လာပြီး နေ့ပါးပြင်ကို ဖွဖွနမ်း၏။

မာမီအနမ်းက နေ့ပါးပြင်မှတစ်ဆင့် နေ့နှလုံးသားအထိ နွေးထွေးစွာ ရောက်သွားပေမယ့် နေ့ဆုံးဖြတ်ချက် ပြောင်းလဲသွားအောင် မစွမ်းနိုင်ပေ။

ဒယ်ဒီ့မျက်နှာမှာလည်း အပြုံးတွေပွင့်ကာ

"ဒေါ်သီတာ သမီးကို သေချာပြင်ပေးတော့လေ၊ အချိန်မရှိတော့ဘူး"

ဟု ဝမ်းသာအယ်လဲအသံဖြင့် နှိုးဆော်သည်။

"ဩော် ဟုတ်ကဲ့"





ဒေါ်သီတာလည်း အခုမှ သက်မ,ချနိုင်ပါသည်။

အခြေအနေအရပ်ရပ်ကိုသဘောပေါက်ကာ နေ့ကို မိတ်ကပ်ပြင်ပေးဖို့ ရောက်လာသည်။

မှန်တိုင်းမလာခင် လေပြည်ကလေး နှောတတ်သည်ဆိုတာ ဒီလို အခြေအနေမျိုးလား။

စိတ်ချ ရင့်။

ရင့်ကိုချစ်တဲ့အချစ်နဲ့ ရင့်ရင်ခွင်ထဲ ဝင်ခွင့်ရဖို့ နေ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ချက်ချတာ။

အဲဒီအတွက် နေ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။

မယုံရင် စောင့်ကြည့်လိုက်။

မှန်ပေါ်မှာ ရှင်းရှင်းလင်းလင်းပေါ်နေတဲ့ နေ့မျက်နှာကို စိုက်ကြည့်ရင်း နေ့နှလုံးသားနဲ့ အဓိဋ္ဌာန်လေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"တောက်"

မျက်နှာတစ်ပြင်လုံး လှုပ်ခတ်သွားသည်အထိ စိုးပြည့် ပြင်းထန်စွာ တောက်ခတ်၏။ တစ်ဆက်တည်း သတင်းစာကိုလည်း သဲကြီးမဲကြီး လုံးခြေလေသည်။

"အဓိပ္ပာယ်မရှိဘူးကွာ၊ လုံးဝပဲ"

အံကြိတ်ပြောရင်းလည်း လုံးခြေပြီးတဲ့သတင်းစာကို နံရံနဲ့ ပစ်ပေါက်၏။ သန့်စင်တို့လည်း ခံပြင်းကာ နံရံနဲ့ထိပြီး အလုံးလိုက် ပြန်လွင့်ကျလာတဲ့ သတင်းစာကို ငေးကြည့်ကြသည်။

လုံးလျက်ကြေနေသည့်သတင်းစာကို သက်နောင်က မျက်





နှာမဲ့တင်းလျက် ပြန်ကောက်၏။

"ထားလိုက်စမ်းကွာ"

စိုးပြည့် အခဲမကျေပြောရင်း ထိုင်ခုံမှာ ထိုင်ချရင်း လက်သီးကျစ်ကျစ် ဆုပ်ပြန်သည်။

လက်ထဲ လုံးကြေလျက်ရှိနေတဲ့ သတင်းစာကို စိုးပြည့် ထားလိုက်စမ်းကွာဟု ပြောတဲ့အတိုင်း သက်နောင် ပြန်လွှတ်ချလေသည်။

ထိုသတင်းစာထဲမှာ နေနှင်းဆီနဲ့ စည်းစိမ်ထော စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုသည့် ကြော်ငြာပါလာသောကြောင့် ဖြစ်သည်။ ဘာမှမသိလိုက်ရဘဲ ပြီးဆုံးသွားတဲ့ ထိုစေ့စပ်ပွဲ။

သူတို့ နှောင့်ယှက်လို့မရအောင် ဟိုလူကြီး ဝိဝိရိရိနဲ့ စီစဉ်လိုက်ခြင်းက အသိနောက်ကျလေခြင်းဆိုတဲ့ ဒေါသဖြင့် သူငယ်ချင်းအားလုံး ခံပြင်းနေသည့်အထဲမှာ စိုးပြည့် အပြင်းထန်ဆုံး။

"ဒါ သက်သက်မဲ့ လူပေါ်လူကြီး ကြောတာကွ"

သက်နောင် မေးကြောများ ထောင်ကြွလာမတတ် တင်းလျက်သားဖြင့် ပြောလျှင် –

"တောက်"

စိုးပြည့် ဒုတိယအကြိမ် တောက်ခတ်ပြန်သည်။

"မထင်ဘူးကွာ၊ လုံးဝမထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မနိုင်ခဲမရ သန့်စင်လည်း တစ်ခွန်းရေရွတ်သည်။ တကယ်လည်း မထင်မှတ်ဘဲ ဖြစ်ခဲ့၏။

ထိုနေ့က စိုးပြည့်တို့ဆီ စခန်းမှူးဦးတင့်လွင် ရောက်လာသည်။

"မောင်စိုးပြည့်၊ ဆရာ့ကို တစ်ခုကူညီကွာ"

ဟု ခပ်လောလော အကူညီတောင်းသည်။ ထိုအချိန်ကား စိုးပြည့်တို့အုပ်စု ညောင်ပင်ဂိတ်မှာစုပြီး ရင့်သတင်း နားစွင့်စုံစမ်းနေခဲ့သည်။ ဦးတင့်လွင် ထိုသို့ပြောသည်နှင့် စိုးပြည့်ကလည်း သဘောရိုးနဲ့ ခေါင်းညိတ်လျက် ကူညီခဲ့သည်။

"အရေးကြီးတဲ့ကိစ္စနဲ့ သထုံသွားစရာရှိတယ်၊ မောင်စိုးပြည့်ကားနဲ့ လိုက်ပို့ကွာ၊ စခန်းကကားနဲ့သွားရင် တရားခံရိပ်မိသွားမှာစိုးလို့ မောင်စိုးပြည့်တို့ကို အကူအညီ တောင်းရတာပါကွ"

ဦးတင့်လွင် နှစ်ခါပြောစရာ မလိုလိုက်ပါ။ ပတ်သက်ရာ ပတ်သက်ကြောင်းရှိတာမို့ စိုးပြည့်တို့သုံးယောက်စလုံး ဦးတင့်လွင်ကို သထုံအရောက် ကားနဲ့လိုက်ပို့ခဲ့သည်။ ကိစ္စက မပြတ်လို့တဲ့ ဦးတင့်လွင် တစ်ညအိပ်တော့ စိုးပြည့်တို့လည်း သထုံမှာ ညအိပ်သည်။

ဦးတင့်လွင်ကိစ္စပြီးမှ စိုးပြည့်တို့ ရန်ကုန်ပြန်ကြသည်။

ရန်ကုန်ပြန်ရောက်တော့ ခရီးပင်ပန်းသည်မို့ စိုးပြည့်တို့ အပြင်မထွက်ဖြစ်။ နောက်တစ်နေ့မှာ





စိုးပြည့် ရက်လွန်သတင်းစာ ဖတ်မိရာမှ နေနှင်းဆီ ဓာ့စပ်ပြီးကြောင်း သိလိုက်ရသည့်အဖြစ်။

"ဒီလိုဖြစ်အောင် ဦးမိုးသစ်နဲ့ ဦးတင့်လွင် အကွက်ချ စီစဉ်တာပဲ ဖြစ်ရမယ်၊ မကျေနပ်ဘူးကွာ လုံးဝပဲ"

စိုးပြည့် ထိုင်ခုံလက်တန်းကို လက်သီးဆုပ်နဲ့ဖိထုရင်း ပြောသည်။ သန့်စင်နဲ့ သက်နောင်လည်း ခေါင်းညိတ်လက်ခံကြသည်။

"ငါ စုံစမ်းရသလောက် ဦးတင့်လွင်နဲ့ ဘာမှမဆိုင်ဘူးကွ"

သတင်းအတိအကျစုံစမ်းပြီး ရောက်လာတဲ့ ကိုတူ ဝင်ပြောသည်။

"မင်း တိတိကျကျ သိလို့လား ကိုတူ"

သက်နောင် မျက်ခုံပင့်လျက် ခပ်တင်းတင်းမေးသည်။ ကိုတူက ဖွင့်ခင်လာတဲ့ ကျွန်းတံခါးကို ပြန်ဆောင့်ပိတ်သည်။

ပြီးမှ သက်နောင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ခုံလွတ်မှာ ဝင်ထိုင်ရင်း ပြောသည်။

"ငါလည်း အစက ဦးတင့်အောင်နဲ့ဦးမိုးသစ် ပေါင်းကြံတယ်လို့ ထင်တာကွ၊ သေချာစုံစမ်းကြည့်တော့ မဟုတ်ဘူးကွ၊ ဦးတင့်လွင် သထုံဆင်းတဲ့ရက်ကို တမင်ချိန်ပြီး စီစဉ်တာကွ၊ အန်ကယ်ဦးတင့်လွင်က သူ့အလုပ်နဲ့သူ ရှုပ်နေတာကွ၊ အသေအချာပြောရရင် ဒီလူကြီးက ငါတို့ကောင်တွေထက် တစ်ကွက်အသာရနေတာ သည်းမခံချင်ဆုံးဘဲ



www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်"

"ကျစ်"

စိုးပြည့် ကျစ်ခနဲ ဆုပ်သပ်ရင်း မျက်နှာတစ်စက်လွှဲပြီး သက်ပြင်းချသည်။

အစဉ်အမြဲ ခြေတစ်လှမ်းသာနေတဲ့ ဦးမိုးသစ် ကံကြမ္မာ စုတ်ပြတ်သတ်သွားအောင် လုပ်ချင်တဲ့ဒေါသလည်း ဖြစ်လာသည်။

"အန်ကယ်ဦးတင့်လွင်က သူ့အမှုကိစ္စတွေနဲ့သူ လုံးနေတာပါ၊ ဦးတင့်အောင်အပေါ် အမြင်မလွဲနဲ့ကွာ၊ အဓိက ဒီလူကြီး"

ကိုတူက အန်ကယ်ဦးတင့်လွင်နဲ့ ပေါင်းကြံတာမဟုတ်ကြောင်း အခိုင်အမာပြောလျှင် –

"တောက်"

စိုးပြည့် တောက်ခတ်ပြန်သည်။

သက်နောင်နဲ့ သန့်စင် သက်မချပြီးရင်းချရင်း

"ဒါဆို ရှေ့ဆက် ဘာတွေဖြစ်လာမလဲ ကိုတူ"

သန့်စင် ဆံပင်တွေ ဖွပစ်ရင်း တစ်ခွန်းမေးသည်။ ကိုတူ ခေတ္တ ငေးခနဲဖြစ်ကာ တိတ်ဆိတ်သွားပြီးမှ စားပွဲပေါ်ရှိ ဖွင့်ထားတဲ့ စီးကရက်ဘူးကို ကောက်ကိုင်သည်။

"သေချာတာက အချိန်မဆွဲဘဲ မင်္ဂလာပွဲ လုပ်ဖြစ်မယ်ထင်တယ်"





ဘူးထဲက စီးကရက်တစ်လိပ် ဆွဲထုတ်ရင်း ကိုတူ ခပ်ရှင်းရှင်းပြောတော့ သန့်စင်တို့မျက်ဝန်းတွေ မှောင်ကုပ်ကျသွားသည်။

"ဒီတစ်ကြိမ်က နောက်ဆုံးပဲ၊ ဒီလူကြီး ခြေကွက်သာသွားရင် ရင့်နဲ့နေ ဘဝခြားသွားမယ်ကွ"

ကိုတူက အပြောင့်အတိုင်းပင် ဆက်ပြောပြန်သည်။ ကိုတူပြောတဲ့အတိုင်း မှန်ပေမယ့် ကိုတူပြောသလို တကယ်ဖြစ်လာမှာကို သန့်စင်တို့ တစ်ယောက်မှ မလိုလားပေ။ ထို့ကြောင့် –

"ငါတော့ လုံးဝအဖြစ်မခံနိုင်ဘူး ကိုတူ"

သက်နောင်က မသောက်ဘဲ မီးညှိထားတဲ့ ကြာပြီးဖြစ်တဲ့ လက်ထဲက စီးကရက်မီးကို ပြာခံခွက်ထဲ ထိုးချေရင်းဆိုသည်။

"အဖြစ်ခံနိုင်လို့ ရသလား၊ တောက်၊ ဒီလူကြီးနဲ့ ငါ တွေ့ကြသေးတာပေါ့ကွာ"

စိုးပြည့် သည်းခံချင်စိတ်တွေ မရှိတော့ပါ။ ဆိုးဆိုးဆတ်ဆတ်ပြောပြီး ထိုင်နေရာမှ ဝုန်းခနဲထကာ ခြေလှမ်းက တံခါးဝဆီ ဦးတည်ရွေ့သွားသည်။

"ဟ နေဦး"

သူငယ်ချင်းအားလုံး စိုးရိမ်စိတ်တွေနဲ့ ထကြသည်။ တားကြဖို့မဟုတ်ပေမယ့် စိုးပြည့်နဲ့ ဒီလူကြီး နှစ်ယောက်တည်း တွေ့ကြပြီး ပြဿနာကြီးသွားမှာ မလိုလားတဲ့စိတ်နှင့် ဝိုင်းဝန်းကူညီကြဖို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့် နောက်လှည့်မကြည့်ပါ။

သူငယ်ချင်းတွေရဲ့ခြေသံက စိုးပြည့် ခြေသံနောက်မှာ ထက်ကြပ်မကွာ ပါလာလေသည်။

"ရင့်ရာ မင်းသာရှိရင် ဒီလူကြီး ရှုံးသွားအောင် လုပ်နိုင်မယ်ကွ၊ ခုတော့"

ရင်ထဲ တောင့်တောင့်ကြီးပဲ စိုးပြည့် ရေရွတ်ကာ

သူငယ်ချင်းတွေလည်း ထိုလူကြီးအကြံဉာဏ်ကို ဖြိုချဖို့ အားမာန်တင်းလိုက်ကြသည်။

✿

အခြေအနေအရပ်ရပ်အပေါ် သူတို့အားလုံးထက် ခြေကွက်သာနေတဲ့ ဦးမိုးသစ်ပရိယာယ်ကို သူတို့ ကျော်လွှားနိုင်ကြမလား။

ကိုတူက ရင်လေးစွာပဲ ထိုသို့ တွေးမိလေသည်။

✿ ✿ ✿

ဖျူးစာပေ

ဆယ်နှစ်တင်းတင်း ပြည့်သည့်နေ့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

အနက်ရောင်မှန်တံခါးကြီး ရှဲခနဲ ပွင့်လာလျှင် အသင့်စောင့်ကြိုနေတဲ့ လူငယ်နှစ်ဦး ခေါင်းလေးငုံ့ ကိုယ်လေးညွှတ်ကာ အရိုအသေပေးပြီးသားအနေအထား ဖြစ်သွားပါသည်။

သူတို့ မော်မကြည့်ရဲအောင် သူတို့ဘော့စ် အရှိန်အဝါကလည်း ကြီးလှပေသည်။

မကြာခင် နာရီပိုင်းက နိုင်ငံခြားမှပြန်ရောက်လာသည့် သူတို့ဘော့စ်ကို သူတို့အဲ့ဩဘနန်းလည်း ဖြစ်ရသည်။

သူတို့အလုပ်ရှင်က ဦးပန်းမြိုင်။ ဦးပန်းမြိုင်က ဘော့စ်ရဲ့ကိုယ်စားလှယ်တော်ကြီးဖြစ်သည်။ ဘော့စ်ပြန်ရောက်လို့ သတင်းရ





ကတည်းက ဦးပန်းမြိုင် ပျာယာခတ်လျက် သူတို့ကို အစစအရာရာ ညွှန်ကြားခဲ့၏။

တစ်သဝေမသိမ်း လိုက်နာရန်လည်း အမိန့်ပေးသည်။

ဦးပန်းမြိုင်ပြောစဉ်က ဘော့စ်ဆိုသူမှာ ဦးပန်းမြိုင်လို အသက်ကြီးကြီး ဝဖိုင့်ဖိုင့်လူကြီးဟု ထင်သည်။

တကယ်မြင်လိုက်ရမှာ အံ့ဩပြီး မိနစ်ပေါင်းများစွာ ငေးခနဲဖြစ်ကာ မျက်တောင်တွေဘာတွေမခတ် ဖြစ်တော့ပါ။

သူတို့ထက် အလွန်ဆုံးကြီးလှမှ နှစ်နှစ်သုံးနှစ်သာ။ အသွင်သဏ္ဌာန်ကလည်း တောင့်တင်းမတ်ကြွကာ နူတ်ခမ်းနီ ပါးနီမလေးတွေရဲ့ အချစ်တော် ညို့မင်းသားသစ် ရောဘတ်ပက်တင်ဆန်ထက် ညို့ဆွဲအား ပါနေသည်။

နီတျာတျာ နူတ်ခမ်းနှစ်လွှာမှာ ပြည့်ဖူး၍ တစ်ဖြောင့်တည်းဖြစ်နေသလို လေးထောင့်ဆန်ပေမယ့် မေးဖျားသွယ်ကျပုံက လှသည်။

ထူခဲစိမ်းနက်သော မျက်ခုံးနှစ်သွယ်ကို အဝေးကတည်းက ထင်းထင်းကြီးမြင်ရသည်။ ထို့ပြင် စူးရှတဲ့မျက်ဝန်းက အကြည့်ချင်းဆုံလျှင် တောက်ပတဲ့အလင်းတန်း ပေါ်လာစမြဲဖြစ်သည်က ထူးခြားတဲ့ ညို့ဆွဲအားသဖွယ် ယောကျ်ားချင်း ငေးသွားစေသည်အထိ ဆွဲငင်အားပြင်းလှ၏။

ပွင့်ဟလာတဲ့ မှန်တံခါးမှ ဦးစွာ ဦးပန်းမြိုင်ဦးဆောင်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူတို့ ဘော့စ်လူရှုယ်ပ်၊ လိုက်ထွက်ခဲ့သည်။

ဆွတ်ဆွတ်ဖွေးဖွေးဖြူသော ကိုးရီးယား ရှပ်အင်္ကျီလက်ရှည်ကို လက်ဖျားနှစ်ခေါက် ခေါက်ဝတ်ထားသောကြောင့် လက်ခုံပေါ်က မွေးညင်းရှည်တွေကအစ ထင်ထင်ရှားရှား စိမ်းပြာစွာပေါ်လွင်နေသည့် အလှကို သူတို့မကြည့်ဘဲ မနေဖြစ်ပါ။

ပုလဲနှစ်ရောင် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လျှိုပြီး ခါးမတ်လျှောက်ထွက်လာတဲ့ သူတို့ဘော့စ်ကို နိုင်ငံခြားမင်းသားတွေ ငေးသွားစေသည်အထိ စတိုင်လ်ဖြောင့်လှပေသည်။

သူတို့ဘော့စ် ဘာညွှန်ကြားမလဲဆိုတာ သူတို့ အသင့်အနေအထားဖြင့် စောင့်ကြည့်နေပေမယ့် ဘာမှ ညွှန်မကြားပါ။

ဦးပန်းမြိုင်က ဘော့စ်ကို အမျှင်မပြတ်တမ်း စကားတွေ ဦးဆောင်ပြောရင်း ကြီးကျယ်ခမ်းနားသော ဧည့်ခန်းဆောင်ကြီးကို ဖြတ်ကာ –

အသင့်ရပ်ထားတဲ့ လင်ခရူဆာကားသစ်ကြီးဆီ ဦးတည်သွားသည်။ သူတို့နှစ်ယောက်လည်း ဘော့စ်နောက် မလှမ်းမကမ်းမှ ခြေလှမ်းညီညီ လိုက်ပါခဲ့ရသည်။

ကားဆီရောက်သည်နှင့် ဦးပန်းမြိုင်က ကားနောက်ခန်းတံခါးကို ကိုယ်တိုင်ဖွင့်ပေးကာ ဘော့စ်ကို ကားပေါ်တက်စေသည်။

ဘော့စ်ကားပေါ်တက်ထိုင်ပြီးသည်နှင့် –





“ထိုက်တန်နဲ့ ဝင်းခေါင် နှစ်ယောက်စလုံး ဘော့စ်နဲ့လိုက်သွားတဲ့၊ ဘော့စ်သွားချင်တဲ့နေရာလိုက်ပို့”

ဟု အမိန့်ပေးတာလည်း မဟုတ်၊ စေခိုင်းခြင်းသဘောလည်း မဆောင်၊ တာဝန်ပေးသလို ပြောသည်။

သူတို့ကလည်း ဦးပန်းမြိုင် တာဝန်ပေးတဲ့အတိုင်း ကျေပွန်စွာ ထမ်းဆောင်ဖို့ ဝန်မလေး။

“ဟုတ်ကဲ့”

ဟု ပြိုင်တူ ခေါင်းညိတ်ဖြစ်သည်။

ထို့နောက် ထိုက်တန်က ကားမောင်းသူနေရာ ဝင်ထိုင်ပြီး ဝင်းခေါင်က ကားမောင်းသူဘေးရှိ ကားရှေ့ခန်းထိုင်ခုံမှာ သွက်သွက် ဝင်ထိုင်သည်။

“ဘယ်ကို အရင်ပို့ပေးရမလဲ ခင်ဗျာ”

ထိုက်တန်မေးတော့ ဦးပန်းမြိုင် တစ်လုံးချင်းပြောသည်။

“နေနှင်းဆီစံအိမ်” တဲ့။

ဦးပန်းမြိုင်စကားအဆုံးမှာ သူတို့ဘော့စ်၏ တောက်ပစူးရှသော မျက်ဝန်းက ဆွေးရိပ်တို့ရှိဝေကာ မျှော်လင့်ချက်ကြီးမားစွာသော တမ်းတခြင်းတို့နှင့် ညှို့ဆိုင်းသွားသည်ကို သူတို့ လှစ်ခနဲ မြင်လိုက်ရသည်။

ထိုနှင့် တစ်ဆက်တည်း မာနရောင်တို့ကလည်း ဘော့စ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှာ သက်တန့်ရောင်တွေကို ပြာလင်းသွားကာ –

နှုတ်ခမ်းကို မသိမသာ ဆွဲဆန့်လိုက်ပြီးနောက်

"နေ"

ဟု တစ်လုံးတည်းရေရွတ်တဲ့ ဘော့စ်၏ရင်တွင်းအသံက နှုတ်ခမ်းသားလေးကို လှုပ်ခတ်သွားစေသည်။

အဲဒါ ဘာကြောင့်လဲ ဘော့စ်ရယ်။

ဦးပန်းမြိုင် လက်ပြနှုတ်ဆက်သည်ကိုလည်း ဘော့စ်မမြင်သလို ဖြစ်နေသည်။ ထိုက်တန်ပဲ ခေါင်းဆတ်၍ ကားကို ငြိမ့်ခနဲ မောင်းထွက်သွားလျှင် သူတို့ဘော့စ်၏ မျက်ဝန်းအိမ်မှာ

အတိတ်တွေ

အရိပ်တွေ

မာနတွေနဲ့

ခံစားမှုတွေ ရောထွေးယှက်သန်းစေသည်။

✿ ✿ ✿



အခန်း (၄၅)

နေနှင်းဆီစံအိမ်

ချိတ်ပိတ်ထားတဲ့ ခြံဝင်းတံခါးမြင်လျှင် ရင့် နှုတ်ခမ်းပါး တွန့်မဲ့ကာ မာနရောင်က မျက်ဝန်းမှာ တဖျပ်ဖျပ် လက်ထသွားသည်။

ဆယ်နှစ်တင်းတင်း ပြည့်တဲ့နေ့။

ဒီနေ့ကို ဦးမိုးသစ် မေ့နေတာလား။

ဒါမှမဟုတ် မေ့ချင်ဟန်ဆောင်နေလား။

အဟင့်။

မေ့နေတာဖြစ်ဖြစ်၊ မေ့ချင်ဟန်ဆောင်တာဖြစ်ဖြစ် ဦးမိုးသစ် တံခါးပိတ်ထားတိုင်း ရင့် လှည့်ပြန်ရမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဝေးသေးတယ် ဦးမိုးသစ်။

ရင့် မာနစိတ်ဖြင့် ချက်ချင်းပဲ ဦးမိုးသစ်ဖုန်းနံပါတ် တစ်လုံးချင်း ရွတ်၍ နှိပ်လိုက်သည်။

၀ ၉ ၈ ၀ ၂ ၁ ၁ ၃ ၇

နံပါတ်ဆုံးသည်နှင့် ဖုန်း တန်းခနဲ ဝင်ပါသည်။ ဖုန်းဝင်ဝင်ချင်း တစ်ဖက်က ဖုန်းထူး၏။

"ဟဲလို" တဲ့။

သေချာတယ်။ ဒီအသံက ဦးမိုးသစ်မှ ဦးမိုးသစ်အစစ်။

အသံက မာန်တွေ၊ အရှိန်အဝါတွေနဲ့ တောက်ပနေပါသည်။ နှစ်တွေပြောင်းပေမယ့် ဦးမိုးသစ်အသံက ခုချိန်ထိ မပြောင်းလဲသေးပါ။

ဦးမိုးသစ် မပြောင်းလဲသလို ရင့်မာနလည်း မပြောင်းလဲဘူးဆိုတာ ခင်ဗျား ကောင်းကောင်းသိစေရမယ် ဦးမိုးသစ်။

မာနနဲ့ မောင်းတင်ထားတဲ့စိတ်နှင့် ဦးမိုးသစ် ဖုန်းထူးသံအဆုံးမှာ ရင့်နှုတ်မှ တစ်လုံးတည်း ရွတ်လိုက်၏။

"ရင့်"

"ဘာ"

ဦးမိုးသစ်၏ ဘာသံ ဟိန်းခနဲ ထွက်လာသည်။ ရင့်နာမည်နဲ့ ရင့်အသံကို ကြားရုံနဲ့ မှတ်မိနေသည်။





ဦးမိုးသစ် မှတ်မိနေတယ်ဆိုတဲ့အသိက ရင်ထဲကမာန ပို၍ပင် အရောင်တောက်လာကာ

"ဟုတ်တယ် ရင့်သဘော၊ ဒီနေ့ ဒီအချိန်ကို အန်ကယ်မမှတ်မိဘူးလား။ မမှတ်မိရင်လည်း ရတယ်၊ ကျွန်တော် ပြန်ပြောပြမယ်၊ ဒီနေ့က အန်ကယ်ပေးထားတဲ့ ရက်ချိန်း ဆယ်နှစ်တင်းတင်းပြည့်တဲ့နေ့ဗျ"

"ဟား ဟား ဟား" ...

ရင့်စကားသံအဆုံးမှာ ဦးမိုးသစ် ရယ်သံရှည်ကြီး ထွက်လာသည်။ ရယ်သံက ရှူးရှူးရှားရှား ရယ်လိုက်တဲ့အသံဝါကြီး ဖြစ်သည်။

ရင့် မျက်မှောင်ကုတ်ချလျက်

"အန်ကယ်"

"ဟား ဟား ဟား ငါ့မှတ်ဉာဏ် အဲသလောက် မပျက်စီးသေးဘူး ရင့်သဘာ ဟင့် ဟင့် ဟင့်"

ပြောရင်း တစ်ဆက်တည်းရယ်ပြန်သည်။ ရယ်ပြီးလည်း ပြောပြန်သည်။

"ဒီမှာ ရင့်သဘာ၊ မင်းလာမယ့်အချိန် ငါစောင့်နေတာကွ၊ မင်းလာပြီဆိုတော့ ငါ့ခြံတံခါး ဖွင့်ပေးရမှာပေါ့ကွာ၊ စိတ်ချ တစ်မိနစ်ပဲစောင့်"

ရယ်သံကြီး ရပ်ပစ်ရင်း မာန်နဲ့ပြောသည့် ဦးမိုးသစ်အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရင့်သဘာ မျက်နှာကို မော့ကာမဲ့သည်။

ဖုန်းကိုချပစ်ရင်း တစ်မိနစ်ဆိုတဲ့အချိန်ကို စောင့်ရသည်။ စောင့်နေရင်း မျက်ဝန်းက နေနှင်းဆီစံအိမ်ကို ဝေ့ကြည့်သည်။

ဘယ်အခန်း ဘယ်အဆောင်မှာ ရင့်ချစ်သူ စံနေမလဲကွယ်။

နေရေ

နေ့ကို ချစ်ခွင့်ရဖို့ ရင့် အဆင်သင့် ဖြစ်နေပြီကွ။

ရင့်တို့ နမ်းခဲ့ဖူးတဲ့ တူနှစ်ကိုယ်အနမ်း (၀) စွယ်တော်အနမ်းက နှစ်ချို့ဝိုင်လိုပဲ စွဲမက်စရာ ကောင်းလှတယ်နော်။

အဲဒီအနမ်းတွေ ခံစားဖို့ ရင့်က နေတို့ ခြံရှေ့ရောက်နေပြီ နေရဲ့။

ရင့်အတွေးလေးနဲ့ စကားပြောနေတဲ့နောက် တစ်မိနစ် ပြည့်သွား၏။ ထိုအခါ ခြံတံခါးကြီးကြီး ရှဲခနဲ ပွင့်လာသည်။

ဦးမိုးသစ်ခြံထဲ ထိုက်တန် ကားချိုးဝင်လိုက်လျှင် ရင့်ရင်ထဲ တဒိတ်ဒိတ် ခုန်လေပြီ။

ထိုစဉ် ရင့်တို့ကားနောက်သို့ အရှိန်နဲ့မောင်းဝင်လာတဲ့ တက္ကစီအဖြူရောင်လေး။ ရင့် လှည့်ပြန်ငဲ့ကြည့်တော့ –

ရင့်သူငယ်ချင်းအရင်းကြီးတွေ။

တစ်ချိန်က ရင့် တက္ကစီဆွဲခဲ့တဲ့ ကားလေးက ခုချိန်ထိ သူငယ်ချင်းတွေလက်ထဲမှာ ရှိနေပါသည်။





အစစအရာရာ အရင်ကအတိုင်းပါပဲလား။

ဒီနေ့ကို ရင့်သူငယ်ချင်းတွေလည်း မှတ်မိနေသတဲ့လား။ အားလုံး မှတ်မိနေတော့ ပိုတောင်ကောင်းသေးတယ်။

ကားနှစ်စီးလုံးက ပေါ်တီကိုအောက်မှာ ပြိုင်တူလိုလို ထိုးရပ်သွားသည်။ ရင့် ကားပေါ်ကဆင်းသည်နှင့် သူငယ်ချင်းတွေလည်း ကားပေါ်က ခုန်မချရုံတမယ် ဆင်းကြကာ သူငယ်ချင်းအားလုံး ရင့်ကို ပြေးဝင်ဖက်သည်က နှလုံးသားထဲက ဝမ်းမြောက်မှုအတိနှင့် ဖြစ်သည်။

နေနှင်းဆီစံအိမ်ထဲ ဝင်လာတဲ့ ရင့်အနေအထားကိုကြည့်ပြီး ဦးမိုးသစ်ကို ရင့် မာနနဲ့ခြွေနိုင်လိမ့်မယ်ဆိုတာ သေချာနေမှန်း စိုးပြည့်တို့ အလိုလို သဘောပေါက်ပြီးသားဖြစ်သည်။

ဒါကြောင့် လက်မကိုယ်စီထောင်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သူငယ်ချင်းတစ်စု မာန်တွေနှင့်ပင် ဧည့်ခန်းထဲ လှမ်းဝင်သည်။

ပွဲရူးမက ဧည့်ခန်းမှာ ထိုင်ဖို့ကြိုဆို၏။ စိုးပြည့်တို့က အောင်ပန်းဆင်တော့မည့်မာန်မျိုးဖြင့် မျက်နှာလေးတွေမော့ကာ ဆိုဖာမှာ ဝင်ထိုင်ကြသည်။

ရင့်က မထိုင်။

လေ့ကားထစ်တွေကို အားမာန်ပြည့်ဖြင့်နင်းပြီး အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းလာတဲ့ ဦးမိုးသစ်ကို မျက်နှာမော့လျက် မာနအပြည့်ဖြင့် ကြည့်သည်။

နှစ်ယောက်စလုံးရဲ့မျက်ဝန်းမှာ မာနမီးတို့ တောက်လောင် က -

"အဟင့် မင်းက တကယ်ရောက်လာပြီကိုး"

အထင်အမြင်သေးသောမျက်လုံးနဲ့ ကြည့်ပြီး ရွတ်ရွတ်ချချ ဟန်မူရာနှင့် ဦးမိုးသစ် ဦးစွာပြောသည်။ ပြောရင်းလည်း လှေကား ထစ်တွေကို အားမာန်အပြည့်နဲ့ ဆင်းလာတဲ့ ဦးမိုးသစ်။

ရင့်အကြည့်ကို ဦးမိုးသစ်မျက်လုံးဆီမှ မခွာသေးဘဲ -

"ဒီနေ့ကို ကျွန်တော် အမျှော်လင့်ဆုံးပဲ အန်ကယ်"

"ဟား ဟား ဟား ငါလည်း ဒီနေ့ကို မျှော်လင့်တာပဲ ရင့် သဘာ"

ဦးမိုးသစ် အသံဝါနဲ့ရယ်ချရင်း ပြောကာ ဧည့်ခန်းထဲ ဝင်လာသည်။ ထိုအခါ နှစ်ယောက်သား ဧည့်ခန်းအလယ်မှာ မာန်အပြည့်နဲ့ မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ စိုးပြည့်တို့ မျက်ဝန်းလေးစုံကတော့ ပွဲကြီးပွဲကောင်း ကြည့်ရတော့မယ်ဆိုတဲ့ အသိဖြင့် တောက်ပစူးရှနေ သည်။

ဦးမိုးသစ်နဲ့ ရင့်တို့၏ မာနမျက်နှာတွေကို အလှည့်ကျ ကြည့် ရင်းလည်း ရင်ခုန်နေကြသည်။





"စိတ်ချ၊ အန်ကယ်မျှော်လင့်သလို ဖြစ်ရလိမ့်မယ်၊ ပြော အန်ကယ်၊ အန်ကယ့်သမီးကို အန်ကယ် တန်ဖိုးဘယ်လောက် သတ် မှတ်မလဲ၊ တစ်ခွန်းတည်းပြော"

ဦးမိုးသစ်မျက်နှာရှေ့ ရင့် လက်ညှိုးတစ်ချောင်းတည်း ထောင်ကာ တစ်လုံးချင်း ပြောသည်။

ထိုက်တန်နဲ့ဝင်းခေါင်လည်း သူတို့ဘော့စ်၏ နှလုံးသားဇာတ် လမ်းကို ရိပ်မိစပြုလာသည်။

ဆရာနောက်မှာ မတ်မတ်ရပ်ကာ သူတို့ဆရာပြောဆိုသမျှ ချက်ချင်းဆောင်ရွက်ပေးဖို့ အသင့်ရှိနေကြသည်။

ဦးမိုးသစ် လက်တစ်ဖက် ခါးထောက်ပြီး

"ဟင့် ဟင့် ဟင့်၊ မင်းက ငါ့သမီးကို ကြိုက်ဈေးပေးပြီး ဝယ်ယူမယ်ပေါ့၊ ဟုတ်လား ရင့်သဘာ"

ဦးမိုးသစ်ရဲ့ စကားအသွားအလာက ဒီအခြေအနေမျိုး ရောက်နေတဲ့ ရင့်အပေါ် နိုင်ထက်စီးနင်းဆက်ဆံလိုဟန်နှင့် ပြောချ ပုံက စိတ်ထဲ ချဉ်ချင်စရာကောင်းလှသည်။

စိုးပြည့်က ခပ်ချဉ်ချဉ်ဖြင့် ပြောချချင်နေသည်။ ကိုတူတို့ မျက်ရိပ်နဲ့တားနေတာကြောင့် ငြိမ်နေရတာ ဘဝင်မကျပေ။ ရင့်က လည်း မခေ။ ချက်ကျကျ ပြန်ပြော၏။

"ဒီမှာ အန်ကယ်၊ အန်ကယ်ပြောလိုက်တဲ့ စကားတိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမေ့ဘူး၊ အထူးသဖြင့် သူတောင်းစားနဲ့ ဘုရင့်သမီး ညားလေသတည်းဆိုတာ ပုံပြင်အနေနဲ့ နားထောင်လို့ ကောင်းချင် ကောင်းနေမယ်၊ ဒါပေမဲ့ ရွှေကို ရွှေနဲ့ပဲ ဂဟေဆက်လို့ရမယ်၊ ရတနာ တွင်းမှာ ရတနာပဲအောင်းမယ်၊ ရွှေဘုံစံမင်းသမီးဟာ ရွှေဘုံနန်းနဲ့ပဲ စံမယ် ဆိုတာလေ၊ အန်ကယ်ပြောတဲ့ စကားတစ်လုံးကိုမှ ကျွန်တော် မမေ့ဘူး၊ ပိုပြီးမမေ့တာက အန်ကယ်သမီးကို တကယ်ချစ်, တကယ် တန်ဖိုးထားရင် အန်ကယ်ထားသလို ရွှေဘုံရွှေနန်းနဲ့ ထားနိုင်ရမယ်၊ အန်ကယ်တို့နဲ့ တူတန်တဲ့ စည်းစိမ်ဥစ္စာရှိရမယ်လို့ ပြောခဲ့တယ် မဟုတ် လား''

ရင့် ပြောင်ပဲပြောချရင်း မေးချလျှင် ဦးမိုးသစ် တစ်ချက် မျက်နှာပျက်သွားသည်။

ဒါပေမဲ့ မာန်မာနကလေးတွေ ပြန်တင်ပြီး –

''စိန်တစ်ထုပ်လိုချင်တဲ့မင်းက စိန်တစ်ထုပ်နဲ့ညီတဲ့ တန်ရာ တန်ကြေးပေးမယ်ပေါ့၊ ဟုတ်လား ရင့်သဘာ''

''အသေအချာပဲ အန်ကယ်၊ တန်ရာတန်ကြေးမပေးရင် ဘာ ပစ္စည်းမှ မရဘူးဆိုတာလေ အဟွန့်''

''အိုကေ ကြိုက်သွားပြီ''

ဦးမိုးသစ် လက်ဖျစ်တစ်ချက်တီး၍ မျက်နှာမော့လျက် ဆို သည်။





''အန်ကယ် ဘာတွေလိုမလဲဆိုတာ ကျွန်တော် ကြိုသိပြီး သားဗျ''

ရင့် အားကျမခံ ပြောသည်။ တစ်ဆက်တည်းလည်း တပည့် တွေကို မျက်ရိပ်ပြသည်။ သူတို့ဘော့စ်ရဲ့မျက်ရိပ်က ဘာဆိုတာ ထိုက်တန် သိပြီးသား။

ဦးပန်းမြိုင် ကြိုတင်စီစဉ်ပေးတဲ့ ဗိုင်အစိမ်းရောင်က ဝင်းခေါင် လက်ထဲမှာ အဆင်သင့် ရှိနေပါသည်။ ထို့ကြောင့် သူ့တို့ဘော့စ် မျက်ရိပ်ပြလို့မဆုံးခင် ထိုဗိုင်တွဲကို ဘော့စ်လက်ထဲ တရိုတသေ လှမ်း ပေးသည်။

ဗိုင်တွဲကို ဘော့စ်ဆွဲယူပြီးသည်နှင့် ရှေ့တည့်တည့်မှာရှိနှင့် သည့် ဦးမိုးသစ်လက်ထဲ ထိုးပေးလိုက်သည်။

ဦးမိုးသစ် မျက်မှောင်ကြုတ်၍ ဗိုင်တွဲကို ကြည့်သည်။ ဘာလဲ ဆိုတဲ့ မေးခွန်းပါတဲ့ မျက်ဝန်းဖြင့်လည်း ရင့်သဘာကို ပြန်ကြည့်သည်။

''အန်ကယ် ကြည့်လိုက်ပါ၊ အန်ကယ်လိုချင်တဲ့ စည်းစိမ်နဲ့ ရွှေဘုံရွှေနန်းဆိုတဲ့ ဂုဏ်သကာသနတွေပါ၊ အန်ကယ် စိတ်ကြိုက် ဖြစ်သွားစေရမယ်၊ ကြည့်ဗျာ''

ရင့်စကားလုံးတွေနောက်မှာ ဦးမိုးသစ်မျက်ဝန်းက ပို၍ စူး ရဲကာ ခါးထောက်ထားတဲ့လက်တစ်ဖက်ကို ဖြုတ်ချပြီး ဗိုင်တွဲကို ဆွဲယူဖွင့်ကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသစ်မျက်ဝန်းမှာ နေမင်းလို အလင်းရောင်ဖြာဝေသွားသည်။

ရွှေရောင်ဖိတ်ဖိတ်တောက်နေသည့် စံအိမ်သစ်ကြီးက နေနှင်းဆီစံအိမ်ထက် ကြီးကျယ်ခမ်းနားကာ ခေတ်မီဆန်းသစ်သော ဒီဇိုင်းဖြင့် ဝင့်ထည်နေပါသည်။ ဒါတင်မက –

ကောင်းပေ့ ညွတ်ပေ့ဆိုတဲ့ ရတနာမျိုးစုံကို ဒီဇိုင်းမျိုးစုံထွင်ကာ တစ်ဆင်စာအလိုက် အပြည့်အစုံ လုပ်ထားတဲ့ လက်ဝတ်ရတနာတွေ။

စိန်က အစ၊ အပြာ အနီ အစိမ်းမကျန်။ ပုလဲနဲ့ သန္တာကအစ ပါနေသေးသည်။ အနည်းဆုံး အဆင်နှစ်ဆယ်စာမက ပါရှိသည်။ ရတနာတစ်ဆင်စာစီရဲ့တန်ဖိုး ဘယ်လောက်ရှိမလဲဆိုတာ ဦးမိုးသစ် ခန့်မှန်းနိုင်သည်မို့ မျက်လုံးပါ ပြူးချင်ချင် ဖြစ်လာသည်။

ခေတ်မီဖိမ်ခံကားသစ်ကြီးတွေကအစ နောက်ဆုံးနံပါတ်မော်ဒယ်အမြင့်စားတွေချည်း လေးစီးတိတိ။

ငွေတွေကလည်း အထပ်လိုက် တောင်လိုပုံနေပါသည်။

ပြီးတော့ တိုက်တာအဆောက်အအုံတို့ရဲ့ ပိုင်ဆိုင်မှုအထောက်အထားတွေ။

ဖိုင်တွဲတွင်းမှ ပုံစံထုတ်ပြထားတဲ့ ကတ်တလောက်နဲ့ စာချုပ်တွေ တစ်ရွက်ချင်းလှန်ကြည့်မိတဲ့ ဦးမိုးသစ်မျက်ဝန်းမှာ တစ်စစ ပို





၍လင်းကျင်းသလို ဖြစ်သွားသည်။

မယုံနိုင်တဲ့ စိတ်ကြောင့်လည်း တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာကာ ဖိုင်တွဲကိုင်ထားရင်း ကတ်တလောက်တစ်ရွက်ချင်း လှန်ကြည့်နေမိတဲ့ ဦးမိုးသစ်လက်ချောင်းတွေ သိသိသာသာ လှုပ်ခါလျက်ရှိသည်။

ခြူးတစ်ပြားမှ မရှိတဲ့ အညတရကောင်လေးက စိန်ခေါ်တဲ့အတိုင်း ဦးမိုးသစ်ရှေ့ ရင်ကော့ရောက်လာနိုင်အောင် ဘယ်ကံကြမ္မာက ကူညီလိုက်တာလဲ။

နေရောင်လို လင်းကျင်းသွားတဲ့ မျက်ဝန်းက ခုချိန်ထိ မယုံနိုင်သေးသလိုဖြစ်ကာ ဦးမိုးသစ် ဖျတ်ခနဲ ရှုစိုက်ကြည့်လျှင် ရင့်သဘာက မာနနုနုဖြင့် ပခုံးလေးတွန့်ကာ ပိပိရိရိ ပြုံးပြလိုက်သည်။

ထိုအပြုံးက အနိုကယ်လိုတာထက် ဆယ်ဆမကတဲ့ စည်းစိမ်ဥစ္စာနဲ့ တင်တောင်းနိုင်ပါတယ်လို့ ကြွေးကြော်လိုက်တဲ့အပြုံးမျိုး ဖြစ်သည်။ ထိုအပြုံးကို ဦးမိုးသစ် မခံစားနိုင်ပါ။ ဦးမိုးသစ် မာနနဲ့ အရှိန်အဝါက ရင့်သဘာအပြုံးထဲမှာ ကျရှုံးသွားပါပြီဆိုတဲ့ အဓိပ္ပာယ်မျိုးသက်ရောက်သွားသည့်အလား ဖြစ်တာကြောင့် –

ဦးမိုးသစ်မျက်နှာကြီး မည်းပြာမတတ် ဖြစ်သွားသည်။

ရင့်နဲ့အတူ ရင့်သူငယ်ချင်းတွေလည်း ထိုနည်းတူ ဦးမိုးသစ်ကို ပြုံးကြည့်ကြသည်။ တစ်ချိန်က ဒီသူငယ်တွေရှေ့မှာ ဦးမိုးသစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဂုဏ်ပကာသနရဲ့ဘုရင်တစ်ဆူ ဖြစ်ခဲ့သည်။

ခုတော့ ဦးမိုးသစ်ရဲ့ဂုဏ်ပကာသနက ရင့်သဘာရဲ့ဂုဏ်ပကာသနတွေကြား တိုးမပေါက်တော့ပြီဆိုတာ လက်တွေ့မြင်နေရတဲ့အဖြစ်မျိုး။

ဟင့်အင်း။ ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ဦးမိုးသစ်ဆိုတာ ရင့်သဘာတို့ လူငယ်တစ်စုရှေ့မှာ ပကာသနရဲ့ဘုရင်တစ်ဆူပဲ ဖြစ်ရမယ်။

ဟုတ်တယ်။

တိုက်တာ၊ ရတနာ၊ ဖိမ်ခံကား၊ သိန်းထောင်မက ပမာဏရှိသောချက်လက်မှတ် စတဲ့ ဂုဏ်ပကာသနတွေပါဝင်တဲ့ ကတ်နလောက်ဖိုင်တွဲကြီးကို ကတုန်ကယင်ကိုင်ထားရာမှ အံတင်းတင်းကြိတ်ကာ မာနမချချင်တဲ့စိတ်နဲ့ ရင့်သဘာကို စူးစူးရဲရဲ စိုက်ကြည့်၏။

"အန်ကယ်"

ရင့်က အပြုံးမပျက်ခေါ်သည်။ ဦးမိုးသစ်အကြည့် ပို၍စူးရဲသွားသည်။ ဒီအချိန်မှာ ဦးမိုးသစ်ရင်ထဲ ဘာတွေဖြစ်နေသလဲဆိုတာ ရင့် ခန့်မှန်းသိရှိနေပါသည်။

မယုံနိုင်အောင် ဖြစ်တဲ့စိတ်၊ မာနတံခွန်ထူချင်သေးတဲ့ အတ္တတို့ဖြင့် ရင့်နဲ့ ရှေ့ဆက်ရမှာ လိပ်ပြာမသန့်ကာ ရင်ထဲ ဗလောင်ဆူနေသည့် ဦးမိုးသစ်ကို ရင့် အနိုင်ပိုင်းတဲ့မျက်ဝန်းဖြင့် မကြည့်ချင်ပါ။





အဓိက နေနဲ့ရင့် ချစ်ခွင့်ရဖို့ပဲ မျှော်လင့်ပါသည်။ ဒါကြောင့် ဦးမိုးသစ်ရှေ့ ခြေတစ်လှမ်းတိုးရွှေ့ပြီး ပြောသည်။

"အန်ကယ် အန်ကယ့်သမီးအပေါ်ထားတဲ့ ဖခင်တစ်ယောက်ရဲ့အတ္တကို ကျွန်တော် လက်တုံ့ပြန်ချင်စိတ်နဲ့ အန်ကယ့်ရှေ့ ရောက်နေတာ မဟုတ်ဘူး။ အန်ကယ်ဖြစ်စေချင်သလို ဖြစ်စေဖို့ အန်ကယ်ပေးထားတဲ့ ရက်ချိန်းအတိုင်း ကျွန်တော် ရောက်လာတာပါ၊ အန်ကယ်ပြောတဲ့အတိုင်း ကျွန်တော်ပေးဆပ်တာက နေနဲ့ နီးစပ်ခွင့်ရဖို့ပဲ"

"ဟုတ်တယ် အန်ကယ်"

စိုးပြည့် ထိုင်နေရာမှ ဝုန်းခနဲထလာရင်း ဦးမိုးသစ်ကို ပြော၏။ စိုးပြည့်တို့အားလုံးရင်ထဲမှာ ဦးမိုးသစ်အတ္တကို မနှစ်မြို့တာတွေ အုံနဲ့ကျင်းနဲ့ အပြည့်ဖြစ်သည်။

သို့သော်လည်း -

နေနဲ့နီးခွင့်ရဖို့ ယောကျ်ားမာနအပြည့်ဖြင့် ဆယ်နှစ်တိတိကြိုးစားခဲ့တဲ့ ရင့်နှလုံးသားကို သူတို့အားလုံး ဖတ်တတ်နေသည်။

ခုချိန်မှာ ရင့် တောင့်တောင့်တတ ပိုင်ဆိုင်ချင်တာ နေနှင်းဆီပဲလေ။

နေနှင်းဆီကို ချစ်ခွင့်၊ ပိုင်ဆိုင်ခွင့်ရဖို့ ရှေ့ဆက်ပြီး တစ်စက္ကန့်မှ မဝေးစေချင်တာ သူတို့လူငယ်အားလုံးရဲ့ အပြင်းပြဆုံးဆန္ဒ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အားလုံးကိုယ်စား စိုးပြည့် ဦးစွာ ထပြောခြင်း။

ကိုတူ့ သန့်စင်တို့လည်း စိုးပြည့်နောက်မှ ပြိုင်တူထလာကာ ဦးမိုးသစ်နဲ့ မျက်နှာချင်းဆိုင်ရပ်သည်။

"အန်ကယ် ပြီးခဲ့တာတွေကို သင်ပုန်းချေလိုက်ပါတော့"

"ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်း အန်ကယ်လိုချင်တဲ့ ပမာဏကို ရင့် ပေးနိုင်ပြီပဲ"

သူငယ်ချင်းတွေလည်း တစ်ယောက်တစ်ခွန်း ဝင်ပြောကြ၏။ ထိုအခါ ဦးမိုးသစ်၏ ပြာတူးနေသောမျက်နှာပြင် အရောင်ဖျော့လာသလို ရှိသည်။

သို့သော်လည်း ချက်ချင်းကြီး မာနမချချင်စွာ မော့ထားဆဲဖြစ်သည်။ ထိုစဉ် –

"ဒယ်ဒီ"

ခေါ်သံနှင့်အတူ ခမ်းနားတဲ့လေ့ကားထစ်တွေပေါ်မှ ပြေးဆင်းလာရင်း အသနားခံသော နှလုံးသားဖြင့် ခေါ်လိုက်တဲ့ နေ့အသံ။

ဦးမိုးသစ် လည်ပြန်လေး ငဲ့ကြည့်တော့ သမီး။

"နေတို့ချစ်ခြင်းကို မခွဲပါနဲ့တော့ ဒယ်ဒီရယ်၊ ဟင့် ဟင့် ဒယ်ဒီ့ကြောင့် နေတို့ ဆယ်နှစ်တင်းတင်း အသည်းကွဲရတယ် ဒယ်ဒီရယ်၊ ရှေ့ဆက် ရင့်နဲ့မဝေးပါရစေနဲ့တော့၊ ရင့်နဲ့ဝေးရရင် နေ သေသွားနိုင်တယ် ဒယ်ဒီရယ်၊ ဟင့် ဟင့်၊ နေတို့ချစ်ခြင်းကို မခွဲပါနဲ့တော့၊





ဟင့် ဟင့် ဟီး၊ ရင့်ကို နေချစ်တယ်၊ ရင့်မှာ ဘာပိုင်ဆိုင်မှုမှ မရှိတာ သိလျက်နဲ့ နေချစ်ခဲ့တာပါ၊ နေ့နှလုံးသားမှာ ဂုဏ်မလိုဘူး။ ပကာသန တွေ မလိုဘူး ဒယ်ဒီရယ် ဟင့်၊ နေလိုချင်တာ အချစ်၊ ရင့်နှလုံးသား ထဲက အချစ်ပဲ ဒယ်ဒီ၊ ဟီး ဟီး ဟီး"

ဆယ်စုနှစ်တစ်စုတိုင်တိုင် နှလုံးသားကြေကွဲနေရှာတဲ့ နေ့ရဲ့ ရင်တွင်းသံက တသိမ့်သိမ့် တုန်နေသလို ရှိုက်သံတို့ရောကာ ဟီးခနဲ ငိုချရင်းပြောသည်က ဖခင်နှလုံးသား အရည်ပျော်ကျလုမတတ် သနား ကရုဏာ ဖြစ်ရပေသည်။

"သမီးရယ်"

လို့ ဦးမိုးသစ် ရေရွတ်ရင်း သူ့လက်ထဲ ဆုပ်ကိုင်ထားမိတဲ့ ဖိုင်တွဲကို ပွတ်ကြည့်လျှင် ဦးမိုးသစ်မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝိုင်းသွားသည်။

"နေရယ်"

ရင့်နှလုံးသား ဘယ်လိုမှ တောင့်မခံနိုင်တော့ပါ။ ချစ်သူကို ရဖို့ အားမာန်အပြည့်နဲ့ ကြိုးစားခဲ့တဲ့ ရင့်။

နေ မပြောင်းလဲတဲ့ နေ့ရင်ခုန်သံကို နားဆင်လိုက်ရတော့ အသည်းနှလုံးက အရည်ပျော်လေပြီ။

ငိုရင်း ပြောရင်း လေ့ကားထစ်တွေ တစ်ထစ်ပြီးတစ်ထစ် နင်းဆင်းလာတဲ့ နေ့ကိုငေးကြည့်ရင်း ချစ်မျက်ရည်တွေ ရွှန်းရွှန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ရင်ထဲမှာရေရွတ်ရင်း ဦးမိုးသစ်ကိုကျော်ဖြတ်ကာ နွေဆီ အပြေးတစ်ပိုင်း သွားမိသည်။

"ဒယ်ဒီ နေတို့ချစ်ခြင်းကို အသိအမှတ်ပြုပါနော်၊ နော် ဒယ်ဒီ"

အက်ကွဲတုန်ခါမတတ် ပြောဆိုခွင့်တောင်းနေတဲ့သမီး၊၊ အသံ လေး တစာစာလေးကို ဦးမိုးသစ် ငြင်းဆန်ဖို့ မေ့လျော့သွားသလို ဖြစ်သည်။

ဒါတင်မက ဦးမိုးသစ်ဦးခေါင်းက အလိုလို ညိတ်သလို ဖြစ်ကာ ရင့်ဟု အားရဝမ်းသာခေါ်ရင်း ရင့်ဆီပြေးအလာ လှေကား ထစ်တွေကို အဆင့်ကျော် နင်းဆင်းမိတဲ့နေ။

ရင့်ရင်ခွင်ထဲ မရောက်ခင် လှေကားလေးဆင့်အလိုမှာ

"ဝုန်း ဒုန်း"

ဆိုတဲ့အသံတွေ မိုးသို့ ခြိမ်းသွားတော့၏။ တစ်ဆက်တည်း လည်း

"နေ"

လို့ ရင့်အော်သံပြာပြာကြီး ဟိန်းသွားလေပြီ။

✿ ✿ ✿



အခန်း (၄၆)

'ဝုန်း ဒုန်း' ဆိုတဲ့အသံတွေနဲ့ တစ်ဆက်တည်း 'နေ' လို့ ဟိန်းထွက်သွားတဲ့ အသံနောက်မှာ

ရင့်ခံစားသိရှိရသည်က ရင့်တစ်ကိုယ်လုံး ယိုင်ထိုးကာ ကား မောင်းသူ ထိုက်တန်ရဲ့ထိုင်ခုံနောက် ခေါင်းနဲ့ဝင်ဆောင့်သလို ဖြစ်၏။ တစ်ကိုယ်လုံးလည်း တုန်ကာ ကားလည်း လှုပ်ခါလျက် ထိုးရပ်သွား လေသည်။

"ဘာ ဘာဖြစ်တာလဲ"

ရင့် ကယောင်ကတမ်း လှမ်းရင်း ကိုယ်ကိုလည်း ထိန်းမတ် လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို၊ အရှုံးကြီးတစ်ယောက် ကားထဲ ဖွတ်ကြီးဝင်တိုးလာလို့ပါ ဘော့စ်၊ တိုက်တော့မတိုက်မိဘူးဘော့စ်၊ ကားက ပလက်ဖောင်းနဲ့ နည်းနည်းဆောင့်မိသွားတယ်၊ ဘာမှမဖြစ်ဘူး"

ထိုက်တန် တရှိုတသေလှည့်ပြောလျှင် ရင့်သဘာ အသိတရား ကိုယ်တွင် ပြေးဝင်ကပ်ငြိလာသည့်အလား။

ရင့် ဣန္ဒြေမပျက် ကိုယ်ကိုထိန်းမတ်၍ သက်မချကာ ထိုင်ခုံနောက် ကျောကပ်မှီချလေသည်။

ရင်တွေလည်း တဒိုင်းဒိုင်းခုန်ကာ "နေ" လို့ တိုးတိုးဖွဖွ ရွတ်မိသွားသည်။

နေရယ် ရင့်တို့ ချစ်ခွင့်မရပဲ့မလားဆိုတဲ့ အပူလှိုင်းက ရင်ဘတ်ထဲအထိ ဖြတ်သန်းကာ –

"အရှုံးကြီးက ဖွတ်ဝင်တိုးတာပါ ဘော့စ်၊ ကံကောင်းလို့သာ၊ တိုက်မိလို့ကတော့ တကယ် ပြဿနာ"

ဝင်းခေါင် ရှင်းပြသလို ပြောသည်။ မျက်ဝန်းကတော့ အရှုံးကြီးဆီမှာ ဖြစ်သည်။

ကျောပေးလျှောက်ထွက်သွားလိုက်ကာ ကားကို ပြန်လှည့်ကြည့်လိုက်၊ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်လိုက်နဲ့ လမ်းပေါ်လျှောက်ချင်သလို လျှောက်သွားနေတဲ့ အရှုံးကြီးကို ထိုက်တန်နဲ့ ဝင်းခေါင် အတန်ကြာငေးကြည့်မိသွားသည်။





မှုံ့လည်း စိတ်တည်ငြိမ်အောင် ထိန်းရင်း ထိုအရှုံးကြီးကို ကြည့်မိသွားသည်။ အသက်အရွယ်ကြီးနေပြီဖြစ်တဲ့ အရှုံးအဘိုးကြီးက ယခင်က မည်သည့်ရုပ်ဆင်းရှိလိမ့်မည်ဆိုတာ ခန့်မှန်းမရအောင် ပုံပျက်ပန်းပျက် ဖြစ်နေပါသည်။

မုတ်ဆိတ်ကျင်စွယ်တွေနဲ့ မျက်နှာက ဘယ်လိုမှ ကြည့်မကောင်းပေ၊ မျက်တွင်းချိုင့်ကာ ပါးရိုးတွေ ငေါ်ကျနေသည်။ အစိတ်စိတ်အမြွာမြွာ စုတ်ပြတ်နေတဲ့ လုံချည်ကို ခါးမှာဝတ်ထားသော်လည်း မည်းညစ်နံစော်နေသည်။ အင်္ကျီဝတ်ထားတာက အရောင်စုံ သုံးလေးထပ်ထက် မနည်းပေ။ ထပ်ဝတ်ထားတဲ့ အင်္ကျီအားလုံး တစ်ထည်မှ အကောင်းမဟုတ်။

ဆာလာအိတ် အစုတ်အပြဲထဲ ဘာတွေထည့်ထားမှန်းမသိပါ။ အိတ်က ပြည့်ဖောင်းပြီး ပခုံးပေါ် ဆွဲထမ်းထားသည်။ ကျန်လက်တစ်ဖက်မှာလည်း နို့ဆီဘူးနဲ့ ရေသန့်ဘူးအပေါင်းတွေ ပွေ့ပိုက်ထားသည်။ ပိုက်ထားတဲ့ဘူးတွေက ခြေလှမ်းတိုင်း လွတ်ကျသလို ကျတိုင်းပြန်ကောက်၊ ပွေ့ပိုက်နဲ့ အလုပ်ရှုပ်နေရှာသည်။ သွက်သွက်ရူးနေပြီဖြစ်တဲ့ ထိုအဘိုးကြီးကို မြင်နေရတာ ရင့်နှလုံးသားက အလိုလိုနင့်သွားလေသည်။

ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ဒီအဘိုးကြီး သွက်သွက်ခါရူးသွားရတာလဲ။ မသိမသိုင် ရင့်တစ်ကိုယ်လုံး မေးခွန်းထုတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကြောင့်ပဲ ထင်သည်။

စိတ်ကူးထဲမှာ ဦးမိုးသစ်နဲ့ ရင်ဆိုင်တွေ့နေတဲ့အတွေးတွေ ရုတ်ခြည်းလွင့်ထွက်သွားကာ နေ့ကို ပြေးမွေ့ပိုက်တွေးခွင့်လည်း အာရုံထဲမှာ ဝေးကွာပျောက်ကွယ်သွားလေသည့်အဖြစ်။

ချစ်သူဆီ ရှေးရှုနေတဲ့ စိတ်နှလုံးသားက ပန်းဥယျာဉ်ထဲ ဖြတ်လျှောက်ရသလို သာယာကြည်နူးမှုတွေနဲ့ မဟုတ်ပေ။

ချစ်သူဆီ ဦးတည်နေတဲ့ ရင်ခုန်ခြင်းက ထိုအရှုးကြီးလိုပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေမလား။

ရင့်မှာ ဂုဏ်ပကာသနတွေ ပိုင်ဆိုင်ထားပြီးဖြစ်ပေမယ့် နေနဲ့ ဆုံပဲ ဆုံရပါ့မလား။

ရင့် ရင်ခုန်သံတွေ ဆူလောင်ပွက်ထနေပါပြီ။

ဦးမိုးသစ်။

ထိုနာမည်ကို ရေရွတ်ရင်း

ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့လို့ နှလုံးသားမှ အကြိမ်ကြိမ် အသနားခံနေမိသည်။

"ဘော့စ် စိတ်အနှောင့်အယှက်ဖြစ်သွားလား၊ ဆောရီးပါ ဘော့စ်၊ လူကြီးက ရူးနေတော့"

သူတို့ဘော့စ် သူတို့အပေါ် မေတ္တာမပျက်အောင် ဝင်းခေါင် ဖြေရှင်းချက်ပေးသလို ပြောသည်။





အရင် ခေါင်းတစ်ချက်ယမ်းကာ ကားဆက်မောင်းဖို့ ထိုက်တန့်ကို လက်ပြလိုက်သည်။

သူတို့အပေါ် ဘဝင်မကျမဖြစ်သည့် ဘော့စ်သဘောထားကြောင့် တပည့်နှစ်ဦး စိတ်ပေါ့ပါးစွာ သက်မ,ချသည်။

ထိုက်တန်က ဘော့စ်အလိုကျ ပလက်ဖောင်းနဲ့ ဦးတိုက်ရပ်ထားရှိတဲ့ကားကို အသာနောက်ဆုတ်ပြီးမှ လမ်းကြောင်းပေါ်တက်သည်။ အရူးကြီးကတော့ ရင့်တို့ကားနဲ့ တရိပ်ရိပ် ဝေးကျန်လေသည်။

မဝေးဘဲ ကျန်နေသည်က ရင့်ရင်ဘတ်ထဲက မျက်နှာတွေ။

ဦးမိုးသစ်။

နေ။

စိုးပြည့်တို့ သူငယ်ချင်းတစ်စု။

ဒီနေ့ ဒီအချိန်ကို သတိမှ ရကြမလား။

ဆယ်နှစ်ဆိုတဲ့ ကာလကြာရှည်မှာ ရင့်တို့ဇာတ်လမ်းက ဘာမှ မပြောင်းလဲဘဲ ရှိနေမတဲ့လား။

ထိုအတွေးနဲ့တင် ရင့် ရင်တွေပူလာသည်။ စိတ်လှုပ်ရှားလာသည်။ လူက ထိုင်နေပေမယ့် ငြိမ်သက်မနေ။

မျက်နှာကိုပွတ်လိုက်၊ ဆံပင်တွေကို ဖွလိုက်၊ ပေါင်မှာ လက်ထောက်လိုက်၊ လက်ချောင်းအချင်းချင်း ဆုပ်နယ်လိုက်ဖြင့် အမူအရာတွေ ဖရိုဖရဲ ဖြစ်လို့နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ခုခုကိုလည်း သိချင်နေသည်။

မကြာခင် အချိန်ပိုင်းအတွင်း နေနှင်းဆီစံအိမ်ရှေ့ရောက်တော့မှာ သိနေလျက် အခြေအနေကို မခန့်မှန်းရဲအောင် ဆူဆူဝေဝေ ဖြစ်နေပါသည်။

ရင့် စိတ်ကူးယဉ်အတွေးထဲကလို ဦးမိုးသစ် မာန်မချတမ်း ဆက်ဆံမည်လား။

နေကရော အချစ်မပြယ်ဘဲ စောင့်ကြို့နေမလား။

ဒါမှမဟုတ်

ဦးမိုးသစ် အစီအမံနောက်မှာ နေ ဘယ်ဖာတ်လမ်းကို ဝင်ရောက်ကပြနေရသလဲ။

စိုးပြည့်တို့ ဘယ်လိုတွေ ပွဲကြမ်းကြမလဲ။

ရင့်မရှိတဲ့နောက်မှာ ဘာတွေ ဘယ်လိုဖြစ်မလဲဆိုတာ ရင့် ဘာကိုမှ အပ်ကျမပ်ကျ မသိနိုင်ပေ။

ရင့် စိတ်ကူးထဲကအတိုင်း ဦးမိုးသစ်ကို ဖြတ်ကျော်သွားပြီး နေ့ကို ရင်ခွင်ထဲ ဆွဲပွေ့ခွင့်က လက်မတင်လေး လွဲချော်နေမလား။

နေရယ်

ရင့်ရင်ခွင်ထဲ မရောက်ခင် နေ တစ်ခုခုဖြစ်သွားမလား။

လားပေါင်း လဲပေါင်းများစွာကြောင့် ရင့်နှလုံးသား ဗရမ်းပတာ လှုပ်ရှားကာ





ရင့် ထိုင်နေရတာ ဘယ်လိုမှ ဂနာမငြိမ်တော့ပါ။

စိတ်ပူလောင် လှုပ်ရှားနေတာတွေကို ရှေ့ဆက် ရင့် သည်းခံနိုင်တော့မည် မထင်ပါ။ ထို့နောက် လက်ကိုင်ဖုန်း ချက်ချင်းထုတ်ပြီး ဖုန်းနံပါတ် တစ်လုံးချင်းနှိပ်သည်။

၀ ၉ ၉ ၉ ၂ ၄ ၂ ၂ ၁

တစ်ချိန်က ရင့်ကိုင်ဖို့ စိုးပြည့်ဖန်တီးပေးထားတဲ့ လက်ကိုင်ဖုန်းနံပါတ်ကို လက်မနဲ့ ကမန်းကတန်း ဖိနှိပ်လိုက်သည်။

ဂဏန်းတွေ နှိပ်သာနှိပ်နေရတာ

ထိုဖုန်းက ခုချိန်မှာ စိုးပြည့်တို့လက်ထဲ ရှိနေမလား။

ဒါကိုလည်း တွေးပူမိပြန်သည်။ ပူပင်စိတ်နဲ့ပဲ ဂဏန်းတွေနှိပ်ရင်း စိုးပြည့်တို့လက်ထဲ ထိုဖုန်း ရှိနေပါစေလို့ ရင်ပူစွာ ဆုတောင်းမိပြန်သည်။

ရင့်ဆုတောင်း ပြည့်တာလား၊ ကံကောင်းတာလား။

ဘာကြောင့်မှန်းမသိပါ။

ဂဏန်းအားလုံး နှိပ်အပြီးမှာ ဖုန်းက ဒိုင်းခနဲ ဝင်လေသည်။ ဖုန်းဝင်သည်နှင့်လည်း တစ်ဖက်မှ –

"ဟယ်လို"

ဆိုတဲ့ ဖုန်းထူးသံကြားသည်။ ရင့်ရင်မှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"စိုးပြည့်"

ဟု အသံဝါကြီးနဲ့ ရင့် ခေါ်လိုက်မိသည်။

"ဟုတ်တယ်စိုးပြည့်ပဲ၊ ရင့် မင်းဟုတ်တယ်နော် သူငယ်ချင်း"

စိုးပြည့်အသံအခုံးမှာ ရင့် ဝမ်းသာလွန်းလို့ မျက်ရည်များပင် ဆို့လာသည်။ ခေါင်းကိုလည်း ဆတ်ကာ ဣန္ဒြေတွေဘာတွေ မဆည်နိုင်တော့ဘဲ ပြောသည်။

"ဟုတ်တယ်ကွ၊ ငါပဲ စိုးပြည့်၊ မင်းတို့ ငါ့ကို မှတ်မိသေးတယ်နော် သူငယ်ချင်း"

"မှတ်မိတာပေါ့ သူငယ်ချင်း၊ မင်းကို ငါတို့ကောင်တွေ ဘယ်တုန်းကမှ မမေ့ဘူး၊ ဒီနေ့ကို ပိုပြီးမမေ့ဘူးကွ"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ မင်းတို့ အခု ဘယ်မှာလဲ"

"မင်းအလာကို နေနှင်းဆီစံအိမ်ရှေ့မှာ အသင့်စောင့်နေကြတာပေါ့ကွ"

ကျေးဇူးတင်လိုက်တာ သူငယ်ချင်းတို့ရယ်လို့ ပြောမထွက်လောက်အောင် ဝမ်းသာအစ်ဆို့သွားတဲ့ ရင့်သဘာ။

"အေး၊ ငါ လာနေပြီကွ"

ဒါပဲပြောပြီး ဖုန်းပိတ်ပစ်လိုက်သည်။ သူငယ်ချင်းအားလုံး ရင့်ကို မမေ့ကြဘဲ ဒီနေ့မှာ ပြန်ဆုံဖို့ အသင့်စောင့်နေကြသတဲ့လား။





ဒါဆို ဦးမိုးသစ်ဆိုတဲ့ နွေဒယ်ဒီရော။

ခြံတံခါးအသင့်ဖွင့်ပြီး စောင့်နေတယ်ပေါ့။ ဟုတ်သလား။ ဦးမိုးသစ်လို့ချင်တဲ့ ဂုဏ်ပကာသန အပြည့်အစုံပါတဲ့ ဗိုင်းတွဲကို ဝင်းခေါင်အလေးထား ဆုပ်ကိုင်ထားတာကို ငေးကြည့်ရင်း ရင်မှာ တအားတက်လာကာ။

ဦးမိုးသစ်

ဒီတစ်ခါ ခင်ဗျားငြင်းလို့မရတော့ဘူး။

ကျွန်တော့်မှာ အားလုံးပြည့်စုံနေပြီဗျ။

နေရေ ရင့်တို့ 'စွယ်တော်အနမ်းလေး နမ်းခွင့်ရတော့မယ်လေ။ မကြာခင် အချိန်ပိုင်းအတွင်းပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၇)

နေနှင်းဆီစံအိမ်ဝင်းတံခါးက ရင့်စိတ်ကူးထဲကအတိုင်း ချိတ်ပိတ်မထားပေ။

ဟင်းလင်းဖွင့်ထားသည်က ရင့်ကို ကြိုဆိုနေသည့်အလား။ ဧည့်ခန်းတံခါးလည်း အသင့်ဖွင့်ထားသည်။ ပေါ်တီကိုအောက်မှာ ရင့်ကို အသင့်စောင့်ကြိုနေကြတဲ့ သူငယ်ချင်းတွေ။

ပေါ်တီကိုအောက်မှာ ထိုက်တန် ကားထိုးရပ်လိုက်သည်နှင့် ရင့် ကမန်းကတန်း ကားပေါ်ကဆင်းကာ သူငယ်ချင်းတွေကို အားရဝမ်းသာခေါ်သည်။

"မင်းတို့ ငါ့ကို တကယ်ပဲ မျှော်နေတာပေါ့၊ ဟုတ်လားကွ"





ရင့် အားရဝမ်းသာ လှိုက်လှိုက်လှဲလှဲ ပြောပေမယ့် စိုးပြည့်တို့အားလုံး ရင့်ကို ဝမ်းနည်းတကြီးမျက်နှာတွေနဲ့ တိတ်တိတ်ဆိတ်ဆိတ် ကြီးကြည့်ကာ ခေါင်းတွေသာ ညိတ်ကြသည်။

"ငါလည်း ဒီနေ့ကို အမျှော်လင့်ဆုံးပဲကွ၊ ဒါနဲ့ ဦးမိုးသစ်ရော"

စိုးပြည့်လက်မောင်းကို ရင့် အားနဲ့ဆုပ်ကိုင်လှုပ်ခါမေးသည်။ စိုးပြည့်မျက်နှာ သိသိသာသာ မသာမယာဖြစ်သွားပြီး

"ရင့်"

လို့ ရင်နင့်သံကြီးနဲ့ ခေါ်သည့်စိုးပြည့်၊ ရင့် အားမလိုအားမရ ဖြစ်သွားသည်။ ရင့်စိတ်ကူးထဲမှာ သူငယ်ချင်းအားလုံး ရင့်ဘက်က မာနအပြည့်နဲ့ ရှိကြသည်။

ခုတော့ ဆန့်ကျင်ဘက်။

သူငယ်ချင်းအားလုံး မျက်နှာပေါ်မှာ အရင်ကလို မာနနဲ့ ခံပြင်းခြင်းတွေ ရှိမနေ။ ဦးမိုးသစ်ကို ဖဲ့မည်ဆိုတဲ့အတွက်တွေ ပို၍ပင် မမြင်ရချေ။

ကိုတူ၊ သန့်စင်၊ သက်နောင်တို့လည်း စိုးပြည့်နည်းတူ ရင့် အပါး ဝိုင်းအုံလာပေမယ့် အားတွေမာန်တွေ မပါ။

ဝမ်းနည်းကြီးစွာ မျက်နှာလွှဲသူ။

ယူကျုံးမရ ကြေကွဲသူ။

ဟန်မဆောင်နိုင်သလို မျက်နှာတွေ ပျက်ကာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘာဖြစ်နေကြတာလဲ၊ ပြောကွာ၊ ဦးမိုးသစ်ရော နေရော နေဘယ်မှာလဲ"

သူငယ်ချင်း တစ်ယောက်မကျန်၏ လက်မောင်းတွေအားလုံးကို ဆုပ်ကိုင်လှုပ်ခါရင်း ရင့် ထပ်တလဲလဲ မေးသည်။

မေးသော်လည်း ဘယ်သူမှ မဖြေကြပေ။ မဖြေဘူးဆိုပေမယ့် မဖြေရက်သလို ဖြစ်နေကြသည်။

ဒါတင်မက မျက်နှာအားလုံး ဝမ်းနည်းကြီးစွာ ပြာမှောင်နေသည်မှာ မိုးကောင်းကင်ကြီးအတိုင်း ဖြစ်သည်။

မိုးသားရိပ်တွေနဲ့ ညို့မှိုင်းနေတဲ့ တိမ်စိုင်တွေက ရွာချတော့မတတ် ညှို့မှောင်နေသလို အငမ်းမရမေးလိုက်ခါမှ အားလုံး နှုတ်ခမ်းတွေ တင်းတင်းစေ့ကုန်ကာ ပို၍ တိတ်ဆိတ်သွားသည်က ချောက်ချားဖွယ်ကောင်းလှသည်။

"ဘာတွေလဲကွာ၊ အန်ကယ်"

သူငယ်ချင်းတွေကို မေးလို့မရသည့်အဆုံး ရင့် အသံကျယ်ကြီးနဲ့ ဦးမိုးသစ်ကို လှမ်းခေါ်သည်။

ခြေလှမ်းကလည်း ဧည့်ခန်းထဲ ကမူးရှူးထိုး ရွေ့သွားကာ။

ဝင်းခေါင်နဲ့ ထိုက်တန်ကတော့ သူတို့ဘော့စ် လှုပ်ရှားသမျှကို ရပ်ကြည့်နေရင်း အလိုလို ဝမ်းနည်းသလို ဖြစ်လာသည်။

"အန်ကယ်၊ အန်ကယ် ဘယ်မှာလဲ၊ ထွက်ခဲ့စမ်းပါဗျာ၊





အန်ကယ်လိုချင်တာ မှန်သမျှ ကျွန်တော်အားလုံးပေးနိုင်တယ်ဗျ၊ အန်ကယ်"

ရင့်ခေါ်သံတွေလည်း ဝမ်းနည်းသံလိုလိုနှင့် တုန်ခါနေပါသည်။ ဘာကြောင့်များ တိတ်ဆိတ်နေကြတာလဲ။

ရင့် ဘယ်လောက်ခေါ်ခေါ် ဘယ်သူမှ ထွက်မလာပေ။

"နေ နေ"

ရင့် ခေါ်ပြန်သည်က ချစ်သူကို။

ကြီးကျယ်ခမ်းနားသည့် ဧည့်ခန်းကြီးက ရင့်ခေါ်သံတွေနဲ့ ပွဲတင်ထပ်ကာ ခြောက်သွေ့သွေ့ကြီး ဖြစ်လို့နေသည်။

ဧည့်ခန်းထဲက ရင့်ခြေလှမ်းတွေက အပေါ်ထပ် လှေကားထစ်ဆီသို့ ရောက်ကာ နေ့အခန်းဆီ ဦးတည်သွားသည်။

အခန်းတံခါးတစ်ချပ်ပြီးတစ်ချပ် တွန်းဖွင့်ရင်း နေ့ကိုရှာသည်။

နေ့အခန်းဟု ထင်ရသည့်အခန်းသည် တိတ်ဆိတ်ခြောက်သွေ့ကာ ဖုန်နံ့တချို့သာ ရသည်။

"နေ"

ခေါင်းရင်းမှာ ချိတ်ထားတဲ့ နေ့ဓာတ်ပုံက ရင့်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသလို ရှိသည်။ ဓာတ်ပုံထဲက နေ့အပြုံးက ရင့်ရင်ကို ပူလောင်သွားစေသည့်အလား ခံစားလိုက်ရသည်။

"နေ နေ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သိချင်စိတ်က စက္ကန့်နဲ့အမျှ တာသဆူလာသည်။ နေ့အခန်းကို ကျောခိုင်းကာ လှေကားထစ်တွေကို နင်းဆင်းလာသည့် ရင့်နှလုံးသားက ကွဲကြေတော့မည့် ဖန်ပန်းအိုးနှယ်။

သူငယ်ချင်းအားလုံးမျက်ဝန်းမှာ ဆူလောင်နေတဲ့ ရင့်နှလုံးသားကို ငေးကြည့်ရင်း အသံတိတ် ရှိုက်နေသည်။

စိုးပြည့်တို့က ယောကျ်ားတွေမို့ အသံတိတ် ရှိုက်နိုင်ပေမယ့် ပူစူးမခမျာ အသံတိတ် ရှိုက်နေရင်းကြားက ဟင့်ခနဲ အသံထွက်သွားသည်။

"နေ"

ညှော်ခန်းမှာ ခမ်းခမ်းနားနားရှိနေတဲ့ နေ့ပုံတူ ပန်းပုရုပ်တုဆီ ရင့်ခြေလှမ်း ရောက်သွားသည်။

နေ့ပုံတူ ပန်းပုရုပ်ဘေးမှာ ခေါင်းလေးငုံ့ရပ်ကာ ရှိုက်နေရှာတဲ့ ပူးစူးမ။ ရင့် မျက်ဝန်းက ပူးစူးမ ဆီကို မြင်သွားသည်။

"ပူစူး၊ နေရော ဟင်၊ နေ ဘယ်မှာလဲ၊ အန်ကယ်ရော ဘယ်မှာလဲ၊ ပြောလေဟာ"

ပူစူးမပခုံးကို ဆုပ်ကိုင်ရင်း အားမနာတမ်း ရင့်မေး၏။ ထိုအခါ ပူစူးမ ပို၍ဝမ်းနည်းကာ တဟင့်ဟင့်ရှိုက်လျက်၊ မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့အုပ်ကာ ဟီးခနဲ ငိုချသည်က စိတ်နှလုံးကို ထိခိုက်သွားစေသည်။





"ပူစူး ပြောလေ၊ နေ ဘယ်မှာလဲကွာ၊ အားလုံးပြောကြစမ်းပါကွာ၊ နေ ဘယ်မှာလဲ"

မေးရင်းမြန်းရင်း ရင့်အသံကြီး မာကျစ်ကျစ်ကျယ်လောင်ကာ အလိုလိုနေရင်း ထိခိုက်ဝမ်းနည်းလာသည်။

မမနေ ဘယ်မှာလဲတဲ့။

ပူစူး ဘယ်လိုဖြေရမလဲ အစ်ကိုရင့်ရယ်။

ပူစူးရင်ထဲမှာ ပြောရင်း ရှိုက်ကာ ငိုချမိပြန်သည်။

အဖြစ်အပျက်က ပူစူးတို့လိုက်မမီအောင် ဆိုးဝါးလွန်းခဲ့တယ်ဆိုတာ အစ်ကိုရင့်မှ မသိဘဲ။

"မင်းတို့အားလုံး ပြောကြစမ်းပါ၊ ငါ့ရင်ကွဲအောင် မရက်စက်ကြပါနဲ့၊ နေ ဘယ်မှာလဲ ပြောကြစမ်းပါ၊ ပူစူး နင် အားလုံးသိတယ် မဟုတ်လား၊ ပြောကွာ၊ ငါ့နှလုံးသားကို မနှိပ်စက်ပါနဲ့ကွာ၊ နေ ဘယ်မှာလဲ"

သူငယ်ချင်းတွေနဲ့ ပူစူးမကို အလှည့်ကျကြည့်ရင်း တရစပ်မေးနေတဲ့ သူတို့ဘော့စ်ကိုကြည့်ရင်း ဝင်းခေါင်းနဲ့ထိုက်တန် ရင်ထဲမှာ အတော်ထိခိုက်လာသည်။

"ဟုတ်သားပဲဗျာ၊ ခင်ဗျားတို့ ဘာကို ဖုံးကွယ်နေကြတာလဲ"

ထိုက်တန် သူ့ဘော့စ်အတွက် သည်းမခံနိုင်စွာ တစ်ခွန်းဝင်ပြောလျှင် အားလုံးသောမျက်နှာတွေ ငိုချမတတ် ပျက်ကျသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကောင်တွေ မပြောချင်တာ မဟုတ်ဘူး၊ မပြောရက်ဘူး ရင့်ရယ်၊ ရင့် မင်းကို ငါတို့ကောင်တွေ မပြောရက်ဘူးကွ"

ကြိတ်မှိတ်မျိုချထားတဲ့ ဝမ်းနည်းဖွယ် အစိုင်အခဲတွေ မျို့တက်လာတဲ့အခါ ဘယ်လိုမှ နှုတ်ပိတ်မနေနိုင်တော့ပေ။

ရင့်လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလျှင် သူငယ်ချင်းအားလုံး မျက်ဝန်းအိမ်မှ ခိုတွဲနေတဲ့ ကြေကွဲမျက်ရည်တွေ ဝေါခနဲ ပြိုဆင်းသွား၏။

"ဘာကိုလဲ၊ ဘာကို မပြောရက်တာလဲကွာ၊ နေ နေ ဘာဖြစ်လို့လဲ"

"ဟင့် ဟင့် မမနေ ဟီး"

ရှိုက်ရင်းပြောကာ ဟီးခနဲ ငိုချပြန်သည့် ပုရှူးအသံပြာကြီး လွှမ်းသွားလေပြီ။

မမနေအကြောင်း ပုရှူးတို့ တကယ်မပြောရက်တာပါ အစ်ကို ရင့်ရယ်။

"မမနေ"

လို့ ပုရှူးရင်ကွဲမတတ် ရွတ်ရင်း

အလာကောင်းပေမယ့် အခါနှောင်းသွားပြီဆိုတဲ့ စကားလိုပဲ စစ်မှန်တဲ့အချစ်၊ မြတ်နိုးတဲ့ နှလုံးသားဟာ မျှော်လင့်ခြင်းတွေနောက်မှ အစိတ်စိတ် အမြွှာမြွှာဖြစ်ကာ –





အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ပြီဆိုတာ အစ်ကိုရင့်မှ မသိဘဲ။

မမနေအဖြစ်ကို ခံစားမိတိုင်း ပုရှူးနှလုံးသားလည်း ကွဲသလိုပါပဲ အစ်ကိုရင့်ရဲ့။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

"မမနေ၊ မမနေ တံခါးဖွင့်မယ်နော် မမနေ"

ပူရူး အဆက်မပြတ် ပြောနေသော်လည်း အခန်းတံခါးမဖွင့်ပါ။ ပူရူး အော်ခေါ်ရင်း တံခါး တဝုန်းဝုန်းထုသော်လည်း တံခါးချပ်ပွင့်မလာချေ။

"မမနေ ပူရူးပါ၊ တံခါးဖွင့်မယ်နော် မမနေ"

"ဝုန်း ဒုန်း"

ဘယ်လောက်ခေါ်ခေါ် တံခါးဘယ်လောက်ထုထု တုံ့ပြန်ပြောသံလည်း မကြားရပေ။

ထိုအခါ ပူရူး ရင်တွေပူကာ စိုးရိမ်စိတ်လည်းဖြစ်လာပါသည်။





မိဘနှစ်ပါးရဲ့အစီအမံကြောင့် ချစ်သူနဲ့ကွဲရရုံမက မချစ်မနှစ်သက်သူနဲ့ စေ့စပ်ပေးတာလည်း ခံရတဲ့ မမနေအဖြစ်ရယ်ပါ။

စေ့စပ်ပွဲပြီးကတည်းက မမနေရဲ့အသွင်က အပြောင်းအလဲကြီးပြောင်းလဲနေမှန်း ပူရူးသိနှင့်သည်။

မိဘဆန္ဒကို လွန်ဆန်လို့မရနိုင်မှန်း ပိုသိသွားတဲ့ မမနေက စေ့စပ်ပွဲပြီးကတည်းက ဘာမှလည်း မစားမသောက်ပေ၊ ဘာမှလည်း မပြော။

ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်းကတော့ မိဘကို စိတ်ကောက်နေတယ်ဆိုတဲ့အသိနဲ့ သမီးအခြေအနေကို စောင့်ကြည့်ရုံသာ စောင့်ကြည့်နေသည်။ စောင့်ကြည့်ရင်းလည်း မင်္ဂလာပွဲဖြစ်ဖို့ အစွမ်းကုန် စီစဉ်လျက်ရှိသည်။

မင်္ဂလာပွဲအတွက် နှစ်ဖက်မိဘ အားတက်သရော ရှိသလောက် မမနေက ပို၍ အေးခဲခဲ ဖြစ်လာသည်။

အက်စီးဒင့်ကြောင့် ရထားတဲ့အတွင်းဒဏ်ရာအတွက် ဆေးလည်း မသောက်တော့ပေ။ မိခင်က ဂရုတစိုက် ကြပ်ကြပ်မတ်မတ် ဆေးတိုက်ပါသည်။ မိခင်ရှေ့မှာ ဆေးသောက်သယောင် လုပ်ပစ်သည်။

ဆေးလုံးတွေကို လျှာဖျားအောက်မှာ ဝှက်ထားပြီး မိခင်ကွယ်သည်နှင့် မမနေ ထွေးပစ်တဲ့အကြိမ်ပေါင်း များခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိခင် ဖခင် အတင်းအကျပ်ကြပ်မတ်ပြီး ဆေးတိုက်တဲ့အခါ မသက်သာတဲ့အဆုံး ဆေးကို တကယ်သောက်ပြခဲ့သည်။ သို့သော်လည်း မိခင်က ဆေးသောက်ပြီးဆိုတဲ့အသိနဲ့ စိတ်ချလက်ချ ထွက်သွားရင် မမနေက အန်ဆေးပြန်သောက်ကာ ဆေးသောက်ပြီးသား ဆေးတွေ ပြန်အန်ထုတ်တော့၏။

ဒီအဖြစ်ကို နေ့တိုင်း အကြိမ်ပေါင်းများစွာ မြင်ရတော့ ပူစူးမ စိတ်က မပူဘဲ မနေနိုင်တော့ပါ။

"မမနေရယ် ဆေးတွေတော့ သောက်ပါနော်၊ မမနေ ဆေး မသောက်ရင် အတွင်းကဒဏ်ရာတွေ ဘယ်လိုကောင်းမလဲ၊ မသောက်ဘဲ မနေပါနဲ့နော်"

လို့ ဘယ်လိုပြောပြော မရခဲ့ပါ။

သောက်ဆေးတွေကို ထွေးပစ်မြဲ အန်ထုတ်မြဲဖြစ်သည်။ ထို့ကြောင့် မမနေရဲ့ကျန်းမာရေးက တစ်နေ့တခြား ချူချာလာခဲ့သည်။ ဒေါက်တာပိုင်သော်က မမနေကို ပုံမှန်စမ်းသပ်ပြီးတိုင်း မျက်နှာမှာ အလိုမကျရိပ်တွေ ပိုလာသည်။

စိုးရိမ်ပူပန်တဲ့မျက်နှာနဲ့ မိဘနှစ်ပါးကို ပို၍ဂရုစိုက်ဖို့ ပြောသည်။ ဆေးကောင်းတွေလည်း ပြောင်းပေးသည်။

ကိုထောကလည်း မကြာခင် လက်ထပ်ခွင့်ရတော့မယ့် မမနေကို သည်းသည်းလှုပ် ဂရုစိုက်ရှာသည်။ သို့သော်လည်း မမနေစိတ်က





သဲတစ်မှုန်စာတောင် မပြောင်းလဲပေ။

မင်္ဂလာပွဲနီးလာလေ၊ ကိုထောက အားတက်သရောရှိလေ။

မမနေက ချူချာလာလေ၊ ဆေးမသောက်ဘဲနေပါများလာတော့ မမနေရဲ့ အတွင်းဒဏ်ရာက ပို၍ ဆိုးလာသည်။ တစ်ခါတစ်ရံ လူးလိမ့်နေအောင် ခံရပေမယ့် အသံတစ်စက်မှ မထွက်ဘဲ မမနေ ကြိတ်မှိတ်မျိုသိပ်နေခဲ့သည်။

မမနေက နာတယ်၊ ကျင်တယ် ပြောတာနဲ့ မိဘနှစ်ပါးက ပျာပျာသလဲ ဆေးကုကြမယ်လေ။ ဆေးကုတာတွေ ဘာတွေလည်း မခံ။ မမနေက ဝေဒနာတွေနဲ့ နှစ်ပါးသွားနေတဲ့အဖြစ်။

ထိုအဖြစ်ကို အစအဆုံးသိနေတဲ့ ပူစူး စိုးရိမ်စိတ်တွေနဲ့ ဝမ်းနည်းနေခဲ့ရသည်။

"မမနေရယ်၊ ဆေးလေးတော့ သောက်ပါနော်"

ပူစူးက မမနေ ဆေးသောက်ဖို့ကိုပဲ ချော့မော့ပြောပေမယ့် မမနေ လက်မခံပေ။

"နေ ဆေးသောက်ချင်ပါတယ်၊ ဒါပေမဲ့ ဆေးသောက်လို့ နေ ကျန်းမာနေရင် ကိုထောနဲ့ မင်္ဂလာဆောင်ရမှာလေ၊ ကိုထောနဲ့ နေ မင်္ဂလာမဆောင်ချင်ဘူး၊ ဟင့်အင်း၊ ရင့်ကလွဲရင် နေ ဘယ်သူနဲ့မှ မင်္ဂလာမဆောင်ချင်ဘူး"

"မမနေရယ်၊ အဲဒါဆိုလည်း တခြားနည်းလမ်း ရှာကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ မမနေ ကျန်းမာနေမှ အစ်ကိုရင့်နဲ့ ပြန်ဆုံနိုင်မှာ၊ ခုလို ဆေးမသောက်၊ ဘာမသောက်နဲ့ ရက်ရှည်လများကြာလာရင် အားလုံးကိုယ်ကျိုးနည်းကုန်လိမ့်မယ် မမနေရဲ့''

ပုရှုး စိတ်ပူပန်စွာ ဖျောင်းဖျသော်လည်း မမနေ ခေါင်းခါနေခဲ့သည်။

''မမနေရယ်၊ ပုရှုး ဘာကူညီရမလဲ ဟင်၊ မမနေ ဘာဖြစ်ချင်လဲ၊ ပြောလေ၊ မမနေဖြစ်ချင်တာ ပုရှုးကူညီပါ့မယ်၊ ဆေးတွေတော့ သောက်ပါ နော် နော်''

လို့ ချော့ချော့မော့မော့ ပြောရှာသော်လည်း မမနေ လက်မခံပေ။

''နေကို ဘာမှ လာမပြောနဲ့ ပုရှုးရယ်၊ နေလေ ဘာကိုမှလည်း မလိုချင်ဘူး၊ ဘာမှလည်း မဖြစ်ချင်တော့ဘူး၊ နေဖြစ်ချင်တာတွေ အားလုံး နေနဲ့ တစ်စစ ဝေးသွားပြီ၊ နေ ဘယ်လိုနည်းနဲ့မှ ကြိုးစားလို့ မရတော့ဘူး၊ နေ သိတယ်၊ ရင့်နဲ့ဝေးနေရတဲ့အတူတူ ဝေဒနာတွေနဲ့ပဲ ခံစားတော့မယ်၊ ဟင့် ဟင့် နေ ဝေဒနာခံစားရလေကိုတောနဲ့လည်း ဝေးလေ ဖြစ်မှာလေ၊ ဝေးပါစေ၊ အားလုံးနဲ့ ဝေးပါစေ''

ပြောရင်း ငိုရင်း ကိုယ်လုံးလေးကို မွေ့ရာပေါ် ခွေချလိုက်တဲ့ မမနေ။ ပုရှုးခမျာ ချော့မော့ဖျောင်းဖျဖို့ တင်းထားတဲ့စိတ်တွေ အားအင်





မဲ့ကျသလို ဖြစ်သွား၏။

''မမငနရယ်''

ပုရှုးရင်ထဲ မချမ်းမြေ့စွာ ရေရွတ်မိလေပြီ။

''ဟင့် ဟင့်၊ နေ့ကို ဆေးသောက်ဖို့ ဘာဖို့ မပြောပါနဲ့တော့၊ ရင့်နဲ့ နီးစပ်ဖို့ နေစွန့်စားခဲ့တယ်၊ ဘယ်မှာနီးလို့လဲ၊ နေ ဒဏ်ရာတွေပဲ ရခဲ့တယ်၊ ရင့်နဲ့နီးချင်လို့ ရခဲ့တဲ့ဒဏ်ရာတွေပဲ နေခံစားတော့မယ်၊ ဟင့် ဟင့်၊ ရင့်ကို ချစ်တဲ့စိတ်ကို ဝေဒနာနဲ့ပဲ ဖျော့ချရတော့မယ်၊ နေ အသက်ရှုနေသရွေ့ ရင့်ကိုချစ်နေမယ်၊ နေသေသွားရင်တောင် ရင့်ကိုချစ်တဲ့စိတ်နဲ့ပဲ သေမစ်လိုက်မယ်၊ ဟင့် ဟင့်၊ ရင့် နေတို့ လုံးဝ ပြန်ဆုံနိုင်တော့မှာ မဟုတ်ဘူးသိလား၊ ဟင့် ဟင့်''

လက်ချောင်းကလေးများဖြင့် မွေ့ရာခင်းကို ဖိဆုပ်ရင်း တတွတ်တွတ်ပြောရင်း ငိုနေရှာတဲ့ မမနေ။

အရာရာပြည့်စုံပြီး အချစ်တစ်ခုသာ လိုနေတဲ့ မမနေနှလုံးသားက ဝေဒနာက ပုရှုးအသည်းနှလုံးကိုပါ တကယ်ထိခိုက်သွားစေသည်။

ပုရှုးမျက်ဝန်းမှာ ဝမ်းနည်းမျက်ရည်တွေလည်း ခိုတွဲလာလို့ မျက်ရည်ဥတွေ ပွတ်သုတ်ရင်းလည်း မမနေ ပခုံးစွန်းကို ဖွဖွလေး ဆုပ်ကိုင်ထားရင်း –

''မမနေရယ်၊ အစ်ကိုရင့်နဲ့ ပြန်ဆုံမှာပါကွယ်၊ ပုရှုးသိတယ်၊ ပြန်ဆုံခွင့်ရမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဘယ်တော့မှ ဆုံခွင့်ရမှာမဟုတ်ဘူး၊ နေသိတယ်၊ နေ့နှလုံးသားမှာ သိနေတယ် ပူစူးရဲ့၊ နေနဲ့ရင့် ဒီတစ်သက်ဆုံခွင့်ရတော့မှာ မဟုတ်ဘူး၊ ရင့်ကို မက်လုံးတွေပေးပြီး ဟိုးအဝေးရောက်အောင် ဒယ်ဒီ ကန်ထုတ်လိုက်တာ၊ ရင့်ကို ကန်ထုတ်ပြီး ကိုထောဘဝထဲရောက်အောင် တွန်းပို့နေတာလေ၊ နေ မခံစားနိုင်ဘူးပူစူးရယ်၊ ချစ်တဲ့သူနဲ့လည်း ဝေးနေရရုံမက ဟင့် ဟင့် မချစ်တဲ့သူနဲ့လည်း ပေါင်းရမယ့်အဖြစ် နေနှလုံးသား ဘယ်လောက်တောင်ကံဆိုးသလဲကွယ်၊ ဟင့် ဟင့် ဟင့်"

ပူစူး မျက်ရည်တွေသုတ်နေပေမယ့် တသိမ့်သိမ့် ဝမ်းနည်းလာသည်။ မွေ့ရာပေါ် ပျော့ခွေခွေလေး ပုံကျသလို ဖြစ်နေရှာတဲ့ မမနေ။ အသံထွက်ငိုရင်း ကိုယ်လုံးလေးကို မနိုင့်တနိုင် အားယူထောင်မတ်လျက် ပြောနေတဲ့စကားအဆုံးမှာ မမနေ ရင်အုံကသိသိသာသာလေး မို့မောက်လာသည်။ မောလည်း မောလာသည်။ ချောင်းတွေလည်း ဆက်တိုက်ဆိုးရှာသည်။

"အဟွတ် ဟွတ် ဟွတ်"

"မမနေ၊ အရမ်းခံစားနေရလားဟင်၊ မေမေကြီးကို ခေါ်ပေးမယ်လေနော်၊ ဆရာဝန်လည်း ခေါ်လိုက်မယ်"

"ဟင့်အင်း အဟွတ် ဟွတ်၊ မခေါ်နဲ့၊ ဟွတ် ဟွတ် ရတယ်၊ နေ ခံနိုင်ပါသေးတယ်"





ပြောနေရင်း မမနေကိုယ်လုံးလေး ပို၍ ပျော့ကျလာသည်။ ပူစူးမှာ ကြောက်စိတ်၊ စိုးရိမ်စိတ်တွေနဲ့ပဲ မျက်ရည်တွေကျလာကာ။

မမနေအမိန့်ကိုလည်း မလွန်ဆန်ရဲ။

မေမေကြီးတို့ကိုလည်း အသိပေးဖို့ အခက်နှင့် ဗျာများရလေပြီ။ မမနေကို မွေ့ရာပေါ် သက်သောင့်သက်သာ လှဲနေစေသည်။ မမနေလက်ဖဝါးလေးကိုလည်း အားပေးသလို ဆုပ်ထားရင်း –

"မမနေရယ် မမနေဝေဒနာတွေ ပူစူး မျှဝေခံစားပေးချင်ပါတယ်၊ ဟင့် ဟင့် ဟင့်"

"ကျေး ကျေးဇူးတင်ပါတယ် ပူစူးရယ်၊ နေပြောသမျှ နားထောင်ပေးနေတာ နေ့ဝေဒနာကို မျှဝေခံစားပေးတာနဲ့ အတူတူပဲလေ"

"မမနေရယ်"

"ဟုတ်တယ် ပူစူးရဲ့၊ နေကို မျှဝေခံစားပေးနိုင်တာဆိုလို့ ပူစူးပဲရှိတာလေ၊ ဘယ်သူက နေ့ခံစားချက်ကို အရေးထားလို့လဲဟင်၊ ကိုထောက နေ မချစ်ဘူးလို့ အတန်တန်ပြောတာတောင် အရယူဖို့ ကြိုးစားတယ်၊ ဒယ်ဒီနဲ့မာမီကလည်း နေချစ်သူနဲ့ဝေးသွားအောင် အတ္တစည်းကြိုး ခြားပစ်ခဲ့တယ်၊ ခုတော့ နေနဲ့ရင့်က အဝေးဆုံး၊ အဝေးဆုံးဆိုတာတောင် ရိုးရိုးလေးဝေးနေတာ မဟုတ်ဘူး၊ တောင်နဲ့မြောက်လို ဆန့်ကျင်ဘက်ဝေးနေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ပူစူး မျက်ဝန်းအိမ်မှ ကြေကွဲမျက်ရည်တွေ အလုံးလိုက်၊ ပိုးပိုးပေါက်ပေါက် ကြွေကျကုန်သည်။

တကယ်ပဲ မမနေဝေဒနာကို ပူစူး မျှဝေခံစားပေးနေတာလားကွယ်။ ဒီထက်မကလည်း ပူစူး မျှဝေခံစားပေးချင်ပါတယ်။

တကယ်ပါ မမနေ။

မျှဝေခံစားပေးနေမိတဲ့ ပူစူးနှလုံးသားဟာလည်း မမနေနဲ့ ထပ်တူနီးပါး ကြေကွဲရပါတယ်ကွယ်။

“ရင့်ရေ နေတို့ တကယ်ဝေးရပြီနော်၊ ရင့် ဂုဏ်ပကာသနက နေတို့အချစ်ကို ထက်ခြမ်းခွဲရုံမက အဝေးလွင့်သွားအောင် လုပ်ပစ်နိုင်စွမ်းတယ်လေ၊ နေတို့ ဒီတစ်သက် တွေ့ခွင့်မရတော့ဘူးပေါ့၊ ဟုတ်လား ရင့်ရယ်၊ ရင့်ကို နေချစ်နေတယ်၊ အခုလည်း ချစ်တယ်၊ နောင်လည်း ချစ်မယ်၊ သေတဲ့အထိ ချစ်သွားမယ် ရင့်ရဲ့ ဟင့်ဟင့်”

ပြောရင်း ငိုရင်း အားအင်မဲ့စွာ အသံလေး တဖြည်းဖြည်း တိုးတိတ်သွားရှာတဲ့ နေ။ ဝေဒနာကြောင့် ပျော့ဖပ်သွားတဲ့ ကိုယ်က နှလုံးသားကွဲကြေတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ရောကာ -

မွေ့ရာပေါ် ဖျော့ဖျော့လေး လဲလျောင်းနေတဲ့ နေ့ကိုယ်က လူးကာလှိမ့်ကာနဲ့ မငြိမ်မသက် ဖြစ်နေရှာသည်။

ဂုဏ်ပကာသနကြောင့် ချစ်ကြပါလျက်နဲ့ ဝေးရတဲ့အဖြစ်ဆိုး





လား။ အစ်ကိုရင့်ရော မမနေလိုပဲ ခံစားနေမလား။

ရင်ထဲက မေးခွန်းနဲ့အတူ အစ်ကိုရင့်ကို ရှာဖွေပြေးတွေ့ချင်မိတယ်။

ရှေ့ဆက် ဘာတွေဖြစ်စေမလဲ။

ပူစူး မတွေးရဲတော့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၉)

နေ့ ရင်အုံမှာ နားကျပ်တင် စမ်းသပ်နေတဲ့ ဒေါက်တာပိုင်သော်မျက်နှာက တစ်ဆင့်ချင်း ညိုမှောင်ပျက်ကျသွားသည်။

သူ ဒီလောက် ဂရုစိုက်ပြီး ဆေးကောင်းတွေပေးထားလျက် တိုးတက်ကောင်းမွန်မလာတဲ့အပြင် ဘာကြောင့် ဆိုးလာတာလဲ။

"ကိုမိုးတို့ သမီးကို သောက်ဆေး အကြိမ်ပြည့်မတိုက်ဘူးထင်တယ်"

"အို၊ တိုက်တာပေါ့ ကိုပိုင်ကလည်း၊ လင်းလင်းကိုယ်တိုင် ဂရုတစိုက် တိုက်ပါတယ်၊ ဘာဖြစ်လို့လဲ ကိုပိုင်၊ သမီးလေး ဘယ်လိုနေသေးလဲ၊ သက်သာလာတယ် မဟုတ်လား"





ဒေါ်မိုးမိုးလင်း တရစပ်ဖိပြောလေသည်။ တကယ်လည်း သမီးကို မိခင်ကိုယ်တိုင် ဆေးတိုက်တာပဲ။

ဦးပိုင်သော် သက်မလေးလေးကြီးချကာ ခေါင်းတစ်ချက်ရမ်းသည်။

ထိုအခါ ဒေါ်မိုးမိုးလင်းနှင့်ဦးမိုးသစ် မျက်နှာမှာ စိုးရိမ်ရေမှတ်ရောက်သွား၏။

ဖျော့ဖျော့နွမ်းနွမ်းလေး မှိန်းနေရှာတဲ့ သမီးကိုလည်း ငြိုငြင်တူကြည့်ပြီး

"ကိုပိုင်၊ သမီးအတွက် ဒီထက်ကောင်းတဲ့ဆေးတွေ မရှိတော့ဘူးလား၊ ပေးစမ်းပါဗျာ"

ဦးမိုးသစ် ရင်ပူစွာဆိုသည်။ ဦးပိုင်သော် အားမရစွာ ခေါင်းညိတ်လျက်

"ကိုယ် အကောင်းဆုံးဆေးတွေပေးထားတာပဲ ကိုမိုး၊ ဆေးပုံမှန်သောက်ရဲ့နဲ့ တိုးတက်ကောင်းမွန်မလာတာ ကျွန်တော် ဘဝင်မကျဆုံးဘဲဗျာ"

ဦးပိုင်သော်က ဆေးပုံမှန်မသောက်တာ သေချာသိနေသလိုပြောလျှင် မိဘနှစ်ပါးက လက်မခံချင်။

ပူစူးကတော့ အရာရာသိနေတဲ့သူဆိုတော့ ရင်မှာ မလုံမလဲဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်၊ နေ့ကို ကျွန်တော် စိတ်မချဘူး၊ စင်ကာပူဖြစ်ဖြစ်, ဘန်ကောက်ဖြစ်ဖြစ် ခေါ်သွားပြီး ကုကြည့်ချင်တယ်"

ဖနီးလောင်းအတွက် စိုးရိမ်ရှာတဲ့ ကိုထောကလည်း တစ်ခွန်းဝင်ပြောပါသည်။ ဦးပိုင်သော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်းပဲ ကိုထောကို ငဲ့ကြည့်ပြီးဆိုသည်။

"ကိုထော ကုချင်တယ်ဆိုလည်း ကုကြည့်ပေါ့ကွာ၊ အန်ကယ်ကတော့ အတတ်နိုင်ဆုံး ကုပေးခဲ့တာပါကွာ၊ ဒါပေမဲ့ တစ်ခုခုတော့ လွဲနေတယ်ကွ"

ဦးပိုင်သော် တစ်ထစ်ချပြောတဲ့အခါ ဟန်မဆောင်တတ်တဲ့ ပူစူးက ဟီးခနဲ ငိုချသည်။ မဆီမဆိုင်ငိုချတဲ့ ပူစူးဆီ အားလုံး ဝိုင်းကြည့်ကြသည်။

နားမလည်နိုင်အောင်လည်း ဖြစ်ကာ ဘာကြောင့် ပူစူးငိုရတာလဲ။

ဦးပိုင်သော်က ပူစူးကို အသေအချာ လှည့်ကြည့်၍ –

"ဘာဖြစ်လို့ ငိုနေတာလဲ ပူစူး၊ ညည်း ဘာသိလဲ၊ ပြောစမ်း"

"ဟီး ဟင့် ဟင့်"

မေးလိုက်ခါမှ ပူစူး ပို၍ငိုချရင်း ခေါင်းတတွင်တွင်ခါလေသည်။

"ဟဲ့၊ ပူစူး ပြောစမ်း၊ ညည်း ငါ့သမီးကို မရက်စက်နဲ့နော်၊





ပြောစမ်း၊ ညည်းဘာသိလဲ"

ဒေါ်မိုးမိုးလင်း ပူစူးလက်မောင်းကို အတင်းဆုပ်ကိုင်လှုပ်ခါ၍ ဒေါသထွက်သယောင်နှင့် မေးလာသည်။

ပူစူး ဘယ်လိုဖြေရမလဲ မမနေ့။

အမှန်အတိုင်းပြောရမလားဟင်။

သောက်ပြီးသားဆေးတွေ မမနေ ထွေးပစ်အန်ပစ်တဲ့အကြောင်းလေ။

"မာမီ၊ ဒယ်ဒီ"

ပူစူးဆီ အားလုံး အာရုံရောက်နေချိန်မှာ နေ့ခေါ်သံတိုးတိုးလေး ထွက်လာသည်။ ခေါ်သံကြောင့် ပူစူးဆီရောက်နေတဲ့ မျက်နှာတွေ သမီးဆီ ပြန်ရောက်ကုန်သည်။

ပူစူးက ရင်နင့်စွာ ငိုကောင်းဆဲ။

"သမီး ပြောလေ"

"သမီး သက်သာတယ်နော်"

မိခင် ဖခင် ပျာယာခတ်မေးကြသည်။ ပူစူးကို အစ်အောက်မေးရင် ပူစူးဖြေဖြစ်သွားမှာ နေ စိုးရိမ်သည်။

ဒါကြောင့် အားတင်း၍ မျက်လွှာလေးဖွင့်ကာ မိဘနှစ်ပါးကို ခေါ်ခြင်း။

သက်သာလားမေးတော့ မိဘစိတ်ပေါ့ပါးစေဖို့ နေ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးဆတ်ပြီး

"သက် သက်သာပါတယ်"

"နေရယ်"

ကိုထောက အားမလို အားမရဖြစ်ကာ လက်ချောင်းလေးကို တယုတယ ဖျစ်ကိုင်သည်။

ယောက္ခမလောင်း ရှေ့မှာလည်း အားမနာဘဲ နှေမျက်နှာ ဖျော့ဖျော့လေးကို စိုက်ကြည့်၍ ပြောသည်။

"နေ့နားမှာ ကိုထောနေပေးမယ်နော်၊ အားမနာနဲ့ နေရယ်၊ နေ့ရောဂါပျောက်အောင် ဘန်ကောက်ဆေးရုံ ခေါ်သွားပြီး ကုပေးမယ်၊ သိလား"

"ဟင့်အင်း၊ ဘယ်မှာမှ မကုချင်ဘူး၊ နေ တစ်ယောက်တည်း ပဲ နေချင်တယ် ဒယ်ဒီ၊ နေ တစ်ယောက်တည်း နေပါရစေ၊ ဟင့် ဟင့်"

ပြောရင်း ငိုရှာတဲ့ နေ။

မိဘနှစ်ပါးက ကိုထောကို အားနာမျက်ဝန်းဖြင့် ကြည့်သလို သမီးဆန္ဒကိုလည်း မပယ်ရှားရက်ပေ။

"အင်းပါ သမီးရယ်"

ဦးမိုးသစ် ဒါပဲပြောပြီး ကိုထောကို မျက်ရိပ်ပြလိုက်သည်။ ဦးမိုးသစ် မျက်ရိပ်ပြတာကို အားလုံး နားလည်သဘောပေါက်ကြသည်။





သမီးကို ဘန်ကောက်ဆေးရုံပို့ဖို့ စီစဉ်ကြမည်ဆိုဟဲ့သဘော။ ဦးပိုင်သော်လည်း သဘောပေါက်ကာ ရှေ့မှ ဦးဆောင်ထွက်သွားသည်။ ဦးမိုးသစ်နဲ့ဒေါ်မိုးမိုးလင်းလည်း နောက်က လိုက်ထွက်သွား၏။

ကိုထောက နေ့မျက်ရည်တွေကို တယုတယ သုတ်ပေးပြီးမှ နေ့လက်ချောင်းသွယ်သွယ်လေးတွေကို ဖျစ်ကိုင်ပြီးမှ ဖြေလွှတ်ကာ

နောက်ဆုံးမှ နေ့အခန်းထဲက ထွက်သွားလေသည်။

ပူစူးခမျာ မျက်ရည်တသောသော ကျနေရှာသည်။

"ပူစူး နင် မပြောရဘူးနော်၊ ဟင့် ဟင့် နင်မပြောပါနဲ့၊ နေ့ဝေဒနာနဲ့နေ နေပါရစေ၊ ဟင့် ဟင့် ဟင့်"

နေ ငိုယိုပြောလျှင် ပူစူးရင်ထဲမှ ပြောချင်ရဲ့ရဲ့ စကားလုံး တွေက ရင်ခေါင်းထဲ ပြန်၍လျှောကျလေသည်။

"မမနေရယ် မမနေ ဝေဒနာခံစားနိုင်ပေမယ့် ပူစူး မကြည့် ရက်လို့ပါ၊ ပြောပါရစေလားဟင်"

"ဟင့်အင်း၊ မပြောနဲ့နော်၊ ပြောရင် နင့်ကို နေခွင့်မလွှတ် ဘူး၊ ပူစူးပြောလိုက်တာနဲ့ နေရောက်ရာပေါက်ရာ ထွက်သွားလိုက် မယ်၊ သိလား"

"မမနေရယ်၊ မပြောနဲ့ဆို မပြောပါဘူး၊ ဘယ်မှတော့ ထွက် မသွားပါနဲ့နော်၊ ထွက်မသွားပါနဲ့ ဟီး ဟီး"

ပူစူး ငိုချလို့ပဲ တတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမနေ ဝေဒနာခံစားရတာက မကြည့်ရက်သလို ချစ်သူနဲ့ ဝေးပြီး မချစ်သူရင်ခွင်ထဲ ရောက်ရမှာလည်း မကြည့်ရက်ပါ။

အထူးသဖြင့် ဝေဒနာနဲ့ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ရောက်ရာထွက်သွားမယ့်အဖြစ်ကိုလည်း ပူစူး မကြည့်ရက်ရှာပါ။

ဒါကြောင့် မမနေ အလိုကျ ရင်နင့်စွာပဲ ခေါင်းညိတ်ရတဲ့ အဖြစ်။

"နေတစ်ယောက်တည်း ဝေဒနာနဲ့နေပါရစေ၊ ရင့်အကြောင်း တွေးနေပါရစေ ပူစူးရယ်၊ ပူစူးလည်း သွားပါတော့၊ နေ တစ်ယောက် တည်း ခံစားပါရစေ၊ ဟင့် ဟင့်"

ပူစူးခမျာ မမနေဆန္ဒအတိုင်း လိုက်လျောရလေသည်။ မမ နေတစ်ယောက်တည်းကို အခန်းတံခါးပိတ်ထားခဲ့ရတဲ့အဖြစ်မျိုး။

သို့သော်လည်း ပူစူး စိတ်မဖြောင့်နိုင်ပါ။

မမနေ တစ်ခုခုဖြစ်သွားမှာ၊ ဝေဒနာဆိုးဆိုးဝါးဝါးခံစားနေရ မှာတွေ တွေးရင်းနဲ့ပေါ့။

ကိုထော၊ ဒေါက်တာပိုင်သော်နဲ့ မေမေကြီးတို့က မမနေကို ဘန်ကောက် ဆေးရုံပို့ဖို့ အကြံတ်အနယ် တိုင်ပင်နေချိန်မှာ ပူစူးမှာ မနေနိုင် မထိုင်နိုင်ဖြစ်ကာ

ထိုင်လိုက် ထလိုက်နဲ့ ပူစူးတစ်ကိုယ်တည်း ဂနာမငြိမ် ဖြစ်နေ ရှာသည်။





မမနေအခန်းရှေ့သွားပြီး အတန်ကြာရပ်လိုက်၊ ပိတ်ထားတဲ့ တံခါးကို နားကပ်ထောင်လိုက်နှင့် ယောက်ယက်ခတ်နေပါသည်။

အတန်ကြာသည်အထိ မမနေငိုသံလည်း မကြားရ၊ လှုပ် ရှားသံတွေလည်း မကြားရတော့ ပူစူးရင်မှာ ပို၍ ပူလောင်လာသည်။

ငိုရင်းနဲ့ပဲ သတိတွေ ဘာတွေ လစ်နေပြီလား။

ဝေဒနာကြောင့် အသက်ရှူနိုင်သေးရဲ့လား။

ဒါမှမဟုတ်

ဘန်ကောက်ဆေးရုံ ခေါ်သွားမှာသိလို့ မမနေကိုယ်မမနေ တစ်ခုခု စီရင်ပစ်လိုက်မလား။

လားပေါင်းများစွာကြောင့် ပူစူးတစ်ကိုယ်လုံး ချွေးတွေပျံ လာသည်။

ယောက်ယက်ခတ် လမ်းလျှောက်နေရင်း ဝမ်းနည်းကာ ငိုချင် လာသည်။ မမနေ ခံစားနေရတာ နှလုံးသား ဝဋ်ကြွေးကြောင့်လား။

သေချာတယ်ဆိုရင် ပူစူးလည်း ဝဋ်ကြွေးခံစားနေရတာပဲပေါ့။

ဟုတ်တယ်လေ။

ချစ်သူဖြစ်ပြီးခါမှ မပေါင်းရ မဆုံရဘဲ ဝေးနေတဲ့အဖြစ်ကို မျက်မြင်ကိုယ်တွေ့ မြင်ရတာကလည်း ပူစူးတို့လို နုနယ်တဲ့နှလုံးသား အတွက် ဝဋ်ကြွေးတစ်မျိုးပါပဲ။

ဒီဝဋ်ကြွေးတွေ ဘယ်တော့များမှ ကြေနိုင်မှာလဲ မမနေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ကြွေးတွေ မကြေနိုင်သေးတော့လည်း နှလုံးသားပူကာ လောင်ကျွမ်းနေရတဲ့အဖြစ်။

တိတ်ဆိတ်နေခြင်းက ပို၍ချောက်ချားစေတဲ့ ဝေဒနာတစ်မျိုး လေလား။ မမနေအခန်းတံခါးကို နားကပ်ပြီး ထောင်လိုက်တိုင်း တိတ်ဆိတ်ငြိမ်သက်လှသည်က ပူစူးနှလုံးသားကို ပို၍ လောင်ကျွမ်းစေပါသည်။

ထို့ကြောင့် "မမနေ" ဟု ခေါ်မိသည်။

ခေါ်သာခေါ်နေပေမယ့် ထူးသံဘာသံ မကြားရပေ။ ပူစူး အသံမြှင့်ခေါ်လေ၊ ခေါ်လေ မထူးလေ ဖြစ်လာသည်။

မမနေ မထူးတော့ ပူစူး ပို၍ ဝမ်းနည်းချောက်ချားလာသည်။ တံခါးကို ဘုန်းဘုန်းထုရင်း ခေါ်လို့မရတဲ့အဆုံး

မမနေ စိတ်ဆိုးချင်လည်း ဆိုးပါစေတော့လို့ ပူစူး ဆုံးဖြတ်ကာ အခန်းတံခါးကို အားနဲ့ဆောင့်တွန်း ဖွင့်လိုက်လျှင် ပူစူး မျက်ဝန်း ပြာဝေသွားတော့၏။

✿





"မမနေ"

ပူစူး အက်ကွဲစွာခေါ်ရင်း ခုတင်အပါး ပြေးကပ်သွားသည်။ ဖဲမွေ့ရာထက် ပက်လက်ကလေး ဖြစ်နေရှာတဲ့ မမနေ။

မျက်လုံးနဲ့ နှုတ်ခမ်းတို့ ဟဟလေးပွင့်လျက် ငြိမ်သက်နေရှာတဲ့ မမနေရဲ့ ခန္ဓာကိုယ်။

"မမနေ၊ မမနေ"

ပူစူးတတွတ်တွတ်ခေါ်ရင်း မမနေ ပခုံးနဲ့လက်တွေကို လှုပ်ခါနေလေသည်။ ပူစူး ဘယ်လောက်ပင် လှုပ်ခါနေပါစေ မမနေကိုယ်လုံးလေး လှုပ်မလာသလို အသံဇည်း ထွက်မလာ။

ခန္ဓာကိုယ်က နွေးရုံလေးနွေးကာ ဖျော့အိပုံကျသလို ဖြစ်သည်။

ဘုရား ဘုရား။

ပူစူး လန့်ဖျပ်ကာ မမနေရင်ဘတ်ကို လက်ဖဝါးနဲ့ စမ်းလိုက်၊ နားကပ်ထောင်လိုက်နှင့် သွေးပျက်မတတ် ဖြစ်လျက်။

"မမနေ မမနေ"

လို့ ဝါးလုံးကွဲအော်ဟစ်ကာ အဆက်မပြတ် ခေါ်နေမိ၏။

"လာ လာကြပါဦး မေမေကြီးရေ၊ ဟီး ဟီး မမနေကို ခေါ်လို့မရတော့ဘူး။ လာကြပါဦး၊ မမနေ ပူစူးခေါ်နေတယ်လေ၊ ထူးပါဦးလား။ ဟီး ဟီး မေမေကြီးရေ၊ ဒေါက်တာရေ၊ လုပ်ကြပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



မမနေကို ခေါ်လို့မရတော့ဘူး၊ ကယ်ကြပါဦး ဟီး ဟီး ဟီး''

ပူဆူးရဲ့ ငိုသံ ခေါ်သံတွေနောက်မှာ မမနေ အခန်းထဲ အားလုံး ပြေးဝင်လာကြသည်။ မမနေကို ပြေးပွေ့ကြ၊ ခေါ်ကြနှင့် ညံစီသွားသည်။

ဒေါက်တာပိုင်သော် မမနေလက်ကောက်ဝတ်ကို ကိုင်စမ်းလိုက်ရုံနဲ့ အဖြေကိုသိသွားသလို ခေါင်းတစ်ချက်ယမ်းလျှင်

''ကိုပိုင် သမီး ဘာဖြစ်တာလဲ၊ သမီးသတိလစ်နေတာလား။ ခေါ်လို့လည်း မရတော့ဘူး၊ ဘာဖြစ်တာလဲ ဟင်၊ သမီး သမီး''

ဒေါ်မိုးမိုးလင်း သွေးဆူကာ ကယောင်ကတမ်းပြောရင်း မေးရင်း ရင်ဘတ်တစ်ခုလုံး လှိုင်းကြမ်းထသလို တုန်ခါနေလေသည်။

''ကိုပိုင် သမီး ဘာဖြစ်တာလဲ''

ဦးမိုးသစ်လည်း ဒေါက်တာပိုင်သော်လက်ကို ဆုပ်ကိုင်ရင်း အားကိုးတကြီး မေးရှာသည်။

''ပြောလေ အန်ကယ်၊ နေ ဘာဖြစ်တာလဲ၊ နေ့ကို ဆေးရုံခေါ်သွားရမလား အန်ကယ်၊ ဆေးရုံခေါ်သွားကြမယ်လေ''

ကိုထောခမျာ နေ့ကိုပွေ့ချီရင်း ဆေးရုံခေါ်သွားဖို့ စိုင်းပြင်းလာသည်၊ ဒေါက်တာပိုင်သော် သက်မအကြိမ်ကြိမ်ချကာ လက်တကာကာနဲ့ တားရင်း မပြောထွက်တဲ့စကားကို အားထည့်ပြီးပြောလိုက်တဲ့ အသံက တုန်ယင်အက်ကွဲစွာ။





''သမီး နေ အ အသက် မရှိတော့ဘူး ကိုမိုးရဲ့၊ သမီးနေ အသက်မရှိတော့၊ လင်း လင်းသမီး ဆုံးရှာပြီ၊ ကိုထော နေ နေ မရှိတော့ဘူးကွ''

ဦးပိုင်သော် စကားအဆုံးမှာ အားလုံး မျက်လုံးတွေပြူးကာ ခေါင်းတွေခါရင်း မယုံနိုင်ဘူးဆိုတဲ့ အမူအရာတွေနဲ့ ဆောက်တည်ရာမရ ဖြစ်ကြလေပြီ။

''ဟင့်အင်း လင်းလင်း မယုံဘူး၊ သမီး သမီး နေ သမီး သမီး တစ်ခုခု မဖြစ်ရဘူး။ သမီး မဖြစ်ရဘူး၊ သမီးလေး တစ်ခုခု ဖြစ်ရင် မာမီသေသွားမှာပေါ့ သမီးရယ်၊ သမီး''

ဒေါ်မိုးမိုးလင်း သမီးပွေ့ပိုက်ထားရင်း သမီးလို့ အကြိမ်ကြိမ်ခေါ်သည်။ သမီးမျက်နှာကို စိုက်ကြည့်ရင်း အသိမဲ့သလိုပြောနေရင်းဖြင့် သမီးရင်အုံပေါ် မျက်နှာလေး မှောက်ကျသွားရှာသည်

''လင်း လင်း''

ဦးမိုးသစ် ဇနီးသည်ကို ပွေ့မ,လျှင် ဇနီးကိုယ်က ပျော့အိကာ ပါလာသည်က အသက်မဲ့စွာ။

''အန်တီ''

ကိုထောအသံမဆုံးခင် ဒေါက်တာပိုင်သော် သိနှင့်သွားလေပြီ။ သမီးနဲ့ဇနီးကို တစ်ဖက်စီ ပွေ့ထားရင်း ဦးမိုးသစ် ဆွံ့အသလိုဖြစ်ကာ အသံတွေဘာတွေလည်း ထွက်မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေပဲ ဝေါခနဲ ဝေါခနဲကျကာ

ဦးမိုးသစ်နှလုံးသား ကမ္ဘာကြီး ပြာချိတ်မှောင်တူးသွားတဲ့ အဖြစ်။ သမီးနဲ့ ဇနီးကို တစ်ပြိုင်တည်း ဆုံးရှုံးလိုက်ရတဲ့ ဦးမိုးသစ်။

အသိတရားတွေလည်း ကင်းမဲ့ကာ

သမီးသာတစ်ခုခုဖြစ်ရင် ဒယ်ဒီရူးသွားနိုင်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ တကယ့်ကို သွက်သွက်ခါ ရူးသွပ်ကာ နေနှင်းဆီစံအိမ်ထဲက လပေါင်းများစွာ ပျောက်သွားတဲ့ ဦးမိုးသစ်။

ဒေါက်တာပိုင်သော်နဲ့ မမနေသူငယ်ချင်းတွေ ဝိုင်းဝန်းစောင့်ရှောက်ပြီး ဆေးကုသော်လည်း မမနေဒယ်ဒီ ကောင်းမလာတော့ပေ။

ဂုဏ်တွေလည်း မပါ၊ ပကာသနတွေလည်း မမြင်၊ အသိုင်းအဝိုင်းကိုလည်း ဥပေက္ခာပြုကာ ချစ်ရသူတွေကို လက်လွှတ်ဆုံးရှုံးရတဲ့နောက်။

ဒါတွေကို ပြန်တွေးမိတိုင်း ပူရူးနှလုံးသားက အစိတ်စိတ်အမြွှာမြွှာ ကြေကွဲကာ အသည်းနှလုံး ပြတ်ကျမတတ် ငိုကြွေးရလေပြီ။

အစ်ကိုရင့်ကတော့ ဒီအဖြစ်ဆိုးကို သိနိုင်ပါ့မလား။ သိရင်ရော ခံစားနိုင်မတဲ့လား။

ဟဟလေး ပွင့်ကာ ဆုံးပါးသွားရှာတဲ့ မမနေနှုတ်ခမ်းဖျားက အချစ်တွေနဲ့ ပြန်ဆုံချင်တယ် ရင့်ရယ်လို့ ဟစ်ကြွေးသွားတယ်ဆိုတာ ပူရူး ဖတ်တတ်နေခဲ့ပါတယ်၊





ဒီအဖြစ်တွေကို မပြောရက်မဆိုရက်တာ အစ်ကိုရင့်ကို မခံစားရစေချင်လို့ပါ။ မပြောမဖြစ် ပြောမိတော့လည်း

အစ်ကိုရင့် ခံစားနိုင်ရဲ့လားဟင်။

ပူရူး အသံတိတ်မေးလျှင်

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

ရင့်မျက်ဝန်းအိမ်ထဲမှ အရစ်လိုက် လိပ်တက်လာတဲ့ မျက်ရည်တွေ၊ ဝါဆိုမိုးလို သည်းကာ ဝေါခနဲ ဝေါခနဲ ပြိုကျလာသည်။

အချစ်ကြောင့် ဝေဒနာခံစားရင်း ရင့်နဲ့ပြန်ဆုံဖို့ မျှော်လင့်နေခဲ့တဲ့ နေ့နှလုံးသား။

ဂုဏ်၊ ခနစည်းနှင့် ရင့်မာနကြောင့် မီးခိုးချင်းတောင် မပေါင်းရတဲ့အဖြစ်လား။

နေရေ

ချစ်သူနာမည်လေး တစ်ကြိမ်ရေရွတ်မိတိုင်း ရင့်အသည်းတစ်ကြိမ် ကွဲသလိုပါပဲ။ နေလို့ အဆက်မပြတ် ရေရွတ်မိတဲ့ ရင့်နှလုံး





သားက အသည်းတဖျပ်ဖျပ် ကွဲကာ ဆီးမရတားမရ ပြိုကျလာတဲ့ မျက်ရည်တွေကြောင့်လည်း ရင့် ဘာကိုမှ သဲသဲကွဲကွဲ မြင်နိုင်စွမ်းမရှိတော့။

မျက်ရည်စက်တွေ ပြိုကျတဲ့နောက် ရင့် ခြေလှမ်းက လေးလေးလံလံကြီး ရပ်တိုက်ပါသွားတာ ဘာကြောင့်မှန်းမသိတော့ပါ။

သူငယ်ချင်းတွေရဲ့ ဝမ်းနည်းခြေသံတွေ ကပ်ပါလာတာလည်း ရင့် ငဲ့ကြည့်ဖို့ ခွန်အားမရှိတော့ပါဘူး။

"ရင့်"

လက်မောင်းကို နှစ်သိမ့်သလို အားအပြည့်ဆုပ်ကိုင်လာတဲ့ စိုးပြည့်လက်ကိုလည်း ဖယ်ချမိသွားသည်။

သူငယ်ချင်းအားလုံးရဲ့ ဖျောင်းဖျတဲ့စကားလုံးတွေလည်း ရင့်နားထဲ ထိုးဖောက်ဝင်ရောက်ခွင့် မပေးဖြစ်တော့ပါ။

ရင့်ကိုယ်က တိုက်ရိပ်အပြင်ဘက်ရောက်ကာ ဘယ်အချိန်ကတည်းက တအုံးအုံးရွာနေမှန်းမသိတဲ့ မိုးရေထဲ ရောက်ရှိသွားသည်။

တစ်လှမ်းချင်း လှမ်းလိုက်တော့ ရင့်၏ခြေလှမ်းတိုင်းတွင် ကပ်ငြိခိုတွဲပါလာသော မိုးစက်မိုးပေါက်ကလေးများ ခုန်ပေါက်လွင့်ကျသွားလိုက်၊ ရွှာသွန်းတဲ့ မိုးရေစက်တွေ ကပ်ငြိမ်တွဲပါလာလိုက်နှင့်။

ရင့်တစ်ကိုယ်လုံး မိုးရေတို့ ရွှဲအိကာ အသားတွေ ပြာပြီး နှုတ်ခမ်းတွေ တုန်လာသည်အထိ ရင့်ခြေလှမ်းတွေ မိုးရေထဲ ရွေ့နေဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ရင့်ကိုယ်ပေါ် ကျရောက်လာတဲ့ မိုးရေစက်တို့ ထိခတ်သံက ပို၍ ကျယ်လောင်စွာကြားရသည်။ မျက်ရည်တွေနဲ့ ပေါင်းစပ်နေတဲ့ မိုးပေါက်တွေက ရင့်ပါးပေါ်မှ ခုန်ချကာ ကတ္တရာလမ်းပေါ် ကြွေကျတဲ့ အသံလည်း သောသောညံလျက်ရှိသည်။

"ရင့် စိတ်ထိန်းပါ သူငယ်ချင်း"

လို့ အက်ကွဲသံနှင့် နှစ်သိမ့်ပေးလာတဲ့ သူငယ်ချင်းတို့၏ စကားသံနှင့်အတူ ဒိန်းခနဲ မိုးကြိုးပစ်သံကြားရသည်။

မိုးကြိုးပစ်သံက ကမ္ဘာလောကကြီးကို သိမ့်သိမ့်တုန်ခါသွားသည်။

အဲဒီနောက် မှောင်မိုက်ပြာတူးသွားတဲ့ ကောင်းကင်၊ တဝေါဝေါနဲ့ တိုက်ခတ်နေသော လေပြင်းသံနှင့် သစ်ပင်တို့ ယိမ်းထိုးလှုပ်ခါသံများ ရောထွေးကာ စူဠသုဘဒ္ဒါလို အငြိုးကြီးသောမိုးက တဖြောင်းဖြောင်း ရွာသွန်းနေသည့်ကြားမှာ ရင့်ခြေလှမ်းတွေ မရပ်မနား သွားနေဆဲဖြစ်သည်။

ထို့အတူ

မိုးရေထဲ မရပ်မနားသွားနေတဲ့ အရှုံးအဘိုးကြီးကိုလည်း မျက်ရည်မိုးစက်တွေကြားမှာ ရင့် ပိုးတဝါး မြင်ရလေပြီ။

ဒါတင်မက





လျှပ်ရောင်တွေ ဖြိုးခနဲ ဖျတ်ခနဲ လက်ဖြာသွားလျှင် ဖြူလွှသော ဆေးသားတို့နှင့် ခမ်းနားလှသော ချစ်သူ့ဗိမာန်တစ်ခု။

နေနှင်းဆီ

အသက် (၂၂) နှစ်တဲ့၊

မိုးကြီးကတော့ သဲသဲမဲမဲ ရွာနေဆဲ။

ဂျိန်းခနဲ မိုးခြိမ်းသံ မြည်ဟည်းနေဆဲ။

ဖြိုးခနဲ ဖျတ်ခနဲ လျှပ်စီးကြောင်းတွေ လင်းလက်နေဆဲ။

အချစ်တွေလည်း မျက်ရည်များအဖြစ် အတောမတတ် ကျနေဆဲပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

မိုးကြီးကတော့ စဲနိုင်တော့မည့် မထင်ပါ။

ကောင်းကင်ကြီး ညိုပြာရောင်အိနေသလို လောကကြီးတစ်ခုလုံးလည်း နက်မှိုင်းလျက် မိုးစက်မိုးပေါက်တို့ ပိန်းပိတ်အောင် လွှမ်းခြုံထားလေပြီ။

မိုးခြိမ်းသံတို့ အတောမသတ် ညို့ညို့းညံ့ညံ့ မြည်တမ်းနေသည့် နောက်မှာ လျှပ်ရောင်တို့ကလည်း ဟိုမှ ဒီမှ လက်ထလျက်ရှိသည်။

ထိုလျှပ်ရောင်အောက်မှာ ထင်းခနဲ ဝင်းခနဲ မြင်တွေ့ရတဲ့ ဗိမာန်တွဲလေး။ ချစ်သူနှစ်ဦး ငြိမ်းချမ်းစွာ လဲလျောင်းစက်ပျော်ရာ





နေရာ။

အသည်းချင်းယှက်ထားသလို တွဲဆက်ထားတဲ့ အုတ်ဂူလှလှလေး နှစ်ခုအကြားမှာ စွယ်တော်ပင်လေးတစ်ပင်က သက်သေထူသလို ရှင်သန်ကာ။

လေပြင်းငွေ့တိုက်လေတိုင်း ယိမ်းထိုးလှုပ်ယမ်းကာ မိုးရေစက်တွေ သောက်သုံးရင်း စွယ်တော်ပန်းတို့ ဖွေးဖွေးလှိုင်လှိုင် ပွင့်လန်းလျက်ရှိနှင့်၏။

ထို့ကြောင့် ကမ္ဘာလောကကြီးမှာ စွယ်တော်တွေရှိနေသရွေ့ အချစ်တွေလည်း ရှိနေဦးမယ်လေ။

✿

ချစ်သူအပေါင်းတို့ –

အချစ်ဆိုတာ စွယ်တော်ရွက်လို မခွဲတမ်း အသည်းချင်း ယှက်ထားတဲ့ သစ္စာတိုင် ပုံရိပ်လေးပါ။

ဘယ်အချိန်

ဘယ်အခါ

ဘယ်ဘဝရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ချင်းတွဲကာ

ရင်ချင်းဆက်၍

အသည်းချင်းနှောင်ဖွဲ့ကာ

အနမ်းတွေနဲ့အတူတူ ပန်းပွင့်ဝေဆာခဲ့သလို အနမ်းပွင့်တွေနဲ့ပဲ အတူတူ ကြွေရတဲ့ သင်္ကေတဆန်းလေးပါကွယ်၊

အဲဒီ သင်္ကေတရဲ့ ပြီးပြည့်စုံတဲ့ နှလုံးသားဘာသာစကားက

"ချစ်တယ်" တဲ့။

ချစ်ခြင်းဖြင့်ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး
အမှတ် ၂၇ (A)၊ ပထမထပ်
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၈၀၂၁၁၃၇

www.burmeseclassic.com